www.burmeseclassic.com

ဦးမိုးစာပေ

# ဈး

နေပင်လယ်




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၄၂၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၁၈၀၆၀၇
ထုတ်ဝေသူ
ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် (၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
**Idea Kyaw & Wai Yan**
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ။
တန်ဖိုး - ၁၅၀ ကျပ်
အုပ်ရေ - ၅၀၀

လုံးချင်းဝတ္ထုသစ်

# မျိုး

## နေပင်လယ်

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

BURMESE CLASSIC

တနင်္ဂနွေကြည့်တောင်ပေါ်စေတီ အစွန်လေးမှာ ထိုင်ရင်း ...ဘက်ကမ်းက ပုဂံဘုရားများကို ငေးမောနေမိသည်။

ရှည်လျားကြီးမားသည့် နဂါးတစ်ကောင် လူးလွန့်နေသလို ...ည့်မပြတ် စီးဆင်းနေခဲ့သော ဧရာဝတီမြစ်ကြီးကို အပေါ်စီးမှ ...မြင်နေရသည်ကလည်း ထိုမြင်ကွင်းကို ရိုးအီငြီးငွေ့သွားသည်မရှိ။

ထိုမြင် မြစ်ပြင်ပေါ်မှာ စုန်ဆန်သွားလာနေကြသည့် သင်္ဘော်...ား မော်တော်များ တနင်္ဂနွေကြည့်ဆိပ်ကမ်းနှင့် ပုဂံသို့ ပြေးဆွဲနေသော ...ကြီးနှင့် ငါးဖမ်းလှေငယ်လေးများကို သေးငယ်သောအပျောက် ...လေးများအဖြစ် တရွေ့ရွေ့တရွရွ လှမ်းမြင်နေရသည်။

တောင်ဘက်မှ ပင့်တက်ရိုက်ခတ်လာသည့် လေကြိုကြားက ...တက်ဖြတ်သန်းလာခဲ့သော သူ၏ ခရီးတာကိုအဆုံးသတ်မရဘဲ ...ဟူး တဟဲဟဲ အသံမြည်လျက် မောဟိုက်နေတော့၏။

အမြဲတမ်း သေသပ်ကျနစွာ ဖြီးထားတတ်သည့် သူ့ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ဆင်တိုင်းဆွဲနောက်မှေ့ယမ်းနေသည့် အဖြစ်ကိုပဲ နေတံခါးကျေ
နပ်နေသည်။

ဖိုင်ဘာပြားနှင့်အတူ ရောညှပ်ထပ်ထားသည့် ဖိုင်ထဲက
စက္ကူစတွေလည်း တဖျတ်ဖျတ်ခါနေကြသည်။

သူထွက်လာခဲ့တာ ဒီနေ့နဲ့ဆို ဆယ့်သုံးရက်ရှိသွားပြီ။

" ဒီဝါမကျွတ်ခင် သားလက်ထပ်ရမယ်နော် " ဟု သီးနှံ
တန်သီး ပွင့်ချိန်တန်ပွင့် ရှေးရိုးစဉ်လာ ထုံးစံတစ်ချက်ကို ကိုင်ထား
ကြသော အဒေါ်အပျိုကြီးတွေ ခုလောက်ဆို ဘယ်လောက် ယော
ယက်ခတ်နေကြမလဲ။

" အမလေး ရုပ်ရှင်မင်းသားမှ မဟုတ်ဘူးနော် စာရေးဆ
လည်း နာမည်ကျော်လာရင် ဒုက္ခများတာပဲ။ ရုပ်ပြစာအုပ်တွေ
ကျောဘက်မှာ ကြည့်ပါလား နည်းနည်းလေး နာမည်ကျော်လာတာနဲ့
ဆရာ့ကို အားပေးနေတဲ့ ဘယ်သူပါ ဘာညာပါ၊ ဆရာ့မှာ အိမ်
မရှိဘူးလား အဖော်မရှိဘူးလား ဓာတ်ပုံလေးထည့်ပေးပါနော်. . .
အို. . . ကဲလိုက်ကြတာ မပြောချင်တော့ဘူး. . . ဟိုပန်းချီဆရာ
အိမ်ထောင်သည်တွေဆိုရင် အကြောင်းလား. . . ကျုပ်တို့သား
လူပျိုချောချောလှလှလေး ဓာတ်ပုံသာ ထည့်ပေးလိုက်မိရင်သွားပြီ "

" ဟုတ်တယ်. . . ဟုတ်တယ်. . . ဒီကလေးကို စိမ့်သက်နဲ့
မြန်မြန်လက်ထပ်ပေးလိုက်မှ အေးမှာ ကျုပ်တို့အပျိုကြီးတွေ စုပြုံးေ
မယ့် အမွေတွေကို မက်ပြီး အကြံကြီးကြံသူနဲ့ မတွေ့ဘူးလို့ ပြောလို့





...ား "

" ဟုတ်ပါ့ "

အဒေါ်သုံးယောက်သည် ကပ်စေးနဲလှသည်မဟုတ်သော်
...ည်း စည်းစိမ်ဂုဏ်ရှိန်နှင့်မာနကတော့ တရားလွန်ကြီးကြသည်။

တူလေးတစ်ယောက်တည်းကို တုန်နေအောင်ချစ်သလောက်၊
...ပ်နှားတာတောင် မကြိုက်သည့်အဖြစ် ရောက်လာသည်။မိတ်ဆက်စာ
...သမှုကို သူတို့ပဲ အရင်ဖတ်သည်။ ဒီစာကို ပြန် ဒီစာကိုမပြန်နဲ့သူတို့ပဲ
...ခန့်ခွဲ၏။

နေတံခါး ထိုသုံးယောက်လက်ထဲမှာ ကျဉ်းကျပ်စွာ ကြီးပြင်း
...ပြီး စာရေးခြင်းအလုပ်ကို ဝါသနာထုံခဲ့သောအခါ ခရီးထွက်ဖို့ကပါ
...လာခဲ့သဖြင့် ထိုကျဉ်းကျပ်ခြင်းများက မကြာခဏ ခရီးထွက်ခြင်းဖြင့်
...ဆင်ပြေနေသည်။

ထိုစဉ် အတွေးများနှင့် လွင့်မျောနေသည့် သူ့နားသို့
...စက်တွေ ဖျန်းခနဲကျလာ၏။ ရေတို့သည် ဖိုင်တစ်ထပ်လုံးကို
...ရွှဲစေပြီးမှ သူ့တင်ပါးတစ်ခြမ်းသို့ လှမ်းကူးနှုတ်ဆက်တော့

ဒေါသ ထောင်းခနဲဖြစ်သွားမိပြီး ရေလာရာကို ချက်ချင်း
...လျှောက်သွားမိ၏။ ဘုရားရှေ့မှာ ဆွမ်းကပ်ဖို့ ပြင်ဆင်နေသည့်
...ကောင်မလေးတစ်ယောက်. . . ဒေါ်မောနှင့် ထလာသည့် သူ့ကို
...ကိုင်းသည့် မျက်ဝန်းကလေးများနှင့် မော့ကြည့်၏။

အသက်က ဆယ့်သုံးနှစ်လောက်ပဲ ရှိဦးမည်။

www.burmeseclassic.com



အသားဖြူဖြူ နှုတ်ခမ်းရဲရဲလေးများနှင့် ရုပ်ကလေးမဆိုးလှ သော်လည်း စုတ်ချာချာ ပုံစံလေးကြောင့်အကျည်းတန်နေ၏။

" ကိုကြီး. . . ဘာ. . ဘာလိုချင်လို့လဲဟင်. . . ရေလား. . . ဒီမှာ ပုံပုံခပ်လာတာ အများကြီးပဲ ယူပါ "

ကောင်မလေးက သူဘာလုပ်လိုက်သည်မှန်း သတိရပုံ မပေါ်ဘဲ အဝါရောင်လက်ဆွဲပုံးလေးထဲမှာ တစ်ဝက်ခန့်ရှိနေသည့်ရေကို ပါပေးနေသေးသည်။

" ရေကို ငါက ဘာလုပ်ရမှာလဲ "

သူအော်လိုက်တော့ နှုတ်ခမ်းလေးဝိုင်းတက်သွားလျက်. . .

" ဟိုဘက်မှာ ဆွမ်းသွားကပ်ဖို့ မဟုတ်ဘူးလား "

ဟု မရဲတရဲလေး ထပ်မေးလေရာ နေတံခါး ဒေါသတွေ တစ်ဝက်သာသာခန့်ထိ ဖြုတ်ခနဲ လျော့ကျသွား၏။

ပိုးစိုးပက်စက်ပစ်ထား၍ ဖြီးထားပုံလည်းမရှိ၊ နောက်မှာ ဖြစ်သလို စုစည်းထားသည့် ဆံပင်နီကျင်ကျင်ခပ်ပါးပါး ဖရိုဖရဲနှင့် မျက်နှာလေးကို ကရုဏာစိတ်တို့ ချက်ချင်းဖြစ်တည်ကာ. . .

" စောစောက ဟိုဘက်ကို ရေတွေပက်လိုက်တာ မင်းမဟုတ် လား "

" ဟင်. . . အယ်. . . "

ဒီတော့မှ ပုံပုံဆိုသော ကောင်မလေး မျက်လုံးလေး ပိုပြူး သွားကာ သူ့ကိုပျာပျာသလဲ လိုက်ငုံ့ကြည့်၏။





" ဟုတ်. . . ဟုတ်ကဲ့ ကိုကြီးကို ပက်မိသွားလားဟင်. . . "

" ငါ့ကို ပက်မိရုံတင်မဟုတ်ဘူး ဟိုမှာ စာရွက်တွေပါစိုကုန် ဘာ. . . "

" ဟော့တော် "

ပုံပုံက သူရေပက်လိုက်သည့် နေရာကို ချက်ချင်းပြေးသွား ကြည့်၏။ ပြီးတော့ ဖိုင်ကို ကောက်ယူကာ သူ့ရင်ဘတ်လေးနှင့် စာတွေကို သုတ်ပစ်၍ ခြောက်အောင်လုပ်၏။

" ဟေ့. . . မလုပ်နဲ့ မလုပ်နဲ့ မင်းကိုယ်က မသန့်တဲ့ဟာ စာရွက်တွေ ပေကုန်မှာပေါ့ "

" ဟင် "

အပြစ်လုပ်မိပြန်ပြီဆိုသော ချောက်ချားစွာနဲ့ ကြည့်ရှာသည့် ကောင်မလေးကို နေတံခါးသနားသွားကာ. . .

" နေပါစေတော့ ရပြီ "

သူ့ဖိုင်ကို သူဆွဲယူသိမ်းလိုက်၏။

" မင်းနာမည် ပုံပုံတဲ့လား "

" ဟုတ် "

" ဒီပြင်နာမည် မရှိဘူးလား "

" ရှိတယ် ပုံပမာပါ ပုံပုံဆိုတာ ဒွေးညီ့တို့ ခေါ်ကြတာ "

ပုံပုံက ဆွမ်းတော်ကပ်တဲ့ နေရာကို လျှောက်သွားတော့ ဘက်လိုက်လျက် သူလိုက်လျှောက်သွားမိကာ. . .



www.burmeseclassic.com

www.burmeseclassic.com



" မင်းက ဘုရားဖူးတော့ မဟုတ်သေးဘူး "

" ဟင့်အင်း ပုံပုံက ဒီရွာကပဲ မနက်တိုင်း ဒွေးညိုတို့ကို လာပြီး ဆွမ်းတော်ကပ်ဖို့ စားသောက်ဖို့ ချက်ပြုတ်ပေးရတယ် ဆွမ်းတော်ကပ်ပြီးမှ အောက်ကိုပြန်ဆင်းတယ် "

ပုံပုံက ထမင်းနဲ့ဟင်းပွဲ သေးသေးလေးတွေကို ဗန်းကလေးထဲမှာ ကျကျနနပြင်ဆင်ပြီးမှ ဘုရားရှေ့မှာ ဆွမ်းလောင်းပွဲတင်၏။

ရေသီးလေးတွေထနေသည့် သပြေပန်းနီရဲရဲ အညွန့်လေးတွေဟာ ပုံပုံခုပဲလဲထားသည့် ပန်းတွေမှန်းသိသာနေ၏။

ဆွမ်းတော်ပွဲပြင်နေသည့် ပုံပုံ့လက်က ချောညော်မစင်သည့် လက်သည်းရှည်တွေကို မြင်လျှင် နေတံခါး နှာခေါင်းရှုံ့မိ၏။

" ဆွမ်းတော်ပွဲတွေပြင်နေပြီး မင်းလက်က ညစ်ပတ်နေတာပဲ အဲဒါ ငရဲကြီးတတ်တယ် "

ပြောလိုက်မှ ပုံပုံက လက်ဖဝါးနှစ်ဖက်ကို ကပျာကယာ ကွယ်ပစ်ပြီးရယ်၏။

" သေချာဆေးထားတာပါ လက်ဖဝါးက သန့်ပါတယ်"

ပြောပြီး နေပူခံကျောက်ပြားစိမ်းစိမ်းလေးတွေပေါ်မှာ ပုံခနဲထိုင်ချကာ ပါးစပ်က ရွစိရွစိခဏလေး ရွတ်ဆိုလိုက်ပြီး ဦးသုံးကြိမ်ချ ချက်ချင်းထရပ်၏။

ဩော်. . . အဲဒါ ဘုရားဆွမ်းကပ်တာဘဲဖြစ်ရလေ. . . ကြီးမေတို့ဆို ဆွမ်းကပ်ဖို့ ဘုရားခန်းဝင်သွားတာ နာရီနဲ့ချီပြီး ကြာ





သည်။

ဘုရားရှိခိုး ဆွမ်းတော်ကပ် တရားထိုင် အမျှဝေ၍ ကြေးစည် ထိုး ခုကျတော့ ကောင်မလေးဘုရားရှိခိုးပြီဟုတွက်၍ သူထွက်သွားမလို့ ခြေလှမ်းပြင်နေတုန်းပြီးသွားပြီး. . .

" ကိုကြီးက ဘယ်ကလာတာလဲဟင်. . . ဟိုကြော်ငြာလေး ရိုက်တဲ့အဖွဲ့ကလား "

" ဘယ်ကကြော်ငြာအဖွဲ့လဲ "

" ပြန်သွားပြီလားတောင်မသိဘူး. . . ဟိုအောင်သိဒ္ဓိ အမွှေး တိုင် ကြော်ငြာလေ "

ဒီတော့မှ သူသဘောပေါက်သွားကာ

" အဲဒါတွေ မင်းဝါသနာပါသလား "

" ပါတာပေါ့. . . ပုံပုံက ရုပ်ရှင်မင်းသမီးသိပ်ဖြစ်ချင်တာ ကိုကြီးက ရန်ကုန်ကလာတာလားဟင်. . . "

" ဟုတ်တယ် "

" ရန်ကုန်မှာ ရုပ်ရှင်မင်းသမီးတွေအများကြီးပဲဆို "

" ရှိတယ် "

" ပုံပုံကြည့်ချင်လိုက်တာ သူတို့ အရမ်းလှမှာပဲနော် "

" လှအောင်ပြင်ထားရင် လှတာပေါ့ "

ပုံပုံက ရေပုံးလေးကို ကိုင်ထားပြီးမှ မဆွဲဖြစ်သေးဘဲ သူ့ကို ငေးကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



" လှအောင်ပြင်ရင် လှတာပဲလားဟင် "

" လှအောင်ပြင်ပါတယ်ဆိုမှ လှတာပေါ့. . . မလှတာကို ပိုရုပ်ဆိုးသွားအောင် မလုပ်မိဖို့တော့လိုတာပေါ့ "

ဩော်. . .

" ဟဲ့. . ပုံပုံ ဘယ်ရောက်နေတာလဲ ဒီကောင်မလေး "

" ရှင်. . . ဒွေးညို. . . ပုံပုံဒီမှာ "

လူမမြင်ရဘဲ ခေါ်သံထွက်ပေါ်လာလျှင် ပုံပုံသူ့ကိုပင် နှုတ်မဆက်ဘဲ ချက်ချင်ပြေးထွက်သွား၏။

ဆွမ်းတော်ပွဲနဲ့ ရေပုံးက ဒီအတိုင်း။

နေတံခါး ခပ်လှမ်းလှမ်းမှာပဲ ထိုင်နေလိုက်မိသည်။

ဒါတွေသိမ်းဖို့ ပုံပုံပြန်လာဦးမည်ဟု ထင်၍ဖြစ်သည်။

တစ်ယောက်တည်း တွေးငေးနေတာထက်စာလျှင် အမေးအမြန်းထူ၍ စကားသွက်သော ကလေးမလေးတစ်ယောက်နှင့် စကားပြောနေရလျှင် အပျင်းပြေနိုင်သည်ဟု တွေးမိ၏။

ပြီးတော့ ပုံပုံကိုသူ မြင်မြင်ချင်း ကရုဏာ သက်မိခြင်းလည်း ဖြစ်၏။

သိပ်မကြာမီမှာပဲ ပုံပုံရောက်လာကာ သူ့ဘေးမှာ ဂါဝန်စလေး သိမ်း၍ ကျုံ့ကျုံ့လေးဝင်ထိုင်လိုက်၏။

" ဒွေးညိုက ပုံပုံ့ကိုဘုရားဖူးတွေနဲ့ စကားပြောတာမကြိုက်ဘူး "





" ဟင်. . . ဘာဖြစ်လို့လဲ "

" မသိဘူး သူငယ်ချင်းတွေနဲ့ ဆော့တာလည်းဆူတာပဲ "

" သူတို့က ဒီတောင်ပေါ်မှာ ဘာလုပ်နေကြတာလဲ "

" ဒွေးညိုက သီလရှင်လေ. . . သီလရှင်တွေချည်းရှိတဲ့ အဆောင်မှာနေတာပေါ့ ဒီစေတီအောက်ချိုင့်ထဲမှာ ဘုန်းကြီးကျောင်းတွေ သီလရှင်ဆောင်တွေ သပ်သပ်စီရှိတယ် ကိုကြီးမမြင်ဘူးလား "

" မြင်တယ် "

" တည်းခိုဆောင်ကြီးရဲ့ဘေးမှာပဲ "

" အင်း. . ."

" ပုံပုံက အဲဒီမှာကူလုပ်ပေးရတာ မနက်ပိုင်းစားသောက်ပြီး ညစာပါထုပ်ယူပြီးပြန်ရတာ "

" ဟင်. . . မင်းမှာမိဘတွေမရှိတော့ဘူးလား "

ပုံပုံက မသန့်ရှင်းသောလက်သည်းရှည်များနှင့် ညစ်ပတ်နေသည့် ခေါင်းကိုတစ်ချက်ကုတ်၍ မျက်ခုံးထူထူလေးတွေတွန့်ရှုံ့သွားတယ်

" ရှိတော့ရှိတယ် ဒါပေမဲ့ အဖေက ပုံပုံကိုထမင်းမကျွေးဘူး သူ့အရက်ဖိုးပဲရှာတယ်. . . အလုပ်ကပြန်မူးလာပြီးအိမ်တံခါး အိမ်မှာထမင်းအိုးမှမရှိတာ "

" ဟောဗျာ "



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ထူးဆန်းအံ့ဖွယ်တွေပါလား။

ပုံပုံဆိုသော ကောင်မလေးသည် သူထင်တာထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းနေပြီကော။

" ပြောပါဦး မင်းမှာအမေမရှိဘူးလား ထမင်းအိုးတောင်မရှိရတာ ဘာဖြစ်လို့လဲ "

" အမေ့ကို ပုံပုံငယ်ငယ်ကတည်းက မမြင်ဖူးဘူး ပုံပုံ့ကို မွေးပြီး တစ်နှစ်လောက်ပဲကြာတော့ သေသွားတယ်တဲ့ လူတွေက ပြောတော့ ဖေဖေကသိပ်ဆိုးတာပဲတဲ့ အမေ့ကို စိတ်ညစ်ပြီးသေအောင်လုပ်ပစ်တာတဲ့ အဲဒါကြောင့် ပုံပုံအဖေ့ကိုသိပ်ကြောက်တာ အိမ်မှာရှိသမျှ ပစ္စည်းတွေအဖေရောင်းစားတယ် ထမင်းအိုးဟင်းအိုးတွေကိုကောပဲ ဘာမှမရှိတော့ဘူး အဲဒါသီလရှင်ဝတ်နေတဲ့ အဖေ့အစ်မ ဒွေးညိုက ပုံပုံ့ကိုကျွေးထားတာ "

" မင်း ကျောင်းမနေဖူးဘူးပေါ့ "

" နေဖူးတယ် ပုံပုံခြောက်တန်းအောင်ပြီးပြီ. . . "

ပြောနေရင်း ဝမ်းနည်းသလိုလေး မှိုင်ကျသွားကာ၊

" ဒါပေမဲ့ ဒွေးညိုတို့လည်းဆက်မထားနိုင်တော့ပါဘူး ပိုက်ဆံစုပေးကြတဲ့ ဒွေးလုံးတို့လည်း မတတ်နိုင်တော့ဘူးတဲ့ ဒီနှစ်ကျောင်းဖွင့်ရင်တော့ ဘုန်းဘုန်းက ဆက်ထားပေးမယ်လို့ပြောတာပဲ. . . "

" မင်းက ကျောင်းသိပ်တက်ချင်တာပဲလား "

သူထင်သလိုမဟုတ်ဘဲ ပုံပုံက ခေါင်းလေးခါပြလေသည်။





" တက်ချင်ပေမယ့် မတက်တော့ပါဘူး "

" ဘာဖြစ်လို့လဲ "

" ကျောင်းတက်နေရင် ပုံပုံ ညစာအမြဲငတ်တယ် မနက်စောကြီး ထမင်းထချက်ပြီး ဆရာတော်များကျောင်းသွားတက်ရတော့ ပြန်လာတော့ ညစာချန်ထားတဲ့ ထမင်းတွေမရှိတော့ဘူး အဖေက အကုန်စားပစ်တာ "

" သူဟာသူရှာမစားဘူးလား "

" စားတယ် စားပြီးလည်း ပုံပုံမစားရအောင်လို့တဲ့ အကုန်ဆစ်တာပဲ "

အံ့ဩရပြန်ပြီ ဟုတ်မှဟုတ်ရဲ့လားဟုလည်း တွေးမိ၏။

" သူက မင်းအဖေအရင်းလား "

" အရင်းပါ "

ဟုတ်ရဲ့လား ဟုထပ်မမေးရက်သော်လည်း မယုံနိုင်။

အဖေဆိုသော ထိုပုဂ္ဂိုလ်ကို မြင်တွေ့ချင်စိတ်က ချက်ချင်းပြင်းပြလာသည်။

" သူက မိန်းမမယူဘူးလား "

" ဘယ်ယူမလဲ မိန်းမတွေကို သိပ်မုန်းတာ သူတအားသောက်ပြီဆို ပုံပုံ နောက်ဖေးက မထွက်ရဲတော့ဘူး။အိမ်ရှေ့က ဖြတ်သွားတဲ့ မိန်းမဆိုလည်း မြင်တာနဲ့ အော်ဆဲတော့တာပဲ "

" ခံရတဲ့သူတွေက ငြိမ်နေတာပဲလား "



www.burmeseclassic.com

www.burmeseclassic.com



" အမြဲ ဒီလိုပဲလား ဆန်းမှမဆန်းတော့တာ "

မိန်းမတွေကို မုန်းသည်ဆိုမှ နေတံခါး နားလည်သလိုဖြစ်လာခဲ့သည်။

ဒီလူကြီး ပုံပုံရဲ့ အမေနဲ့ ပက်သတ်၍ နားကျည်းဖွယ်ရာတစ်ခုခု တရာရှိခဲ့နိုင်သည်။ ဘာပဲဖြစ်ဖြစ် ပုံပုံတို့ မိသားစုလေးကို သူစိတ်ဝင်စား နေပြီဖြစ်၏။

" ပုံပုံသွားတော့မယ်နော် ကိုကြီး ဆွမ်းတော်စွန့်လိုက်ဦးမယ် "

ပုံပုံက ပြော၍ ချက်ချင်းထကာ ဆွမ်းတော်စွန့်သည်။ အုတ်ပြားပေါ်မှာ ဆွမ်းလေးကို သေသေချာချာစွန့်၍ ဆွဲခြင်းအစုတ်လေး ထဲမှာ လင်ဗန်းနဲ့ ဆွမ်းတော်ပန်းကန်လေးတွေကို စီထည့်၏။

ပြီးတော့ ရေချိုင့်ကိုဆွဲ၍ သူ့ကိုလှည့်ပြုံးပြကာ သွားမယ်နော် ကိုကြီး ဟု ထပ်နှုတ်ဆက်၏။

" နေဦး "

နေတံခါးက ထိုနေရာက ထလျှောက်လာ၍

" နောက်နေ့ ဒီမှာပဲ ဆွမ်းတော်ကပ်မှာလား "

" ဟင့်အင်း ခေါင်းလောင်းကြီးနားမှာကပ်မှာ ကိုကြီး မပြန်သေးဘူးလား ဟင် "

" မပြန်သေးဘူး အဲဒီခေါင်းလောင်းကြီးနားက စောင့်နေ ရတယ်ပေါ့. . . "

" ဟင်. . . ပုံပုံ့ကိုလား "





" အင်း. . . "

သူ့ကိုစောင့်မည်ဆို၍ ကစားဖို့အဖော်ရသွားသည့်ကလေး ...ဦးသဖွယ် ပုံပုံမျက်နှာလေးဝင်းလက်သွားသည်။

" စောင့်နေကိုကြီး ပုံပုံဆီးသီးတွေခူးလာခဲ့မယ်. . . "

" ခူးမလာပါနဲ့ကွာ မင်းလက်တွေကညစ်နေတာ မစား ...ဘူး "

" လက်သည်းတွေညှပ်ခဲ့မယ်လေ. . . "

" မင်းတစ်ကိုယ်လုံးညစ်နေတာပဲကွ "

" ရေချိုးခဲ့မှာပေါ့ အခုပြန်ရင် အင်္ကျီဆင်းလျှော်မယ် ...ဖြန့်ဝတ်ခဲ့မှာပေါ့ "

သနားစရာကလေးရယ်. . .

နေတံခါး စိတ်မကောင်းဖြစ်သွားမိကာ သူခေါင်းညိတ်လိုက် ...သာအားရပြေးထွက်သွားသည့် ပုံပုံလေး၏ကျောပြင်ကို လှမ်း ...မိသည်။

❀ ❀ ❀

တန်ကြည့်တောင်စေတီတော်အတွက် နဝကမ္မအလှူတော် ... ...နီး တောင်ပေါ်မှာသီတင်းသုံးနေကြသည့် ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



သံဃာမြတ်များအတွက် အလှူငွေတစ်သိန်းနှင့် သီလရှင်ဆောင်ကို သူနောက်ဆုံးကျမှ တစ်သိန်းလှူသည်။

မြို့ကြီးပြကြီးမှာကဲ့သို့ ထည့်ဝါခမ်းနားစွာပေးအပ်လှူဒါန်းသည်မဟုတ်သော်လည်း ဆရာတော်ကြီးများရှေ့မှာ အလှူငွေကိုကပ်၍ ဦးချလှူဒါန်းရသည်မှာ လွန်စွာချမ်းမြေ့ကြည်နူးဖွယ်ကောင်းလေသည်။

တန့်ကြည့်တောင်ပေါ်မှ ဆရာတော်ကြီးများကသာ ဦးစီးအုပ်ချုပ်ကာ တောင်ပေါ်မှာရေမီးပြည့်စုံဖို့ကို အစစအရာရာ ဦးဆောင်ခဲ့ကြသည်။

တည်းခိုဆောင်အဖြစ် နှစ်ထပ်အဆောင်ကြီးကလည်း သူ့နေရာနဲ့သူခမ်းနားနေသည်သာ။ ဆရာတော်ကြီးများကိုလှူဒါန်းပြီး သီလရှင်ဆောင်ကို သူရောက်တော့ တောင်ပေါ်မှာအလှူငွေလေးသိန်းပေးအပ်လှူဒါန်းသော အလှူရှင်အဖြစ် ဓမ္မဒါနလက်ဆောင်စာအုပ်တွေ ချီးမြှင့်သည်။ သာဓုခေါ်၍ ဆုတောင်းမေတ္တာပို့ကြ၏။

သူ ထိုနေရာမှာ သေချာထိုင်မိတော့မှ ဆရာလေးတွေအတော်များကြောင်း သိခဲ့ရပါသည်။

" ဟို ဆရာလေးတို့ထဲမှာ ဒွေးညီဆိုတဲ့ဆရာလေး ဘယ်သူပါလဲခင်ဗျာ "

" ဒွေးညီ. . . "

" ဪ "





ဆရာလေးတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြပြီး

" သူမှာလာတာရှိကိုပြောတာ ဖြစ်မယ် သူ့ရဲ့လူနာမည်ကညီလေ. . . "

" ဟုတ်ကဲ့. . . ပုံပုံရဲ့အခေါ်ကိုပြောတာပါ. . . "

" ဒွေးညီဆိုတာ ဆရာလေးပါ ဘာအကြောင်းများရှိလို့ပါလဲ "

အသားညိုညို မျက်လုံးမျက်ဝန်းကောင်းကောင်းနှင့်အသက်ငယ်ငယ်ဆရာလေးက လက်ဖက်သုတ်အစ်ကလေးရှေ့မှာလာချပေးလိုက်၏။

အနားမှာဝိုင်းထိုင်နေကြသည့် ဆရာလေးများက နေရာရွှေ့ပေးကာ

" ပုံပုံနဲ့ ဘုရားပေါ်မှာဆုံခဲ့ပြီထင်တယ် "

" ဟုတ်ကဲ့ "

ဆရာလေးတွေနဲ့စကားဆက်ပြောလျှင် ဟုတ်ကဲ့လား တင်ပါ့ဘယ်လိုပြောရမည်ကို နေတံခါးမသိပါ။

သို့သော် တင်ပါ့ ဘုရားဆိုတာ သံဃာတော်များကိုသာ ဆို့ဟုခံယူ၍ ဟုတ်ကဲ့ဟုသာပြောဖြစ်တော့သည်။

ဆရာလေးများကလည်း ထိုသည်ကိုဂရုမထားကြဘဲ ခေါ်နေကြလျက် ထန်းလျက်များ ငှက်ပျောသီးများနှင့် ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဆုပ် ပဲချောင်း စားစရာတွေကို ရှိသမျှအကုန်တည်ခင်းကျွေး မွေးကြ၏။

သူကတော့ လက်ဖက်သုပ်နဲ့ရေနွေးကြမ်းကို ရှေ့တည့်တည့်မှာ တိုးရွှေ့ပေးသည်အထိ ဘာကိုမှမနိုက်ဖြစ်ဘဲ ပုံပုံနဲ့ပတ်သက်သည့်ကိုသိဖို့သာ အာရုံစိုက်နေမိခဲ့သည်။

" ပုံပုံကတော့ ဒီကဆရာလေးအားလုံးရဲ့ သမီးလိုပဲ ဒကာရယ် သူလေးက လိမ္မာတယ် ချစ်စရာကောင်းတယ် သနားစ လေးမို့လို့လည်း ဒီတောင်ပေါ်က ဆရာတော်တွေကအစ ဟော် ဆရာလေးတွေအားလုံး သူ့ကိုကျွေးမွေးစောင့်ရှောက်ခဲ့ကြတာပေါ့

" သူက မိဘတွေမရှိတော့ဘူးလား "

နေတံခါးက အစကနေပြန်မေးလိုက်တော့ ဒွေးညိုက ခေါ ညိတ်ပြလိုက်၏။

" မရှိဘူးလို့ပဲပြောပါတော့ကွယ် ဖအေတစ်ယောက်ရှိပေမယ့် လည်း သိပ်မိုက်တဲ့လူပါ ဒွေးညိုက ဆယ့်လေးနှစ်သမီးကတည်း သီလရှင်ဝတ်ခဲ့တာကွယ် "

" ဟုတ်ကဲ့ "

" ပုံပုံရဲ့အဖေ မင်းညိုက ဒွေးညိုရဲ့မောင်လေး ဒွေးညို တို့မှာ ငယ်ငယ်ကတည်းက အဖေမရှိခဲ့တာ အမေက နောက် ထောင်ပြုပြီး ပထွေးနှိပ်စက်တာကိုမြင်နေရတော့ ဒွေးညိုကသီလ ဝတ်ပစ်လိုက်တယ် အမေလည်းသိပ်မကြာလိုက်ပါဘူး ဆုံးသွား





မောင်လေးကတော့ပထွေးနဲ့ကျန်နေခဲ့တယ် "

ဒွေးညိုကပြောနေရင်း စိတ်မကောင်းဖြစ်လာပုံနှင့် သက်ပြင်း ရှည်တစ်ချက်ချကာ

" မောင်လေးက သနားကမားရုပ်ရည်ရှိတယ် ကျွန်းချောင်း ထဲမြေသြဇာစက်ရုံမှာ စာရေးလုပ်စားတယ် သူ့ဂုဏ်ဒြပ်လေးနဲ့သူ့ ဘာ့ထည်ထည်ဝါဝါပါပဲ ပုံပုံလေးရဲ့အမေက မကျွေးသူပဲ အရာရှိ တစ်ယောက်ပေါ့ နောက်တော့ စက်ရုံမှာ သူတို့ ဘယ်လိုဆုံဖြစ်သွားလဲ မသိဘူးကွယ် မောင်လေးက တမ်းတမ်းစွဲ ဖြစ်ပါလေရော အမာလွင် က မောင်လေးထက်ငါးနှစ်လောက်ကြီးတယ် ဆံပင်က အရှည်ကြီးပဲ ချက်သရေရှိပြီး ယဉ်လိုက်လှလိုက်တာ ပြောစရာမရှိဘူး. . . "

" ဟုတ်တယ် လပြည့်လကွယ်နေ့တိုင်း တောင်ပေါ်မှာ လာဖူးတာကွယ့် "

ထိုင်နေသည့် ဆရာလေးတစ်ပါးကလည်း ဝင်ပြောသည်။

" ဒကာလေး စားစရာတွေလည်း သုံးဆောင်ပါဦး ရေ နွေးကြမ်းလဲသောက်. . , "

" ဟုတ်ကဲ့ခင်ဗျ "

နေတံခါး ထန်းလျက်တစ်ခဲကိုပါးစပ်ထဲကောက်ထည့်ဝါးကာ ရေနွေးကြမ်းတစ်ပန်းကန်ကို ပူပူလောလောကြီးမျိုချပစ်လိုက်ရသည်။

အချိုမကြိုက်သည့်သူမို့ ထန်းလျက်တစ်ခဲက ပါးစပ်ထဲမှာ ဘာကြီးဒုက္ခပေးသွား၏။ တကယ်တော့ ဘာမှမတို့မထိဘဲနေရမှာ



www.burmeseclassic.com

www.burmeseclassic.com



အားနာစရာပါ. . .

" ဆက်ပြောပါဦးဒွေးညို. . . ကျွန်တော်စိတ်ဝင်စားပါတယ်"

" ပြောပြမယ် နောက်တော့ သူတို့ချစ်သူတွေဖြစ်သွား
ပြီးတစ်လလောက်ပဲကြာတယ် ယူလိုက်ကြရောကွယ် အဲဒီမှာပုံပုံ
ကိုတန်းရှိတာပေါ့ "

" ဩော်. . . "

သီလရှင်တွေကြားထဲမှာ နေတံခါး မျက်နှာဖျန်းခနဲပွသွား
၏။

" အဲဒါနဲ့ ကိုယ်ဝန်ခြောက်လလောက်မှာ လူငယ်
ယောက်လိုက်လာပြီး အမာလွင်ကိုသူ့ချစ်သူပါလို့ပြောတော့တာပဲ
ပြန်လိုက်ခဲ့ဖို့ပြောတယ် ဒီကလေးကိုယ်ဝန်က သူ့ကိုယ်ဝန်မို့ သူတာ
ယူမယ်လို့ဖြစ်လာတော့ မောင်လေးကအရှက်ကြီးရှက်ပြီး ဒါကိုအ
ဖြစ်မယ်လို့ယူဆသွားတာပေါ့ ဒါကြောင့်သာ အမာလွင်က
ချက်ချင်းလက်ထပ်ဖို့သဘောတူတာဆိုပြီး စိတ်ရှိုင်းတွေဝင်တော့
ပဲ "

" ဟိုတစ်ယောက်နဲ့ ပြန်မထည့်လိုက်ဘူးလား "

" အဲဒီလိုလည်းမထည့်ဘူး အမာလွင်ကိုသူမဖြတ်နိုင်
ဒါပေမဲ့ ကြင်ကြင်နာနာလည်းမရှိတော့ဘူး "

" ဟို. . . ဟိုကိစ္စက တကယ်လား "

ဒါမမေးသင့်သည့်မေးခွန်းပေမယ့် ဇာတ်လမ်း၏အဓိက





က်နေရာမို့ မျက်နှာပူပူနဲ့ပဲမေးလိုက်ရသည်။

ဒွေးညိုက မျက်မှောင်ကုတ်၍ တွေးတွေးဆဆလုပ်နေပြီးမှ

" အဲဒါတော့ ကာယကံရှင်သိမှာပဲဒကာ. . . အမာလွင်က
တော့ အဲဒီသူငယ်နဲ့သူခိုးရာလိုက်ဖူးတာကိုဝန်ခံတယ် ဆယ်ရက်
လောက်ပဲကြာတယ်တဲ့ လူကောင်းမဟုတ်မှန်းသိလို့ မိဘအိမ်ကို
ကိုယ်တိုင်ပြန်ပြေးခဲ့တယ်တဲ့ အဲဒါကလွန်ခဲ့တဲ့နှစ်နှစ်ကျော်ကတဲ့ ဒါကို
ခိုင်အမာပြောတယ် မောင်လေးကို သူမေတ္တာစစ်နဲ့လက်ထပ်ခဲ့တာ
ကိုယ်ဝန်ဟာ မောင်လေးကိုယ်ဝန်ပဲဆိုတာ အထပ်ထပ်ပြောတယ်"

" ဒွေးညိုစိတ်ထဲမှာကျတော့ ဘယ်လိုခံစားမိလဲဟင် "

" အင်း. . . ပြောရရင်တော့ အမာလွင်ညာတာမဖြစ်နိုင်ဘူး
ဆင်ပါတယ် ဘာဖြစ်လို့လဲဆိုတော့ သူ့ရုပ်ရည်နဲ့သူ့အမူအယာက
မိန်းကလေးမျိုးမဖြစ်နိုင်ဘူးလို့ယူဆမိတယ်လေ မောင်လေးက
တော့ ဘယ်သူဘာပြောလို့မှမရတော့ဘူး မွေးလာတဲ့ကလေးကျတော့
ည်း မောင်လေးနဲ့တူတာလုံးဝမရှိဘဲ ဖြူဖြူဥဥ မြင့်မြင့်သွယ်သွယ်လေး
တော့. . . "

" ဦးမင်းညိုက အသားမည်းလို့လား "

" မည်းတယ် ဒါပေမဲ့ လူကလူချောပါ အရပ်လည်းနည်း
တယ် တန့်ကြည့်ရွာမှာရွာခံလူတွေဆို လူမည်းကများတယ်
ည်းတစ်ရွာမှာမှ လူဖြူဆယ်ယောက်ပြည့်အောင် မရှိဘူး
ကြောင့်လား လေကြောင့်လား ဘယ်လိုပြောရမလဲ တချို့ပြော

www.burmeseclassic.com



ကြတာတော့ ရေညှာမှာ ရေနံချက်စက်ရုံရှိလို့အသားမည်းကြတာ
တဲ့ ''

နေတံခါးကပြုံးလိုက်ပြီး ခေါင်းညိတ်မိ၏။

'' အမာလွင်လည်း သူ့စွပ်စွဲနှိပ်စက်လွန်းလို့ နဂိုကတည်းက
နှလုံးရောဂါခံရှိတော့ ပုံပုံကိုမွေးပြီး တစ်နှစ်ကျော်ကျော်လေးမှာ ဆုံး
သွားပါရော ကလေးကိုလည်းသူ့အတွကြီးနဲ့နှိပ်စက်လွန်းလို့ ဟိုကခေါ
မွေး ဒီကခေါ်ကျွေးပေါ့ကွယ် ဒွေးညိုက ဒီလိုရှုပ်ထွေးမှုတွေကို မမြ
ချင် မကြားချင်လို့ အစကလုံးဝကိုပြန်မကြည့်ခဲ့တာ ဒါပေမဲ့ ကလေးက
မိန်းကလေးဖြစ်နေတော့ နေလို့မရတော့ဘူး ေတာင်ပေါ်ကိုခေါ်ထား
ရတယ် ငယ်ငယ်လေးကတည်းက ဘုရားစာသင်ပေး သင်ပုန်းကြီး
သင်ပေးနဲ့ ဒီတောင်ပေါ်မှာပဲမွေးရတာပေါ့. . . ''

'' ဟုတ်ကဲ့ ''

'' လေးတန်းအောင်သွားတော့ ငါးတန်းကျောင်းက ဆရာ
တော်မှာသွားတက်ရတယ် မိုးမလင်းခင်ထသွားမှ ဟိုမှာကျောင်းမိတာ
အဲဒီအချိန်တွေမှာ ပုံပုံဖအေနဲ့ပြန်နေတယ် ခဏလေးနေ ခဏ
လေးငိုရတာပဲ ဒွေးညိုတောင်မှ ကိုယ့်မောင်ဒီလောက်အငြိုးအတွကြီး
မှန်းလုံးဝမသိခဲ့ဘူး ဒီကလေးဟာ အစစ်အမှန်ဖြစ်လျက်နဲ့ ဘယ်
လောက်ထိကံဆိုးရှာသလဲ. . . ''

'' သူကျေနပ်အောင် သွေးစစ်ပြလိုက်ဖို့ကောင်းတာပေါ့''

'' စစ်တာပေါ့ စစ်တော့ ဟိုကောင်လေးကသူနဲ့ ဘီသွေး





ခွင်းဘူနေတယ်လေ ''

'' ဟောဗျာ. . . ''

'' ပြဿနာကအဲဒါပဲ ခုချိန်ထိဘာအလုပ်မှလည်း မယ်မယ်
အမလုပ်တော့ဘဲ အလုပ်ကြမ်းတွေကြုံသလိုကျသလိုလျှောက်လုပ်ပြီး
ဒုဒမ်းသူတော့ တင်းတိမ်နေတာပဲ ''

'' ဟုတ်တယ် ဒကာရေ အရက်သောက်လွန်းလို့ လူလည်း
ညှဲ့ညှဲ့ပဲရှိတော့တယ် အလုပ်ကြမ်းလည်း သူ့ကိုဘယ်သူကမှ မခိုင်း
ခိုင်းကြတော့ဘူး ဒါပဲဖွတ်လုပ်ဖွတ်တောင်းပြန်လာတော့ လဲတာပဲတဲ့
သူ့အကြောင်းများမကြားချင်လည်းကြားနေရတာပဲ ''

'' ဟုတ်တယ်ကွယ့် အခုသူဖျားနေတယ်လေ ဘာတွေနဲ့
ဘာပြီး ဘယ်လိုဖြစ်နေပြီလဲမသိပါဘူး သေသွားလည်းသူ့ဝဋ်ကျွတ်တာ
ပဲ့ ဒွေးညိုကတော့ ဒီလိုပဲသဘောထားတော့တယ် ''

ဒီပြင်သီလရှင်ကပါဝင်ပြောကြ၏။

နေတံခါးကြားရသည်များကိုစိတ်မကောင်းဖြစ်ကာ ဦးမင်းညို
နှင့်သည့်လူကြီးကိုသွားတွေ့ချင်စိတ်တွေပေါက်နေမိသည်။

'' ဒါဆို ဒီနေ့ပုံပုံပြန်ဆင်းရင် ကျွန်တော်ဦးမင်းညိုနဲ့ သွား
တွေ့ချင်ပါတယ် ဘာအကြောင်းမှတော့ မရှိပါဘူး ဒါပေမဲ့ စကားလည်း
ပြောကြည့်ချင်တယ် သူ့လိုအပ်မယ်ထင်တာလေးတွေလည်း ကူညီချင်လို့
ပါ ''

သေချင်သေပစေဆိုပေမယ့် မောင်ဖြစ်သူဆီကိုကူညီမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူကသွားမည်ဆိုတော့ ဒွေးညိုမျက်နှာကြည့်လင်သွားရှာသည်။

" လိုက်သွားလို့ရပါတယ် အပြင်လူကိုတော့ သူမရှိုင်းပ်ဘူး တစ်ခုတော့ရှိတယ် ပုံပုံအကြောင်းတော့သွားမစလိုက်ပါနဲ့ ဒကာလေးကိုမဖွယ်မရာ ပြောလိုက်မှာစိုးလို့ပါ "

" ဟုတ်ကဲ့ ကျွန်တော်မှတ်ထားပါ့မယ် "

နေတံခါးကို နိုင်ငံကျော်စာရေးဆရာမှန်းလည်းသိထားကြပြီးမို့ အားလုံးကလေးစားခင်မင်နေကြ၏။ ပုံပုံပြန်ဆင်းမယ်ဆိုတော့ ဒွေးညိုကိုယ်တိုင် နေတံခါးကိုခေါ်သွားဖို့ သေချာပြောလိုက်သေးသည်။

" ကားလမ်းဘက်သွားမလားကိုကြီး "

" ဘာလုပ်ဖို့လဲ "

" ကိုကြီး အဝေးကြီးဆင်းရမှာ ညောင်းမှာစိုးလို့. . . "

" မင်းတောင်ဆင်းသေးတာ တို့ကဘာလို့ မဆင်းနိုင်ရမှာလဲ "

ပုံပုံက ရေ့ကနေ လှေခါးလေးငါးထစ်လောက် ကြိုဆင်းနေလိုက် နေတံခါးကိုရပ်စောင့်ရင်း မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီးငေးနေလိုက်

လေးညှင်းရောင် ချည်ပြောင်ပုဆိုးကွက်စိပ် နံ့သာရောင်ရှပ် လက်ရှည်ကိုတံတောင်ဆစ်နားထိ ခေါက်ထားကာ လှိုင်းတွန့်ရေးရေးထင်သောဆံပင်အလယ်ခွဲက သေသေသပ်သပ်နှင့် တင့်တယ်နေသော နေတံခါးပုံစံကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း ကြည့်လို့မဝ





ဖြစ်ရရင်းနှင့် သူမလေးမှာ သဘောကျလို့မဆုံး. . .

နာရီဝတ်ထားသည့်လက်မှာပဲ ဖောင်းကြွအိစက်နေသည့်သက်စွပ်နှစ်ကွင်းပြီးတော့ တောင်ပေါ်မှာ ကိုကြီးက လေးသိန်းလှူအားတာတဲ့. . .

ရှင်းသန့်ကြည်စင်နေသည့် နေတံခါးကိုအထင်ကြီးလေးစားခြင်းများနှင့်ပါ တမော့မော့တငေးငေးဖြစ်နေမိ၏။

ကိုကြီးက အရမ်းချမ်းသာမှာပဲ ဟုလည်းအထပ်ထပ်တွေးမိ၏။

လေးသိန်းဆိုတာ ရွာမှာဆို ဝိုင်းတစ်ဝိုင်းနဲ့ အိမ်တစ်ဆောင်အသာလေးဆောက်လို့ရသည်။

ပုံပုံတို့အစကပိုင်ဆိုင်ခဲ့သော အိမ်နဲ့ဝိုင်းကို အဖေကရောင်းစားပြီးပြီမို့ ခုကျတော့ အကြီးမြတို့နောက်ဖေး ဖက်ကာခြံဘေးမှာ တဲလေးထိုးနေကြရသည်။

ဒါတောင်မှ အကြီးမြတို့မှာ မွေးထားသည့်ဝက်တွေကို အစာကျွေးပေးရ ဘဲကျောင်းပေးရ. . . ရွာထဲမှာဝက်စာရေလိုက်စုပေးရတာ ရှိသေးသည်။

ပုံပုံငယ်သေးပေမယ့် သူများအိမ်မှာ ခိုကပ်မနေချင်သည့် နှလေးကရင်ထဲမှာ ကိန်းအောင်းနေသည်သာ. . .

" ဟိတ် ထလေ ဘာလဲမောနေပြီလား "

ပုံပုံရှေ့ကနေ ကြိုဆင်းနှင့်ပြီး ရေအိုးစင်ရှိသည့်ကွင်းမျက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးခေါ်မှာခြေတွဲလွဲချထိုင်ရင်း အတွေးလွန်နေမိသည်။

နေတံခါးက ပုံပုံဘေးမှာ ကွပ်ပျစ်ကိုလက်တစ်ဖက်ထောက်ရပ်၍

" ခုချိန်ဆို မင်းအဖေမမူးလောက်သေးဘူးထင်တယ်နော်"

" အဖေက အချိန်တိုင်းမူးနေတာ ကိုကြီးရဲ့ ဟိုရောက်ရင်လေ အမေ့အကြောင်း အဖေ့ကို သွားမမေးနဲ့နော်. . . "

မမေးပါဘူး ဒါပေမဲ့ မင်းနဲ့ ပတ်သတ်တာလေးတော့ နည်းနည်းပါးပါးပြောမှဖြစ်မယ် "

" ပုံပုံနဲ့ပတ်သက်တာ "

ပုံပုံက သူ့ရင်ဘတ်လေးသူပုတ်ပြ၍ တအံ့တသြမေးသည်။

" ဟုတ်တယ်လေ ကိုယ့်ရင်သွေးကို ဒီလိုပစ်ထားဟာ နှိပ်စက်တာ ဘယ်ကောင်းမလဲ "

" အမလေး သွားမပြောပါနဲ့ကိုကြီးရယ် ကိုကြီးပြန်သွားရင် ပုံပုံ့ကိုသေအောင်သတ်မှာ သွားမပြောလိုက်ပါနဲ့နော် ရှိကြီးခိုးပါရဲ့ "

ပုံပုံတကယ်ပဲ တုန်တုန်ရီရီလေးဖြစ်သွားသဖြင့် နေတံခါးပင့်သက်ရှိုက်မိလေသည်။

" ကဲ. . . ကဲ ထ ဘာမှမပြောတော့ပါဘူး မင်းအဖော်မုန့်နဲ့ ပိုက်ဆံနည်းနည်းထောက်ပံ့ချင်လို့ပါ သွားရအောင် "

ပုံပုံက ကွပ်ပျစ်ပေါ်ကနေ ဖျတ်ခနဲခုန်ဆင်းလိုက်ကာ





" ကိုကြီးက ပိုက်ဆံတွေအရမ်းပေါတာပဲနော် "

" ပေါတာတော့ဘယ်ဟုတ်မလဲ လျှိုဖို့တန်းဖို့ကျတော့ ထုတ်သောပေါ့ "

" လျှတယ် ဟုတ်လား ရွာထဲကလူတွေဆို အဖွက်ိုအရမ်းပြောတာ အရက်သမားကိုကျွေးမွေးမဲ့အစား ခွေးချကျွေးပစ်မယ်တဲ့ ကောင်မျိုးကိုဘာမှမကျွေးနဲ့တဲ့ အရက်သမားကိုကျွေးတာ ကုသိုလ်ရဘူးပေါ့နော် "

" ရတာပေါ့ လူတတ်ရင်မြတ်တယ်တဲ့ ခွေးညှိုတို့က သင်ပေးဘူးလား "

" တောင်ပေါ်မှာကျတော့ ကြားရတာတစ်မျိုး ရွာထဲဆင်းလာရင် တစ်မျိုးဖြစ်ကုန်ရော ပုံပုံ နားမလည်တော့ဘူး "

စရိုက်ကြမ်းဘဝကြမ်းမှာ ရှင်သန်ခဲ့ရတဲ့ ကောင်မလေး။

ပုံပုံခေါင်းလေးကိုခပ်ဖွဖွပုတ်ပစ်၍ လက်ကလေးကိုသူဆွဲထိုင်လိုက်၏။

" ဘာဆို အကောင်းဘက်ကမြင်တတ်အောင် ကြိုးစားကွဆိုမှာဘူး "

ပုံပုံကပြုံး၍ခေါင်းလေးညိတ်သည်။

ခပ်ပြေပြေပေမယ့် အတော်မြင့်သည်မို့ သူတို့ရပ်နေသည့်နေရာမှ တောင်ပေါ်တက်လာသည့် ကားနှင့်ကားလမ်းကို တစ်ပိုင်းတစ်စလှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



စောင်းတန်းတစ်လျှောက်မှာလည်း နားစရာကွပ်ပျစ်နှင့် ရေအိုးစင်များဖြင့် တောင်ပေါ်လေတဟူးဟူးက စိတ်အေးချမ်းစရာ ဖြစ်၏။

ထို့ပြင် ရေတင်သည့်စက်သံများနှင့် ထိုအဆောက်အဦးများ ထဲတွင် ဦးပဥ္စင်းနှင့် ကိုရင်ငယ်များကိုသာ တွေ့ရသည်။

" ကိုကြီး "

" ဟင်. . . "

" ကိုကြီး နာမည်ကဘယ်သူလဲဟင် "

" နေတံခါး "

" နေတံခါး နေက ဟိုမှာ "

ပုံပုံ မိုးကောင်းကင်ကိုမျက်လုံးလေးတွေ မှေးစင်း၍မော့ကြည့်လိုက်ကာ

" တံခါးဆိုတော့ နေရဲ့ရှေ့မှာပေါ့နော် နေကိုမြင်ဖို့ တံခါးဖွင့်ရမယ်လို့ပြောတာပေါ့ နာမည်ကလှတာပေါ့နော် ကိုကြီး "

သူဖာသာဘာသာပြန်၍ ပုံပုံသဘောကျသွားပြန်သည်။

" ကိုကြီးကချောတော့ နာမည်နဲ့လိုက်တယ် "

" ဟုတ်လို့လား "

" တကယ်ကိုကြီး ဒီမှာကြော်ငြာလာရိုက်တဲ့မင်းသား ဘယ်သူလဲ ဒွေး ဒွေးဆိုကာ ရုပ်ရှင်မင်းသားဆိုပြီး ကိုကြီးလောက် မချောဘူး "





" ကဲပါကွာ. . . အောက်ရောက်တော့ မုန့်ဝယ်ကျွေးပါ့ ယ် တော်ပါတော့. . . "

ပုံပုံက ခစ်ခစ်ရယ်သည် ရယ်လိုက်တော့ အောက်နှုတ်ခမ်း ယာဘက်ထောင့်မေးနားမှာ အချိုင့်ကလေးတစ်ခုထင်ကာ စ်ဖွယ်ကောင်းသွား၏။

တော်တော်အရယ်သန်သည့် ကောင်မလေး။

တောင်ခြေရောက်လို့ လှေခါးထစ်တွေဆုံးတော့ တောက် လျှောက်ကိုင်ထားသည့် နေတံခါးဖိနပ်ကို ပုံပုံက ငုတ်တုတ်လေးထိုင် ပြီး သေချာစီချပေး၏။

" ကိုကြီးစီး. . . "

ပြီးမှ နောက်မြီးပါးနေပြီဖြစ်သည့် သူ့ဂျပန်ဖိနပ် ညစ်ပတ် လေးကိုစွပ်စီးကာ

" လာဦး ဒီဘက်ကသွားရအောင် ပုံပုံတို့နေတဲ့အိမ်က က်မှာ "

" သွားလေ အဲ နေဦး မင်းအဖေအတွက် စားစရာတစ်ခုခု ရအောင် "

" မဝယ်နဲ့ ကိုကြီး အဖေက အရက်ဖိုးရရင်ပြီးသွားတာပဲ မေက်ဘူး "

" ဪ. . . ဪ "

ပုံပုံက သူမအတွက် ညစာယူလာသည့် ထမင်းချိုင့်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲလျှက် ရှေ့ကသွားကာ နေတံခါးနောက်ကလိုက်ခဲ့သည်။

ရှေ့ကိုဝါးနှစ်ရိုက်ခန့်မျှသာ သွားရပါသေးသည်။

" ဟယ် ပုံပုံ အတော်ပဲ နင့်အဖေ မူးမူးနဲ့မြစ်ဆိပ်မှာ ရေတွေဆင်းစိမ်ပြီး အခု လဲကျသွားတာ ခေါ်လို့ကိုမရတော့ဘူး "

ပုံပုံထက် အသက်အနည်းငယ်ပိုကြီးမည်ထင်ရသော မိန်းကလေးတစ်ယောက်မောကြီးပန်းကြီးလာပြောလိုက်ရာ ပုံပုံမျက်လုံး ဝိုင်းစက်သွားလေသည်။

" အဖေ့ . . အဖေ ဘာဖြစ်သွားလဲဟင် အခု ဘယ်မှာလဲ"

" ကမ်းနားကနေ ဘချစ်တို့ဝိုင်းသယ်လာကြတယ် အခုအိမ် ပြန်ရောက်သွားပြီ ဘချစ်တို့ပြောတော့ သေပြီထင်တယ်တဲ့ "

" အဖေရေ. . . "

ပုံပုံထမင်းချိုင့်လေးကိုမြှောက်ခါ၍တအားပြေးထွက်သွားလေသည်။

နေတံခါး ဘာမှမဆိုင်သော်လည်း ပုံပုံအတွက်စာနာမိကာ ရင်ထဲမှာစို့သွားခဲ့၏။

အားမကိုးရဘူးဆိုသော်လည်း အဖေဆိုသော အားကိုးအားထားရာအရိပ်ကြီးတစ်ခု ပြိုကျသွားပြန်ပြီကော. . .

ဖြစ်ရလေ ပုံပုံရယ်. . .

❀ ❀ ❀ ❀ ❀



# အခန်း (၂)

" ဘာတဲ့လဲ ဖုန်းနံပါတ်ကော မရဘူးလား "

" ရမလာပါဘူး မမကြီးရယ် ကောင်လေးဘယ်သွားတယ် ... သူတကယ်မသိဘူး သူ့ကိုပြောမသွားတာ တကယ်ပါတဲ့ "

" အဲဒါကို ကျုပ်မယုံဘူး ဒီကောင်သက်သက်ညာတာ ...င်လေးနဲ့အရင်းနှီးဆုံး ပေါင်းသင်းတာသူပဲရှိတာ သူမသိဘူးဆို ... ဖြစ်ကိုမဖြစ်နိုင်ဘူး "

" အေးလေ ညည်းက ပညာသားနဲ့မမေးဘဲ ဘယ်လိုသွား ...မသိတာ "

" အမလေး ဘယ်လိုပညာတွေသုံးရဦးမှာလဲ သူ့အစ်ကိုလူမို ...တဲ့ ပုဂ္ဂိုလ်မြတ်က မျက်လုံးကြီးတဝင်းဝင်းနဲ့ ထိုင်ရတာတောင် ...ယ် ဟွန်း ရုပ်ကြီးကိုက. . . "

ထမင်းစားပွဲမှာစုထိုင်မိကြပြီး ဟင်းတွေချထားတာလည်းစုံနေ

စားဖို့ဘယ်သူမှမစဉ်းစားဘဲ သုံးပွင့်ဆိုင်ထိုင်ပြီးကြတော့



www.burmeseclassic.com

www.burmeseclassic.com



ပြုံ့င်တူကြည့်မိကြသည်က တစ်ယောက်စာလွတ်နေသည့် ထိုင်ခုံကို. . .

" သူ့ထုတ်ဝေသူကိုလည်း ပုဂံကိုသွားမယ်လို့ပြောသွားတယ် တဲ့ အဲဒီဟိုတယ်တွေကို ဒီကဆက်ကြည့်တော့ နေတဲ့ခါးဆိုတာ မ ဘူးတဲ့ "

" အဲဒီဆက်ပေးတဲ့လူကကော သေချာရဲ့လား ပြီးပြီးရေ ပြောတာလားမှမသိတာ ကောင်လေးက ညာတတ်တဲ့သူမဟုတ်ဘူး ပုဂံဆို ပုဂံမှာရှိကိုရှိရမယ် "

" ဒါဆိုလည်း မမကြီးပဲလိုက်သွားပေတော့ တကတည် နေရာတကာလျှောက်ပြီး စုံစမ်းရတဲ့လူကိုအမောဆို့အောင် သိပ်ပြော တယ် "

" အံ့မယ်. . . အံ့မယ် သူတို့အလှည့်ကျတော့ မောတင် လိုက်ကြတာ ကျုပ်ကကောအလကားနေလို့လား "

" ကဲ တော်ပါတော့ မမကြီးတို့ကလည်း နေ့တိုင်းဒီကိစ္စ နဲ့ချည်းစကားများနေကြတယ် ကောင်လေးကအသက်ပဲနှစ်ဆယ့်ခုနှ ထဲရောက်နေပြီ မိန်းမပေးစားတာကိုမလိုချင်လို့ ခရီးထွက်သွားတာ လည်းသိသားနဲ့ သိပ်လည်းပူမနေကြပါနဲ့. . . "

" ပူရပါသော်ကောအေ. . . အညာဒေသဆိုတာ နေကာ လေကကြမ်း မြစ်ရေ ချောင်းရေတွေက ချိုးကြ သောက်ကြ ငါ့ကောင်လေး အသားတွေမည်းမယ် ရောဂါရမယ် "

" ဒါဆို မမကြီးနဲ့ တိုးနဲ့လိုက်သွားမယ်လေ "





" ကျုပ်လည်း အဲဒါပဲစဉ်းစားနေတာ "

ဒေါ်မျိုးမျိုးမြတ် ထမင်းထည့်ပေးနေသည့် ဒေါ်စိုးစိုးလတ်ကို မော့င်တွန့်ကြည့်ကာ

" စိုး. . . ညည်း သစ္စာလှဲ့ဆီဝင်ခဲ့သေးလား "

" ရောက်ခဲ့ပါတယ် သစ္စာကမာနကြီးပါတယ် မမကြီးရယ် င်လေးကိုသူကကြိတ်ကြိုက်နေတာ အပြင်ဘက်ကတော့ ဂရု သလိုပဲ. . . "

" စိုက်မလား စိုးရယ်. . . ဟိုသဘောသားက သူ့နားမှာ ကြီးအောက်သွားမရှိတဖြဲဖြဲလုပ်နေတာကိုး ပေးလိုက်တဲ့လက် င်တွေဆိုတာ ကောင်လေးလို ခပ်တည်တည်နေတာမှ မဟုတ် သစ္စာလှဲ့ကမနောခွေ့နေမှာပေါ့ ဒေါ်ဒေါ်ပြုံးတို့ကလည်း ငွေသိပ် တာ သစ္စာလှဲ့ကို ကောင်လေးမလိုချင်တာလည်း မပြောနဲ့ "

ဒေါ်တိုးတိုးဆက်က ဝင်ပြော၍ ကြက်သားဟင်းကို ဒေါ်မျိုး တ်ပန်းကန်ထဲဦးချလိုက်၏။

ဒီအိမ်မှာ ဒေါ်မျိုးမျိုးမြတ်ကအကြီးဆုံး ဒေါ်စိုးစိုးလတ်က တ် ဒေါ်တိုးတိုးဆက်ကအငယ်ဆုံး။

ဒေါ်မျိုးမျိုးမြတ်က အငယ်ဆုံးထက် ဆယ်နှစ်တိတိအသက် တာ စိုးစိုးလတ်ထက်ကျတော့ ခြောက်နှစ်ကွာသည်။

ထို့ကြောင့် ညီမနှစ်ယောက်က ဒီအစ်မကြီးကိုအစ်မလိုလည်း ကြသည် အမေလိုလည်းအားကိုးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘဘိုးဘွား၊စဉ်ဆက်ချမ်းသာလာခဲ့သမျှ အမွေဆက်ခံမည့်မျိုးဆက်ဆို၍ နေတံခါးတစ်ယောက်ပဲရှိသည်။

နေတံခါးက ဒေါ်တိုးတိုးဆက်ရဲ့သား ကံဆိုးခဲ့သည့်သူမှာ လက်ထပ်ပြီးထိစ်လပြည့်သည်နေ့တွင် ခင်ပွန်းဖြစ်သူက ကားအက်ဆီးဒင့်ဖြစ်၍ဆုံးသွားခဲ့သဖြင့် ကိုယ်ဝန်ကျန်ခဲ့တော့ နေတံခါးကိုမွေး ခဲ့သည်။

တစ်ဘက်ကလည်း တစ်ဦးတည်းသောသားမို့ သားဆုံးသွားတော့ မြေးလေးကိုသာအမွေအားလုံးပုံပေးဖို့ရှိသည်။

" အို...အမွေဘာလုပ်ဖို့လဲ ကျုပ်တို့မှာ ရွှေငွေရတနာ သိမ်းလို့မနိုင်လွှန်းလို့တောင်မှ သုံးမျက်နှာဆိုင်ခန်းကြီးနဲ့ဖွင့်ရောင်းနေသေးတယ် သူ့တို့မြေးဆိုပြီး ကျုပ်ကလေးကိုလိုချင်လို့ညာတ်များကြတာ..."

ကလေးလုကြတော့ ဒေါ်မျိုးမျိုးကပဲဆတ်ဆတ်ခါခဲ့သည်။

ဟိုဘက်ကလည်း တစ်ဦးတည်းသောသား၏ ရင်သွေးလေးမို့ သားကိုအလွမ်းပြေတစ်လှည့်ဆီဖြစ်ဖြစ် ထိန်းပါရစေဟု ခယယတောင်းပန်သည်။

" မလိုပါဘူး မပေးနိုင်ပါဘူး ခဏဆို တစ်ရက်ကလေးတောင်မပေးနိုင်ဘူး လိုချင်လာတွေ့ "

ထိုပဋိပက္ခက အတော်ကြီးကျယ်ခဲ့သေးသည်။

နေတံခါး အတော်လေးအရွယ်ရောက်မှ ညအိပ်ညနေလိုက်





ခွင့်ရကာ တစ်ရက်ကနှစ်ရက်ဖြစ်သွားလျှင် ဒေါ်မျိုးမျိုးက ချက်ချင်းသလိုက်၏။

ခုတော့ သူတို့မြေးကိုချစ်တာပဲလေဟုသဘောပေါက်ကာ ဟိုဘက်ကဘိုးဘွားများကလည်း ကျေနပ်သွားခဲ့ကြပါပြီ

နေတံခါး အိမ်ထောင်ပြုသည်နှင့် အမွေအားလုံးလွှဲပေးဖို့ ပြောနေကြသည်။

ဒေါ်မျိုးမျိုးက တူလေးကိုဘယ်လောက်ချစ်သလဲဆိုလျှင်

" မိတိုးတိုး...ညည်းကမွေးထားရတာဆိုပြီး အမှတ်မယူနဲ့ အားလုံးအဒေါ်သုံးယောက် အမေဘယ်သူမှမလုပ်ရဘူး "

" ဟုတ်တယ် အမေဆိုကလေးက အမေကိုပိုချစ်သွား "

ဒေါ်စိုးစိုးကလည်းထောက်ခံနေသည်။

ငယ်စဉ်ကတည်းက နေတံခါးသိခဲ့သည်က မေမေက ဟိုနိုင်ငံခြားမှာ အလုပ်လုပ်နေသည်ဟူ၍ဖြစ်၏။

ကြီးမေကြီး ကြီးလတ် ကြီးငယ် ထိုသို့ခေါ်တတ်ခဲ့ကာ ဆည်တွေကိုတော့ ဃဂဏနမသိတဲ့အဖြစ်...

သိတတ်သည့်အရွယ်ကျမှ မေမေ ဒေါ်တိုးတိုးဆက်ဆိုတာ ကြီးငယ်ပါလားဟုသိလာသည်။ သို့သော် ထိုအချိန်မှာ အမေရယ် ထူးခြားခင်တွယ်တာမျိုးဖြစ်မလာတော့ဘဲ သုံးယောက်လုံးကို ခေါ်ဟုသာအလွတ်မှတ်ပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလည်း သုံးယောက်လုံးကို သိမ်းကျုံး၍ အ
ကြီးသုံးယောက်ဟုခေါ်မြဲနေရာတကာ နေတဲ့ခါးကိုစိတ်မချရတာ ယု
ကြတာ သူများမျက်စိနောက်ကြသည်အထိ...

ခုလည်း ဘာမဟုတ်တာလေးနှင့် ယောက်ယက်ခတ်နေကြ
သည်။

" နေပါဦး မမကြီးရဲ့ ကောင်လေးကိုတွေ့တော့ သစ္စာ
နဲ့ အတင်းပေးစားတော့မလို့လား "

" အမလေး ဟန်ကြီးတစ်ခွဲသားနဲ့ဆိုလို့ကတော့ ကျုပ်သား
နဲ့မပေးစားသေးဘူး သူတို့ကဘာမို့လို့လဲ "

" ဒါဆိုလည်း သူစာရေးဖို့ခရီးထွက်တဲ့ဥစ္စာ ထွက်ပါစေ
လားမမကြီးရယ် ပြန်လာမှာပေါ့ "

" အို...ကျုပ်မစောင့်နိုင်ဘူး ကျုပ်သားကိုဒီလောက်
ကြာကြာဘယ်တုန်းကမှ ခွဲဖူးတာမဟုတ်ဘူး နောက်ထပ် သုံးရက်
စောင့်ကြည့်မယ် မလာရင်လိုက်မှာပဲ "

" ဘယ်ကိုလိုက်မှာလဲ "

ဒေါ်မျိုးမျိုးခဏမျှ တွေသွားပြီးမှ

" ပုဂံကိုပေါ့ အဲဒီကိုသွားမယ်လို့ပြောသွားတာပဲ ရှိကိုရှိမယ်
ဆိုတော့ ကျုပ်ယုံတယ် "

ဒေါ်တိုးတိုး ခပ်ပြုံးပြုံးနှင့်သက်ပြင်းတစ်ချက်ချမိကာ

" ကဲပါ...ထမင်းစားလိုက်ပါဦး နောက်တော့တိုင်ပင်





ဘာပေါ့..."

ဒေါ်မျိုးမျိုး မျက်မှောင်ကုတ်မပြောဘဲ ထမင်းစားလေသည်။

❀ ❀ ❀

" ကျွန်တော့်ဘက်ကတော့ ပြောစရာကုန်ပါပြီ ပို၍ယုံကြည်
ချင်တယ်ဆိုရင်တော့ ဒွေးညီကိုယ်တိုင်ရန်ကုန်လိုက်ခဲ့ပါ ကျွန်တော့်
နေရာကိုသေချာသိပြီးမှ ပြန်ဖို့အတွက် ကျွန်တော်အားလုံးစီစဉ်ပေး
လိုက်ပါ့မယ် "

ဒွေးညီကလက်ကာပြလိုက်ပြီး ပုံပုံကိုငဲ့ကြည့်၏။

ဒီနေရာမှာ ဒွေးညီဆုံးဖြတ်ရမှာမို့ ဒို့ပြင်ဆရာလေးတွေ
လည်း ဘာတစ်ခွန်းမှဝင်မပြောဘဲ တိတ်ဆိတ်စွာအကဲခတ်နေကြ၏။

" ဒကာလေးကို ဒီလောက်ထိ သံသယဖြစ်ဖို့မရှိပါဘူး
ဒကာ့ လူပုံစံမြင်တာနဲ့အကဲခတ်လို့ရပါတယ် ဒွေးညီစဉ်းစားနေတာ
ကတော့ ဒကာလေးက စေတနာထက်သန်ပေမယ့် နောက်ကြောင်း
မသိတဲ့ အဒေါ်သုံးယောက်ဆိုတာက ဒကာလေးလိုသဘောရှိပါ့မလား
ဒီကနေခေါ်သွားပြီးမှ ဟိုကလူတွေက လက်မခံကြရင် ဒကာလေးပဲ
စိတ်ညစ်ရမှာ "

ဒွေးညီပြောတာကနည်းလမ်းကျသည်မို့ အားလုံးကခေါင်း
ညိတ်လိုက်ကြ၏။

" အဲဒါကို မပူပါနဲ့ ဒွေးညီ အိမ်မှာအားလုံးက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို အလိုလိုက်ကြပါတယ် ကျွန်တော်ဖြစ်ချင်တာကိုသာ စွမ်းဆော
ပေးခဲ့ကြတာ ဖျက်ဆီးတယ်ဆိုတာမရှိပါဘူး ပြီးတော့ အခုဟာ
ပညာဒါန ဇီဝိတဒါနပါ လူတစ်ယောက်ရဲ့ဘဝကိုကယ်ပြီး ပညာသ
ပေးချင်တာ မွန်မြတ်တဲ့အလုပ်ဆိုတာ သူတို့သိမှာပါ ''

ပုံပုံကတော့ ငယ်သူပီပီ ဒွေးညိုခေါင်းညိတ်လိုက်ပါသေ
သာ ဆုတောင်းကာခေါင်းညိတ်လိုက်တာမြင်သည်နှင့် ဝမ်းသာလွ
သော ရင်ခုန်ခြင်းက ဒိန်းခနဲတက်ဆောင့်လျက် ရက်လည်ပြ
အဖေကိုလည်းမေ့သွားသည်။

ရန်ကုန်ဆိုတာ အိပ်မက်ထဲမှာပင် မက်ခဲ့ဘူးသည့်နေရာ...

တစ်သက်နှင့်တစ်ကိုယ်ရုပ်ရှင်ဆိုတာ မကြည့်ဘူးခဲ့ဘဲ ဗီဒီ
သေးသေးလေးထဲမှာမြင်ရတာတောင် ရန်ကုန်ဆိုတာ ကားတွေတန်
သွားနေလိုက်ကြတာ ပုရွက်ဆိတ်ကလေးတွေလားအောက်မေ့ရသည်

ဇက်ကျိုးလောက်အောင် မော့ကြည့်ရသည့် တိုက်ကြီးတွေ
က ကပ်ကျပ်လို့။

သွားကြမည့်မနက်မှာ တောင်ပေါ်မှာ သီတင်းသုံးနေကြသည
ဆရာတော်ကြီးများကိုလည်း ဝင်ကန်တော့ခဲ့သည်။

ဒွေးညိုတို့ကိုလည်း ကန်တော့နှုတ်ဆက်ပြီး သူငယ်ချင်းတွေ
သင်္ဘောဆိပ်ကိုလိုက်ပို့ကြတာတောင် လွမ်းရမှန်းမသိခဲ့သည့်အဖြစ်

သင်္ဘောအစုန်လေးက မနက်ရှစ်နာရီလောက်မှာလာကာ
သည်။ သင်္ဘောလေးကမ်းခွာတော့ တန့်ကြည့်တောင်ကြီးကို မျေ



ကြည့်ဝေးရင် ဒွေးညိုတို့ကို သတိရစိတ်လေးဟုတ်ခနဲဖြစ်၏။
မျက်ရည်တွေချက်ချင်းဝဲတက်လာသည်။

'' ပုံပုံ ''

'' ရှင့် ''

'' လာဦး... ''

နေတံခါးက အပေါ်ထပ်လှေခါးအကွေ့နားမှာ သူ့သားရေ
အိတ်ချထားပြီး ထိုနေရာမှာရပ်၍ ဘေးတန်းမှာ လက်ထောက်ထား
သည်။

ပုံပုံပါ သူ့ဘေးမှာထရပ်လိုက်မှ တစ်ဘက်ကမ်းရေဝတီကမ်း
နားဆီကိုငေးကြည့်နေ၍

'' ပုံပုံဆိုတာကြီးကို ငါမကြိုက်ဘူး မင်းကိုယ်မင်းပုံပုံလို့
ခေါ်ရဘူး... ''

'' ဟင်... ဒါဆို... ''

'' ငါကလည်း ပုံပမာလို့ခေါ်မယ် မင်းကိုယ်မင်းလည်း
ဒီလိုပဲပြော... ''

'' ဟို... ပုံပုံက အကျင့်... ''

'' အကျင့်ပါတာတွေ နှုတ်ကျိုးနေတာတွေဆင်ခြေမပေးနဲ့
အခု ချောက်မြို့မှာဆင်းမယ် မင်းပုံစံကိုပြောင်းရမယ် ကိုယ့်ကိုယ်ကို
ပမာလို့ပြောတတ်အောင် ရန်ကုန်မရောက်ခင်လေ့ကျင့်ရမယ် မှား
သည်လား ''



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ "

နေတံခါးက သံတန်းတွေကို ကျောကပ်မှီလိုက်ပြီး ပုံပုံကို ရှုးစိုက်ကြည့်ကာ

" ဟိုရောက်ရင် မိဘတွေတော့မရှိဘူးဆိုတာပဲပြော အဖေက ဘယ်လိုအမေကဘာညာ ဘာမှလျှောက်မပြောနဲ့ စကားကိုမလိုအပ်ဘဲ အပိုတစ်ခွန်းမှမထွက်စေနဲ့ "

ပုံပုံက သူ့မျက်နှာကိုမော့ငေးနေရှာသည်။

သူထင်သည် ဟိုရောက်လျှင်တော့ ကြီးမေကြီးတို့က ကြည့်ဖြူမှာမဟုတ်ကြပါ။

ဒါပေမဲ့ ဒီကိစ္စမှာတော့ သူအတိုက်အခံပြောဖို့ဆုံးဖြတ်ထားခဲ့သည်။

အဖေပါသေသွားပြီး မိဘမဲ့ခဲ့သည် ပုံပုံလေးကိုသူသနားသည်။

ထမင်းကျွေးရုံ စောင့်ရှောက်ရုံအပြင် ဘာမှဖြစ်လာမည်မဟုတ်

လောကီနဲ့လောကုတ္တရာကို ဘယ်လိုဆက်စပ်နိုင်မလဲ။

ပုံပုံလေးသည် လူတကာ၏ ပေးကမ်းစွန့်ကျဲစာကိုစား၍ ဟိုလူခေါ်နိုင်း ဒီလူခေါ်နိုင်းနှင့် ဘဝမှာနစ်မွန်းသွားတော့မည်။





သူ့စေတနာက ပုံပုံကို ပညာတတ်မိန်းကလေးဖြစ်အောင် သူ့ဘဝကို သူ့ခြေထောက်ပေါ်မှာ ခိုင်မာစွာ ရပ်တည်နိုင်အောင်

" တူ. . . ဘော် "

ချောက်မြို့မှာ သင်္ဘောကပ်လျှင် သူတို့နှစ်ယောက်ဆင်းခဲ့ကြ၏။

နေတံခါးက ပုဆိုးရေညှိစိမ်းရောင်ကွက်စိပ်နှင့် စပို့ရှပ် အပြာဖတ်တိုဝတ်ထားကာ ဝင်းသန့်ရှင်းသန့်နေသလောက် ပုံပုံက ချုပ်ရိုးနေရာကွဲစလေးပါသည့် စကက်အပွင့်ဖြူဖျော့ဖျော့လေးနှင့် အရောင်ခွဲလို့မရတော့သည့် တီရှာပ်ပီတ်ကို ချုပ်ထားသော အင်္ကျီခါးကျပွပွလေးကို ဝတ်ကာ နှစ်ယောက်က အတူတွဲသွားသော်လည်း ဆီနဲ့ရေလို ဘာမှ မဆိုင်။

နေတံခါးက သားရေအိတ်ကို လွယ်ကာ မြင်းလှည်းငှား၍ အဝေးပြေးဂိတ်ကို အရင်သွားသည်။ညနေပိုင်းထွက်မည့်ကား လက်မှတ်ခုံစောင်ဖြတ်လိုက်ပြီးမှ ဈေးကို လှည့်ပတ်၏။

ပုံပုံအတွက် ရှော့ပင်နီနဲ့ စပို့ရှပ်ဆင်တူလေးတွေ သုံးစုံခန့်ဝယ်ပြီးမှ ပုံပုံကို ဆံပင်ညှပ်ဆိုင်ကို ခေါ်သွား၏။

" သူ့ဆံပင်ကို ပခုံးလောက်ထိ ညှပ်ချလိုက်ပြီး ကြည့်ရှုကောင်းအောင် ပြင်ပေးပါ "

ဆံပင်ညှပ်ဆိုင်က ရှာမှာလို မဟုတ်ဘဲ တိုက်ကြီးကလည်း ကျယ်ကျယ်ဝန်းဝန်း ခမ်းခမ်းနားနားလည်းနေသည်။အထဲမှာ မှန်ချပ်ရှည်ကြီးတွေ လေးဘက်ကာရံ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်မို့ တစ်ကိုယ်လုံး မြင်နေရ၏။

ထို့ပြင် ဆံပင်ညှပ်ပေးနေကြသည့် ယောကျ်ားတွေကလည်း အများကြီး ဆံပင်ညှပ်ဖို့ ထိုင်စောင့်နေကြသည့် အမျိုးသမီးတွေကလည်း တစ်ပုံကြီး။

ပုံပုံ မြင်ခဲ့ရ အထူးအဆန်းတွေချည်းဖြစ်နေတော့၏။

ထိုထဲက ထွက်လာတော့ ပုံပုံဆံပင်လေး နားရွက်အောက်မှာ ဝဲဝဲလေး ပြန့်လျက် ပျော့ပျော့ နွဲ့နွဲ့လေးဖြစ်နေသည်။

လှလိုက်တာဟု မှန်ထဲမှာ လှည့်ပတ်ငေးနေစဉ် နေတံခါးက လက်ဆွဲထုတ်လာကာ သန့်စင်ခန်းဟု စာလုံးအကြီးကြီးတွေ ရေးထားသည့် တိုက်ကြီးဆီ ခေါ်သွားပြန်သည်။

“ ဟိုမှာ အမျိုးသမီးခန်းထဲကိုသွား အင်္ကျီ ဘောင်းဘီတွေ လဲလာခဲ့ ”

အံ့ဩစရာကောင်းလိုက်တာ အထဲမှာ မှန်နဲ့ဘီးနဲ့ လက်ကားတဲ့ ခွက်ကြီးနဲ့ ဒီဘက်မှာ အိမ်သာတွေ။

အမျိုးသမီးတွေက အိမ်သာတက်ပြီး ထွက်လာတော့ ခေါင်းဖြီးကြ၊ မှန်ကြည့်ကြ၊ ထဘီဝတ်ကြနှင့် အဆင်ကိုပြေလို့။

ပုံပုံမှန်ထဲကို ခြေဖျားလေးထောက်ကြည့်ကာ လတ်လတ်ဆတ်ဆတ်ညှပ်လာသည့် ကိုယ့်ဆံပင်လေးကို ချွဲကြည့်လိုက်ပွတ်ကြည့်လိုက် လုပ်ရင်း အင်္ကျီထုတ်လေးကိုကိုင်လျက် လဲဝတ်ဖို့ မေ့နေသည်။

ပြီးမှ လွတ်နေသည့် ထောင့်လေးမှာ ပြေးကပ်၍ အပေါ်





အင်္ကျီချွတ်ပစ်ကာ အတွင်းခံရှင်မီးလေးပေါ်ကို အင်္ကျီသစ်တွေ ထပ်ဝတ်လိုက်သည်။

ဘောင်းဘီကလည်း အထက်လည်းမတက် အောက်လည်းကျ ဘယ်လိုကြီးလဲ ဝတ်ပြီးကာမှ ခြေလက်မြှောက်ကြည့် အိတ်တွေနှိုက်ကြည့်။

ဘာပဲဖြစ်ဖြစ် အသစ်တွေဝတ်ရပြီဆိုသည့် ပီတိနှင့် ခစ်ခနဲပင်ရယ်မိသေး၏။

ရန်ကုန်သွားတော့မည်ဆိုသည့် မှန်လုံကားကြီးပေါ်ကို တက်လိုက်ရသောအချိန်တွင် ပုံပုံသွားလေးတွေပင် ပေါ်နေအောင်ပြုံးလို့

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

" ရပြီ ဦးလေးရပ်တော့ "

' နေတံခါး 'စံအိမ်ဟု ရေးထားသည့် ခြံတံခါးကြီးရှေ့မှာ ကားကိုရပ်ခိုင်းလိုက်သည်။

သူတို့ကားပေါ်မှ ဆင်းလာစဉ် နေတံခါးစံအိမ်၏ တံခါးက အဆင်သင့်ဖွင့်သွားကာ

" ဟေး. . . ခါးပြန်လာပြီကွယ် ကောင်လေးပြန်လာပြီ "

အစိမ်းရောင်တံခါးရွက်ကြီးနှစ်ချပ်ကို အပြေးအလွှားဖွင့်ပြီး အတွင်းကို လှမ်းအော်လိုက်သည့် ပါးစပ်ကြီးက ကွမ်းချိုးတက်၍ နီရဲညိုမည်းလျက်. . .

" ခါးလေးရာ မင်းကိုချည်း မျှော်နေကြတာ မကြီးကဆို မနက်ဖြန် ပုဂံကို လိုက်ဖို့ကား လက်မှတ်တောင်ဖြတ်ပြီးနေပြီ "

" ကျွန်တော် ပုဂံမှာ နေတာမှ မဟုတ်တာ ဘဘရ "

နေတံခါးလွယ်ထားသည့် အိတ်ကြီးကို ဘဘဆိုသည့်လူကြီး က ပြောင်းလွယ်ရင်း ပုံပုံကိုလည်း သေချာကြည့်၍





" ဒီကလေးမက ဘယ်ကလဲခါး "

" ကျွန်တော်မွေးစားဖို့ ခေါ်လာတာ "

" ဟေ "

ခြံဝန်းတံခါးနဲ့ တိုက်ရှေ့ကို အတော်ကြီးလျှောက်ရသေးတော့ ဘဘက ဘာဘာလှမ်းအော်လိုက်တာကိုလည်း ကြားကြပုံမရပါ။

ပုံပုံနဲ့ နေတံခါး ပေါ်တီကို ရှေ့ရောက်မှ

" ဟယ်. . . ကောင်လေး "

ပထမဆုံး မြင်တွေ့၍ ဒေါ်စိုးစိုး ဆိုဖာပေါ်ကနေ ရုတ်ခနဲ ရပ်လိုက်သည်။

" မကြီးရေ. . . ဟောဒီမှာ ကောင်လေးပြန်လာပြီ "

" ဟောဟုတ်လား "

" လာပြီ. . . ဟေ "

အသံတွေအရင်ထွက်ပေါ်လာကာ ထောင်ထောင်မောင်း င်း ခပ်ဖိုင့်ဖိုင့်အမျိုးသမီးကြီး တစ်ယောက်နှင့် ခပ်သွယ်သွယ်မြင့်မြင့် မျိုးသမီးတို့ အလျိုအလျိုထွက်လာကြ၏။

" အမလေး လေး ကျုပ်မပြောဘူးလား ကြည့်ပါဦး ပ်သား အသားတွေမည်းသွားပြီ "

" ဟုတ်ပ ကောင်လေးရယ် အသားတွေ ညစ်ညစ်မြိုင် သွေးပြီး ဒီလောက်အကြာကြီး ပုဂံမှာ ဘုရားဖူးရတာကို တော်တော် သက်နေတယ်ပေါ့လေ "



www.burmeseclassic.com

www.burmeseclassic.com



" မဟုတ်ပါဘူး. . . ကြီးငယ်ရာ. . . ပုဂံမှာ ကျွန်တော်နှစ်ည အိပ်ပဲနေတာ "

" ဟင်. . . ဒါဖြင့် ဘယ်မှာသွားနေသလဲ "

" တန့်ကြည့်တော်မှာ. . . "

" အို. . . ပိုဆိုးတာပေါ့ အဲဒီမှာလူမည်းတွေက များတာကိုး"

နေတံခါးရယ်ကျဲကျဲလုပ်နေရင်း နေတံခါးနောက်မှာ ကုတ်ကုတ်လေး ရပ်နေသည့် ပုံပုံကို ကြီးမေကြီးတွေ့သွားကာ

" ဟဲ့. . သူကဘယ်သူလဲ ဘယ်ကဟာလဲ "

" သူက တန့်ကြည့်တော်ကပဲ ကြီးမေကြီး. . . မိဘမဲ့ကလေး မို့ သနားလို့ ခေါ်လာတာ "

" ဘာ. . . ဘယ်လိုကွယ် "

ကြီးမေကြီး အော်သံကြောင့် ပုံပုံတုန်ခနဲဖြစ်သွားကာ နေတံခါးနောက်ကို ပုန်းကွယ်ရပ်လိုက်ရှာ၏။

" ဒါ တန့်ကြည့်သူ ဟုတ်လား မဖြစ်နိုင်တာ ပြီးတော့ ဒီပုံစံလား ခိုကိုးရာမဲ့နေတဲ့ပုံ "

ကြီးငယ်ကတော့ ဘာမှဝင်မပြောသေးဘဲ ဆံပင်ညိုရွှေရောင် ပျော့နဲ့နဲ့လေးများနှင့် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့်ရှိနိုင်သော ကောင်မလေးကိုပဲ အကဲခတ်နေသည်။

မမကြီး မယုံတာလည်း အပြစ်မဆိုသာပါ။

ကောင်မလေးပုံစံက ဖြူဖြူနုနုလေး နှုတ်ခမ်းပါးနီနီလေးများ





ခြောင့်စင်းကော့ချွန်နေသည့် နှာတံလေးက အမေရိကန်မလေးနဲ့ ည်။

မျက်လုံးက ဘယ်လို မျက်ခုံးက ဘယ်လိုဟု တစ်ခုစီစာဖွဲ့ တ်အောင်မလုပ်သော်ငြား သွေးမျှင်သော စိမ်းညို့ညို့မျက်ခုံးတန်း ထင်းနေကာ တောရွာသူတစ်ယောက်ဟု ထင်ရက်စရာ မရှိဘဲ မွတ်စင်းလှနေသည်။

ထို့ပြင် ကောင်လေးရဲ့ နောက်ကနေ မရဲတရဲ ချောင်းကြည့် သော မျက်ဝန်းလေးတွေက အပြစ်ကင်းစင်ကာ ချစ်စရာလေးဖြစ်

" ဖယားတွေ ရှုပ်လာပြန်ပြီ ခါးရယ် ဟဲ့ကောင်မလေး . . . လာစမ်း ဒီကို

အကွက်အကွက်ထကာ ပေါလစ်ရောင် ပြောင်နေသော းပွဲကြီး၏ ခြေထောက်လေးချောင်းက ခြသေ့်လေးကောင် ကြောင့်ထိုင်နေသကဲ့သို့ ပန်းပုပန်းခက်များနှင့် ဘေးကို ဖုထွက် တ်နေသည်ဖြစ်ရာ ကြီးမေကြီးခေါ်သံကြောင့် ကတုန်ကယင် ထွက်လာရသည့် ပုံပုံတစ်ယောက်စားပွဲခြေထောက် တစ်ဖက်နှင့် တိုက်ကာ ကြီးမေကြီးရှိရာသို့ အော်တိုမစ်တစ်ရောက်သွား

" အမလေးနော်. . . စတွေ့လိုက်ရကတည်းက မျက် စရာဟဲ့. . . လာစမ်း ဒီမှာထိုင် "



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေကြီးက သူ့ခြေရင်းမှာ ထိုင်နိုင်းသဖြင့် ပုံပုံကြမ်းခင်း
ကော်ဇော်ပေါ်မှာ ကျုံ့ကျုံ့လေးထိုင်လိုက်၏။

" မင်းနာမည်ဘယ်သူလဲ "

" ပုံ...ပုံပမာဒွေးကြီး "

" ဘာ ဘာရယ် ဘာကြီးလဲ ဒွေးကြီးဆိုတာ ကျုပ်
ခေါ်လိုက်တာလား "

မျက်မှန်ကြီးကိုပင့် ပေါင်ပေါ်မှာ ခါးထောက်လိုက်
ကြီးမေကြီး ဆတ်ဆတ်ခါသွားတော့ ပုံပုံ အသက်ရှူမှားသွား၏။

" ဒွေးဆိုတာ အဒေါ်ကို ခေါ်တာပဲ ကြီးမေကြီးရာ ကြီး
ကြီးတို့ သူမခေါ်တတ်လို့ ဒွေးကြီးလို့ခေါ်တာပါ "

နေတံခါးက ဝတ်ထားသည့် စပို့ရှပ်ကို ခေါင်းကနေလှန်ချွတ်
လိုက်သည်။

ကြီးငယ်က စားပွဲအောက်ထပ်ထဲက ယပ်တောင်ကိုဆွဲ
တဖျတ်ဖျတ်ခတ်ပေး၏။

ကြီးလတ်က စွတ်ကျယ်အဖြူ ကျိုင်းပြတ်လေးနှင့် မြင်သွား
သည့် နေတံခါး၏ လက်မောင်းကို ပွတ်သပ်ကြည့်လိုက်ပြီး...

" ချွေးတွေရှိတယ် တို့ရဲ့ ယပ်ခတ်မပေးနဲ့ အအေးပတ်သွား
လိမ့်မယ် အဲယားကွန်းသွားဖွင့်လိုက် "

ကလေးငယ်တစ်ယောက် ပြုစုသလို ပျာယာခတ်နေကြသည့်
အမျိုးသမီးကြီးတွေဆီ အာရုံရောက်သွားပြန်ကာ ပုံပုံငေးမိ





သွား၏။

" ဟဲ့ ကောင်မလေး "

" အမေ့ "

" ဒီမှာ ကျုပ်ကိုပဲကြည့် မေးတာကို ဖြေစမ်း "

" ကျွန်တော့်ကို မေးပါ ကြီးမေကြီးရာ ပြောပြမလို့
သေချာချာ ထိုင်နေတာ သူဒီလောက်ကြောက်နေတာ ကြီးမေကြီး
ဘယ်လိုလုပ်ဖြေနိုင်တော့မှာလဲ "

" အို ကြောက်ရအောင် ကျုပ်က အစွယ်ပေါက်နေလို့လား။
ကိုမေးချင်လို့ သူ့ကိုပဲ မေးတာပေါ့...ဟဲ့ မင်းမိဘတွေက
လုပ်သလဲ "

" ပုံ..ပုံပမာ အမေက အလယ်တန်းဆင့်ဦးစီးလို့
ပါတယ် အဖေက အ...အဲ "

အရက်ကို ယောင်ပြောမိမတတ်ဖြစ်သွားကာ နေတံခါးကို
ကြည့်လိုက်မိပြီးမှ

" အဖေက ကျွန်းချောင်းဓါတ်မြေဩဇာစက်ရုံက စာရေးလို့
ပါတယ် ဒွေး...အဲ့ "

" နေပါဦး...ပြောတယ်ဆိုတာချည်းပါပဲလား ကိုယ့်မိဘ
တာကို မင်းကသူများပြောမှသိရတာလား "

" ဟုတ်...ဟုတ်ကဲ့ အမေက ပုံပမာငယ်ငယ်ကတည်းက
သွားတာပါ အဖေက ဆုံးတာမကြာသေးပေမယ့်..."



www.burmeseclassic.com

www.burmeseclassic.com



" သူ့အဖေက ရောဂါရှိလို့ အလုပ်ကထွက်နေရတာကြာပြီ ဆိုတော့ သူလှမှန်းသိတတ်တဲ့ အရွယ်မှာ အလုပ်မှမလုပ်တော့တာ ဘာသိမှာလဲ "

ပုံပမာ စကားတွေ ချော်ထွက်ကုန်တော့မှာကို သိလိုက်သဖြင့် နေတံခါးက ကြားဖြတ်ဝင်ဖြေလိုက်သည်။

ဒါကို အကင်းပါးသည့် ကြီးမေကြီးက မကျေနပ်ချင်။

" သေတာက ဘာရောဂါလဲ ကူးစက်ရောဂါနဲ့လား "

" မဟုတ်ပါဘူး အစာအိမ်နဲ့ သေတာလို့ပြောကြတာ "

" ကောင်လေး မင်းကို ကျုပ်မမေးဘူး "

" မမေးလို့မရဘူးလေ ကြီးမေတို့ကို သူ့အကြောင်းပြောပြမလို့ သွားမနားသေးဘဲ ထိုင်စောင့်နေတာ "

" ကဲ. . . ဟုတ်ပါတယ် မကြီးရယ် ခါးဖြေတဲ့ လုံးစေ့ ပတ်စေ့ကိုပဲ နားထောင်လိုက်ပါတော့ ဟိုကတောင်ဖြေ မြောက်ဖြေနဲ့ မမကြီးပဲ စိတ်တိုရမှာ "

ကြီးလတ်က ဝင်ပြောမှ ကြီးမေကြီးလက်လေးတွန့်၍ နေတံခါး ရှင်းပြသည်တို့ကို နားထောင်ဖော်ရလာသည်။

" မိဘမျိုးရိုးက သန့်ပါတယ်၊ ရွာသူတွေနဲ့ သူမတူတာက သူ့အမေက ရွာသူမဟုတ်လို့ပါ မိန်းကလေးလည်းဖြစ်နေတယ် အားကိုးစရာ ဆွေမျိုးသားချင်း တောင့်တောင့်တင်းတင်းကလည်း မရှိတော့ ဘဝတစ်ခုကို ကယ်တင်ချင်တာနဲ့ ကျွန်တော်ခေါ်လာခဲ့တာ





"

ကြီးမေကြီးက ပုံပုံကို မပြတ်တမ်း စိုက်ကြည့်အကဲခတ်နေရာ ခေါင်းညိတ်ကာ

" အေးပေါ့လေ ဒီလိုနောက်ကြောင်းရှင်းရင်လည်းကောင်း တယ်။ အိမ်မှာလက်တိုလက်တောင်းခိုင်းရတာပေါ့. . . ခုခေတ်က ဖော်ခေါ်ဖို့တောင် လွယ်တော့တာမဟုတ်ဘူး "

" သူတို့ ခိုင်းဖို့ခေါ်လာတာ မဟုတ်ဘူး ကြီးမေကြီး ပညာ င်ပေးဖို့ခေါ်လာတာ "

" ဘာ "

" ဟုတ်တယ်. . . သူ့ကိုကျွန်တော် ပညာဆုံးခန်းတိုင်အောင် င်ပေးမယ်. . . သူ့ဘဝသူ ရပ်တည်နိုင်အောင် ပြုစုပျိုးထောင်ပေး ယ် ကြီးမေကြီးတို့ကို မတိုင်ပင်ပဲ ဆုံးဖြတ်ခဲ့တာက ခရီးက အလှမ်းဝေး လို့ပါ. . . အခု ကျွန်တော် စိတ်ထက်သန်စွာလုပ်မယ့်ကိစ္စမှာလည်း ကြီးမေကြီးတို့ ကြည်ဖြူပေးစေချင်ပါတယ်။ သူ့အတွက်အသက်လောက် အပ်နေတဲ့ အရာအားလုံးဟာ ကျွန်တော်တို့အတွက် အပန်းတကြီးမှ တ်တာ "

" အို. . . အပန်းမကြီးဘူးလို့ပြောလို့ရမလား ခါးရယ်. . . စ်ယောက်လုံးကို တာဝန်ယူရတာ လွယ်တာမှ မဟုတ်ဘဲ ပြီးတော့ ကလေး သူ့အတွင်းစိတ် ဗီဇကို ဘယ်လိုလုပ်ခန့်မှန်းမလဲ။ ယ့်လက်ထဲမှာ တစ်ခုခု ဖောက်ပြန်သွားရင် တာဝန်ယူတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်သွားမလဲ ''

'' ဒါကတော့ တတ်နိုင်သမျှ ထိန်းကျောင်းရမှာပဲ ကျွန်တော်က ခေါ်လာခဲ့ပြီးပြီ ကျွန်တော့်ရည်ရွယ်ချက်ကို ကြီးမေကြီးတို့ ကူညီပါလို့လည်း တောင်းပန်ချင်တယ် ''

'' တော်တော်မိုက်တဲ့ ကောင်လေး ''

ကြီးမေကြီး ဒေါသထွက်နေသည်၊ ဒါပေမဲ့ ပြောစရာစကား ရှားနေ၏။

'' အေးလေ. . . ခေါ်လာပြီးမှတော့ ဘာတတ်နိုင်မှာလဲ ''

'' ကြီးငယ်ကတော့ ဖယားတွေ ရှုပ်လာမှာပဲစိုးတယ် သူ့အတွက် ကုန်ကျစရိတ်စကကို ဂရုမစိုက်ပေမယ့် တောသားရဲ့တ ဆွဲထုတ်ရသတဲ့ အခွင့်အရေးရမှန်းသိတိုင်းဖွတ်ယူပြီး မမြင်ဖူးတာမြင် မကိုင်ဖူးတာကိုင်ရနဲ့ စိတ်ခါတ်ပျက်ပြားသွားရင် ဒါမျိုးကမှ ကြောက် ရာကောင်းတာ ''

ကြီးလတ်ကလည်း မျက်နှာတင်းတင်းနဲ့ ပြောပြန်သည်။

အားလုံးပြောနေသမျှ ပုံပမာ မျက်နှာလေး ဟိုကြည့် ဒီကြည့် နှင့် ငိုမဲ့မဲ့ ဖြစ်နေရှာ၏။ နေတံခါး စိတ်မကောင်းဖြစ်သွားမိ နေရာမှ ထရပ်လိုက်ပြီး. . .

'' ဒါဆို ကြီးငယ်တို့ သဘောမတူကြဘူးပေါ့ ''

'' ဟင်. . . ကျုပ်တို့က သဘောမတူတော့ ရှင်ဘာ ဘာလုပ်မလို့လဲ ''





'' သူ့ကို ဘိုးဘိုးတို့အိမ်သွားပို့မယ် ဘိုးဘိုးတို့က မြေးလိုချင် နေတော့ ကြည်ဖြူကြမှာပဲ ''

'' အို. . . ဒီလို မလုပ်ရပါဘူး. . . ထိုင်နေစမ်း ကောင်လေး'' ကြီးမေကြီးရော ကြီးလတ်ပါ ထိတ်ထိတ်ပျာပျာဖြစ်သွားကြ သည်။

တူဖြစ်သူ စိတ်ခုထွက်သွားမှာကိုတော့ နည်းနည်းလေးမှ နိုင်ကြပေ။

ဒီလူတွေကတော့ လူဆိုး ဟိုက အဘိုးအဘွားတွေကျတော့ ကောင်းဖြစ်ကြလိမ့်မည်။ပြီးတော့ သူမွေးတဲ့ကလေး ဟိုမှာရှိတော့ မှာချည်းပဲ ဒီကောင်လေးရောက်နေမှာ။

'' သူ့ကို ကျုပ်တို့မွေးပါမယ်. . . အဲ ကျုပ်တို့ဆုံးမတာ တာ မာန်မဲတာကိုတော့ မင်းဝင်မပြောရဘူး မိန်းကလေးဆိုတာ ထောင်းထားနိုင်မှ. . . ''

နေတံခါး နေရာမှာ ပြန်ထိုင်လိုက်၏။

'' ဆုံးမတာက ပြဿနာမရှိပါဘူး။ သူစာကြည့်ချိန် ပညာရေး ရှုစိုက်ပေးဖို့ပဲ အဓိက ကျွန်တော် ပုဂံမသွားခင်က အောင်စိုးကို ခဲ့တဲ့ ပါပလစ်ကာ ကားလေးကို စျေးဖြတ်ယူလိုက်တော့မယ်. . . ဒါ သူ့ကိုကျောင်းပို့ကျောင်းကြိုလုပ်ဖို့. . . ''

ညီအစ်မတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ သူတို့က ကလေးငယ်လေးလို ပိုးမွေးသလို မွေးလာခဲ့ မွေးနေဆဲပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နေတံခါးဟာ သိန်းပေါင်းများစွာ ဝင်ငွေရှိနေတဲ့ နိုင်ငံကျော်စာရေးဆ

သူတို့ထံမှာ အစစ အရာရာ လက်ဖြန့်နေရသည် မဟုတ် သူ့ငွေနဲ့သူဝယ်မှာ ခြမ်းမှာကို ဘယ်လိုတားဆီးမလဲ...

" ကဲ...ပုံပမာ..ထ..ခဏနားပြီး ရေချိုး အိပ်ချင်အ မအိပ်ချင်ရင် ထမင်းဆင်းစား ဒေါ်မန်း..."

ပုံပမာကို ပြောပြီး ဒေါ်မန်းကို တစ်ခါတည်း လှမ်းခေါ်

" ပုံပမာကို အပေါ်ထပ် တစ်ခန်းခန်းမှာ နေရာလုပ် လိုက်ပါ။ ပြီးတော့ ရေချိုးခန်းကိုပါ ပြထားခဲ့လိုက်နော် ဒီပြင်လိုအပ် ဒေါ်လေးပဲ စီစဉ်ပေးလိုက်ပါ "

" အေး...အေး...လာ သမီးလေးလာ "

နေတံခါးက ထရပ်လိုက်သည်။

" နေဦးသား...သစ္စာလဲ့နဲ့ကိစ္စ ကြီးငယ်တို့ ဘာလုပ် မလဲ "

နေတံခါးက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး ချွတ်ထားသည့်အကျႌ ကောက်ယူလိုက်ကာ...

" ကျွန်တော် လုံးဝစိတ်မဝင်စားဘူး ကြီးငယ် ဦးရာလှ ယူလိုက်ပါလို့ "

" ကြည့်စမ်း...ဒီကောင်လေး "

❀ ❀ ❀ ❀ ❀



# အခန်း (၄)

လှလိုက်တာနော်...

အခန်းလေးက နို့စိမ်းရောင် ဖျော့ဖျော့လေး။

ထောင့်ခန်းမှိုပြတင်းပေါက်နှစ်ခုရှိကာ စိမ်းလဲ့လဲ့လိုက်ကာ လေးများက ခန့်ကန့်နေ၏။

ဗီရိုတစ်လုံးရယ် စားပွဲနဲ့ ကုလားထိုင်တစ်စုံရယ် အိပ်ရာ ခုတင်တစ်လုံးရယ် ဒါပဲရှိသော်လည်း ပုံပမာ ပြတင်းပေါက်မှာ သွားရပ် ၍ အောက်ဘက်ကို ငုံ့ကြည့်လိုက်ကာစကို ကိုင်ကြည့် နေဆဲမှာ ဒီတိုင်းရှိနေခဲ့သည့် ခုတင်ပေါ်မှာ နို့စိမ်းရောင် ပွင့်ကွက်ကြီးများနှင့် မွေ့ရာနဲ့ ခေါင်းအုံးတစ်ခု...

မှန်တင်ခုံတစ်လုံး ဇာခြင်ထောင်ပါးလေးတစ်ထည်။

ဒေါ်မန်းလှုပ်ရှားသွားလိုက်တာ ခဏလေးနှင့် ပြည့်စုံသွား၏။

" ကဲ အကာတော့ ပြီးသွားပြီ သမီးရေ...အနှစ်ကတော့ သမီးအစ်ကိုကြီး ဖြည့်ပေးလိမ့်မယ် မှန်တင်ခုံပေါ်မှာ မိတ်ကပ်၊



www.burmeseclassic.com

www.burmeseclassic.com



...ခါတင်မယ်၊ ဗီရိုထဲမှာ အဝတ်တွေဖြည့်လာမယ်...ကဲ... ဘာလိုသေးလဲ "

" ဘာ...ဘာမှ မလိုပါဘူး...ဒွေးရယ် "

ဒွေးလို့ခေါ်တော့ ဒေါ်မန်းက ရယ်ကာ...

" ရန်ကုန်မှာ ဒွေးလို့မခေါ်ကြဘူး ကလေးရဲ့ ပြီးတော့ မမျိုးလည်း မကြိုက်ဘူး ခါးလေးခေါ်သလိုပဲ မမျိုးကို ကြီးမေကြီး သမီးကတော့ ကြီးမေပဲခေါ်ပါ။ ကြီးလတ်ကို ကြီးလတ်၊ ကြီးငယ်ကို ကြီးငယ်ပဲ ခေါ်ပေါ့...မခေါ်တတ်ဘူးလား "

" ခေါ်...ခေါ်တတ်ပါတယ် "

" အေးပေါ့ နေရာကာလနဲ့ လိုက်လျော ညီထွေပြောဆို နေထိုင်တတ်ဖို့လိုတယ်...သမီးရေချိုးတော့မလား"

" မချိုးပါဘူးရှင့် "

" ဒါဆို...ဒီကနေ လက်ဝဲဘက် နှစ်ခန်းကျော်ရင် ရေချိုးခန်းနဲ့ ရေအိမ်တွဲလျှို့ ဒေါ်လုံးသွားမယ်နော်... ရေမချိုးချင် သေးရင် ခရီးပမ်းလာတာပဲ နားလိုက်ပေါ့ "

" ဟုတ်ကဲ့ "

ဒေါ်လုံးဆိုသော ကရင်မကြီးတစ်ဦးကဲ့သို့ မေးရိုးကားကား ဖြူဖြူခန့်ခန့် မိန်းမကြီးကတော့ ခင်မင်ဖွယ်ကောင်းလှပါလား...

" အဲတော့ "

အိစက်လှပလွန်းသော အိပ်ရာကြီးက ထိုင်လိုက်တော့





...လို့ထိမှန်းမသိရဘဲ အိခနဲ နစ်ဝင်သွားသည်မှာ ဘယ်အရာနဲ့မှမတူ။

ပုံပမာ ပြန်ထသည် ပြီးတော့ ပြန်ထိုင်၏။

" ဟယ်...ခစ်...ခစ် "

နောက်ပြန်ထ၍ပြန်ထိုင်လိုက်သည်။

" ခုန်တောင်ခုန်တယ်တော့...ခစ်..ခစ်"

ထိုင်လိုက်ထလိုက်လုပ်ရင်း အရှိန်ကို သဘောကျကာ ပုံပမာ ...ရာကြီးပေါ် တစ်ကိုယ်လုံး တက်ခုန်မိလေသည်။

" ကောင်းလိုက်တာ ခစ်...ခစ်...ခစ် ဟား ဟား ...ား "

" အမလေး...ငါ့မွေ့ရာကုန်ပါပြီ ကုန်ပါပြီ ဟဲ့ကောင် ...လေး ဆင်းစမ်း ဆင်းစမ်း "ကြီးမေနဲ့ကြီးလတ်တို့ အပြေးတစ်ပိုင်း ...င်လာကာ တောင့်တင်းပြူးကြောင်သွားသည့် ပုံပမာကို ကြီးမေက ...ယာပေါ်ကနေခပ်ကြမ်းကြမ်းဆွဲချ၏။

" ဒါတွေ မင်းကိုဘယ်သူထုတ်ပေးတာလဲ ဒေါ်မန်း... ...ဒေါ်မန်း "

" ဟင်...လာပြီ မမျိုးရေ ..."

ဒေါ်မန်း ကမန်းကတန်းပြေးတက်လာ၏။

" ဒါတွေ ဒေါ်လုံးပြင်ထားတာလား "

" ဟုတ်ပါတယ် ခါးလေးက သေချာပြည့်စုံအောင် လုပ်ပေး ...ဆိုလို့ "



www.burmeseclassic.com

www.burmeseclassic.com



" ဒေါ်မန်းတို့အဲဒါခက်တာပေါ့ ပြည့်စုံဖို့က အိပ်ရာပေါ်မှာ
အိပ်ရာခင်းရှိရင် မပြီးဘူးလား အခင်းပေါ်မှာ ခေါင်းအုံးပါရင်ပြီး
ဒါတွေ ဒီလောက်ကောင်းနေဖို့ လိုသလား "

" ဟို. . . "

" ပြောမနေနဲ့တော့ ဒါတွေအကုန်သိမ်း ဂွမ်းကပ်ခင်းပေး
လိုက် ချည်စောင်တစ်ထည်ထုတ်ပေးလိုက် ဒူးနေရာဒူးတော်နေ
တော်လုပ်စမ်းပါ တောကြိုအုံကြားကဟာကို ဒီလိုအရိပ်အောက်
ဝင်ဖူးရဲ့လားမေးကြည့်ဦး သူတို့အခင်းနဲ့ ကြမ်းခင်းကော်ဇောပေါ်
အိပ်ရရင်တောင် ကောင်းလှချည်ရဲ့လို့ ကျေနပ်နေဦးမှာ
ကောင်မလေး "

" ရှင်. . . "

" အဲယားကွန်းတွေ လျှောက်မဖွင့်နဲ့နော် "

" ဟုတ် "

ဟုတ်ကဲ့လိုက်ရပေမယ့် အဲယားကွန်းဆိုတာ ဘာမှန်း
ပုံပမာမသိ။

" မဖြစ်ပါဘူး ဒီအခန်းက အဲယားကွန်းကိုဖြုတ်ရွှေ့ပစ်
မှပါ တော်ကြာကောင်းမှန်းသိသွားရင် ခက်ဦးမယ် "

ကြီးမေက နံရံကိုမော့ကြည့်၍ တစ်ယောက်တည်းပြောနေ
မှ

" နောက်ပြီး မနက်ဖြန် မင်းကိုခါးလေးက အဝတ်အစား





ဖို့ခေါ်လိမ့်မယ် မလိုက်နဲ့ ကြားလား ကျုပ်နဲ့သွားဖို့ပြောထား
လို့ပြော "

" ဟုတ်. . . ဟုတ်ကဲ့ "

ပုံပမာ ခေါင်းလေးတွင်တွင်ညိတ်နေသော်လည်း ရိုးသား
လားဟုမမြင်ဘဲကြီးမေက မျက်မှန်းကြုံးနေပုံမျိုးနှင့် စိုက်ကြည့်လျက်

" ပြောလိုက်ရင် မျက်လုံးအကြောင်သားနဲ့ပါပဲ ပြီးမှ ကျုပ်
သားစုတွေထဲမှာ တို့လားထောင်လားလုပ်လို့ကတော့ အိမ်ပေါ်
ခေါင်းနဲ့ဆင်းရမယ်မှတ် "

ကြီးမေတို့ထွက်သွားကြသည်။

ဒေါ်မန်းအိပ်ရာခင်းတွေလဲနေ၏။ ပုံပမာ မျက်ရည်တွေပြည့်
ဟာကာ မျက်လွှာလေးနဲ့ချလိုက်သောအခါ ခြေမထိပ်သို့တစ်စက်
ဆင်းသွား၏။

ဒေါ်မန်းက ပုံပမာဘေးမှာလာရပ်၍ ပခုံးလေးကိုအသာအယာ
ကိုင်လိုက်ကာ

" နောက်ဆို အဆင်ပြေသွားကြမှာပါ ကလေးရယ် မမျိုး
စိတ်ရင်းကောင်းပါတယ် ဟိုဂွမ်းကပ်လေးလည်းလှတာပဲ ကြည့်
"

ကြည့်စမ်းဆို၍ကြည့်လိုက်ရသည်။

မျက်ဝန်းမှာပြည့်အိုင်နေသည့် မျက်ရည်များကြောင့် အားလုံး
ဝေဝါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာအထူကြီးနဲ့ မအိပ်ရလို့ ငိုတာမဟုတ်ဘူးဆိုတာကို ပုံပမာပြောပြချင်သည် သို့သော် ဘာကြောင့်လဲဟုမေးလျှင် အဖြေက မရှိ။

ဒေါ်မန်းထွက်သွားသည်သေချာသောအခါ ပုံပမာ ကြမ်းခင်း ကော်ဇောပေါ်မှာ ပုံပုံလေးထိုင်ချလိုက်ပြီး တအင့်အင့်ရှိုက်ငိုလိုက်မိ လေသည်။

နေတံခါးစံအိမ်ကြီး၏ ရင်ဖွင့်ကြိုဆိုလိုက်မှုက ဤသို့ဤနှယ် ပါလား ထိုအချိန်တွင် ပုံပမာ ဒွေးညိုတို့ကိုလည်းကောင်း ရက်စက် သည်ဆိုသော အဖေ့ကိုလည်းကောင်း လိုက်ပို့နှုတ်ဆက်ကြသော ယူငယ်ချင်းအားလုံးကိုပါ စေ့စပ်စွာသတိရကာ တမ်းတငိုကြွေးမိတော့ သည်။

ထို့နောက် နေရာမှာတင်ခွေလွေလေးလှဲချလိုက်မိရင်း လေးစင်းလာသော မျက်တောင်များသည် ပုံပမာအား အိပ်စက်ခြင်းသို့ ဆွဲယူခေါ်ဆောင်သွားခဲ့လေသည်။ အိပ်မက်ထဲမှာ ပုံပမာသည် နေတံခါး စံအိမ်ကြီးထဲမှာ ထွက်ပေါက်ရှာရင်း ယောက်ယက်ခတ်အောင် ပြေးလွှားနေမိလျက်။

❀ ❀ ❀

" ကြီးမေက သူလိုက်ပို့မယ်တဲ့ ကိုကြီး ပုံပမာ ကြီးမေနဲ့ ပဲသွားတော့မယ် "

" မဟုတ်တာကွ ကြီးမေကြီးက သူ့ကိုယ်သူတောင် ...





...ကြီးမြင့်မြင့်နဲ့ ရင်ဖုံးနဲ့ ဖူးသီးလုံးလောက်အပွင့်ပါတိတ်တွေဝတ်တာ ...တ်လူငယ်တွေကိုဘာဆင်တတ်မှာလဲ ရှည်မနေနဲ့. . . လာ. . . "

ပုံပမာ အိမ်ထဲဆီလှမ်းကြည့်လိုက်မိစဉ် လည်ပင်းလေးလိမ် ...က်နှင့် နေတံခါးဆွဲခေါ်သွားသည့်အတိုင်းကားပေါ် ချက်ချင်းရောက် ...သွားသည်။

" မင်းကို ကြီးမေကြီးဘာတွေပြောသလဲ "

" ဘာမှမပြောပါဘူး "

" ကြီးငယ်တို့ကကော. . . "

" ဘာမှမပြောပါဘူး "

ခေါ်လာကာစ သဘော်ပေါ်မှာ ... ကားပေါ်မှာပါ စကား ...များလွန်းလို့နားငြီးတယ်လို့ပြောယူရ ... အထိ သွက်လက်ပျော်ရွှင် ...ခဲ့သော ပုံပမာ့မျက်နှာပေါ်က ငြိမ်သက်ခြင်းတို့ကို နေတံခါး အကဲ ...ခတ်မိသည်။

နောက်ကွယ်မှာ ဖြစ်သည့်ကိစ္စကို ပုံပမာကဖုံးဖိထားလျှင် ...သိနိုင်မည်မဟုတ်သလို ဖြေရှင်းပေးနိုင်ဖို့လည်းမလွယ်. . .

" မင်းကိုဘယ်သူဘာပြောပြော ငါ့ကိုပြန်ပြောရမယ် မင်း ...ယောက်ကိုပဲ အားကိုးပြီးလိုက်လာခဲ့တာမဟုတ်လား မင်းပြသနာ ... ငါမသိရဘဲ ဘယ်လိုဖြေရှင်းပေးရမလဲ "

ပုံပမာက ကားမောင်းနေသည့် နေတံခါးကို တွေတွေငေးငေး ...သုံ့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှမဟုတ်ပါဘူး ကိုကြီးရယ် "

" မင်းမျက်နှာပေါ်မှာ ငါ့ကို ညာနေတာလို့ပြောနေတယ် "

" မ. . . မဟုတ်ပါဘူး "

နေတံခါးက ပုံပမာ ခေါင်းလေးကိုလှမ်းအုပ်ကိုင်၍ နှစ်ချက်မျှဆွဲခါလိုက်၏။

" ဒါဆို ရွာမှာတုန်းကလို ရယ်ရယ်မောမောပဲနေ လိုချင်တာငါ့ကိုပြော အိမ်မှာ မင်းမိသားစုလိုပဲ ကြီးမေကြီးတို့ကိုပိုင်းကူလုပ် ပြောစရာရှိပြော ရယ်စရာရှိရယ် ဘယ်သူ့ကိုမှ မော်မကြည့်ရဲအောင် ကြောက်နေဖို့မလိုဘူး "

ပုံပမာ ခေါင်းလေးငုံ့ပစ်လိုက်မိရင်း ကြီးမေကြီးမျက်နှာကို မြင်ယောင်နေမိသည်။

" အမလေး ငါ့မွေ့ယာကုန်ပါပြီ ဟဲ့ကောင်မလေး ဆင်းစမ်း"

" ဒူးနေရာဒူးတော်နေရာတော်လုပ်စမ်းပါ "

" တောကြို့အုံကြားက ဟာကို ဒီလိုအရိပ်အောက်ကိုကောဝင်ဖူးရဲ့လား မေးကြည့်ဦး "

" ကျုပ်တို့မိသားစုတွေထဲမှာ တို့လားထောင်လားလုပ်လို့ကတော့ အိမ်ပေါ်ကနေခေါင်းနဲ့ဆင်းရမယ်မှတ် . . . "

မွေ့ရာပေါ်ကနေ ဒရွတ်တိုက်ဆွဲချလိုက်တဲ့ပုံ ခါးထောက်လက်ညှိုးထောင်ပြီးတင်းကျပ်စွာမာကြားနေပုံ. . .





ကြီးမေရဲ့မျက်မှန်တဝင်းဝင်းနဲ့ မျက်နှာကြီးကို ထိတ်လန့်စွာ သတိရမိကာ ဘယ်လိုမှမထိန်းချုပ်နိုင်အောင်ဘဲ ပုံပမာ ဟီးခနဲငိုချလိုက်မိတော့သည်။

" ချာတိတ် "

နေတံခါး ကားရပ်ဖို့နေရာကမန်းကတန်းကြည့်၍ ဘေးတစ်နေရာမှာ ထိုးရပ်ပစ်လိုက်၏။

" ဘာဖြစ်သွားတာလဲ ဘာဖြစ်လို့လဲဟင် ငါ့ကိုပြောစမ်း ကြီးမေတို့ဘာပြောလိုက်သလဲ "

" အဟင့်. . . ဟင့်. . . ဟီး. . . "

ခေါင်းတွင်တွင်ခါလျက် ပုံပမာအတင်းငိုနေလျှင် နေတံခါး မှာခေါင်းလေးကိုရင်ခွင်ထဲဆွဲယူ၍ဖက်ထားလိုက်ကာ

" ပြောကွာ. . . ချာတိတ် မင်းဘာဖြစ်လို့ ဒီလောက်တောင် ငိုသည်းသွားတာလဲ "

ခေါင်းခါ၍သာနေသော ပုံပမာ့မျက်ဝန်းမှကျသည့်မျက်ရည် စီးကြောင်းကိုသုတ်ပေး၍မနိုင် သူ့သဘောပေါက်သွားသည်။

ပြန်မေးပြန်လျှင်လည်း ဒီကောင်မလေး တို့သည်ထောင် ငြည်ဟုဆိုကာ သူ့ကွယ်သည်နှင့် ပြစ်တင်မောင်းမဲကြဦးမည်။

ဒါကိုဘယ်လိုဖြေရှင်းပေးရမလဲ။

သနားကြင်နာခြင်းများစွာနှင့် ပုံပမာ့ပခုံးလေးကို ပုတ်၍ ချော့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" တိတ်ပါ ချာတိတ်ရာ နောက်ကိုမင်းမငိုစေရပါဘူး တိတ်

" ကိုကြီး. . . ကိုကြီး ဘာမှပြန်မပြောပါနဲ့ ပုံပမာကြောက်
ပါ ရှိုကြီးခိုးပါရဲ့ ကိုကြီးရယ် "

ပုံပမာလက်အုပ်လေးချီတော့ လက်ကလေးနှစ်ဘက်ကို
လျက်သူဆုပ်ကိုင်လိုက်ကာ

" မပြောပါဘူး အဲဒါ ငါနားလည်တယ် မင်းထပ်မငိုနဲ့တော့
ဟုတ်လား "

ပုံပမာခေါင်းလေးညိတ်၍ မျက်ရည်ကိုလက်ခုံလေးနဲ့သုတ်
တော့ အိတ်ထဲကလက်ကိုင်ပုဝါထုတ်ပေးလိုက်ကာ

" ဒါနဲ့သုတ် "

ကိုကြီး ကားပြန်မောင်းတော့ ကိုကြီးရဲ့ကိုယ်သင်းနံ့လေ
ဆွတ်ပျံ့နေသည့်လက်ကိုင်ပုဝါလေးကို လက်ထဲမှာလုံးထွေးဆုပ်ကျစ်
မျက်ရည်ကိုလက်မောင်းရင်းနဲ့သာပွတ်သုတ်ပစ်လိုက်မိ၏။

စိတ်ထဲမှာကြည်လင်သွားသလိုဖြစ်လာတော့ ကားကလူတွေ
ရှုပ်ထွေးစည်ကားစွာဝင်ထွက်နေသော အဆောက်အဦးကြီးတစ်
ရှေ့မှာရပ်သွား၏။

" ကဲ. . . ပလာဇာကိုဝင်မယ် လိုချင်တာလက်ညှိုးထိုးလို
အားလုံးဝယ်ပေးမယ်. . . "

" အင်း "

ကိုကြီးလက်ကိုဆွဲထား၍ လမ်းကြောင်းမှန်နေသော်လည်





ချင်းသာပြုတ်သွားလျှင် ပုံပမာငေးလွန်းလို့ ခလုတ်တိုက်မည်
ည်းကွဲသွားနိုင်၏။

ပလာဇာဆိုတာ ဘာမှန်းမသိသော်လည်း ပုံပမာ မြင်မြင်သမျှ
အားလုံးလိုချင်စရာတွေချည်းဖြစ်ကာ လက်ဖျားကလေးများပင်
က်လာ၏။

" ကိုကြီး ဟိုမှာ ဟိုမှာဝက်ဝံရုပ်ကြီးကြည့်စမ်း အကြီးကြီး

" လိုချင်လို့လား. . . လာ "

ပုံပမာ လက်ညှိုးထိုးလိုက်တာနှင့် ကိုကြီးက တကယ်ဝယ်
က်သည်။

လက်ထဲမှာအရုပ်တွေချည်း သုံးရုပ်လောက်ဖြစ်နေတော့
ဘာမှထပ်မပြောရဲတော့ဘဲ မျက်လုံးလေးချာလည်အောင်သာ
တော့သည်။

" လာအထဲဝင်ရအောင် "

ပုံပမာကိုလက်ဆွဲကာ လူတွေမတ်တပ်ကြီး သွားလာဆင်း
ကြသလို လှေကားခြေရင်းမှာရပ်လိုက်၍

" ဟိုအကွက်လေးထဲကိုလှမ်းနင်းလိုက်နော် ဘာမှမဖြစ်ဘူး
ရောက်ရင်လည်း ခြေတစ်လှမ်းထွက်လိုက်ရုံပဲ လာ "

ဒါလေးများဟုတွက်ကာ ကိုကြီးလိုပဲ ပုံပမာလှေကားကွက်
ပေါ်ဖွေ့ခနဲခုန်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" အမေ့ရေ. . . "

ခြေထောက်မှစကိုင်လှဲချခံလိုက်ရသည့်နှယ် လူကယ် ဖြစ်သွားကာ ကိုကြီးခါးကိုတအားဖက်ထားလိုက်မိ၏။

လူငြိမ်သွားတော့လည်း စီးလို့ကောင်းလိုက်တာဟုသာသ ပြန်စီးချင်မိသည်။

" ကိုကြီး အဲဒါထပ်စီးလို့မရဘူးလားဟင် "

" ရတာပေါ့ "

" စီးချင်တယ် "

" ကြောင်တောင်တောင်နဲ့ကွာ နောက်တော့မကြာမကြာ ကြရင်းစီးဖြစ်မှာပေါ့. . . လာ. . . "

ပုံပမာလက်ထဲကို အထည်အိတ်တွေ တစ်အိတ်ပြီး တစ် ရောက်လာ၏။ ပြီးတော့ ဖိနပ်တွေ. . . ဘီးကုတ် ဆံညှပ်က တွေကအစ ကိုကြီးက ကိုယ်တိုင်ရွေးပေး၏။

ပစ္စည်းတွေကိုဝယ်ရင်း အရောင်ရင့်တာဆို ကိုကြီးမ တတ်မှန်းသိလာ၏။

" ရှော့ ဒါလေးက နံ့သာရောင်လေးတွေ မင်းနဲ့လိုက် စောစောက ရှော့ပင်ဝတ်စုံလေးနဲ့အတော်ပဲ ယူလိုက် "

မျက်လုံးထဲမှာ ကျောက်ရဲရဲလေးတွေနှင့် နံ့သာရောင်အ စတ်ဖွားဝက်ဝံရုပ်ဆံညှပ်ကလေးကို လက်ထဲထည့်ပေး၏။

နှုတ်ခမ်းနီတွေဆို တစ်ဖူးထဲမဟုတ်ဘဲ အတွဲလိုက်အ





" ကိုကြီး ဒါတွေ ပုံပမာမှမလူးတတ်တာ "

နောက်တော့တတ်မှာပေါ့ ကျောင်းဖွင့်တော့မှာ မင်းခုနစ် တက်ရမှာလေ မိတ်ကပ်နဲ့တော်တဲ့နေရာမှာမိတ်ကပ် သနပ်ခါး သနပ်ခါးပေါ့ မိန်းကလေးပဲ အလှမပြင်တတ်ဘူးရှိရမလား "

" ကိုကြီး "

" ဘာလဲ "

" ဟိုဆိုင်မှာ အကျီတွေဝယ်နေတဲ့ မမတွေလှလိုက်တာ "

" လှအောင်ပြင်ထားကြတာနေမှာပေါ့. . . "

ကိုကြီးကို တချို့အမျိုးသမီးတွေ မမတွေက လက်တို့ပြကြ ကြည့်ကြရှိသည်။ ကိုကြီးကတော့ ပုံပမာလက်တို့ပြတာတောင် မကြည့်ဘဲ ပြန်ပြောတာမျိုးရှိ၏။

" ကိုကြီး ဟိုမမက ကိုကြီးကိုခေါ်မလို့လားမသိဘူး လိုက် ကြည့်နေတယ် "

" ကြည့်ကြည့်ကွာ "

ကိုကြီးက ပုံပမာလက်ကိုဆွဲ၍ အပေါ်ထပ်တစ်ထပ်လုံး လျှောက်ပတ်သည်။

နောက်ဆုံး ပုံပမာကိုဝယ်ပေးသည်က သေးမျှင်သော ငွေသုံ့လော့ကတ်လေးနှင့် ရွှေဆွဲကြိုးလေးတစ်ကုံးရယ် နာရီတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးရယ်။

အားလုံးရှင်းလိုက်တော့ ကိုကြီးပခုံးမှာချိတ်လာသည့် အိတ်သေးသေးလေးထဲမှာ ထောင်တန်ခပ်ပါးပါးလေး တစ်အုပ် ကျန်တော့သည်။

ဝင်လာကာစက ကိုကြီးကိုင်သုံးနေတာ အထပ်လိုက်...

" ကဲ ဘာလိုချင်သေးလဲ "

" တော်ပြီကိုကြီး ကိုကြီးအတွက်ဘာမှမဝယ်ဘူးလား "

" မဝယ်ဘူး "

ပုံပမာ နာရီလေးကိုမြှောက်ကြည့်လိုက် ဆွဲကြိုးလေးကို ကြည့်လိုက်။

ဘာလိုချင်သေးလဲ ကိုကြီးမေးသော်လည်း အရုပ်များ ၍ ကျန်တာအားလုံး ပုံပမာလက်ညှိုးထိုးခဲ့တာ ဘာမှမရှိပါ။

ဆံညှပ်တွေကို ကိုကြီးပဲအရောင်ရွေးပေးသည်။

အင်္ကျီတွေလည်းကိုကြီးပဲရွေးတာ နာရီဝယ်တော့ ပုံပမာ လက်မှာကိုကြီးကိုယ်တိုင်ပတ်ပေးခဲ့သည်။

ဆွဲကြိုးလေးပြုံးပြုံးလက်ကာ လည်တိုင်မှာအေးစက် လေးထိတွေ့လာတော့ ဆွဲကြိုးဆွဲပေးနေသည့်ကိုကြီး၏ အင်္ကျီ ကိုကျစ်နေအောင် ဆုပ်ကိုင်ထားမိရင်း ပုံပမာလက်ကလေးတ ဆတ်တုန်နေခဲ့၏။

တန်ဖိုးကြီးမှန်းသိလို့ ပြီးတော့ ပျော်လွန်းလို့ပါ...





ဆွဲကြိုးလေးပြုတ်ကျမှာစိုး၍ လက်ထဲမှာအထုပ်အပိုးတွေ ...ာ ခဏခဏစမ်းကြည့်မိရာ စက်လှေခါးထိပ်မှာ အထုပ်တွေ ...တ်ကျကုန်၏။

" ဟာ... ဒီကောင်မလေး ငါပိတ်ထုမိတော့မယ် "

ယုန်ရုပ်ကြီးလိမ့်ဆင်းသွားသည့်နောက်ကို ကိုကြီးတလှား ...ပြေးဆင်းလိုက်ကာ ချက်ချင်းပြန်တက်လာ၏။

" မြဲမြဲကိုင်ထား ဒီတစ်ခါပြုတ်ကျရင် တကယ်ထုမှာနော် ...မငိုနဲ့... လာခဲ့ "

ပုံပမာ့လက်ကိုဆွဲ၍ လှေခါးပေါ်က ဆင်းသည်။

တချို့ကျတော့ လှေခါးသွားနေသည့်ကြားက ပြေးဆင်းသွား ...တာတွေရှိသည် ကိုကြီးတောင်မှ ခုနကပြေးဆင်းသွားသေးတာ။

ပုံပမာလှေခါးကိုသိပ်မကြောက်တော့ဘဲ စီးရတာပျော်လာ ...

" ကဲ... ဗိုက်ဆာပြီ မဟုတ်လား ဟော့ပေါ့ဝင်စားပြီးမှ ...မယ်... "

ပြန်မယ်ဆိုသည့်အသံကြောင့် ပုံပမာမျက်နှာလေးညှို့ခနဲမှောင် ...သည်။

ဒီပစ္စည်းတွေကိုပွေ့ပိုက်ဝင်သွားလျှင်

" မနက်ဖြန်ခါးလေး အဝတ်အစားဝယ်ဖို့ခေါ်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်နဲ့နော် " ဟု သေချာပြောထားခဲ့သည့် ကြီးမေဘယ်လိုနေမလဲ။

အထုပ်အပိုးပစ္စည်းတွေကိုပွေ့ဖက်ထားရင်း ပုံပမာပျော်ရွှင်စိတ်လေးတွေ ပျောက်ကွယ်ကုန်ပါပြီ။

❀ ❀ ❀ ❀ ❀



## အခန်း (၅)

ပုံပမာ ထခုန်မိမတတ်ပျော်ရွှင်သွား၏။

အိမ်မှာ ကြီးမေကြီးနဲ့ ကြီးလတ်မရှိကြ. . .

ရောက်တာ တစ်ညအိပ်သာရှိသေးပေမယ့် ကြီးငယ် ယောက်ကတော့ နေရာတကာမပြောဆိုတတ်တဲ့ အနေအေးသည် ပုံပမာထင်သည်။

" ဟိတ် ဒီမှာချပြီး နားဦးလေကွာ "

" မနားတော့ဘူး ကိုကြီး အခန်းထဲပဲသွားထားလိုက်တော့ "

ကိုကြီးဆွဲထားလည်းခြေထောက်တို့က ရပ်နေမှာမဟုတ်တာ နေကာ ပုံပမာအပေါ်ထပ်ကိုပဲ ပြေးတက်လာခဲ့သည်။

အထုပ်တွေကို အိပ်ရာပေါ်မှာ စုပုံတင်ကာ လည်ပင်းက ကြိုးကိုဖြုတ် နာရီကိုချွတ်။

ဘူးလေးတွေထဲမှာ သေချာပြန်ထည့်ပြီး အိပ်ရာခေါင်းရင်း ကိုလှန်၍ သေချာထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဟူးခနဲသက်ပြင်းချတုန်း ပစ္စည်းတွေကိုနေရာချရသည်။

" သမီးရေ ပုံပမာ. . . "

" ရှင်. . . ကြီးကြီး "

" ဆင်းလာခဲ့ဦးတဲ့ ခါးလေးခေါ်နေတယ်ကွဲ့ "

ဒေါ်မန်းက တံခါးဝမှ လှမ်းပြော၍ရပ်စောင့်နေ၏။

" ကြီးကြီး. . . ဟို. . . ပုံပမာ ဗိုက်. . . ဗိုက်နာလို့ ခဏလေးလှဲနေချင်လို့. . . "

" ဩော်. . . အေး. . . အေး "

ဒေါ်မန်းပြန်ထွက်သွား၏။ ဒီအိမ်မှာ ကိုကြီးကို ချစ်စနိုးခေါ်ကြတာ ခါးလေး. . . ကောင်လေး. . . သား. . . နာမည်တွေအများကြီးဖြစ်နေသည်။

ပုံပမာကိုကြီးကိုညာလိုက်ပြီးမှ မလုံမလဲဖြစ်ရပြန်သည်။

ကိုကြီးရှေ့ရောက်လျှင် ဆွဲကြိုးမရှိတာ နာရီချွတ်ထားတာသိသွားမှာစိုးလို့. . .

" ဒေါက်. . . ဒေါက် "

တံခါးခေါက်သံထွက်ပေါ်လာကာ

" ပုံပမာ "

" ရှင်. . . ကိုကြီး "

" ဗိုက်သိပ်နာနေလား တံခါးထဖွင့်စမ်း. . . "

တံခါးကစေ့ထားရုံလေးရယ် ပုံပမာခေါင်းနားပန်းကြီးသွား





ကာ အိပ်ရာပေါ်စွေ့ခနဲပြေးတက် စောင်ဆွဲခြုံ ကွေးကွေးလေးနေပြီး

" တံခါးဖွင့်လို့ရတယ် ကိုကြီးရဲ့ ပိတ်မထားဘူး "

တံခါးဖျတ်ခနဲပွင့်သွားကာ နေတံခါးဝင်လာသည်။

အနားမှာ ကိုကြီးတင်ပါးလွှဲထိုင်လိုက်တော့ ကိုကြီးထံမှ ပုံပမာအလွန်နှစ်သက်သည့် ရေမွှေးနံ့လေးပျံ့လွင့်လာသည်။

" စောင်ကြီးခြုံလို့ ဘယ့်နှယ်ချက်ချင်းကြီးလူမမာဖြစ်သွားတာလဲ ဖယ်စမ်း "

ကိုကြီးက နဖူးကိုလက်ခုံနဲ့စမ်းလိုက်ပြီးသည်နှင့် ပုံပမာ ခေါင်းပင်းထိဆွဲခြုံထားသည့် စောင်ကိုဆွဲဖယ်ပစ်လိုက်၏။

" ဘယ်လိုဖြစ်သွားတာလဲ တကယ်ဗိုက်နာတာဆိုပေါ့လို့ ရှဘူးနော် စားသောက်ပြီးဗိုက်နာတာကော ဗိုက်ဆာရင်နာတာကော ဘာမှမကောင်းဘူး "

" ဟို. . . နာတာမဟုတ်ဘူး "

" ဘာဖြစ်တာလဲ "

" နာတာ. . . အဲ. . . ဘယ်လိုကြီးမှန်းမသိဘူး ခဏလေးနေရင်ပျောက်သွားမှာပါ. . . အဟီး "

ပုံပမာရယ်လိုက်ပုံကိုကြည့်၍ နေတံခါးကပြုံး၏။

ထို့နောက် နဖူးကို ခပ်နာနာဖိထုလိုက်ပြီးထရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



" မညာတတ်ဘဲ မညာရဘူး ခွေးမလေး "

နေတံခါးပြန်ထွက်သွားမှ ပုံပမာတခစ်ခစ်ရယ်လိုက်မိသည်။

ပြီးတော့ ဝယ်ခြမ်းခဲ့တာတွေ စားသောက်ခဲ့သမျှတွေကိုပါ ပြန်တွေးကြည့်ရင်း အိပ်ပျော်သွားခဲ့လေသည်။

❀ ❀ ❀ ❀ ❀



## အခန်း (၆)

" ပုံပမာ ဟဲ့ ဟိုကောင်မလေး "

" ဟင်. . . ရှင်. . . လာပါပြီ ကြီးမေ "

အိပ်ရာက ကမန်းကတန်းလူးလဲထကာ တံခါးသွားဖွင့်လိုက်တော့ ကြီးမေကြီးက မျက်မှန်ကြီးတဝင်းဝင်းနှင့် တံခါးဝမှာ တစ်ဖက်ထောက်ရပ်လျက်. . .

" နေ့စင်းကြောင်တောင် ဒီလောက်ပဲ အိပ်ရသလား . . . ဟင်. . တစ်ခွန်းနဲ့ ခေါ်မရ၊ နှစ်ခွန်းနဲ့ခေါ်မရ "

" ပုံပမာ အိပ်ပျော်သွားလို့ပါ ကြီးမေ ဘာနိုင်းမလို့လဲဟင် "

" နိုင်းမလို့မဟုတ်ဘူး. . . ကြည့်မလို့ "

ပြော၍ ကြီးမေက အခန်းထဲကိုလှမ်းဝင်သွားကာ ဗီရို ခြေရင်းမှာချထားသော ခြေစွတ်နှင့်ပတ်ရသည့် ရှူးဖိနပ် ဒေါက်မြင့် ဖိနပ်တွေကို ငုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံပေါ်မှာ ကျကျနန စီတင်ထားသည့် မိတ်ကပ်ပေါင်ဒါတွေကို ကြည့်၏။ပြီးတော့ ဗီရိုဆီလျှောက်သွားပြီး ဆွဲဖွင့်ပစ်လိုက်သည်။

အဝတ်တွေကို အထပ်လိုက်ဆွဲချ အထပ်လိုက်ကြည့်ကာ ပြန်ပစ်ထည့်လိုက်ပြီး၊

" ဝယ်ပေးထားလိုက်တာ နည်းသလားကြည့်စမ်း "

ကြည့်စမ်းဆိုသည့်စကားနှင့်အတူ ကြီးလတ်ပါရောက်လာ၏။

" ဒါတွေ ဒီဟာလေးနဲ့ ဘာဆိုင်လို့တုန်း. . ."

ကြီးလတ်က အကောင်းစားမိတ်ကပ်ဘူးတွေကို သေချာကိုင်ကြည့်ကာ. . .

" ဟုတ်ပ ကြည့်စမ်း ကိုယ့်ပိုက်ဆံ ကိုယ်သုံးတာပဲဆိုပြီး ဒီကောင်လေး ထင်ရာလုပ်နေတာ ဒါတွေဆို သူမနည်းဘူးကုန်လာမှာ"

" လာစမ်းပါဦး မင်းဒီကို "

ကြီးမေက ပုံပမာ ပခုံးလေးကို ဆောင့်ဆွဲ၍ သူမက အိပ်ရာနားမှာဆောင့်ထိုင်ချလိုက်ပြီး. . .

" မင်းကို ကျုပ် ဘာပြောထားသလဲ ကောင်လေးဈေးခေါ်ရင် မလိုက်ရဘူးလို့ပြောမထားဘူးလား မင်းဒါတွေလိုချင်လို့ တမင်ကပ်လိုက်သွားတာပေါ့လေ. . ပြောစမ်း တောသူမ မိန်းမလည် "

ပုံပမာ ပခုံးကို တအားဆုပ်ညှစ်ဆောင့်ခါပစ်လိုက်သဖြင့် မျက်ရည်က ဖြိုက်ခနဲဆင်းကျလာ၏။





" မဟုတ်ပါဘူး မဟုတ်ရပါဘူး ကြီးမေရယ် ပုံပမာ ...ယ်လိုက်တာမဟုတ်ပါဘူး ကိုကြီးက ဖွတ်ခေါ်တာပါ ကြီးကြီးသိပါတယ် ကြီးကြီးကို မေးကြည့်ပါ "

" ဘာပြောတယ် ကျုပ်က ဘယ်သူ့ကို လိုက်မေးရဦးမှာတုန်း ...က ပွဲဦးထွက် ကျုပ်ကို ဗီဆန်ပြလိုက်တာပေါ့. . . ဟုတ်လား "

" မဟုတ်ပါဘူး အဟင့်. . . ဟင့်. . . ကြီးမေကို ပုံပမာ ...ကြောက်ပါတယ်၊ ကြောက်ပါတယ် "

" မင်းကြောက်ရင် ဒီလိုမလုပ်ဘူး ပြန်မပြော နားမထောင် ...သက်သက်နားကောက်တာ "

" အား. . ."

ပုံပမာ နားရွက်ကလေး တစ်ဖက်ကို တအားဆွဲလိမ်သည်။ ...တော့ နားလေးတစ်ဖက်ကို ဖက်ခနဲ ဖက်ခနဲ ပုတ်ရိုက်၍

" ကျုပ်သားက နိုင်ငံကျော်စာရေးဆရာ မြို့တိုင်းကြိုက်တဲ့ ...ိနိုင် အဲဒါမင်းနားလည်လား ဘယ်မိန်းမကိုမှ ဂရုမစိုက်လွန်းလို့ ...တွေ့နေကြတာ အခု မင်းကြောင့် ကျုပ်သားရဲ့ စိတ်အာရုံက ...ကိုအလိုလိုရောက်သွားပြီ. . . ဒီကောင်မလေးကို ဘာလုပ်ပေး ... ဘာဝယ်ပေးမယ် ဘယ်လိုကောင်းစားအောင် ပံ့ပိုးမယ်၊ ဒါတွေပဲ ...ပ်တော့မှာ ကြိုလိမလေး မင်းကို ကျုပ်မကျေနပ်ဘူး. . . ...ရောက်ကတည်းက ကျုပ်စိတ်ရှုပ်ခဲ့ရတာ ကဲ. . . ကဲဟာ "

" အား. . . ကြောက် ကြောက်ပါပြီ ကြီးမေရဲ့ ...ိုဟာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေပြန်ယူပါ၊ အကုန်ပြန်ယူပါ၊ ပုံပမာကို မရိုက်ပါနဲ့နော် "

" အံမာ. . . လူကြားကောင်းအောင် အသံထွက်နေ

တယ် "

ကြီးလတ်က နောက်ကနေ ခေါင်းကို ခေါက်ခနဲ ခေါက်

လိုက်၍

" ဒါတွေ ငါတို့က ပြန်သိမ်းပြီး ကောင်လေးနဲ့ ရန်ဖြစ်

မှာလား တော်တော်လည်တဲ့ မိန်းမလည်လေး. . . ဟွန်း မုန်

ကောင်းလိုက်တာ "

" အား "

ကြီးမေကလည်း စိတ်ရှိလက်ရှိ တွန်းပစ်လိုက်ရာ ပုံပ

အခန်းနံရံဆီ လွင့်ထွက်ကာ ဖင်ထိုင်ပစ်ကျသွား၏။

" ခုလည်း. . . ကျောင်းအပ်ဖို့ ကိစ္စသွားလုပ်သတဲ့ ထုတ်

သူကိုအောင်သူကလည်း ဖုန်းဆက်တယ်. . . မခင်မျိုးတို့ ကလည်

ဖုန်းဆက်တယ်၊ ပြန်ရောက်တယ်ကြားပြီး မလာလို့တဲ့ သူ့စိတ်

ဒါကိုပုံ့ပိုးဖို့ပဲ အားသန်နေတာ တစ်ဝမ်းတည်းတော် နမအရင်း

တောင် ဒီဟာလေးလောက် ချစ်ပုံ့မလားမသိဘူး. . . ငါအသည်း

လိုက်တာနော် "

" ရှုပ်တယ် မကြီးရာ ကိုကျော်မော်တို့အိမ် ပို့မယ်ဆို

ပို့ပါစေတော့ "

" အဲဒါပို့ဆိုးသွားမှာပေါ့ ကျုပ်တို့ ရှေ့မှာတောင် ထင်သ





က်ပုံ့နေတာ ကွယ်ရာမှာ ပို့ဆိုးမှာပေါ့ ပြီးတော့ ကျုပ်တို့က

ဘောထားသေးတဲ့ လူဆိုးတွေဖြစ်ရဦးမယ်. . . ဟွန်း ခြေနှစ်ချောင်း

ည်း မကာယ်နဲ့ မင်းလေ့မျှောလည်း မဆယ်နဲ့တဲ့ ရှေးလူကြီးတွေ

ားကို ဘာဖြစ်လို့ ချန်ခဲ့မှန်းသင်းမသိဘူး "

" ဟုတ်တယ် ဟဲ့ ကောင်မလေး "

" ဟင်. . . ဟင်. . . ဟင်. . . "

ပခုံးလေးတွေ တုန်ခါနေအောင် ရှိုက်လျက် ပုံပမာမော့ကြည့်

" မင်း. . . အချိန်ပြည့်အလုပ်လုပ်ရမယ် အခု မင်းရထား

တွေနဲ့ တန်အောင် အလုပ်လုပ်ရမယ် ကောင်လေး အိမ်မှာရှိနေတဲ့

ကလွဲရင် ဒီအိမ်မှာ မင်းက အလုပ်သမားပဲ မင်းကိုမင်း ဒီမိသားစု

သို့ အိပ်မက်ထဲမှာတောင် ထည့်မမက်နဲ့ ကြားလား. . . "

" ဟုတ်. . . ဟုတ်. . . ဟင် "

" တိတ်စမ်း . . . ကောင်လေးကို မျက်ရည်ခံထိုးလို့ကတော့

က်နာမယ်မှတ် "

ထွက်သွားကြသော ခြေသံများသည် သူမ၏ နှလုံးသားနှ

ဆက်မှ ဖိကြိတ်ချေမွသွားသည့်နှယ်. . .

နံရံကို ကျောလေးနှင့်ကပ်၍ ခြေကန်ရပ်လိုက်တော့ ရင်ဝက

ဘောင့်ကျသည့် အရှိန်နှင့် ရှုးခနဲ အောင့်တက်သွားသည်။

နားတစ်ဖက်က ပူထူနေစဉ် ခေါင်းက တုတ်နဲ့ အရိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားရသလို နာကျင်နေသည်။ ပုံပမာ တအင့်အင့် ရှိုက်နေရင်း
အိပ်ရာပေါ်မှ ပြန်ထိုင်ကာ သိမ်းထားသည့်ဆွဲကြိုးလေးနဲ့ နာရီ
ထုတ်ကြည့်မိစဉ် လက်တို့က တဆတ်ဆတ်ခါလျက် မမြဲချင်။

ဒါတွေကိုသာ တွေ့သွားလျှင် ကြီးမေတို့ ဘယ်လိုနေမလဲ

မဝံ့တော့ဘူး ဒါတွေ ငါဘယ်တော့မှ မဝတ်တော့ဘူး

မကုန်ခမ်းနိုင်သည့် မျက်ရည်တို့နှင့် ပုံပမာ ဟီးခနဲ ငိုချလိုက်
မိပြန်သည်။

ကိုကြီးရေ ကယ်ပါဦးလို့လည်း ပြောမတိုင်ရဲသည့် အဖြစ်မျိုး

❀ ❀ ❀ ❀ ❀





## အခန်း (၇)

ကျောင်းစတက်ရပြီဆိုတော့ ခုနှစ်တန်းတုန်းကတော့
နာမရှိခဲ့ပါ။

ရှစ်တန်းတက်သည့်နှစ်ကျတော့ ပုံပမာသည် အရပ်မြင့်၍
လုံးသွယ်သည်။

ပန်းအောက်လောက်ရှည်သည့် ဆံပင်ရွှေအိုရောင်ညိုညိုလေး
င့် လမ်းလျှောက်ပုံက ပုံစံနဲ့ လေ့ကျင့်ထားသည့်အတိုင်း လှသည်။

လူက တက်ရသည့်အတန်းထက် ပို၍ ဖွံ့ထွားကာ ကျောင်းမှာ
သွားလေရာမှာပါ ထင်ရှားလှပလာခဲ့၏။

အိမ်ရောက်လာကြသည့် ဧည့်သည်တိုင်း မချီးမွမ်းဘဲမနေနိုင်။
ကြည်လဲ့နေသော ပန်းနုရောင်သမ်းနေသည့် မျက်နှာလေးက
တစ်မျိုးရိုက်ထားလိုက်ရုံနှင့် ပွင့်ဖပ်လေးတစ်ခုလို နုအိချောမွတ်
သည်။

ရဲနေသည့် နှုတ်ခမ်းပါးလေးတွေက ထောင့်ချိုးလေးငွေ့ပို၍
လာသလို ကော့စင်းနေသည့် နှာတံလေးက မြန်မာရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားလောက်အောင်လှ၏။

ပုံပမာ ကိုးတန်းရောက်တော့ အပျိုကြီး လုံးလုံးဖြစ်နေ...

" အံ့ဩစရာကောင်းလိုက်တာ မမကြီးရယ် လူတစ်ယော...က မျက်စိအောက်မှာတင် ဒီလောက်ထိ အလုံးအရပ် အလှအပ...ဖူးပွင့်သွားတာ ဘယ်လိုမှကိုမထင်ဘူး. . . ဟုတ်တယ် မမကြီး "

" သေချာကြည့်စမ်းပါ ဒီကောင်မလေးတော်တော်ကြီး...လှတာ "

ကြမ်းတိုက်နေသည့် ပုံပမာကိုမလိုလားစွာ စိုက်ကြည့်...ကြီးမေကြီး အံကြိတ်သည်။

" ဟုတ်တယ် သိပ်ကိုလှနေတာ၊ ဒါပေမဲ့ သင်း ဘာဆို...သိနေတော့ ဘာမှအထင်ကြီးစရာမရှိဘူး. . . အခိုင်းစေက အခိုင်း...ပဲ "

" ပုံပမာ ဒီကိုလာစမ်း "

ပုံပမာ မျက်နှာမေ့လာကာ နေရာက ချက်ချင်းထလာ...

" ခေါင်းရင်းခြံကိုသွား နိုင်ငံခြားသစ်ခွမျိုးဆိုတာ ရပြီလား...ရရင်ပေးပါလို့ မန္တဲ့ကိုတွေ့ရင်လည်း ကြီးမေက အိမ်ကို လာပါ...ပြောလိုက် "

ပုံပမာ မျက်နှာလေးပျက်သွားမိ၏။

ခေါင်းရင်းခြံနှင့် ကြီးမေတို့က နှစ်အိမ် တစ်အိမ်လို ခံ...ကြသည်။





သူတို့က ရတနာကုန်သည်တွေဟုဆိုသည် လင်မယား...ယောက်နှင့် မယားပါသားတစ်ယောက်ရှိ၏။

မယားပါသားကလည်း ရတနာကုန်သည်လိုလို ပွဲစားလိုလို...တော့ လက်ဖျားသီးနေသည်။ အသက်က လေးဆယ်နီးပါးရှိကာ...သက်တို့မှန်းရခက်လောက်အောင် ပြင်ဆင်တင်စားတတ်၏။

လိုချင်သည့် မိန်းမတွေလည်း အများကြီးဟုဆိုသည်။

ဒီနေ့ထိတော့ မိန်းမတွေတည်လဲတွဲနေပေမယ့် ဘယ်မိန်းမကို...သက်ထပ်တာမရှိ။

ခက်သည်က ထိုလူသည် ပုံပမာကို မြင်လျှင် စကားတွေ...လွန်းကာ ခေါင်းပုတ်ဖင်ပုတ်ပြောဆိုတတ်တာတွေ. . .

" ဟဲ့ သွားဆိုတာ ဘာလုပ်နေတာလဲ "

" ဟုတ်ကဲ့ "

ပုံပမာ ခေါင်းလေးနဲ့၍ လှည့်ထွက်သွား၏။

" ဒီအချိန်ဆို ကျော်လွှမ်း အိမ်မှာရှိမှာပဲ "

" ရှိတယ် အဲဒါကြောင့်လွှတ်လိုက်တာ မန္တဲ့တို့ ခုနကပဲ...သွားကြတာတွေ့တယ် "

" ကောင်းတယ် ကျော်လွှမ်းနဲ့တွေ့မှ အဲဒီတောသူ အတော်...သွားမှာ ဟွန်း. . . ကျီးကန်းက ကျီးကန်းပဲ ဖာမထီငှက်ဖြစ်ချင်လို့...သား "

ကျောနောက်က မေတ္တာစာတွေကို ပုံပမာ မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေးကန်သော ခြေလှမ်းလေးများနှင့် လာရင်း တစ်ဘက်
ရှေ့ရောက်တော့ သံပန်းတံခါးကြီး ရှေ့မှာ ရပ်တန့်သွားမိ၏။

အတန်ကြာမှ မသွားလို့မဖြစ်သည့် လမ်းပဲဟု စိတ်ဒုံးဒုံးချ
စေ့ထားသည့် တံခါးကို အသာတွန်း၍ ဝင်လာခဲ့မိ၏။

ခြံထဲကို လေးငါးဆယ်လှမ်းလောက် လှမ်းဝင်လိုက်ချေ

" ဟိတ်. . . ချာတိတ် "

" ဟင် "

သစ်ခွတိုင်တွေကြားထဲကနေ ကျော်လွှမ်းလျှောက်ထွက်လာ
တာမြင်လျှင် ပုံပမာက ရှေ့ဆက်လျှောက်ပစ်ရင်း. . .

" အန်တီနဲ့ဆီလာတာပါ "

မျက်နှာကိုပါ တင်းထားလိုက်မိသည်။

ကျော်လွှမ်းက ခပ်ဟက်ဟက်ရယ်၍ ပုံပမာကို မီအော
လျှောက်၍ ရှေ့က ပိတ်ရပ်လိုက်၏။

" ဘယ့်နှယ်လဲ ချာတိတ်ရာ. . . ပြေးလိုက်တာ အထဲ
ဘယ်သူမှ မရှိဘူး မာမီတို့ ခုနကပဲ အလုပ်ကိစ္စရှိလို့ ထွက်သွား
တယ် "

ပုံပမာက ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ကာ နောက်ကြော
ပြန်လှည့်လိုက်၏။

" ဟော. . . ဟော ဖွတ်ပါလား နေပါဦး ဘာကိစ္စ
ပြောဦးလေ "





" အို. . . ဖယ်ပါ. . . "

လက်ကို ဖက်ခနဲဆွဲတော့ ပုံပမာ ဆောင့်ရုန်းပစ်လိုက်
. . .

" ရှင်စကားပြောရင် လက်မပါပါနဲ့ "

" ဟား တို့လိုက်တာကွာ မင်းက တအားချစ်ဖို့ကောင်းတော့
က အားပါသွားတာပေါ့ "

ပြောပုံက မသတီစရာကောင်းလှသည်။

အသားဖြူ၍ မျက်နှာမှာ ဝက်ခြံပုန်းတွေရှိသည်။ နှာသီးဖျား
နီနေ၏။

သူဟာသူစားနိုင်၍ ဘယ်လောက်ပဲ အရွယ်တင်တင် ဒီ
ကြီးကို ပုံပမာ မုန်းသည်။

" ဒီမှာ ချာတိတ် မင်းက ခါးကိုကျတော့ ရှာရင် ရယ်လို့
လို့ တို့ကို အဲဒီလို မျက်နှာလေးနဲ့ တစ်ခေါက်လောက် စကားပြော
ပါ. . . "

" ကိုကြီးက ပုံပမာ့ကျေးဇူးရှင် လေးစားယုံကြည်ထိုက်တဲ့သူ
မင်းတန်တဲ့သူကိုထမင်း ရေတန်တဲ့သူကို ရေပဲ "

" ဟိတ်. . . မင်းအဲဒီလို မပြောနဲ့လေ ခါးကကော မင်းနဲ့
ဆိုင်လို့လဲ အဲဒီလူတွေ မင်းနဲ့ ဘယ်သူမှ ဘာမှမဆိုင်ပါဘူး
. . . မင်းကို ခါးစောင့်ရှောက်လာတာ ခုမှ သုံးနှစ်လောက်ပဲရှိ
တာ အဲဒါကျေးဇူးရှင်ဆိုပြီး မင်းလေးစားရင် မင်းကို တို့က



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးစောင့်ရှောက်သွားမယ်ဆိုရင်ကော "

" ရှင်. . . ရှင့်အသက်အရွယ်နဲ့. . . တောက် "

ပုံပမာ နေရာမှ ချာခနဲလှည့်ထွက်သွား၏။ ကျော်လွှမ်း[illegible] လက်ကို လှမ်းဆွဲထားလိုက်ကာ. . .

" နေဦးချာတိတ် တို့အတည်ပြောတာ မင်းကို တကယ် လက်ထပ်ချင်တယ် "

" အို. . . လွှတ်. . . လွှတ်. . . ရှင့်ကို ဘယ်တော့[illegible] မစဉ်းစားဘူး လွှတ်နော် "

" မလွှတ်နိုင်ဘူး ချာတိတ် မင်းအခြေအနေနဲ့ ထိုလိုလ[illegible] ရတာ ဝမ်းတောင်သာရဦးမှာပါ။ ခါးကို မင်းမှန်းနေသလား. . . ခါး[illegible] နိုင်ငံကျော် လူငယ်စာရေးဆရာ အန်တီမိုးတို့က ခါးကို ယင်နားတော[illegible] မခံတဲ့ဟာ မင်းလိုမိန်းကလေးနဲ့ သဘောတူပါလိမ့်မယ် အာ[illegible] ကြီး. . . စိတ်ကူးယဉ်မနေပါနဲ့ကွာ "

" ရှင် စော်ကားလှချေလား ဦးကျော်လွှမ်း. . . ကဲ "

လက်ကို ရုန်းလို့မရသည့်အခါ ဒေါသက ဘာမှမမြင်တော့[illegible] ကျော်လွှမ်းကို ဖြောင်းခနဲ ရိုက်ချပစ်လိုက်၏။

" ဟား. . . "

ဘယ်လိုမှ မထင်ခဲ့သော တုံ့ပြန်မှုမို့ ကျော်လွှမ်း ပါး[illegible] အဟောင်းသားဖြစ်သွားစဉ် ပုံပမာ ပြေးထွက်လာခဲ့သည်။

ထိုစဉ် ခြံထဲက ပြေးထွက်လာတာကစ၍ ရှေ့ကနေ့ပြေး[illegible]





သွားသည့်ပုံပမာကို လှမ်းမြင်လိုက်ကာ နေတံခါး ကားထဲကနေ ခေါင်းထုတ်ကြည့်လိုက်မိသည်။

ပုံပမာ ငိုသွားသလား ဘာဖြစ်သွားတာလဲ. . .

ခေါ်နွဲ့နွဲ့စိုးတို့ ခြံရှေ့မှာကားကို တံ့ခနဲရပ်ကာ အထဲကို လှမ်းကြည့်လိုက်မိသည်။

အထဲကို လျှောက်ဝင်သွားသည့် ကျော်လွှမ်း၏ ကျောပြင်ကို မြင်လိုက်ရလျှင် နေတံခါးမျက်မှောင်ကုတ်သွားမိ၏။

ကားကို ဆက်မောင်းလာခဲ့ရင်း ပေါ်တီကို အောက်ရောက်တော့ ကားရပ်လိုက်သည်။

သူကားတံခါးဖွင့် ဆင်းနေစဉ် အထဲကို ပြေးဝင်သွားသည့် ပုံပမာ ကျောပြင်လေးကို မြင်လိုက်ရသည်။

" ပုံပမာ. . . "

အိမ်ပေါ်ပြေးတက်ရင်း သူလှမ်းခေါ်တော့ ကြီးမေက ထိုင်နေရာမှ ဖျတ်ခနဲထရပ်ကာ

" နေပါဦး. . . နေပါဦး ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာသာလဲ ပုံပမာကို ကြီးမေခိုင်းလိုက်တယ် ဘာပြောမလို့လဲ "

ထိုစဉ် ကြီးလတ်နဲ့ ကြီးငယ်တို့ပါ ထွက်လာကြ၏။

" တေတေက ပုံပမာ ဟိုဘက်ခြံကို ဘာသွားလုပ်တာလဲ"

" မနွဲ့ဆီခိုင်းလိုက်တာလေ ဘာဖြစ်လို့လဲ "



www.burmeseclassic.com

www.burmeseclassic.com



" အန်တီနဲ့တို့ အပြင်ထွက်သွားတာ ကျွန်တော်နဲ့ လမ်းမှာ တွေ့တယ် ကြီးမေကြီး ဘာနိုင်းလိုက်တာလဲ ပုံပမာ. . . ပုံပမာလာစမ်း"

အခန်းထဲ လိုက်ဝင်တော့မလို ဖြစ်နေသည့် နေတံခါးကို ကြီးလတ်ကရှေ့ကနေ ပိတ်ရပ်၍ လက်မောင်းကို လှမ်းကိုင်ပြီး. . .

" ဘာဖြစ်လာတာလဲ ကောင်လေးရယ် သစ်ခွမျိုးတောင် ခိုင်းလိုက်တာ မနဲ့တို့ မရှိလို့ပြန်လာတယ်လေ အဲဒါ ဘာဖြစ်သွားလို့ လဲ "

ပုံပမာလည်း ထွက်မလာ။ သူလည်းရှေ့တိုးလို့မရ။

နေတံခါး မျက်နှာကြီးနီလာကာ. . .

" အဲဒီခြံထဲကို ပုံပမာကို မခိုင်းပါနဲ့ ကျွန်တော်မကြိုက်ဘူး ကြီးလတ် "

သူတို့ ခြံထဲမှာ မွေးနေ့လုပ်တုန်းကတစ်ခါ ဘုရားကိုးဆူ တုန်းကတစ်ခါ။

ဘုရားကိုးဆူတုန်းကတော့ မိသားစုသွားကြတာမို့ ပုံပမာ ကိုပါ ခေါ်သွားခဲ့သည်။သည်တုန်းက အရောင်တဖျတ်ဖျတ်လက်နေသည့် မျက်လုံးတွေက ပုံပမာကိုယ်ကို ထိုးဖောက်တော့မတတ် စူးစူးဝဲဝဲ ခပ်ရှိုင်းရှိုင်း. . .

" ချာတိတ်က တော်တော်ထွားလာတာပဲ ကိုးတန်းရောက် ပြီနော် "

သူကိုမျက်နှာမူ၍ မျက်လုံးက ပုံပမာ့ထံမှာ. . .





ဒီနောက်ပိုင်းမှာ လာလိုက်ရတာ အိမ်ကို။

မကြိုက်ဆုံးက ပုံပမာ့အတွက် လက်ဆောင်ဆိုတာတွေ ခဏ ခဏလာပေးတာပင်။ ကြီးမေက သူ့မျက်နှာကို ခပ်ရူးရူးစိုက်ကြည့်ကာ

" ဒီကောင်ဆိုတာ ကျော်လွှမ်းကို ပြောတာလားသား. . ကျော်လွှမ်းက လူကြီးလူကောင်းသားသမီး လူကုံထံပါ. . ."

"" အဲဒီလူကုံထံကို ဖယ်ထားလိုက်ပါ ကြီးမေကြီးရာ ကျွန်တော်ပြောတာ အဲဒါတွေမပါဘူး. . . ဒီကောင်က လူမှု ကောင်း သတင်းဘာမှမရှိဘူး. . ."

" အဲဒါကော ဘာဖြစ်လဲကွယ်. . . သူဘယ်လိုပဲနေနေ ပုံပမာ ကို မိန်းကလေးကိုတော့ စိတ်ကူးမှာမဟုတ်ဘူး အဲဒါက သေချာပါတယ် ပုံပမာ ဘယ်ဘဝကလာတယ်ဆိုတာ သူတို့က သိနေတဲ့ လူတွေပဲ"

ဟင်. . .

နေတံခါး ကြီးမေကြီး မျက်နှာကို စိတ်ပျက်အံ့ဩခြင်းများနှင့် ငေးနဲ့တစ်ချက်ကြည့်ကာ နောက်ခြေတစ်လှမ်းဆုတ်လိုက်၏။

ဘောင်းဘီထဲလက်နှိုက်လျက် သူ့နှုတ်ခမ်းတွေ စေ့ပိတ်သွား သည်။

" ဟုတ်တယ်. . . ပုံပမာက ဂုဏ်ဒြပ်မဲ့တဲ့ တောသူခပ်မွဲမွဲ လေးပါ. . . ဒါပေမဲ့ ကျွန်တော်သူကို ဒီဘဝထဲက ဆွဲထုတ်လာခဲ့တာ ဒီဘဝမြင့်မားစေချင်လို့ပဲ. . . အခု တောက ပုံပမာမဟုတ်ဘူး ကျွန်တော့် အရိပ်အောက်မှာ ဘယ်ကောင်မှ အထင်သေးတဲ့မျက်လုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မကြည့်စေရဘူး. . . ဒါပဲ ကြီးမေကြီး ကြီးမေကြီးတို့ လက်ထဲမှာ ပုံပမာကို ကျွန်တော် ယုံယုံကြည်ကြည်အပ်ထားတာပါ။ ကျွန်တော့် ယုံကြည်မှုကို ရိုက်ချိုးမပစ်ပါနဲ့ "

" နေ့ပါဦး. . . သားရယ် အခု ဘာတွေ ဖြစ်ကုန်လို့လဲ သားဘာမြင်ခဲ့လို့လဲ "

ကြီးငယ်က လက်မောင်းကို လာကိုင်ဆုပ်ရင်း မေးသည်။

" ကျွန်တော်မသိဘူး. . . ဒါပေမဲ့ ကျွန်တော်သိတယ် ဒီကောင် ပုံပမာကို မရိုးသားဘူး အထင်မြင်သေးတဲ့စိတ်နဲ့ ပုံပမာကို နှုတ်နဲ့ဖြစ်ဖြစ် လက်နဲ့ဖြစ်ဖြစ်စော်ကားလာတဲ့ တစ်နေ့ကျရင် ကျွန်တော့်ဘက်ကလည်း တုံ့ပြန်ဖို့ အဆင်သင့်ပဲ "

နေတံခါးက အားလုံးရှေ့က လှည့်ထွက်သွားတော့ ကြီးမေကြီးကို လှမ်းကြည့်၏။

" ဘာဖြစ်ကြလို့လဲ မကြီးရယ် ပုံပမာ ဘာဖြစ်လာလို့လဲ "

ကြီးမေကြီးက ဆိုဖာပေါ်မှာ ခပ်လေးလေးထိုင်ချလိုက်ပြီး

" ဖြူလ်မ ဖြူလ်မ ငါ့သားလေးကို ထောင်ထဲပို့မယ့်ကောင် သင်းမရှိမှ အေးမှာပါ. . . "

ကြီးမေကြီး လက်သီးဆုပ်ရင်း မျက်ရည်တွေလည်လာသည်။

" ငယ်ငယ်က ငယ်လို့ ကြီးလာတော့တစ်မျိုး ဒီကောင် လေး ငါ့အိမ်ပေါ်စရောက်ကတည်းက တစ်ချက်ကလေးမှ စိတ် မချမ်းသာခဲ့ရဘူး. . . "





အားလုံးထိုင်မိကြတော့ ကြီးငယ်က မျက်နှာခပ်နွမ်းနွမ်းနှင့် ကြည့်လျက်. . .

" ကောင်မလေးလည်း ကြောက်တတ်ရှာသားပဲ မမကြီးရယ် အသလိုလည်းနေတာပဲ မဟုတ်လား. . . မမကြီးက ဘာတွေ ကြံဖန်ပူနေတာလဲ "

" ဩော်. . . ညည်းကတော့ ပြောမှာပေါ့ မီးဖိုထဲမှာချည်း ကုတ်ကုတ်နေတာကိုး "

" ဘာဖြစ်လို့လဲ မမကြီးရဲ့ "

" ဒီကောင်မလေးကို ကြည့်စမ်း ဘယ်လောက်လှလာသလဲ စားမယ်ဆိုတုန်းကတော့ ကလေး အခုကျတော့ ရွယ်တူဖြစ်နေပြီ။ ဒီလောက်လှတဲ့ ဟာလေးကို ကျုပ်တို့ကောင်လေးက တစ်သက်လုံး လန်းဘဲ နေမှာတဲ့လား ကျုပ်မှာ သတိပေးသလို ဖြစ်မှာစိုးလို့ ဘာ မျိုးသိပ်ထားရတာ အဲဒီကိစ္စအတွက် ဘယ်လောက်ရင်ပူနေတယ် သလဲ. . . ကျုပ်သားလေးကို ဒီလို အခြေအမြစ်မရှိ မိမဲ့ဖမဲ့ ရွှေမရှိ ရှိ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လုံးဝသဘောမတူနိုင် . . . "

" မမကြီးရယ်. . . ခါးလေးက ရိုးရိုးသားသားရယ်ပါ "

" အံမယ် နင်က ဘာသိလို့ပြောနေတာလဲ. . . ငါ့ ထောင်မကျဘူးပေမယ့် သိတယ် ဒီလောက်ထိ မျက်စိအောက်က ပျောက်မခံနိုင်အောင် ဂရုစိုက်နေတာ ခုရိုးလည်း နောက်မရိုးဖို့

www.burmeseclassic.com



စတာ ပဲ. . . ရှုပ်ပါတယ် မမကြီးရယ် ကောင်လေးကို ဒီတစ်ခါ မဖြစ်မနေ အိမ်ထောင်ချပေးဖို့ပဲ ဆုံးဖြတ် ''

ကြီးလတ်ကလည်း ကြီးမေကြီးနဲ့ စိတ်တူသဘောတူ။

'' အင်း. . . ဟုတ်သားပဲ မစိုးပြောသလို ခါးလေးကို အိမ်ထောင်ချပေးလိုက်ရင် မကောင်းဘူးလား မမကြီး ''

အငယ်နှစ်ယောက်ကို ကြည့်ကာ ကြီးမေကြီး ခေါင်းညိတ်သည်။

'' ကျုပ်က စဉ်းစားမိတာကြာပြီ ဒီကလေး လက်ခံမှာမဟုတ်ဘူးဆိုတာ သိလို့ အသာကြည့်နေတာ ''

'' မမကြီးတွေ့ထားတာရှိလား စိုးတွေ့ထားတာ တစ်ယောက်ရှိတယ်. . . မမကြီးလိုပဲ ဒီက ဟာမလေးနဲ့ ငြိသွားမှာ စိုးတာနဲ့ စိတ်ကူးနဲ့ ရှာထားတာ ''

'' ဘယ်သူလဲ ''

'' စိုးတို့ မိသားစုဆရာဝန်ဦးအေးကိုရဲ့ တစ်ဦးတည်းသော သမီးလေးလေ ခုမှ အိကို ပထမနှစ်ပဲ ရှိသေးတာ ပုံပမာလောက် မငယ်ပေမယ့် လှတာတော့ အရမ်းပဲ နေတာကိုက ယောကျ်ားလေးလို နေတာ နုနုငယ်ငယ်လေး ''

'' ပုံပမာထက်လှလား ''

'' ဒီက တောသူပဲ မိတ်ကပ်မှ မကိုင်တတ်တာ ဟို ပြင်တာဆင်တာနဲ့ ပိုလှတာပေါ့ ''





'' ယောကျ်ားလေးလိုပဲ နေတာဆို ''

'' ဩော်. . . မကြီးကလည်း ဝတ်တာသွားတာ ဟော့ဒ် ကို ပြောတာ. . . ပွင့်လင်းတယ်၊ သွက်တယ်၊ နောက်ဆုံး မမကြီး ယ် ကောင်လေးကြိုက်ကြိုက် မကြိုက်ကြိုက် အတင်းပဲ လက်ထပ် း လိုက်တော့ ဘာဖြစ်လဲ ဒီလို ငယ်ငယ်လှလှလေးကိုများ ပြီးတော့ ည်း ချစ်သွားမှာပဲ ''

ကြီးမေကြီးက ထိုကိစ္စကို တက်တက်ကြွကြွမရှိလှဘဲ ုံးသက်ရှိုက်ကာ

'' ပြောသလောက် မလွယ်ပါဘူးကွယ် ဒီမှာက ယေသံယော ့က ရှိသေးတယ်. . . ပြီးတော့ ဒီလောက်ထိလှနေတဲ့ဟာကို ''

ကြီးလတ်က ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး

'' မမကြီးကလည်း တစ်လောကလုံးပဲ သူ့ထက်လှတာ ်တော့ဘူးလား ''

'' ရှိရင်တောင် ကောင်လေးက သူ့ထက်ပိုပြီး ဘယ်သူ့ကိုမျှ ်မှာမဟုတ်ဘူး ''

'' အို. . . အဓိပ္ပါယ်ကိုက ခါးလေး ရင်ထဲမှာ စိုးတို့ထင်သ က် မဆိုးဝါးသေးပါဘူး အခုနေ စိုးတို့ဘက်က ပြင်ဆင်ချိန်ရှိသေး ယ် ''

'' ဟုတ်ပါတယ် မမကြီးရယ် သိပ်စိတ်ဆင်းရဲခံမနေပါနဲ့ ်းက ရိုးရိုးသားသားပဲ ရှိပါသေးတယ်။ ခါးလေးကို အိမ်ထောင်ချ



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ကိစ္စ မမကြီးတို့ စီစဉ်ပါ၊ ဖြစ်မြောက်အောင် တိုးဆောင်ရွက်မယ် ''

ဒါကိုလည်း ကြီးမေကြီး ဘဝင်မကျနိုင်။

ရင်ထဲမှာ ဘာလုပ်မှ ဖြစ်မယ်ဆိုတာက ရှိပြီးသား။

ဒါပေမဲ့ ရက်စက်ရာများကျလေမလားဟု တွေးမိနေသည်။

သားလေးကို သူချစ်သည် ကိုယ့်မှာ ချမ်းသာပြည့်စုံပြီးမေမယ့် ပို၍ ပြည့်စုံစေချင်သည်။

လတော့ လပါပဲ သို့သော် တစ်ခြမ်းပဲ့ လတော့ မဖြစ်စေချင်

သားလေးဘဝမှာ အစစအရာရာပြည့်စုံဖိတ်လျှံနေစေချင်သည်။

ပြီးတော့ မျိုးရိုးက နိမ့်ကျတဲ့ ခပ်ချာချာ အဆင့်အတန်းမျိုး မရှိခဲ့တာကို သားလေးလက်ထက်ကျမှ သိမ်ငယ်ရတာမျိုး အဖြစ်မခံပါ။

ထို့ကြောင့် သူ့မှာ ဆုံးဖြတ်ဖို့ရာ တစ်ခုပဲ ရှိသည်။

အခြေအနေဟာ ထင်တာထက်ပို၍ ရှေ့ဆက်တိုးသွားခဲ့ပြီ ဆိုလျှင်

❀ ❀ ❀ ❀ ❀



# အခန်း (ဂ)

ကျောင်းသားတွေ ထွက်လာကြတာ မြင်တော့ နေတံခါး ...က်လက်စ အချိုရည်ဘူးကို သစ်ပင်ရိပ်အောက်သို့ လှမ်းပစ်လိုက် ... မှီလျှောထိုင်နေသည့် ကိုယ်က မတ်မတ်ပြင်လိုက်၏။

ရင်ဖုံးလက်ရှည် အဖြူရောင် ကျောင်းစိမ်းဝတ်စုံလေးနှင့် ...သော ခြေလှမ်းလေးများဖြင့် လျှောက်လာသော ပုံပမာသည် ...ကျော်တစ်ဦးပုံဖော်ရေးချထားသည့် ကောက်ကြောင်းလေးများနှယ် ...ထဲမှာ ထင်းနေသည်. . .

တကယ်က ကောင်မလေး အသက်ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်၏။

သူ့ခမျာ အသက်လွန်မှ ကျောင်းတက်ခွင့်ရသဖြင့် အသက်နဲ့ ...န်းကမမျှ. . .

ဒါပေမဲ့ သူ့လို မိန်းကလေးအရွယ်တွေ အများကြီးရှိသဖြင့် ...န်းဆယ်တန်းဆိုတာက ကြည့်ပျော်ရှုပျော်တော့ ဖြစ်နေပါပြီ။

" ဖြေနိုင်လား ပုံပမာ "

" ဟုတ်ကဲ့ ကိုကြီး "



www.burmeseclassic.com

www.burmeseclassic.com



ပုံပမာ ကားထဲဝင်ထိုင်လိုက်တော့ ကျောင်းထဲက ထွက်လာ တုန်းက ဘေးကစကားပြောပါလာသည့် ကောင်လေး ကျောင်းတံခါး မှာ ရပ်ကျန်ခဲ့သည်။

" ဟိုကောင်လေးက မင်းသူငယ်ချင်းလား "

" မဟုတ်ပါဘူး ဘာတွေလာမေးနေမှန်း မသိဘူး "

စိတ်ရှုပ်သည့် ပုံပမာမျက်နှာပေါ်က အမူအရာလေးတွေ ကြည့်၍ နေတံခါးပြုံးလိုက်မိသည်။ ပုံပမာ ကလေးမှ မဟုတ်တော့ ဒါမျိုးတွေရှိမှာပေါ့. . .

" ကိုကြီးက ဘာပြုံးတာလဲဟင် "

" ဘာမှ မပြုံးဘူးဘဲ ထားလိုက်တော့ စာမေးပွဲဖြေပြီး တစ်ခုခု မစားချင်ဘူးလား "

" မစားချင်ဘူး ကိုကြီး အိမ်မှာ လုပ်စရာတွေ အကြွေးဟင် နေလို့ "

" ဘာတွေရှိလို့လဲ "

" စာမေးပွဲ ဖြေနေတော့ အိမ်အလုပ်တွေ လစ်ဟင်းတယ် လေ ကိုကြီးရဲ့ ပြီးတော့လည်း ပုံပမာက အချိန်ဖြုန်းနေတယ်ဆိုရင် ကောင်းမလား "

" ကောင်းတယ် ဟိုတယ်မှာ ကဇာန်းပေါင်းနဲ့ မင်းကို ထမင်းလိုက်ကျွေးမလို့. . . "

နေတံခါးက ကားကို ဟိုတယ်ဘက်သို့ ဦးတည်လိုက်၏။





" ကိုကြီး ဒီနေ့အားတယ်ပေါ့ "

" အင်း. . . ဘာဖြစ်လို့လဲ "

" ဒရိုင်ဘာ မလာဘဲ ကိုကြီးရောက်လာလို့ပါ. . . မနက်ဖြန် ကြီး ခရီးထွက်မှာနော် "

" အင်း "

မှန်ထဲမှာ ပုံပမာ မျက်နှာလေးကို ကြည့်တော့ ရှာတော့မည့် ယ် ညှို့မှိုင်းရီဝေနေတာတွေ့၏။

ဒီကောင်မလေး သူခရီးသွားမယ်ဆိုတိုင်း ဤသို့ ဖြစ်သွား တာ ငယ်ငယ်ကတည်းက ခုချိန်ထိပါ။

ထို့ကြောင့်လည်း သူ့မှာ သွားရတဲ့အကြိမ်တိုင်း ကြီးမေတို့ကို တွတ်တွတ်မှာလိုက်ရတာ ခြေလှမ်းတို့ကနောက်ပြန်ဆွဲနေသည့် . . .

ဟိုတယ်ထဲ ဝင်လာကြတော့ စားသောက်ခန်းထဲမှာ လူသိပ် ည့်မို့ သေးစားပွဲတစ်လုံးကို ရွေးလိုက်ကြ၏။

သူကဇာန်းပေါင်းနဲ့ ဒီပြင်ဟင်းငါးမျိုးလောက်မှာနေသော် ည်း စိတ်ပါဝင်စားခြင်းမရှိသလို ပုံပမာက တစ်ဘက်စားပွဲမှ နိုင်ငံခြား တွေဆီ ငေးနေသည်။

" ပုံပမာ "

" ရှင်. . . ကိုကြီး "

" ဘာဖြစ်နေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" မဖြစ်ပါဘူး "

နေတံခါးထပ်မမေးတော့ဘဲ ဘောင်းဘီအိတ်ထဲမှာ တစ်
တစ်နှိုက်ယူလိုက်ကာ. . .

" မင်းကိုပေးစရာရှိလို့ ဒီတစ်ခါ ပျောက်တယ်ဆိုရင် တကာ
ကိုထုမှာ မလိုချင်ဘူးပြောရင် နားခေါင်းကို နားအောင်လိမ်မ
နောက်နှစ်ဆိုဆယ်တန်းတက်ရတော့မှာ မလိုချင်လို့မရဘူး "

ဘာလဲဆိုတာ ပုံပမာ သိလိုက်ပြီ။

အပြာရောင် ကတ္တီပါဘူးလေးထဲမှာ ပတ္တမြားလေးဘက်ထေ
နှင့် ဆွဲကြိုးလှလှလေးတစ်ကုံး ပြီးတော့ လက်စွပ်။

ပတ္တမြားလက်စွပ်လေးက ဆွဲကြိုးနဲ့ ဒီဇိုင်းတူပဲဖြစ်၏

လှပသော ရတနာပစ္စည်းကိုမြင်သော်လည်း ဝမ်းမြော
ဝမ်းသာဖြစ်မသွားဘဲ ပုံပမာမျက်နှာလေး သေမိန့်ကျခံရတော့
လူလို မျက်ခုံးကလေးတွေ တုန်ကုတ်ကျသွားကာ နှုတ်ခမ်းလေး
ခပ်ဖိဖိကိုက်ထား၏။

" ပစ္စည်းပျောက်တယ်ဆိုတာ တန်ဖိုးလည်း ဆုံးရှုံးတ
စိတ်ဓာတ်စည်းကမ်းနဲ့လည်းဆိုင်တယ်ကွ. . . နောက်ထပ် ပျောက်တ
ဆိုတာ မကြားချင်ဘူး နားလည်လား ပြီးတော့ ဒါကို မဝတ်ချင်
လည်း မရဘူး. . . လူဆိုတာ စားသောက်နေနိုင်ရုံနဲ့ မပြီးဘူး
လူတန်းစေ့ဝတ်နိုင်သွားနိုင်ဖို့လည်းလိုတယ်။ သိမ်မထားရဘူးနော်
ဝတ်ဖို့ပေးတာ "





" ကိုကြီးကလည်း "

" ကိုကြီးကလည်းတွေ ဘာကိုမလိုချင်ဘူး ရှေ့နောက်နှစ်က
ဦး မင်းလည့်ပင်းမှာ ငါမြင်ချင်တယ် ဒါပဲ "

ပထမဆုံးဝယ်ပေး၍ ပျောက်သွားသည်ဆိုတော့ ထပ်ဝယ်ပေး
ဖြင်သည်။

ပုံပမာ အသေအလဲ ကာကွယ်၍ ခေါင်းခါငြင်းခဲ့သည်။

နောက်နှစ်မှာ နာရီတစ်လုံးဝယ်ပေးတော့ မငြင်းဖြစ်ခဲ့တော့

ဒီတစ်ခါ ထပ်လာတာ ဘယ်လိုငြင်းမလဲ။

ပိုဆိုးသည်က အမြဲဝတ်ထားရမည်တဲ့။

ဘေးနားမှာချထားသည့် ရတနာဘူးက နောက်ယှက်နေသဖြင့်
ာ ထမင်းနဲ့ဟင်းတွေကို ကျောက်ခဲတွေမှိုချနေရသလို ဘာအရသာ
ဘဲ လည်ချောင်းထဲမှာ ကျပ်စီးနေကာ ကြာတော့ နာကျင်လာ၏။

ကိုကြီးရှေ့ရောက်ပြီဆို ငိုချင်နေတာပဲရှိတာ လည်ချောင်းဝမှာ
ဆို့ကျပ်သိပ်နေသော စကားလုံးများကို ဖွင့်ဟနိုင်ခြင်း မရှိသည်က
ာများပင် တုန့်လေသည်။

ကိုကြီးက အရိပ်တကြည့်ကြည့်နှင့် ဘာဖြစ်လို့လဲဟု တဖွဖွ
ဘတ်ပေမယ့် ပုံပမာမပြောဝံ့။

ဒီလိုနဲ့ပဲ အိမ်ရောက်တော့ ကိုကြီးက မျက်စိအောက်က
ပျောက်သွားခဲ့၏။ အိမ်မှာကိုကြီးရှိနေသည့်အချိန်ဆို ပုံပမာက



www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသမီးလေး. . .

ကိုကြီးထွက်သွားပြီဆို ကျေးကျွန်. . .

သူမ ဘဝမှာ ကိုကြီးသည် ကယ်တင်ရှင် လိုတရ နတ်သ
တစ်ပါးဖြစ်သော်ငြား ဆုလည်းမတောင်းဝံ့ မတောင်းဘဲပေးသ
ဆုကိုလည်း မယူရဲ။

ကားပေါ်ပြန်ရောက်တော့ နေတံခါးက ငိုမဲ့မဲ့ဖြစ်နေသ
ပုံပမာမျက်နှာလေးကို နီးနီးကပ်ကပ်ငုံ့ကြည့်လိုက်ပြီး. . .

" ဟိတ် မင်းဘာဖြစ်နေတာလဲ ငါက မင်းဒီနေ့ စာမေး
တယ်၊ လက်ဆောင်ရတယ် ဟိုတယ်မှာ ထမင်းလိုက်ကျွေးတ
အဲဒါတွေနဲ့ မင်းပျော်နေလိမ့်မယ်ထင်တာ၊ မင်းပျော်အောင် တ
အချိန်ပေးလိုက်တာလေ ဒီမျက်နှာကြီးနဲ့ ကျေးဇူးဆပ်နေတာလာ

" ပုံပမာ မျက်နှာမော့လိုက်စမ်း ဒီအတိုင်း ဆွဲကြိုးတ
အောင် "

နေတံခါးက ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်လိုက်သည့်ဘူးလေ
က ဆွဲကြိုးကိုထုတ်ယူကာ သူကိုယ်တိုင်ဝတ်ပေးနေရင်း

" ဟိတ်. . . မျက်နှာမော့စမ်းကွာ. . ."

မေးဖျားလေးကိုကိုင်၍ အတင်းဆွဲမော့တော့ ပုံပမာ ဘယ်
မထိန်းနိုင်တော့ဘဲ ကိုကြီးရင်ခွင်ထဲ တိုးဝင်ကာ တအင့်အင့်ရှိ
မိတော့သည်။

" ဟောဗျာ ပုံပမာ. . . မင်း "

ပုံပမာ ရှစ်တန်းတက်ရသည့် နှစ်လောက်မှစ၍ ကိုကြီးက
မာကို ခေါင်းလေးမှသိမ်း၍ ရင်ခွင်ထဲပွေ့တာတို့ ပခုံးလေးကို
တာတို့ ဘာမှမလုပ်တော့ဘဲ တယုတယပြောဆိုတာလောက်ပဲ
တော့တာပါ။

ကိုကြီးက ထိန်းသိမ်းတာမှန်းသိသော်လည်း ခုဆိုတော့ ပုံပမာ
ချုပ်မထားနိုင်တော့သည့်မို့ ကိုကြီးခါးကိုပင် ဖက်ထားမိလျက်. . .

" အဲဒါတွေ ပုံပမာ မဝတ်ချင်ဘူး ကိုကြီး အဲဒါတွေ
မှမလိုချင်ဘူး. . ."

" ပြောစမ်း. . . မင်းဘာဖြစ်ချင်လို့လဲ ဘာလိုချင်သလဲ. . .
နဲ့ကွာ. . ."

သူ့ငိုတိုင်း ကိုကြီး ဒေါသသံထွက်လာမြဲပါ။
ငိုတာကို မကြိုက်၍လား သနား၍လား ခုလည်း သူ့ပခုံးလေး
ပြန်ဖက်ထားကာ လေသံကမာလာသည်။

" ပြောလေကွာ "

" ပုံပမာ ဘာမှမလိုချင်ဘူး ကိုကြီး ဘယ်ခရီးမှ မထွက်ဘဲ
ကိုလိုချင်တာ ကိုကြီးထွက်သွားတော့မယ်ဆိုတိုင်း ပုံပမာ့ကို
ောင်တိုက်သွားလိုက်သလိုပဲ ဘယ်မှ မသွားပါနဲ့ ကိုကြီးရယ်နော်"

နေတံခါး မျက်မှောင်ကုတ်သွားမိသည်။
ပုံပမာ ကိုယ်လုံးလေးကို ထွေးပွေ့ထားရင်း ကြီးမေ
ကို ပြန်မြင်မိ၏။


စိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူထွက်သွားသည့်အခါ ကြီးမေတို့နဲ့ ပုံပမာ ဘယ်လိုပုံစံမျိုး တွေနဲ့ ရင်ဆိုင်နေခဲ့ရလို့လဲ သုံးနှစ်ဆိုသော ကာလအတွင်း သူခဏ ထွက်သွားတိုင်း ပြန်လာတိုင်း မျက်ရည်လေးတဝဲဝဲနှင့် ကြိုသည် ငိုကျန်ခဲ့တတ်သည့်ပုံပမာ. . .

ကိုယ့်ကိုပဲ အားကိုးနေရရှာတာမို့ အားငယ်ရှာတာပဲဟု သူမှတ်ယူခဲ့တာ မှားပြီလား. . .

" ပုံပမာ မင်း ငါ့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ. . . အိမ်မှာ မင်း ဘာဖြစ်နေသလဲ ကြီးမေကြီးတို့ မင်းကို ဘယ်လိုဆက်ဆံနေကြ သလဲ. . . မင်း ငါ့ကို မပြောရင် ဘယ်သူ့ကို ပြောမှာလဲဟင်. . . ပုံပမာ "

ထိန်းချုပ်မထွမ်းနိုင်ဘဲ ဖွင့်ဟလိုက်မိသော်လည်း ပုံပမာ ခေါင်း ရမ်းပြန်သည်။

" ပုံပမာ ကိုကြီးမရှိရင် အားငယ်လို့ပါ နောက်ပြီးတော့ ကိုကြီးကို သတိရပြီး ဘာအလုပ်မှလည်း လုပ်လို့မရဘူး "

နေတံခါး ပုံပမာအဖြစ်ကို ဘဝင်မကျပါ။

သို့သော် ဘာမှထပ်မမေးတော့ဘဲ သူမ လက်ဖဝါးလေးကို ဆွဲယူပြီး လက်စွပ်လေးကို စွပ်ပေးလိုက်၏။

နေတံခါးက ပုံပမာ လက်ချောင်းလေးများကို ဆုပ်ထွေးထား၍ တော်တော်နဲ့ မလွှတ်ဖြစ်ဘဲ ငေးကြည့်နေခဲ့၏။

" ဘယ်လောက်လှလဲ ကြည့်စမ်း. . . မကြိုက်ဘူးလား





အာရုံပြောင်းပေးဖို့ ကိုကြီး ကြိုးစားမှန်းသိသည်။

သို့သော် ဒါကိုပဲ မလိုချင်တာမို့ ပုံပမာ ကိုကြီး ရင်ခွင်ထဲမှာ ခေါင်းနှာလေးကပ်၍ မျက်လုံးများကိုပါ မှိတ်ထားလိုက်မိသည်။

မကြည့်ပေမယ့်လည်း စိတ်အာရုံထဲမှာထိ လက်စွပ်ကလိုက် လာသည်။

ကြီးမေကြီးက ခါးထောက်လျက်ပေါ်လာ၏။

နာရီလေး ပေးမိတုန်းကတောင်မှ

" မင်း. . . ငါ့ကောင်လေးကို ပက်ချွဲနပ်ချွဲလုပ်ပြီး ဟိုဟာ ဒီဟာပူ မပူဆာနဲ့နော်. . . ဘာမှသွေးမတော်သားမစပ်ဘဲ ကျွေးမွေး စောင့်ရှောက်ပေးထားတာကိုပဲ လွန်လှပြီ "ဟု ကြီးလတ်က ပြောခဲ့သည်။

" နောက်ထပ် ပစ္စည်းတစ်ခုတိုးလာရင် ကျုပ်အပြစ်မပြောနဲ့ " ဆိုသည့် ကြီးမေ ကြိမ်းဝါးသံက ချောက်ချားစရာ. . .

ကိုကြီးက ဘာမှမသိသူ. . .

တစ်ဘက်က တုတ်ပြ ကြိမ်းဝါးသူတစ်စု. . .

ပုံပမာ မည်သို့ ရင်ဆိုင်ရပါမည်နည်း. . .။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

" သားဘယ်လောက်ကြာမှာလဲ "

" တစ်ပတ်လောက်ပါပဲ ကြီးမေကြီး ဘာမှာချင်လို့လဲ "

" မမှာပါဘူး အိတ်ထဲမှာ ဆေးတွေ ပစ္စည်းတွေအစုံပါတယ် ခရီးတိုဖြစ်ဖြစ် ခရီးရှည်ဖြစ်ဖြစ် ယူသွားရမယ် ဟိုမှာ သူများရပ်ရွာ မြန်းခန့် အရေးအကြောင်းဖြစ်ရင်၊ ဟိုရှာ ဒီရှာဖြစ်မှာစိုးလို့ "

" ပုံပမာ "

" ရှင် "

" လာဦး "

ကြီးမေ သုံးယောက်ရှေ့မှာ ပုံပမာ မျက်နှာလေးငံ့၍ ရောက်လာ၏။

" စစ်တွေဘက်ရောက်ဦးမှာ ဘာမှာဦးမလဲ "

" မမှာတော့ဘူး ကိုကြီး "

" ကျောင်းပိတ်ထားတယ်ဆိုပြီး မပေါ့နဲ့နော် ကျူရှင်မှန်မှန် တက် အိမ်မှာစာကြည့် "





" ဟုတ်ကဲ့ "

ကိုကြီး နာရီကြည့်လိုက်ပြီး ထရပ်လိုက်တော့ ပုံပမာ့ နှလုံး ကို ဆုပ်ညှပ်ပစ်လိုက်သည့်အတိုင်းပင်. . .

အိမ်က စစကာတည်းက ကားပေါ်မှာမို့ ကြီးလတ်နဲ့ ကိုကြီး ပေါ်မှာ ထွက်သွားကြတော့ ကိုကြီးက အိမ်ပေါ်ကို တစ်ချက် ကြည့်၏။

ပြီးတော့ သွားမယ်ဆိုသည့်သဘောနှင့် မေးဆက်ပြကာ လေးမောင်းထွက်သွားလေသည်။

" ပုံပမာ "

" ရှင် "

ငုံ့ထားသည့်မျက်နှာကိုမော့၍ ကြီးမေကြီးကိုအကြည့်တွင် နဲ့အသံနှင့်အတူ ပုံပမာ့မျက်လုံးတွေ မီးပွင့်ထွက်သွား၏။

နောက်သို့ဒယီးဒယိုင်ဆုတ်ကျသွားကာ ဆိုဖာကြားထဲမှ ဖွင့် ဆိုင်လျက်လေးလဲကျသွားသည်။

အားရပါးရရိုက်ချပြီး ကြီးမေကြီးက ရှေ့တိုးလာကာ

" ထစမ်း ထစမ်း ခုထရပ်လိုက်စမ်းပါ "

ပုံပမာ မှုးမိုက်နှာကျင်သွားခြင်းကို ကြိတ်မှိတ်၍ထရပ်လိုက် သည်။

ကြီးမေကြီးက သူမရင်ဘက်ပေါ်က ဆွဲကြိုးကိုဆောင့်ဆွဲ ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဒါမျိုးနဲ့မင်းနဲ့တန်လို့လားဟင် . . . ကျုပ်သားကိုခွဲမှုပြီး မင်းကကျုပ်တို့ကို စိန်ခေါ်လိုက်တာလား ဒါကိုဝတ်ပြီး စိန်ခေါ်လိုင် တာလားလို့ ပြောစမ်းပါ "

" မ . . . မဟုတ်ပါဘူး ကြီးမေရယ် ပုံပမာ မပူဆာပါဘူး"

" အေးပေါ့ မင်းကမိန်းမလည်း ယောကျ်ားတွေကို စေတနာ ရှိအောင်လည်းမြူဆွယ်နိုင်တာကိုး ဒီမှာ ပုံပမာ မင်းကိုဘယ်ယောကျ်ား က ဘယ်လိုပဲစေတနာရှိရှိ ဘာတွေပဲပေးပေး ကျုပ်တို့နဲ့မဆိုင်ဘူး ကျုပ်သားဆီကတော့ မင်းဘာမှယူခွင့်မရှိဘူး အဲဒါနားလည်ထား"

ကြီးငယ်တစ်ယောက်ကတော့ ပင့်သက်လေးရှိုက်ကာ နေရာ မှထထွက်သွားလေသည်။

" ဟောဒီရတနာပစ္စည်းကို ကျုပ်မက်မောလို့မဟုတ်ဘူး မင်းနဲ့ကျုပ်သားရဲ့ ရင်းနှီးမှု ကျုပ်သားဆီကအလိုလိုက်မှု ဒါတွေ ကို ကျုပ်မပေးနိုင်ဘူး ပေးတာကိုယူ ကျေးဇူးတာကိုစား ဒါထက်လွန်ပြီး လောဘတက်လာမယ်ဆိုရင်တော့ မင်းလမ်းပေါ်ရောက်သွားမှာ နားလည်လား "

လက်စွပ်ကလေးကိုတော့ မမြင်လို့လား မေ့သွားတာလား

ပုံပမာ လက်စွပ်ကလေးကိုဆုပ်ကွယ်ထားရင်း အခန်းထဲ ပြေးဝင်ခဲ့မိသည်။

ပုံပမာ အဖြစ်တွေကိုလာကြည့်လှည့်ပါဦး ကိုကြီးရယ် . . . မှန်ရှေ့မှာရပ်လျက် ရဲညိုနေသော ပါးမြင့်လေးကို အုပ်စမ်း





ဖို့အားမရ . . .

တစ်ခါတရံ သည်အိမ်ကြီးမှ ထွက်ပြေးချင်မိသည်။

တွေးကြည့်လိုက်တော့ ပြေးစရာကမြေမရှိ . . .

ပညာကလည်း ဆယ်တန်းမှမအောင်သေးတော့ ဘာမှလုပ် ကိုင်စားလို့မရသေးသည့်ကာလ . . . ပုံပမာ ညည်းဘာဖြစ်လို့ စိတ် ညှိုးနေတာလဲ။

နိမ့်ကျပြီဆိုတဲ့ဘဝမှာ သူများဖိနပ်ကိုဆေးရဆေးရ ကုန်းပိုး ပြီတော့ပဲထမ်းရထမ်းရ မြေမနင်းချင်လို့ ကျောခင်းပေးစမ်းဆိုလည်း ခင်းပေးလိုက်စမ်းပါအေ . . .

ဘာမှမရှိတဲ့ ဘဝမှာ ညည်းဘာကိုအားကိုးမလဲ ဘာကို အားကိုးတာပြီးငိုနေတာလဲ ကိုယ့်ခြေထောက်ပေါ်ကိုရပ်ဖို့ကြိုးစားစမ်း။

ပညာကိုကြိုးစား ညည်းပညာတတ်မှဖြစ်မှာ။

ညည်းရဲ့ကိုကြီးကတော့ ညည်းကိုပညာတတ်စေချင်လွန်းလို့ အားလုံးကိုအတိုက်အခံလုပ်ပြီးညည်းကို စောင့်ရှောက်ခဲ့တာမဟုတ် လားကွား။

ပုံပမာ မျက်ရည်တွေစဲသွားသည်။

ရင်ထဲမှာ အားအင်သစ်တွေထပ်ဝင်လာ၏။

ဟုတ်တယ် ငါ့ကိုဘယ်သူမှ အထင်မကြီးနိုင်တဲ့ဘဝမှာ ငါ ဘယ်သူ့ကိုအားကိုးနေတာလဲ ကိုယ့်ကိုယ်ကိုအားပေး၍ မျက်ရည်ကို သုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းရက်များမှာ ကိုကြီးကိုပါ ပုံပမာရှောင်နေလိုက်မိသည်။

ဟုတ်တယ် ငါက ခြောက်တန်းခုနှစ်တန်းအရွယ်မှမဟုတ်တော့ဘဲ ငါလိုမိန်းကလေးနဲ့ကိုကြီးကို သူတို့စိုးရိမ်ကြတာ မှန်ပါတယ်။

မာနစိတ်လေးဖြစ်လျှင် အတတ်နိုင်ဆုံးချိုးနှိမ်ပစ်ကာ စာသ မှစာ ပုံပမာနားထဲမျက်စိထဲမှာ အိမ်အလုပ်မှလွဲ၍ ဘာကိုမှမထည့်တော့ပါ။

အလုပ်လုပ်နေသည့် အချိန်မှာတောင် စာကိုတတွတ်တွတ်ရ ရင်း အလုပ်လုပ်ခဲ့သည်။

ဆယ်တန်းကျောင်းတွေဖွင့်တော့မှပဲ ကိုကြီးထံမှ မခံရပ်နိုင် မေးခွန်းတွေဆက်တိုက်ထွက်ကျလာတော့သည်။

" ပုံပမာ. . . ခင်ဗျားလာစမ်းပါဦး ဒီကို. . . "

ဒေါ်မန်းဈေးဝယ်လာသည့် ဆွဲခြင်းကိုတစ်ခုစီဆွဲထုတ် သည့်ပုံပမာ့ နားကိုနေတံခါးရောက်လာကာ လက်ဖျားလေးကိုဆွဲခေ သွား၍ နောက်ဖေးလှေခါးအဆင်းလေးမှာရပ်၏။

ကိုကြီးစိတ်တွေကပြန်လာပြီးကတည်းက ပုံပမာရှောင်နေ တာ။

ကိုကြီးကလည်း ရောက်တယ်ဆို လည်ပင်းကိုတန်းကြည့် မျက်နှာတင်းသွားခဲ့ပြီး စကားခပ်ဟက်ဟက်မပြောခဲ့တော့ပေ။

ထို့ကြောင့် သူတန်းကိုယ်တန်းနှင့် ခပ်စိမ်းစိမ်းတွေနေ





ကြတာကြာပြီ။

ပုံပမာ ကိုကြီးကိုထိတ်လန့်သလိုလေးမော့ကြည့်ကာ ဘာမှ ည်းမမေးရဲ။

နေတံခါးက ပုံပမာလက်ကလေးကိုလွှတ်ကာ ဒေါသမကင်း ည့်မျက်ဝန်းများနှင့် ခြေဆုံးခေါင်းဆုံးကြည့်၍

" ခင်ဗျားက ဘယ်အချိုးပြောင်းနေတာလဲ ပြောစမ်းပါဦး"

" ပုံ. . . ပုံပမာ ဘာလုပ်လို့လဲကိုကြီး "

" ဟင် ဘာမှမလုပ်မိဘူး ဟုတ်လား ခင်ဗျား အပြစ်မရှိဘူး "

မြင့်မားသော အရပ်ကြီးနှင့် ပုံပမာမျက်နှာကိုငုံ့ကိုင်း၍ သေ ကြည့်လိုက်ပြီး

" ဘယ်မှာလဲ ငါပေးထားတဲ့ဆွဲကြိုး မင်း မင်း ငါပေးသမျှ ဒင်စောင့်ပြီးလွှင့်ပစ်နေသလား ပုံပမာ ပြောစမ်း ပေးလိုက်တိုင်း တော့မှမရှိဘူး အခု ဘယ်ရောက်သွားပြန်ပြီလဲ လွှင့်ပစ်လိုက် ပျောက်သွားသလား ပျောက်တယ်ဆိုတာ ငါမယုံဘူး မင်း ပစ်သလဲပြော ငါ ဒေါသဖြစ်လွန်းလို့ မင်းကိုစကားမပြောတာ ပြောမိရင် လက်ပါတော့မှာ "

ပုံပမာ မျက်ရည်လေးတွေဝေ့လယ်လာကာ မျက်နှာကိုငုံ့ က်၏။

" ရိုက်. . . ရိုက်လိုက်ပါကိုကြီးရယ် ပုံပမာ့ကိုရိုက်ပါ "



www.burmeseclassic.com

www.burmeseclassic.com



" ငါ မင်းကိုရိုက်ချင်တာ မဟုတ်ဘူး ဆွဲကြိုးဘယ်ရောက်
သွားသလဲလို့မေးနေတာ "

ပုံပမာ နှုတ်ခမ်းလေးကိုကိုက်၍ စိတ်ကိုတင်းသည်။

ဒီပါးပြင်ပေါ်မှာ လက်ခါးရာတွေချည်းပါပဲကိုကြီးရယ်
ကြိုးဆွဲမိလို့ရိုက်ခံရတယ် မရှိတော့လို့ ကိုကြီးရိုက်တယ်ဆိုလည်း
ရိုက်လိုက်ပါတော့။

ပုံပမာ ကိုကြီးမျက်နှာကို ရဲရဲတင်းတင်းမော့ကြည့်ကာ

" တကယ်ပျောက်သွားတာပါ ကိုကြီးရယ် ပုံပမာလေး...

" ဘာ. . . ငါ တယ်. . . "

" သား. . . "

နေတံခါးလက်ရွယ်လိုက်လျှင် ကြီးငယ် နောက်မှေးဘက်
ကမန်းကတန်းပြေးထွက်လာ၏။

" ပုံပမာ့ကိုမရိုက်ပါနဲ့သားရယ် အဲ့. . . အဲ့ဒီဆွဲကြိုးပျောက်
တာ ကြီးငယ်ကြောင့်ပါ ကြီးငယ်ယူကြည့်ရင်းနဲ့ ကြီးငယ်လက်ထဲ
နေပျောက်တာ. . . "

နေတံခါး မြှောက်ထားသည့် လက်ကိုပြန်ချ၍ ကြီးငယ့်မျက်
နှာကို စူးစမ်းလိုကြည့်သည်။

" ကျွန်တော်ဒေါသဖြစ်တာ ဒီတစ်ခါတည်းမဟုတ်
ကြီးငယ် ပစ္စည်းကိုနှမြောလို့လည်းမဟုတ်ဘူး သူ့ကိုဝယ်ပေး
နှစ်ခါရှိပြီ ဒီကိုရောက်ကာစက တစ်ခါ အခုတစ်ခါ ဝယ်ပေးပြီးတော





ဘူး ပျောက်တယ်ဆိုတာချည်းပဲ ပျောက်တယ်ဆိုတာက နောက်
နေမကူးခင်ပဲပျောက်ပျောက်သွားတာ ဘာသဘောလဲ ကျွန်တော်
တော့ဘူး အဲ့ဒါ သူဘာလုပ်ပစ်တာလဲ "

ပုံပမာ မျက်ရည်ပေါက်ပေါက်ကျနေသော်လည်း ရှိုက်သံမ
ဘဲ အံကြိတ်ထား၏။ အရင်တစ်ကြိမ် ဝယ်ပေးခဲ့သေးသည်ဆို
အခါ ကြီးငယ် အံ့သြသွားမိလေသည်။

ဒါလည်း ဒီကောင်မလေး ထုတ်မဆွဲရဲရှာလို့ဖြစ်မှာပါ။
ရင်ထဲမှာမကောင်းနိုင်ပေမယ့် ဒီအဖြစ်တွေကို သူထုတ်ပြော
ည်းမဖြစ်ပြန်။

အားလုံးသိသွားလျှင် နေတံခါးက ဘယ်လိုမှငြိမ်နေမှာမဟုတ်
မကြီးနှင့် ထိပ်တိုက်တွေ့ဖို့တွေဖြစ်လာတော့မည်။

မိဘဆိုသည့် ကရုဏာဟာ သားသမီးအပေါ် မေတ္တာလွှမ်းကဲ
လျှင် လူကြမ်းကြီးဖြစ်လာတတ်ကြသော်ငြား သားသမီးအတွက်က
တွေသာဖြစ်၏။

မမကြီး လုပ်ရပ်တွေနေရာမကျတာကိုသိပေမယ့် သားလေး
၍ ဖြစ်ရတာမို့ကြီးငယ် မပြောရက်ဘဲဖြစ်ခဲ့ရသည်။

ပုံပမာလေးအဖြစ်ကို သူစိတ်မကောင်းသည့်တိုင် ကိုယ့်ပေါင်
ထောင်းသလို သားနဲ့ မမကြီးရဲ့ကြားမှာ ပြဿနာအခင်း
မို့။

" တော်ပါတော့သားရယ် ပုံပမာမှာအပြစ်မရှိပါဘူး ဟိုတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကလေးဆိုတော့ အထားအသိမှားတာဖြစ်မှာပေါ့ကွ
သူ့ခမျာ သားကိုအားကိုးနေရတာ ဆူဟယ်ရိုက်ဟယ်မလုပ်ပါနဲ့

ကြီးငယ်ဆွဲခေါ်လာသဖြင့် ပုံပမာပါလာခဲ့ရသော်လည်း ကို
ရဲ့အရိုက်ကိုခံယူချင်သည့် ဆန္ဒကရှိနေခဲ့သည်။

ကိုကြီးရိုက်လိုက်ပါစေဟုလည်း ဆုတောင်းမိ၏။

ဒါဟာ ဘာ့ဖြစ်လို့ဆန္ဒတွေဖြစ်ခဲ့မှန်းမသိပါ သေချာသည်
ကိုကြီး၏ဒေါသတွေကို ပုံပမာစိတ်မဆိုးခဲ့ခြင်းပင်။

✿ ❀ ❀

" ပုံပမာ "

" ရှင် "

" လာဦး. . . ခဏ "

ပုံပမာ အခန်းထဲကထွက်လာတော့ နေတံခါးက လက်
မှာကိုင်ထားသည့် နက်ပြောင်နေသော ကော်ပုတီးကုံးလေးတွေ
အတွဲလိုက်ခေါင်းကနေစွတ်ချပေးလိုက်ကာ

" ဒါတော့ပျောက်မှာမဟုတ်ပါဘူး အားလုံး ဆယ့်နှစ်
ရှိတယ် အတွဲလိုက်ဆိုတော့ လွှင့်ပစ်ချင်တယ်ဆိုလည်း အတွဲလိုက်
သာ ပစ်လိုက်. . . "

" လုလိုက်တာ ကိုကြီးရယ်. . . ကျောက်လေးတွေကျနေ
ပဲ "





ကြည့်စမ်း ရွှေပေးတော့ မျက်စိပျက်မျက်နာပျက်။

ကော်ပုတီးကုံးကျတော့ ဝမ်းသာအားရ တယုတယ။

ဒီကောင်မလေး ဘာလေးလဲ။

နေတံခါးမျက်မှောင်ကြီးကုတ်ထားတာကို ပုံပမာ ဂရုမစိုက်
ပုတီးလေးတွေကို ငုံ့ကြည့်ကိုင်ကြည့်နှင့် မထိရက်မတို့ရက်ဖြစ်နေ
သည်။

သူမြင်ချင်တာက ကိုယ်ပေးလိုက်တာကို အဲဒီလို မက်မက်
မော တန်ဖိုးထားပြီးလက်ခံတာကိုပါ လှကိုပညာနဲ့အရောင်တင်
သို့ ရွှေရောင်နဲ့လှကိုပို၍ထည်ဝါစေချင်တာ။

ရွှေကိုကျတော့ ဒီကလေးမ မမက်မောဘူးတဲ့လား. . .

ဒါကြောင့် ပစ်ခတ်ထိုးကြိတ်ထား၍ ပျောက်ရှကုန်တာလား။

မဟုတ်ပါဘူး ရွှေရဲ့တန်ဖိုးကိုဒီအရွယ်ထိ တန်ဖိုးထားရကောင်း
သိဘူးဆိုတာ မဖြစ်နိုင်။

ကော်ပုတီးလေးကို မြတ်နိုးနေသည့် ပုံပမာ့ကိုကြည့်၍ သူ့
မှာ အမြဲရှုပ်ထွေးနေခဲ့သည့် ဆွဲကြိုးကိစ္စက အစပြန်ပေါ်လာ
သည်။

တကယ်ဆို ကော်ပုတီးနဲ့ပဲတန်တယ် ဒါပဲဆွဲဆိုပြီး ဒီကောင်
စိတ်ဆင်းရဲသွားအောင် သူတမင်ဝယ်လာခဲ့တာ။

ခုကျတော့ မယ်မင်းကြီးမလေးက

" ကိုကြီး ဒါလေးက ဘယ်လောက်ပေးရလဲဟင် "



www.burmeseclassic.com

www.burmeseclassic.com



" ထောင့်ငါးရာ. . ."

" ဟယ် . . . ထောင့်ငါးရာ "

" ဘာလဲ တန်ဖိုးကြီးတယ်ဆိုပြီး လွှင့်ပစ်လိုက်ဖို့စိတ်
ပြီလား "

" ကိုကြီးရယ်. . ."

ပုံပမာက ဆွဲကြိုးလေးကိုဆုပ်ကိုင်ရင်း မျက်နှာလေး
သွားေ၏။

" ကဲ. . . အကျီလဲခဲ့ ဘိုးဘိုးတို့အိမ်သွားရအောင်
အောက်ကစောင့်နေမယ် "

" ဟုတ် "

ခါတိုင်းဆို မျက်နှာတည်တည်လေးနှင့် ကြီးငယ်ခိုင်းထား
ကြီးမေခိုင်းထားလို့ စာကြည့်နေလို့စသော အကြောင်းအမျိုးမျိုး
ရှောင်ဖယ်နေတတ်သည့်ပုံပမာက ခုတော့ ချက်ချင်းခေါင်းညိတ်

သူသိပ်ကြာကြာမစောင့်လိုက်ရဘဲ ပုံပမာဆင်းလာ၏

ဖြူစွတ်စွတ်ပေါ်တွင် သနပ်ခါးရောင် ဝါကျန့်ကျန့်
အခက်လေးတွေ ကျိုးတို့ကျဲတဲပါသော ထမီစကတ်အကျပ်လေး
အပေါ်က ကိုယ်ကျပ်ဆွယ်တာအဖြူလက်စကလေးကို ဝတ်ထွက်
သည့် ပုံပမာ၏ မို့မောက်တွဲဝိုင်းသော ကိုယ်လုံးလှလှလေး
ရင်ညွှန့်အောက်ဖျား၌ လှုပ်ခါနေသည့် ပုတီးတွဲအနက်လေး
ထင်းထင်းလေးဖြစ်ကာ လှချင်တိုင်းလှနေ၏။





ဘေးနှစ်ဘက် ဆံစတချို့ကို ထိပ်ဆံပင်နှင့်ရော၍ နောက်မှာ
ကလစ်သေးသေးလေးနဲ့ ဖိညှပ်ထားတော့ မျက်နှာလေးက
တိုင်းလိုမဟုတ်ဘဲ လူကြီးပုံလေးပေါက်လျက် ကြည့်လို့မဝနိုင်။

နေတံခါးသတိလက်လွှတ်ငေးကြည့်နေပြီးမှ ဖျတ်ခနဲမျက်နှာ
တာ နေရာမှထရပ်လိုက်မိသည်။ နီးချောင်နီးဝှက်ကိုယ့်အပြစ်ကို
လဲတာလား ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာ ပူနွေးရှိန်းမြနေ၏။

ကားပေါ်ရောက်တော့လည်း ပုံပမာ့မျက်နှာလေးကိုပဲ သူခိုးခိုး
ည့်ဖြစ်သည်။

ခုတလောမှာ တစိမ်းတွေလိုဖြစ်ခဲ့ရသည်က တစ်ကိုယ်လုံးမှာ
ခစ်လောင်းထားသကဲ့သို့ သူဘာဖြစ်လို့ရင်ခုန်သံမြန်နေရတာလဲ

ကားမောင်းရင်း နေတံခါး ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ရင်း
ပြင်းတချချဖြစ်နေမိ၏။

" ကိုကြီး "

" ဟင်. . ."

" ဘိုးဘိုးတို့အိမ် ဘာသွားလုပ်မှာလဲဟင် "

" ဘာလုပ်လုပ်ကွာ. . ."

လှည့်မကြည့်ဘဲပြောတော့ ပုံပမာ သူ့ကိုအတန်ကြာစိုက်
နေကာ

" ကိုကြီး "

" ဘာလဲကွာ "



www.burmeseclassic.com

www.burmeseclassic.com



" ကိုကြီးကို ကြီးမေတို့က အိမ်ထောင်ချပေးတော့မယ်
ဆို "

" ဘာဖြစ်လဲ အဲဒါ . . . "

" ဘာမှမဖြစ်ပါဘူး "

မျက်လွှာချသွားရှာသည့်ပုံပမာကို မှန်ထဲကနေ သူအမိအမ
လိုက်ကြည့်မိ၏။

ပုံပမာ့ရင်ထဲမှာ ဘာရှိသလဲ . . .

သူသိချင်နေမိသည် မရိုးသားတာဟာ ဖေါက်ပြန်ချင်လာ
မဟုတ်ဘူး ငါမဖေါက်ပြန်သင့်ဘူး။

ပုံပမာကို ငါစေတနာ သန့်သန့်နဲ့မွေးစားခဲ့တာပဲ

" ဟယ် . . . ကိုကြီး ကိုကြီး အား "

ရှေ့မှာကွေ့ပတ်ကျော်တတ်လာသည့် ဒိုင်နာကားတစ်စီးနှ
ဦးချင်းဆိုင်လိုက်မိသဖြင့် ပုံပမာအသံကုန်အော်ကာ နေတံခါ
ပခုံးနောက်မှာ မျက်နှာလေးကိုကွယ်ပစ်လိုက်၏။

" ဟာ "

" ကျွိ "

ကားနှစ်စီးက ပွတ်ကပ်လွတ်ထွက်သွား၏။

ကံကောင်းလို့မသေတာပါလား ပုံပမာမျက်နှာတော်ထော်
နှင့်မဖော်ရဲ

" ဘာမှမဖြစ်ပါဘူး မယ်မင်းကြီးမလေး မျက်လုံးလေးဖ





ွင့်ကြည့်ပါဦး "

သူ့အသံကြားမှ ပတ်ဝန်းကျင်ကိုခေါင်းထောင်ကြည့်ကာ

" တော်သေးတာပေါ့ကိုကြီးရယ် ပုံပမာဖြင့် သွားပြီထင်
တာ "

" သွားတော့လည်း ကောင်းတာပဲ "

" ဟင် . . . ပုံပမာ့ကို သွားစေချင်တာလားဟင် "

နေတံခါးက ကားကိုမှန်မှန်လေးမောင်းနေရင်း ခပ်စူးစူး
ည့်ကြည့်ကာ

" ကားပေါ်မှာနှစ်ယောက်အတူရှိမှတော့ မင်းကိုပဲကွက်သေ
ို့ရမလားကွ . . . "

"ကိုကြီးက ဘာဖြစ်လို့သေချင်နေတာလဲ "

" သေချင်ပါတယ်ဆို မရှင်ချင်လို့ပေါ့ "

" ကိုကြီးကလည်း "

ပုံပမာ မျက်နှာလေးပြုံးကြည်သွားတာကို ငဲ့ကြည့်၍ သူပါ
ိက်မိသည်။

ဒီကောင်မလေး ခုလိုပြုံးပြုံးရယ်ရယ်မရှိခဲ့တာ ကြာပြီပဲ
တခဏ သူ့ရင်ထဲမှာ ချမ်းမြေ့သွားသည့်အဖြစ်ဟာ ပုံပမာ
ကြောင့်ဖြစ်တည်ခဲ့သည်ဆိုလျှင် ထိုချမ်းမြေ့ခြင်းဟာ . . .

❀ ❀ ❀ ❀ ❀

" ဟော . . . မြေးလေးပါလား အတော်ပဲဟေ့ မင်းအဘွား



www.burmeseclassic.com

www.burmeseclassic.com



ကလည်းမျှော်နေတာနဲ့ "

" ဘယ်သူလဲ မြေးလေးရောက်လာသလား "

ဘိုးဘိုးက တံခါးဝမှဆီးကြိုသလို ဘွားဘွားက အိမ်ထဲ... ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးကို သယ်ဆောင်၍ ခြေလှမ်းသွက်သွက်... ထွက်လာ၏။

" ဟောဒီမှာ မြေးလေးကော မြေးမကောပါဗျာ မင်းအဘွား... က ဒီနေ့ကြာဇံချက်ချက်တယ်ကွ လူလေးမလာရင် ပို့နိုင်းတော့မှာ "

" ဟုတ်လား ဒါဆို ကျွန်တော်စားရကံကြုံတာပေါ့ "

" အဝသာစားကြပေတော့ မြေးရေ လာ...လာ... သမီးလေး "

ပုံပမာလည်း နှစ်ခေါက်သုံးခေါက်ပါလာဖူးသဖြင့် ဘွားတို့... သိနေကြသည်။

"ကြည့်စမ်းပါဦး သမီးလေးက ထွားလာလိုက်တာ လှလို... တာလည်း မပြောပါနဲ့တော့ ဖြူဖွေးအိစက်နေတာပဲ "

ထမင်းစားပွဲမှာ ဝိုင်းထိုင်မိကြတော့ ဘွားက ပုံပမာ့ပခုံးလေး... ကိုဖက်၍ အားပါးတရပြော၏။

" ဘွားဘွားက ကျွန်တော့်ကိုကျတော့ ချောလာတယ်... မပြောဘူး "

" ချောပါ့တော် ချောပါ့ ကျုပ်မြေးကြီးကမချောဘဲနေ... မလား မင်းတို့နှစ်ယောက်က ဖြတ်ခနဲကြည့်ရင် အသက်ကွာတယ်... တောင်မထင်ရဘူး အရွယ်လေးတွေညီပြီး သိပ်လိုက်တာ "





" ဟာ ဘွားဘွားကလည်း "

မထင်မှတ်ဘဲ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကာ ...မာ မျက်နှာလေးလွှဲသွား၏။

" အမေကြီးတို့ကတော့ ကလေးတွေကို ပြောတော့မယ်ကွာ ...ဟား...ဟား...ဟား "

ဘိုးဘိုးကတော့ ရယ်၍သာနေ၏။

ဘွားဘွားက ဘာမှမဖြစ်သလို ကြာဇံအိုးသွားဖွင့်တော့ ပုံပမာ ...လိုက်သွား၍ ကူလုပ်ပေးသည်။

ဘိုးဘိုးက ပုံပမာကို ခေါင်းညိတ်ငေးကြည့်ကာ...

" ဒီထက်သန့်စင်တာတောင် ဒီလောက်မသန့်စင်ဘူး မြေး ...နဲ့... "

" ဗျာ...ဘိုးဘိုး ဘာကိုပြောတာလဲ "

ဘိုးဘိုးက မျက်နှာကို တည်ငြိမ်အောင် ပြုပြင်လိုက်ကာ

" အမွေလွှဲပေးဖို့က ဘိုးဘိုးတို့မှာ လွှဲပေးစရာ ကျွန်တော် ...ယောက်ပဲရှိနေတာ မဟုတ်လား ကျွန်တော့်မှာလည်း အဘိုးအဘွား ...လို ဘိုးဘိုးတို့ပဲရှိတာ ကျွန်တော်လည်းရှိနေတယ် ဘာဖြစ်လဲ ...ဒါလောက် အရေးကြီး နေလို့လား "

ဘွားဘွားက နောက်ဘက်ကို သမင်လည်ပြန်လှည့်ကြည့်... ...ပြီး...

" ကြီးပြီလားမြေးရယ် လူကမသေသေးပေမယ့် မသေမှာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ဒီလကုန်ရင်ပဲ ဘွားဘွားတို့ ဗုဒ္ဓဂါယာကို ဘုရားဖူးသွားကြမယ်၊ ပြီးရင် ဟိုမှာပဲ မြေးအဘိုးကို ကျန်းမာရေးစစ်ရင်းနဲ့ စိတ်ပြေလက်ပျောက် နိုင်ငံခြားခရီးစဉ်တွေ လှည့်ဖို့ရှိတယ်၊ မြေးဘိုးဘိုးက ဘာမှမလုပ်ကိုင်နိုင်တော့ဘူးလေ. . . သူ့အလုပ်တွေကို ဘွားဘွားလည်း မကူနိုင်ဘူး. . . ခုဆို အဝေးပြေးဆွဲနေတဲ့ ကားတွေအားလုံးကို ပြန်သိမ်းထားလိုက်ရတယ် ဒရိုင်ဘာတွေက စိတ်မချရ၊ ကိုယ်ကလည်း မလိုက်နိုင်. . ."

" ဟုတ်တယ်မြေး တကယ်ဆို ဒါတွေမြေးက ဦးစီးရမှာ မြေးကျတော့ စာရေးတာကလွဲပြီး ဘာကိုမှ စိတ်မဝင်စား. . . အခေါ်လုပ်သူတွေက သည်းသည်းလှုပ်နဲ့ အထိမခံ မြေးလေးကို ချစ်လွန်းလို့သာ ဘိုးဘိုးတို့ စိတ်လျှော့နေရတာ ကိုယ့်မြေးလေးကို ခေါ်ချင်တာပဲ "

ဘိုးဘိုးထံမှ ရင်နာသံတွေထွက်လာ၏။

ဤသည်တို့ကို ပုံပမာကြားကာ ကိုကြီးဘဝကို အားကျစိတ်တွေ ဖြစ်နေမိလေသည်။

ချစ်ကြသူတွေက ဝိုင်းဝိုင်းလည် အမွေပေးချင်သည့် သူက တိုကင်နဲ့ စောင့်နေရသည့်အဖြစ်။

" ဘိုးဘိုးတို့သာ ခရီးသွားရင်း တစ်ပြည်တစ်ရွာမှာ သေကြေကုန်ကြရင် ဒီကိစ္စတွေက ခက်မယ် မင်းအဘွားက ဆွေမျိုး တချို့ ရှိနေသေးတယ်လေ သူတို့က ဓာတ်ရှုပ်ဖို့တွေ ရှိတယ်ကွယ် ဒါကြောင့်





[illegible]ကို သူတို့က အိမ်ထောင်ချပေးမှာလား ဘိုးဘိုးတို့က ပေးစားရမှာ[illegible] "

" လုပ်ပြီ ဘိုးဘိုးတို့က "

" လုပ်ပြီ မပြောနဲ့လေ ဘိုးဘိုးကတော့ မြေးအတွက်ကို [illegible]ထားပြီးသားပါ၊ ရွှေငွေစည်းစိမ်ဆိုတာ နှစ်သက်ဆာ ဘယ်သူမှ [illegible]သွားလို့မရဘူး. . . မြေးအတွက် နှစ်ဖက်မိဘအမွေနဲ့ တစ်သက်[illegible]င် စားမကုန်တဲ့ဟာ ချမ်းသာတဲ့ မိန်းမမလိုပါဘူးကွာ. . ."

ဘိုးဘိုးက ကြာဖံချက်ပန်းကန်တွေချပေးနေသည့် ပုံပမာကို [illegible]ကြည့်လိုက်ပြီး. . .

" ယောက်ျားဆိုတာ ဦးစီးဦးဆောင်ပြုရမှာပဲ မိန်းမဆိုတာ [illegible]ည့်ဖို့ ခေတ်ကြီးဘယ်လောက်ပဲတိုးတက်တိုးတက် မိန်းမချက်တဲ့ [illegible]ဟင်းကို မစားချင်တဲ့ယောက်ျားဘယ်သူရှိသလဲ "

" ဟုတ်တယ် မြေးရေ ဇနီးမယားဆိုတာ စည်းစိမ်ပေါ်ဖို့ [illegible]. . . မြင့်မြတ်တဲ့စိတ်ထားရှိဖို့ပဲလိုတာ စိတ်ဓါတ်၊ စည်းကမ်း၊ [illegible] ဒီသုံးခုပဲလိုတာပါ "

ဘွားဘွားက ဝင်ပြောပြန်သည်။

လေးယောက်စားပွဲမှာ ဝိုင်းထိုင်မိကြပြန်တော့ ပုံပမာနဲ့ [illegible]လုံးချင်းဆုံမိကြပြန်သည် ပြုံးတူပဲ ကမန်းကတန်း မျက်နှာလွှဲ[illegible]မိကြ၏။

" ဘိုးဘိုးသဘောကတော့ ကိုယ့်သဘောကို ကောင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



နာခံပြီး ကိုယ့်အပေါ်ကြည့်နိုင်မည့် မိန်းကလေးကိုသာ မြေးကို ရစေချင်တယ်၊ ငါးမှာငါးသလောက်မယားမှာ ဆံတောက်တဲ့ ယောက်ျားနဲ့ မိန်းမ. . . မိန်းမကလယ်တာ သဘာဝကျတဲ့အဖြစ်ပဲ. . ."

" အဟွတ်. . . အဟွတ်. . . အဟွတ် "

" မြေး "

" ကိုကြီး "

ကြာဇံချက်တွေ ဘယ်ကဘယ်လို လမ်းကြောင်းတွေမှားဝင်ကုန်မှန်းမသိ။

နေတံခါး ပိုးစိုးပက်စက်ကြီး သီးသွားကာ ဘယ်လိုမှ ဆက်စားနိုင်တော့သည့် အဖြစ်. . .

" အဘိုးကလည်း ကလေးစားသောက်နေတာကို စကားမပြတ်ဘဲကိုး "

" ဟော. . . ငါပြောနေတာကို သူကနားထောင်ရတာ နားမသီးဘဲ ပါးစပ်က သီးရသလား. . . သီးချင်သီး ကျူပ်ကသီးတာ ဟုတ်တုတ်တုတ် ဟား. . . ဟား. . ဟာ "

" ခစ်. . . ခစ်. . ခစ် "

ပုံပမာလိုက်ရယ်တော့ နေတံခါးက မျက်နှာကြီးနီတွတ်နေရာမှ ပြုံးလိုက်မိလျက် ပုံပမာနဖူးကိုပါ လှမ်းထုသည်။

ငှက်ပျောသီးခွဲနွှာပေးနေရင်း ပုံပမာက နှုတ်ခမ်းလေးကိုစူ၍ ရယ်၏။





ဆက်၍လည်း ဘယ်သူမှ မစားဖြစ်တော့ဘဲ ညှော်ခန်းမှာ အေးလိုင်မိကြကာ. . .

" ကဲ ငါ့မြေး ဒုက္ခရောက်သွားတာကို စိတ်မကောင်းတဲ့ အထိမ်းအမှတ်နဲ့ ဟိုဘက်မှာ ပန်းပွက်နေတာကို သွားကြည့်ပေးစမ်းပါ ဟယ်. . . လောင်များသွားလား မသိပါဘူး. . ."

" ကလေးကို နိုင်းပြန်ပြီ အဘိုးအိုက. . ."

" မင်းပဲ နိုင်းဆို "

" ပြောမိလို့လား "

" ခစ် ခစ် ခစ် "

ဘိုးဘိုးတို့နှစ်ယောက်တည်းနေသည့် အိမ်ကြီးက အေးချမ်းလှပါဘိ။

လောဘ သက္ကာယ နည်းကြည့်သည့်အလျှောက် ပြောသမျှ စကားတွေထဲမှာ ပူလောင်ခြင်းကင်း၏။

ဒီရောက်မှ ပုံပမာ အားလုံးကို မေ့လျော့ကာ မျက်နှာလေး ကျေနပ်ပြည့်နေ၏။

" ဟော. . . ထသွားပြီ ဟိုအောက်မှာ ပစ္စည်းသေတ္တာလေး ရှိတယ် သမီး အဲဒါလေးယူပြီး သမီးအစ်ကို နောက်ကလိုက်သွားလိုက် နော်. . ."

" ဟုတ်ကဲ့ "

ပုံပမာ ရေခဲသေတ္တာဘေးမှာ အဆင်သင့်ချထားသည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေသာသာခန့် သစ်သားသေတ္တာရှည်လေးကို ကောက်ယူ၍ နေတံ နောက်ကလိုက်ခဲ့၏။

ရေစက်အိမ်လေးနားရောက်တော့ နေတံခါးက စက်ကို ပြီး ထရပ်လိုက်တာနဲ့ ကြုံ၍

" ကိုကြီးကလည်း စက်ပြင်မှာကို ဒါတွေတော့ ယူမသွား နဲ့. . . "

" ယူစရာမလိုလို့ပေါ့ကွ. . . ပန့်ဖျက်တာမဟုတ်ဘူး. . . လောင်သွားတာ. . . "

" ဟယ်. . ကိုကြီး ခစ်. . . ခစ်. . . ခစ် "

သူ့မျက်နှာကို လက်ညှိုးလေးထိုး၍ ပခုံးလေးတွေ လှုပ်အောင်ပုံပမာရယ်နေတော့ နေတံခါး သူ့မျက်နှာကို သူမလုံမလဲ ဟိုပွက် ဒီပွက် ပွက်လေရာ. . .

" ဟယ်. . . ပိုဆိုးကုန်ပြီ ခစ် ခစ် ခစ် နေဦး ကိုကြီး စက်ဆီတွေ ဒီမှာ ခစ်. . . ခစ် "

ပုံပမာက ရယ်လျက် ကိုင်ထားသည့် တစ်ရှူးစလေး လုံးထပ်၍

" နည်းနည်းငုံ့ ကိုကြီး ပုံပမာ ဖျက်ပေးမယ် "

စလစ်ပါ ဖိနပ်ကိုသာ စီးတတ်ခဲ့သော ပုံပမာ အရပ် မြင့်ပေမယ့် ကိုကြီးကိုတော့မမှီပါ။ကိုကြီး မျက်နှာနဲ့ ဝေးသော်လည်း မေးစေ့နားမှာ စက်ဆီတွေ ပေနေသဖြင့် အားလိုအားမရဖြစ်





ဘယ်လက်နဲ့ ကိုကြီးလည်ပင်းကို ဖွဖွလေးလှမ်းဖက်၍ ညာလက်နဲ့ သုတ်ပေးလိုက်၏။

မျက်နှာနှစ်ခုသည် နီးကပ်လျက် ရှုန်းလှဲ့ရှိဝေကာ ငေးမော နေသဖြင့် မျက်ဝန်းတွေကို သတိထားမိသွားသောအခါ ပုံပမာ ဘက်ကလေးရပ်တန့်သွားပြီး ရင်ထဲမှာ တလှပ်လှပ် တဒိန်းဒိန်း ခေါင့် ခုန်လာသည်။

နေတံခါးသည် ပုံပမာ မျက်နှာလေးကို ငေးစိုက်ကြည့်နေရင်း သေးကျဉ်းသော ခါးလေးကို ဖွဖွလေးသိုင်းဖက်လာ၏။

ပတ်ဝန်းကျင်သည် ရင်ခုန်သံများမှအပ တိတ်ဆိတ်ငြိမ်သက် နေကာ ငုံ့ကျလာသော နေတံခါး နှုတ်ခမ်းအစုံက နှင်းဆီဖူးလေးလို ရွှန်းစိုအိနေသည့် ပုံပမာနှုတ်ခမ်းထက်သို့ ခိုနားလုလုတွင်

" ကလေးရယ်. . . "

နေတံခါး မျက်နှာကို လွှဲပစ်လိုက်ပြီး ပုံပမာကိုယ်လုံးလေးကို လွတ်ထွက်သွားမှာစိုးသည့်အတွက် တင်းတင်းကျုပ်ကျုပ်ပွေ့ဖက်ထား လိုက်၏။

ပုံပမာသည် ကိုကြီးရင်ခွင်ကျယ်ကို ခိုဝှက်ရှိုက်နမ်းမိလျက် ပြန်လည်ဖက်တွယ်ထားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



" ပုံပမာရယ်. . . ငါ. . ငါဒုက္ခရောက်နေပြီ သိလား မင်း
ငါ. . . "

ကိုကြီးထံမှ စကားသံဆက်လက်ထွက်လာသော်လည်း
ပွေ့ဖက်ထားခြင်းက ပြေလျော့မသွားဘဲ နှစ်သက်မြတ်နိုးလှစွာ. . .

❀ ❀ ❀ ❀ ❀



## အခန်း (၁၀)

" လက်ထပ်ဖို့ ပြောတိုင်း သား ဘယ်တုန်းက ခေါင်းညိတ်ခဲ့
သဲ အခုဆို အသက်လည်း သုံးဆယ်ကျော် နေပြီ. . . သင့်တော်တဲ့
ကလေးလည်း တွေ့နေပြီ ဘာဖြစ်လို့ လက်မထပ်နိုင်ပါဘူး
နေရတာလဲ သား. . . ဟင် "

" သင့်တော်တာ မြင်တိုင်း ယူလို့ရမလား ကြီးမေကြီးရာ
ယ်တစ်သက်လုံး ပေါင်းသွားရမယ့် မိန်းမ. . . လူကြီးက သင့်တော်
ယ်ဆိုတာနဲ့ပဲ ဘယ်လိုလုပ် လက်ထပ်ရမလဲ ကြီးမေကြီးတို့က
င့်တော်တာပဲမြင်တာ ပေါင်းရမှာက ကျွန်တော် "

" နေပါဦး. . . ရှပ်ကလေးကလည်း ချောမှချော ပညာ
ည်း မဟာသိပ္ပံဘွဲ့ထပ်ယူထားသေးတယ် အဖေက ဒေါက်တာ
က စိန်ကုန်သည် ဒါကို ဘာဖြစ်လို့ လက်မထပ်ချင်ရတာလဲ"

" အဲဒါတွေနဲ့ လက်ထပ်တာက ဘာမှမှ မဆိုင်တာ "

ကြီးမေကြီး မျက်လုံးတွေက ရှုံ့ရဲလာသည်။ ခပ်လှမ်းလှမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာတွေလဲနေသည့် ပုံပမာထံ မကြာခဏရောက်၍ နှုတ်ခမ်းတွေ မသိမသာစေ့သွား၏။

ကြီးလတ်ကတော့ မာလကာသီးလုံးကြီးတစ်လုံးကို လှလှပ လေးဖြစ်အောင် အခွံခွာကာ အစိပ်လေးတွေလုပ်နေပြီး နေတံခါးလက် ထဲထည့်ပေးနေသည်။

ကြီးငယ်က ဒရင်းဘတ်ဒ်ပေါ်မှာ စာအုပ်တစ်အုပ်နှင့် ခပ်လျောလျောလှဲနေသော်လည်း စာကိုလည်းမဖတ်ဖြစ်ဘဲ သားမျက်နှာ ကိုသာ မကြာခဏလှမ်းကြည့်နေ၏။

" ဒါဆိုလည်း ပြောပါဦး သားကဘာနဲ့ဆိုမှ လက်ထပ်ချင်တာ လဲ "

နေတံခါးက မာလကာသီးစိပ်ကို ပါးစပ်ထဲ တစ်ဖဲ့ကိုက် လိုက်သည်။

" ကျွန်တော် ချစ်လို့ ကိုယ်တိုင်ရွေးချယ်လိုက်တာမျိုးကိုပဲ လိုချင်တယ် "

" လုံးဝမဖြစ်ဘူးသား. . . မင်းအရွယ်ရောက်ပြီဆိုပေမယ့် ဒီလောက်ထိတော့ မရင့်ကျက်သေးပါဘူး. . . မိန်းမတစ်ယောက်ဟာ အဆင်းလေးတင့်တယ်နေရုံနဲ့ မပြီးဘူး. . . မိဘမျိုးရိုး. . . ဆွေဂုဏ် မျိုးဂုဏ် သူ့ရဲ့ အရည်အချင်းအများကြီးပဲလိုတယ် ကိုယ်က မဟုတ်တာ ဆုံးဖြတ်မိရင် မွေးလာတဲ့ သားသမီးလေးတွေပါ မျက်နှာငယ်ရမယ် အမေက စာရေးမအဆင့်ပဲရှိရင် ကလေးက စာရေးမရဲ့သားပဲ ဖြစ်မှာ





က အိမ်ဖော်ဆိုရင် ကလေးက အိမ်ဖော်ရဲ့ သားပဲ "

ကြီးမေကြီးအသံက မလိုအပ်ဘဲ ကျယ်လောင်မာထန်နေ

" သားကို ကြီးမေကြီးတို့က ဘာအဆင့်အတန်းမှ ဖတ်ယူလို့မရတဲ့ စုတ်ပြတ်နံချာနေတာမျိုးနဲ့ ဘယ်နည်းနဲ့မှ င်းမခံနိုင်ဘူး ဒါကြောင့် သားရဲ့ အိမ်ထောင်ရေးကိုသား ကြိုက်ရွေးချယ်ဖို့ လုံးဝမပြုနိုင်တာပဲ "

ကြီးမေကြီးဘာကို ပြောချင်တာမှန်း သူသိသည်။

ရင်ထဲမှာ မခံချင်စိတ်က ထောင်းခနဲဖြစ်သွား၏။ သို့သော် ည့် အိုးက ပွင့်သည်ဟု အပြောမခံနိုင်ပါ။

ကြီးလတ်က ဟက်ခနဲ တစ်ချက်ရယ်လိုက်၍. . .

" မမကြီးက သားကို အိမ်ထောင်ချပေးချင်နေတာ တခြား င့်မဟုတ်ဘူး တစ်နှစ်ထဲနှစ်မင်္ဂလာမပြုကောင်းဘူးလေ အဲဒီ အသက်အရွယ်နဲ့ပြည့်စုံနေပြီဖြစ်တဲ့ သားကိုအရင်လက်ထပ် ချင်လို့ "

" ဗျာ. . . ဘယ်လို "

နေတံခါး မျက်နှာကို ခပ်ပြုံးပြုံးကြည့်၍ ကြီးမေကြီးက ကိုမတ်မတ်ပြင်ကာ လက်ပိုက်လိုက်ပြီးမှ

" မန္တလေးတို့က ပုံပမာကိုသူ့သားနဲ့လက်ထပ်ပေးဖို့ တောင်းဆို တယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာ "

ကျောပေးရပ်နေသည့် ပုံပမာ့ကိုယ်လေးပါ သိမ့်ခနဲ သွားကာ လှုပ်ရှားနေသမျှရပ်တန့်ကုန်တာကို သူလှမ်းမြင်လိုက်၏

ဒါကို ကြီးမေကြီးက သဘောကျသလိုရယ်လိုက်ပြီး

" ကြီးမေလက်ခံလိုက်တယ်သားရဲ့ ပုံပမာက သား ကြီးကိုကလန်ကဆန်လုပ်ပြီး ခေါင်းခါမယ့်သူမှမဟုတ်တာ "

" ဟာ အဲဒါကျွန်တော်လက်မခံနိုင်ဘူး ကြီးမေ ပုံပမာက ခုမှဆယ်တန်းဖြေမှာ ဒါအိမ်ထောင်ပြုရမယ့်အရွယ်မှမ တာ "

ကြီးမေက အားရကျေနပ်နေသည့် မျက်နှာကြီးနှင့် အ မပျက်ဘဲရှိကာ

" အသက်ကြီးမှ ကျောင်းတက်ရတဲ့သူပဲကွယ် အ အရွယ်ကတော့ အိမ်ထောင်ပြုသင့်နေပါပြီ ပြီးတော့ မနဲ့တို့က ပုံပမာသိက္ခာရှိရအောင် ကျော်လွှမ်းလည်း ဝင်ထွက်သွားလာလို့ရအေ လောလောဆယ် ကျောင်းမပြီးခင်စေ့စပ်ထားရုံပဲ တက္ကသိုလ်တွေ ဖွင့်တော့မယ်ဆိုမှ လက်ထပ်ပေးမှာတဲ့ ပုံပမာ့ကိုသူတို့ပဲ တာဝန် ကျောင်းပြီးအောင်ထားချင်ပါတယ်တဲ့ ဘွဲ့ရတဲ့အထိမစောင့်နိုင် ကျော်လွှမ်းက အသက်မငယ်တော့ဘူးလေ. . . "

" အဲဒါလည်း ကြီးမေကြီးစာနာသင့်တယ် ကျော် လောက်အရွယ်ကြီးကို ပုံပမာလက်ခံနိုင်ပါ့မလားဆိုတာ. . . "





" လက်မခံနိုင်စရာမရှိဘူးသား မိန်းကလေးဆိုတာ ယောကျ်ားလေးထက်ပိုရင့်ကျက်ရတယ် ကိုယ့်အခြေနေကိုယ်ပေါ့ အားကိုး ရတဲ့ယောကျ်ားဆို စဉ်းစားရမှာပဲ ကျော်လွှမ်းဆိုတာကလည်း ဝတ် စားတတ်တဲ့သူ အသက်လေးဆယ်ဆိုတာ ဘယ်သူမှမထင်တဲ့ သူပါ "

" အဲဒါ ပုံပမာ့ကိုပြောပြီးပြီလား "

" ပြောမှာပေါ့. . . ဆုံးဖြတ်ဖို့က ကြီးမေဆုံးဖြတ်လိုက်ရုံ ပဲတာပဲ သားသူ့ကိုခေါ်လာတာ သူ့ဘဝမြင့်မားဖို့ဆို သူကောင်း ဖို့ကို ဘာဖြစ်လို့မကြည်ဖြူနိုင်တာလဲကွယ် ကျော်လွှမ်းတို့အခြေ နေက ကြီးမေတို့ထက်မြင့်ရင်တောင် မနိမ့်လှပါဘူး "

ကြီးမေကြီးက အထဲဝင်သွားသည့် ပုံပမာ့ကျောပြင်လေးကို ကြည့်ကာ

" သူ့ဘဝကိုတွေးကြည့်စမ်း. . . မိဘမဲ့ ဆွေမျိုးမဲ့ တော ကြားက ဆင်းဆင်းရဲရဲလေး ရုပ်ကလေးလှလို့ ဒီမြို့လူက တယ်ပဲထား ဒီဖစ်မြစ်တွေပေါ်သွားရင် ကြီးမေတို့ အုပ်ထိန်းသူ မှာမိန်းပြီးထည့်လွှတ်လိုက်တယ် ဖြစ်ဦးမယ် မနဲ့တို့က သူ့ဒါကို က်ကတည်းက သိနေကြတာ အတွင်းသိ အစင်းသိ နောက် ကြောင်းသနာမှ တက်ဖို့မရှိဘူး. . . "

" ဟုတ်တယ်သားရဲ့ ကျော်လွှမ်းကလည်း ပုံပမာ့ကို ချစ်တာ တယ် ကိုယ့်ထက်လည်းအသက်ကြီးတယ် ကိုယ့်ကိုလည်းချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အစစအနွံတာခံတာပေါ့ ပြီးတော့ ဒီကိစ္စကိုကြီးလတ်တို့
လက်ခံလိုက်ရတာအကြောင်းရှိတယ် ''

အံကြိတ်ပြီး လက်သီးနှစ်ဖက်ဆုပ်ယှက်၍ ဒူးပေါ်သ
ထောက်ထိုင်နေသော နေတံခါးကိုကြီးလတ်က ပခုံးကိုသိုင်းဖက်
၏။

" မန္တလေးက ဘာပြောတယ်မှတ်လဲ ပုံပမာလေးကသိပ်လှ
ပဲတဲ့ မမျိုးတို့ကအကြီးအစည်တော့မရှိဘူးထင်ပါတယ်နော်. . . ဥယျ
မှူးဆိုတာ ပန်းမရွေးရဘူး ဘာညာနဲ့စကားစလာတာ ''

စကားရပ်၍ နေတံခါးကို အကဲခတ်နေသည်။

" ကြီးလတ်ဆို စိတ်တိုလွန်းလို့ မမကြီးက မပြောဘဲနေ
ကိုအားမရတာနဲ့ စိုးတို့သားက ဒီလိုလူမျိုးဖြစ်စရာလား နိုင်ငံ
စာရေးဆရာ နာမည်တစ်လုံးနဲ့ ဂုဏ်ဒြပ်နဲ့ ကိုယ်မွေးတဲ့ကြ
ရှိက်သတ်စားစရာအကြောင်းမရှိဘူး ခေါ်လာကတည်းက ပ
တတ်လေးဖြစ်အောင် စောင့်ရှောက်ပေးဖို့ခေါ်လာတာလို့ ပြော
လိုက်တာပေါ့ ''

ကြီးလတ် လှည့်ပတ်ချည်နေပြီမှန်း သူသိလိုက်၏။

" ကိုယ့်သားလေးကိုအထင်သေးအမြင်သေးပြောတာ
ကြီးလတ်မခံနိုင်ပါဘူး အဲဒီတော့ သူကလည်းပြောရှာပါတယ် လက်
ထားပေမယ့် ပညာရေးနဲ့ပတ်သက်ပြီး ပုံပမာတွဲ့တွေဘယ်လော
ပဲထင်ယူယူ အားလုံးခွင့်ပြုမှာပါတဲ့ ကျော်လွှမ်းအခု တစ်ခေါက် စ





ဘ ပြန်လာရင်ဇွဲစပ်ပေးပါရစေတဲ့ ''

ကြီးလတ်က ခပ်တိုးတိုးရယ်လိုက်ပြီး

" အဲဒါကြောင့် ကိုယ်ကခေါင်းခါလိုက်ရင် အပြစ်ကမလွတ်
ဘူးလေ သားရဲ့ ဟင်း. . . ဟင်း. . . ''

ကြောက်စရာကောင်းလှသည့် စကားစက်ကွင်းထဲမှာ
နေတံခါး ပြောမည့်စကားတွေထွက်ပေါက်ပိတ်ကုန်ခဲ့၏။

ရင်ထဲမှာ တင်းကျပ်နေလျက် မျက်နှာကိုဘယ်လိုမှ ဟန်
ဆောင်မထားနိုင်ဘဲ ရွာတော့မည့်မိုးနယ် ညိုမှောင်အုံ့မှိုင်းနေကာ

ဒုက္ခရောက်ကြပြီ ပုံပမာရယ်. . .

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

စာအုပ်က မျက်နှာကိုခွာ၍မော့ကြည့်လိုက်တော့ မြင်လိုက်ရသည့် မျက်နှာကြီးတစ်ခုကြောင့် စိတ်ထဲမှာ ဒေါသထောင်းခနဲဖြစ်သွားက နေရာမှထရပ်လိုက်၏။

" ပုံပမာ နေကောင်းတယ်နော် "

ပုံပမာမဖြေပါ နှုတ်ခမ်းလေးကိုတင်းနေအောင်စေ့ထားကာ ကျော်လွှမ်းမျက်နှာကိုပြန်ကြည့်လိုက်သည်။

" နေကောင်းလို့ ရှင့်ရှေ့မှာရပ်နေတာမြင်တာပေါ့ "

" တင်းလိုက်တာ ပုံပမာရယ် ရှေ့အပတ်ထဲမှာ မင်းနဲ့ စေ့စပ်တော့မှာ. . . "

" ရှင် သိပ်ကိုမျက်နှာပြောင်တဲ့လူပါလား ဦးကျော်လွှမ်း ရှင့်ကို ပုံပမာ မကြည့်ဖြူလို့ ရိုက်ပစ်ခဲ့သေးတာ မမှတ်ဘူး"

ကျော်လွှမ်းက လက်ထဲကလက်ဆောင်ပစ္စည်းတွေကို ခုံတန်းပြာလေးပေါ်လှမ်းတင်၍ ရယ်လိုက်သည်။

" သိပ်မှတ်တာပေါ့ ပုံပမာရယ် မင်းရင်ထဲမှာဘာရှိတယ်





...တာလည်း သိတာပဲ ခါးရဲ့မျက်လုံးတွေထဲကစာကိုလည်းတို့ဖတ်...တယ် အဲဒါကြောင့် ဒီပွဲကိုတို့ဝင်တာပေါ့ အခုက မင်းတို့တို့ရ... "

ပုံပမာ ဒေါသဖြစ်ရလွန်းသဖြင့် မျက်ရည်တွေဝေ့တက်လာ၏။

ဟိုနေ့က ပြောပြီးကြကတည်းက ကိုကြီးလည်း ဘယ်အချိန်...လို့ ဘယ်အချိန်ထထွက်သွားမှန်းမသိ. . .

မျက်နှာချင်းဆိုင်မိတော့လည်း ကိုယ်စီရှောင်ဖယ်သွားမိကြ...ကာ စကားပြောဖြစ်ကြသည်ဆိုတာ မရှိတော့

ကိုကြီးနဲ့ ပုံပမာရင်ထဲမှာ ကိုယ်စီမီးလောင်နေကြရတာ ဒီလူ...ကြောင့်။

" ဒေါသတွေခဏထားပြီး ဒီလက်ဆောင်တွေသွားသိမ်းလိုက်...ပြီး ပုံပမာ ပြီးရင်တို့ပြန်ရောက်တဲ့အထိမ်းအမှတ်အဖြစ် အပြင်မှာ...သွားစားရအောင် "

စေ့စပ်တော့မည့်လူတစ်ယောက်အဖြစ် သူကအပိုင်အနိုင်ခေါ်...။

" တို့ အနီတီမျိုးနဲ့ တံခါးဝမှာတွေ့တယ် ပုံပမာခြံထဲမှာ...ာနေတယ်ဆိုလို့ တစ်ခါတည်းခွင့်တောင်းခဲ့တယ် အပြင်ခဏ...သွားမယ်လို့. . . ဟဲ. . . ဟဲ "

ပုံပမာ ငြင်းတော့မည်မှန်းသိ၍ ကျော်လွှမ်းက ကြိုးမနဲ့...ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပုံပမာက ဘယ်လိုမှမျှသိပ်ဆက်ဆံဖို့အင်အား မရှိဘဲဖြစ်ရကာ၊

" ပုံပမာ စာမေးပွဲဖြေနေတယ် ဦးကျော်လွှမ်း စေ့စပ်ရေး တာလည်း မဟုတ်ပါဘူး ဒီတော့ ပုံပမာငြင်းခွင့်ရှိသေးတဲ့အတွ မလိုက်နိုင်ဘူး "

ကျော်လွှမ်းက မျက်နှာတစ်ချက်ပျက်သွားပြီးမှ မချိတချိ လိုက်ပြီး

" ကောင်းပြီလေ. . . ဒါဆို စေ့စပ်ပြီးမှတို့ခေါ်ပါ့မ သွားမယ်နော်. . . ".

ကျော်လွှမ်းထွက်သွားတော့မှ ပုံပမာခုံတန်းလေးပေါ်မှာ ထိုင်ချလိုက်ကာ အထုပ်ကြီးအထုပ်ငယ်တွေ စုပုံချထားခဲ့သော ဆောင်ဆိုသည့် ပစ္စည်းများကိုစိတ်ရှိလက်ရှိသိမ်းကျုံးတွန်းထုတ် လိုက်မိသည်။

ထိုစဉ် လျှောတိုက်လွင့်ကျသွားသည့် ပစ္စည်းများ ကတ္တီပါသည်းကြိုးဖိနပ်လေးစီးထားသည့် ဖြူဖွေးသောခြေတစ် လာ၏။

မော့ကြည့်လိုက်တော့ ကြီးငယ်. . .

ကြီးငယ်က ဒူးလေးတစ်ဖက်ထောက်ထိုင်ကာ ပစ္စည်းတွေ လိုက်ကောက်လျှင် ပုံပမာခုံပေါ်မှ ကမန်းကတန်းဆင်း၍ ကိုယ် ကိုယ်ပဲလိုက်ကောက်ရသည်။





" နေပါကြီးငယ်ရယ် ပုံ. . . ပုံပမာ အဲဒီလူကြီးကို. . . တင့်. . . "

ကြီးငယ်ကတော့ နူးညံ့အေးချမ်းသူမို့ ကြီးငယ်ရှေ့မှာ ပုံပမာ မျက်ရည်ကျရဲသည်။

ပစ္စည်းတွေကိုပြန်ကောက်ထည့်ရင်း ရှိုက်ငိုတော့ ကြီးငယ်က စိတ်မကောင်းစွာကြည့်ပြီး

" ကြီးငယ် နားလည်ပါတယ်သမီးရယ် လူငယ်တွေရင်ထဲ မှာ ဘာဖြစ်နေသလဲဆိုတာလည်း ကြီးငယ်သိတယ် သိလို့လည်း သူတို့စီစဉ်ကြတာကို သမီးနာခံလိုက်ပါတော့ကွယ် "

" ကြီးငယ်ရယ် ပုံပမာဒီလူကြီးကိုယူရဖို့ကလွဲရင် ဘာဖြစ် ဖြစ်လိုက်နာမှာပါ ကြီးမေတို့ဘာဖြစ်စေချင်တာလဲ ပုံပမာဘယ်လို နေပေးရမလဲ "

ကြီးငယ်က ပုံပမာ့လက်ဖျားလေးကိုဆုပ်ကိုင်၍ ခေါင်းကိုဖြည်း လေးစွာခါယမ်းလိုက်၏။

" မရတော့ဘူး သမီး လူကြီးချင်းကအားလုံးစီစဉ်ပြီးနေကြ ပြီ "

ပုံပမာအားကိုးရာမဲ့သွားသည်။

စာကျက်လို့လည်းမရတော့ဘဲ အစောကြီးအိပ်ရာဝင်ခဲ့သည်။

အိပ်ရာထဲမှာအိပ်မပျော်မချင်း ငိုလိုက်ရသည်မျက်ရည်တွေ ဘ ခေါင်းအုံးတစ်ခြမ်းလုံးမှာ ရွဲရွဲစိုနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



" အား. . . ကိုက်လိုက်တာ "

တစ်ရေးနိုးလာတော့ ညဉ့်တစ်နာရီတီတီ။

ဗိုက်ထဲမှာ ဟာနေသော်လည်း ဘာမှစားချင်စိတ်မရှိ ခေါင်းတွေတဆစ်ဆစ်ကိုက်နေတာကျတော့ ဘယ်လိုမှမခံစားနိုင်တော့ဘဲ ဆေးတစ်လုံးယူသောက်လိုက်ပြီး ဝရံတာဘက်ထွက်လာခဲ့မိ၏။

တိတ်ဆိတ်ခြင်းသာမင်းမူနေသော အကာလညအခါတွင် ခုချိန်ဆို ဝရံတာမှာ အနောက်မိုးကုတ်စက်ဝိုင်းဆီ ခရီးပြင်းနှင်နေပြီဖြစ်သည့် လရိပ်လေးဖြာကျနေပြီပေါ့ ပုံပမာခပ်ဟဟပွင့်နေသည့် ဝရံတာတံခါးကို အသာတွန်းဖွင့်၍အပြင်ထွက်လိုက်၏။

အိပ်မပျော်နိုင်တော့သည်ကိုသိ၍ ဝရံတာမှာတစ်ယောက်တည်းနေတော့မည်ဟုတွေးခဲ့သော ရည်ရွယ်ချက်က ဒီဘက်လှည့်လိုက်သည်နှင့် ဟင်ခနဲဖြစ်သွားမိလေသည်။

ဝရံတာအတွင်းထောင့်မှာ စတီးတန်းကိုမှီလျက်လက်ပိုက်ရပ်နေသည့် ကိုကြီးကိုငြိမ်သက်စွာငေးကြည့်နေ၏။

ပုံပမာနဲ့ကိုကြီး လက်တစ်ကမ်းသာသာလေးပဲကွာသည်။

" ကိုကြီး ပုံပမာ အထဲပြန်ဝင်ပေးရမလားဟင် "

" မဝင်နဲ့ "

နေတံခါး ပုံပမာရှေ့နီးနီးလေးမှာလာရပ်လိုက်၏။

သစ်ပင်ရိပ်မခံဘဲ တိုက်ရိုက်ကျနေသည့် လရောင်အောက်မှာ ပုံပမာ့မျက်တောင်ကော့လေးကို သူမြတ်နိုးစွာကြည့်နေမိသည်။





" မင်းအခန်းမှာ မီးလင်းလာတာမြင်ကတည်းက မင်းဒီကို ...ာက်လာမှာပဲဆိုတာ ငါသိတယ် "

ဟုတ်ပါသည် ညက မိုးမချုပ်ခင်အိပ်ရာဝင်ဖြစ်ခဲ့ကာ မီး...ည်းမဖွင့်ဖြစ်ခဲ့။

" ကိုကြီး တစ်ရေးမှမအိပ်ရသေးဘူးလား "

" ဟင့်အင်း. . . မင်းတစ်ရေးနိုးလာတာ မဟုတ်လား "

" ဟုတ်တယ်ကိုကြီး နိုးတာနဲ့ခေါင်းတွေတအားကိုက်လို့ ...ေးသောက်လိုက်ရတယ် "

နှစ်ယောက်သားဘာတွေးနေမိကြမှန်းမသိ။

" မင်း ငိုပြီးအိပ်လိုက်တာလား "

ပုံပမာမဖြေနိုင်တော့ပါ။

ရင်ထဲမှာလှိုက်ခနဲဝမ်းနည်းသွားကာ ငိုချင်စိတ်ကအားကောင်း...မှာ ခေါင်းထောင်လာပြန်၏။

" လာမယ့်ဆန်းဒေးမှာ ပုံပမာကို စေ့စပ်ပေးမယ်တဲ့ ...ကြီးသိသလားဟင် "

ပုံပမာအသံလေးတုန်ခါအက်ကွဲနေသည်။

နေတံခါး အံကိုတင်းခနဲကြိတ်၍ ပုံပမာ့လက်ဖဝါးလေးကို ...ုပ်ကိုင်လိုက်သည်။

" စေ့စပ်တာကိုလက်ခံလိုက်ပါ ပုံပမာ လက်မထပ်ရသေး ...ရွေ့ မင်းမှာလွတ်မြောက်ခွင့်အများကြီးရှိတယ် "



www.burmeseclassic.com

www.burmeseclassic.com



နေတံခါးက ပုံပမာ့နဖူးမှ ဆံစလေးကိုတစ်ချက်သပ်၍ မေး
ဖျားလေးကိုမော့ယူကာ ရူးစိုက်ကြည့်သည်။

ညှို့ဓါတ်လေပြည်အနေ့မှာ ဖျတ်ခနဲပြေးပုတ်ရိုက်ခတ်လာ သည့်
ပုံပမာ့ပါးပြင်လေးထက်ကဆံစတို့ကို ဖယ်ရှားရင်း ပါးပြင်လေး ကို
မြတ်နိုးစွာပွတ်သပ်နေမိပြန်သည်။

ကိုကြီးမျက်နှာကိုမော့ကြည့်နေရင်း ပြည့်တက်လာသည့် မျက်
ရည်တို့ကိုမျက်တောင်ရှည်များနှင့်ပုတ်ချပစ်လိုက်တော့ နွေးခနဲလိမ့်
ဆင်းသွား၏။

ပုံပမာ့မျက်ရည်တွေ ကိုကြီးလက်မှာစိုစွတ်ကုန်၏။

" ကိုကြီး. . . "

" ဟင်. . . "

" ပုံပမာလေ. . . ပုံပမာ ကိုကြီးကိုပဲချစ်တာ. . . "

ရှိုက်သံလေးတစ်ချက်နှင့် ကိုကြီးကိုပုံပမာတအားဖက်ထား
လိုက်၏။

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားမိကြရင်း
နားသဝ်စပ်ဆံစကလေးများကိုသာ နမ်းရှိုက်သွားခဲ့သောကိုကြီးကို ပုံပမာ
လေးစားမြတ်နိုးလို့မဝ။

" မင်းကို ငါခုံးရှုံးမခံနိုင်ဘူး ပုံပမာ ငါ့တစ်သက်မှာမိန်းမ
တစ်ယောက်ကို မြတ်မြတ်နိုးနိုးယုယုယယ ချစ်ခဲ့ဖူးတာ မင်းတစ်
ယောက်ပဲရှိတယ် မင်းကိုငါ. . . "





ကိုကြီးသည် ပုံပမာမျက်နှာလေးကိုဆွဲမော့၍နမ်းမည်ဟန်
မျက်ဝန်းတွေကို မှိတ်ပစ်၍ ပါးချင်းကပ်ထားလိုက်သည်။

" မင်းကို ငါသိပ်ချစ်တယ် "

ဟု လှိုက်လှဲစွာဆို၏။

ပုံပမာသည် ကိုကြီးရင်ခွင်ထဲမှာ ငြိုးငွေ့ခြင်းမရှိ နိုဝင်နား
မွေးပြန့်သောကိုကြီး၏ ရင်ခွင်ကျယ်ကိုအထပ်ထပ်နိုးနမ်းနေမိ

ဘဝမှာ ကိုကြီးနဲ့သာအတူတူအေးချမ်းစွာနေရမည်ဆိုလျှင်

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

" စေ့စပ်ပွဲအတွက် ဝတ်စုံကဒီနေ့ရမှာဆိုတော့ ကျယ်... ကျဉ်းတာ ဟိုမှာတစ်ခါတည်းဝတ်ပြီး သိလိုပြင်လို့ရအောင် မင်းလို... သွားလိုက် "

တစ်ခါတည်းအမိန့်ပေးလိုက်တာမှန်းသိသာအောင် ကြီး... မျက်နှာကတင်းနေသည်။

ကျော်လွှမ်းမျက်နှာက ခပ်ပြုံးပြုံး။

ပုံပမာ မလိုက်ချင်ပေမယ့် နေရာမှထလိုက်ရ၏။

" အဝတ်အစားမလဲတော့ဘူးလား ပုံပမာ "

" ရတယ် မလဲတော့ဘူး "

တကယ်တော့ ပုံပမာ မှားသွားသည်သာ။

အိမ်နေအဝတ်အစားမို့ ချိုင်းပြတ် လည်ဟိုက်ကိုယ်ကျ... အနက်ရောင်လေးနှင့် ဒူးနားရစ်အဖြူလေးတွေပါသော အနက်ရော... ထမီစကတ်ကိုဝတ်ထားသည့် ပုံပမာ့ကိုယ်လုံးလေးက ဖြောင့်... တောင့်တင်းကာ ကိုယ်ပေါ်မှာရှိသမျှ အလှအပအနုအရွတို့ဟာ ပု...





...အသက်ရှူမှားလောက်အောင်ဆွဲဆောင် ညှို့ငင်နေစွမ်းရှိမှန်း သူမ ...ကိုယ်တိုင်သတိမထားမိခဲ့ခြင်း။

ကျော်လွှမ်းမျက်နှာကြီးနီမြန်းကာ မျက်လုံးတို့က တပ်မက်ရူး...မှာ ပုံပမာ့ကိုယ်ပေါ်မှာ တစိုက်မက်မက်ရှိခဲ့ရင်း

" လှလိုက်တာ ပုံပမာရယ် တကယ်ပဲအသက်ရှူမှားသွား...ယ် မင်းက ဘယ်လိုပဲနေနေလှနေတာပဲနော်. . . "

ကားကမောင်းနေလို့သာ မဟုတ်လျှင် ပုံပမာ ချက်ချင်း...ဆင်းသွားချင်၏။

ဒီလူကြီးမျက်လုံးတွေကို သဘောမကျနိုင်သမျှ လှသည်ဟု...မှန်းတာကိုလည်း ရွံရှာနေမိသည်။

အကျီအစ်ဖို့ဆိုတုန်းက စာမေးပွဲဖြေနေသည့်ရက်မို့ အကျီ...ိုင်းပေးလိုက်ရုံနှင့် ဒေါ်နွဲ့နွဲ့က သူမဖာသာပဲအစ်လိုက်သည်ဟု...သည်။

ခုကျတော့ ငြင်းလို့မရတော့သည့်အခြေအနေမို့ လိုက်လာခဲ့...ာ်လည်း ဒီလူကြီးကိုမျက်နှာကိုပင် စေ့စေ့မကြည့်ချင်။

" ကားကိုဘယ်မောင်းနေတာလဲ ဦးကျော်လွှမ်း "

" ဟား. . . ဒေါ်ပုံကြီးက ရက်စက်လိုက်တာကွာ ကိုကို ...ွှဲ အစ်ကိုဖြစ်ဖြစ် တစ်ခုခုတော့ ခေါ်စမ်းပါ "

" ဦးကျော်လွှမ်း ရှင့်ကိုကျွန်မမေးနေတာ ဒါဘယ်ကိုသွား...ာလဲလို့ "



www.burmeseclassic.com

www.burmeseclassic.com



ခြံဝန်းကျယ်ကြီးများရှိသော်လည်း ကားက လမ်းသေးသေး ကျဉ်းကျဉ်းလေးသာရှိသော ဆိတ်ငြိမ်ရပ်ကွက်ထဲသို့ချိုးကွေ့ဝင်လိုက် သောကြောင့် ပုံပမာသံသယဝင်သွားမိ၏။

" ဝတ်စုံရွေးမယ့်ဆီလာတာ ချုပ်တဲ့အိမ်ကိုသွားနေတာပေ့ ကွာ သူတို့က ပလာဇာတို့ ဗိုလ်ချုပ်ဈေးတို့မှာ ဖွင့်ထားတာမဟုတ်ဘူး ဒါတောင်မှ ရက်ချိန်းချုပ်ရတာ "

ပြောရင်း ကျော်လွှမ်းက ခြံဝန်းကျယ်တစ်ခုရှေ့မှာ ကားကို ရပ်လိုက်၏။

ကားရပ်လိုက်သည်နှင့် ခြံတံခါးဖွင့်လာသော ခပ်ဝဝကတုံး ပြောင်နှင့်လူကြီးက ကားထဲက ပုံပမာ့ကို ခပ်ရူးရူးပြုံးကြည့်၏။

မျက်နှာကြီးတစ်ခုလုံးနီရဲကာ မျက်လုံးတွေပါ သဖန်းသီးဖြစ် နေသည်။

အရက်သမားရုပ်ကြီးနဲ့ပါ။

အထဲကိုလှမ်းကြည့်လိုက်တော့ တစ်ထပ်တိုက်လုံးချင်းလေးက ခေတ်မီသေသပ်စွာရှိနေလျက်၊

" ကဲ. . . လာဆင်း "

ပေါ်တီကိုအောက်မှာကားရပ်လိုက်လျှင် တံခါးကအသင့်ဖွင့် ထားပြီးသော်လည်း အထဲမှာလူမတွေ့။

" လာလေ ပုံပမာ အထဲမှာ ဝတ်စုံချုပ်တဲ့အမျိုးသမီးညီအစ်မ ရှိတယ် "





ပုံပမာ မျက်နှာလေးကိုတင်းကာ မဆင်းဘဲနေစဉ် အထဲက အမျိုးသမီးတစ်ယောက်ကို ရိပ်ခနဲမြင်လိုက်ရသဖြင့် ဆင်းဖို့ဆုံးဖြတ် လိုက်၏။

" လာ. . . သူတို့က ကိုယ်တို့မိသားစုနဲ့သိပ်ရင်းနှီးတာ "

ပြော၍ ပုံပမာ့လက်ကိုလှမ်းဆွဲ၏။ ပုံပမာကရှောင်ပစ်ကာ မျက်နှာလွှဲထားလိုက်သည်။

ဒါကို ကျော်လွှမ်းက အသည်းယားဖွယ် ခပ်မျှင်းမျှင်းရယ် ပြီး ရှေ့ကဝင်သွား၏။

ပုံပမာနောက်ကနေ လိုက်ဝင်သွားကာ ဟိုဒီလှည့်ပတ်ကြည့် နေစဉ် ကျော်လွှမ်းက မှန်တစ်ဝက်တပ်ထားသည့်ကျွန်းတံခါးကိုသော့ချ လိုက်သည်။

" ဟင်. . . ရှင်. . . ရှင် ဘာလုပ်တာလဲ "

ပုံပမာ တံခါးဆီပြေးသွားတော့ ကျော်လွှမ်းက လက်ကိုဖမ်း ဆွဲထားလိုက်သည်။

" ဒေါသကြီးမနေနဲ့ ပုံပမာ မင်းရဲ့မာနတွေကို ဒီနေ့ ခဝါချ ပေးတော့မှာပဲ "

" ဘာ. . ."

" ဟဲ. . . ဟဲ စေ့စပ်ဖို့ဆိုတာက ကိုယ်တို့သိက္ခာအတွက်ပဲ မင်းရဲ့ယုံကြည်မှုအတွက် ပြီးတော့ ခါးဆိုတဲ့ကောင်ကိုမရှုမလှအခံ ရအောင်လို့ပေါ့ အဓိကက မင်းကိုပါပိုင်ဖို့ပဲ မင်းဘဝကိုမင်းနှာလည်စမ်းပေါ



www.burmeseclassic.com

www.burmeseclassic.com



မင်းလိုမိန်းကလေးကို ခခယယဒူးထောက်တောင်းယူဖို့ ဘယ်ေ
ကအခိုက်ခံပြီး စဉ်းစားမှာလဲ. . . ''

'' ရှင်. . . ရှင်. . . ကဲ. . . ''

ပုံပမာကရိုက်ပစ်လိုက်၏။ သို့သော် ကျော်လွှမ်း
လက်ကိုလွှတ်အောင်ရှောင်ကာ ပုံပမာ့ကိုဆွဲဖက်လှဲချပစ်လိုက်

'' ဝုန်း ''

'' ဒုန်း ''

နှစ်ယောက်လုံးကြမ်းပြင်ပေါ်လဲကျသွားကြရာ စားပွဲစွန်
ထိခတ်မိပြီး စားပွဲပေါ်ကပစ္စည်းတချို့လဲကျကုန်ကြ၏။

'' ရှင်. . . မယုတ်မာနဲ့နော်. . . လွှတ် ''

'' လိမ်လိမ်မာမာနေစမ်းပါကွာ မင်းကိုလက်ထပ်ဖို့ ငါ
စားမှာပါ. . . ''

'' လူယုတ်မာကြီး. . . ကဲဟာ ''

'' ခွမ်း ''

'' အား ''

စားပွဲပေါ်ကနေပြုတ်ကျကာ ခါးနားလေးမှာလာကပ်
သည့်ကြေးပန်းအိုးလေးနှင့် ခေါင်းကိုတအားရိုက်ချပစ်လိုက်၏။

ကျော်လွှမ်းကိုယ်ကြီးပက်ခနဲလန်ကျသွားသည်။

လည်ပင်းမှ ပြုတ်ထွက်ကုန်သည့်ကိုကြိုးပေးထားသော
ကုံးလေးကို ကမန်းကတန်းပြန်ကောက်၍ ပုံပမာ နေရာမှ လူ





'' အား ''

ကျော်လွှမ်း ခေါင်းမှာသွေးတွေရဲကာ ကြမ်းပြင်ထက်မှ လူး
ဆဲ ကိုယ့်ဟာကိုတံခါးပြေးဖွင့်၍ ထွက်ပြေးလာခဲ့မိ၏။

'' ဟင် ''

ခြံတံခါးကြီးက သော့ခတ်လို့ပါလား။

သူတို့အားလုံး အကွက်ကျကျစီစဉ်ထားကြသည်ပဲ ခြံတိုင်ကို
တက်ဖို့ အပေါ်မှာသံဂေါက်ကြီးတွေက တစ်တောင်လောက်
နေကြကာ တံခါးက နည်းတဲ့အမြင့်ကြီးမဟုတ်။

ပုံပမာ ခြံစောင့်အိမ်လုံးလေးဆီပြေးလာခဲ့သည်။

နောက်ဖေးဘက်က အသာကပ်လာကာ ဟနေသည့်တံခါး
ကျော်ကြည့်လိုက်တော့ ခေါင်းပြောင်နှင့်လူကြီးက အိမ်လေး၏
ခွင်မှာ ကျောပေးထိုင်ရင်းအရက်သောက်နေ၏။

ပုံပမာ ကြာကြာစဉ်းစားနေချိန်မရပါ။

အဆင်သင့်တွေ့ရသည့် သစ်သားတုတ်တစ်ချောင်းကို
ယူကာ ဆင်ကန်းတောတိုးပြေးသွားပြီး ဖျတ်ခနဲလှည့်ကြည့်
အခံ့တသြငေးကြောင်သွားသည့် လူကြီး၏ခေါင်းပြောင်ပြောင်
ခွပ်ခနဲရိုက်ချပစ်လိုက်၏။

'' အား ''

လူကြီးတုံးခနဲလဲသွားတော့ ခါးကြားကသော့တွဲကြီးကိုဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ပြေးထွက်လာခဲ့၏။ သော့ခလောက်ကြီးကိုဖွင့်ရန် ကြေး... ကြီးတစ်ချောင်းက ပြူးပြဲနေသည်မို့ အလွယ်တကူပဲဖွင့်လိုက်နိုင်...

ပုံပမာလမ်းကြားလေးတစ်လျှောက်မှာ တအားစွတ်ပြေး... ၏။

လမ်းတစ်လျှောက် မြေပြင်တို့ကိုနင်းဖြတ်ခဲ့ရသည် မထင်... ကိုယ့်နှလုံးသားကို ကိုယ်ဖွဲ့ခြွေလမ်းခင်းခဲ့ရသလို နာကျင်မှုက အတိ... ဆမ့်ရှာ

“ မင်းလို မိန်းကလေးကို ခခယယဒူးထောက်တောင်း... ရို့ ဘယ်ကောင်ကအမိုက်ခံပြီး စဉ်းစားမှာလဲ ”

“ ဒူးထောက်တောင်းယူဖို့”

“ ဘယ်ကောင်ကအမိုက်ခံပြီး စဉ်းစားမှာလဲ ”

“ စေ့စပ်ဖို့ဆိုတာ ” “ ဘယ်ကောင်က အမိုက်ခံပြီး စဉ်းစားမှာလဲ. . . ”

“ ဟင့်. . . ဟင့် ”

ပုံပမာ တအားရှိုက်ငိုရင်း မနားတမ်းပြေးလာခဲ့သောကြောင်း... ရင်ဝမှာ စူးအောင့်လာ၏။

ကြီးမေ. . . ကြီးမေကြီးတို့ ပူးပေါင်းကြံကြတာလား. . .

သူမကိုအတည်မယူလည်းနေပါ ခါးနဲ့ကွဲသွားရုံလေးဖျက်ဆီး... ပေးပါလို့ ဒီလူကြီးလက်ထဲကိုဝကွက်အပ်လိုက်တာလား။

ဟားတိုက်ရယ်မောနေကြသည့် ဒေါ်နွဲ့နွဲ့စိုးနှင့်ကြီးမေတို့...







...တွေက ပတ်ပတ်လည်မှာဝိုင်းဝန်းပေါ်လာကြ၏။

“ ဟန်ဆောင်စေ့စပ်လိုက်စမ်းပါ မနွဲ့ရယ် ဒီကောင်မကို ...နဲ့နီးဝပ်သွားမှာစိုးလို့ပါ ”

“ စိတ်ချ စိတ်ချ မနွဲ့ကူညီမယ် ”

“ သားရေ ပုံပမာဆိုတဲ့ကောင်မကိုမင်းသဘော. . . မင်း ...သော ”

“ ဟား. . . ဟား ”

“ ခစ်. . . ခစ်. . . ခစ် ”

“ ပုံပမာ မင်းငြိမ်ငြိမ်နေစမ်း ”

“ ဟား. . . ဟား. . . ဟား ”

ကျော်လွှမ်း၏ ရမ္မက်နိုးဝေနေသော မျက်နှာကြီးသည် ဝိုင်း...ရယ်မောနေကြသော မျက်နှာများလက်ညှိုးများကြားမှာ တိုးဝေ့...ပြဲပေါ်လာ၏။

“ သွား. . . သွားကြ. . . လူယုတ်မာတွေ. . . အဟင့် ...စက်လိုက်တာ. . . ”

ပုံပမာ မျက်ဝန်းထဲမှာ မျက်ရည်ကြောင့်ဝေဝါးလျက် ဘာကိုမှ ...သဲကွဲကွဲ မမြင်နိုင်တော့ပါ။

“ ဟာ. . . ဟော့ ကလေးမ ”

“ ကျွိ ”

“ အား ”



www.burmeseclassic.com

www.burmeseclassic.com



ပုံပမာ တစ်ကိုယ်လုံး လွှဲပစ်ခံလိုက်ရသလို လွင့်စင်မြောက် ပါသွားတော့သည်။

❀ ❀ ❀ ❀ ❀



# အခန်း (၁၃)

" ဒေါက်တာ လူနာအခြေအနေလေး သိပါရစေဗျာ "

" အသက်အန္တရာယ်ကတော့ လွတ်မြောက်သွားပါပြီ ဒါပေမဲ့ ခြေထောက်တစ်ဖက်ကတော့ အတော်လေးဆိုးသွားတယ် ကောင်းကောင်းပြန်ထောက်နိုင်မယ်ဆိုရင်တောင် အနည်းဆုံးခြောက်လခုနှစ်လလောက်ကြာလိမ့်မယ် ဒါတောင် ဆေးဝါးကောင်းတွေနဲ့မပြတ်ရရှိကုမှ . . . "

" အမလေး ဆေးဝါးကောင်းပဲဖြစ်ဖြစ် နိုင်ငံခြားပဲတက်ကုပါစေ ဒေါက်တာရယ် လူနာအသက်မသေတာကိုပဲဝမ်းသာလှပါ ဒါနဲ့ ဒိုပြင်အင်္ဂါတွေကော ပျက်စီးသေးလားဒေါက်တာ "

" ဘာမှမပျက်စီးဘူး ခြေထောက်တစ်ခုပဲ ဒါနဲ့ လူနာရှင်တွေလာကြဘူးလား "

" မသိပါဘူး ဒေါက်တာရယ် "

" ဘာမသိပါဘူးလဲ ကိုကို၊ စနိုးပြောတယ် အရက်သောက်တာမကောင်းပါနဲ့လို့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ စန္ဒီကွာ မင်းကလည်း ငါဒီလောက်ထိဘယ်တုန်း ကသောက်ဖူးလို့လဲ သူက ကားရှေ့ကိုဘွားခနဲပြေးဝင်လာတာ. . ."

" တော်ပါကိုရယ် သူဟာသူဝင်လာလည်း ကိုသာထိန်းသိ နိုင်ရင် ဒီလောက်ထိဖြစ်စရာအကြောင်းမရှိပါဘူး ခုကံကောင်းလို့ မသေတာ "

" ဟာကွာ. . . သူ့အတင်းကြီးစွတ်ပြေးလာတာ ကားရှေ့ ချက်ချင်းရောက်တဲ့ဟာ မင်းမမြင်ဘဲနဲ့. . ."

" ကဲ. . . ကဲ တော်ကြပါတော့ဗျာ "

ဦးသက်ကောင်းနှင့် စန္ဒီမျိုးခက်

လင်မယားနှစ်ယောက်လုံးခေတ်မီမီနေကြသလို ပွင့်လင်း ကြသည်။ ခဏခဏရန်ဖြစ်ကြတာရှိပေမယ့် မခေါ်ဘဲနေတာမျိုးလည်း တစ်ခါမှမရှိ။

ဦးသက်ကောင်းက တက္ကသိုလ်ကပါမောက္ခတစ်ဦးဖြစ်ပြီး စန္ဒီမျိုးခက်က ဘွဲ့တစ်ခုသာယူထားသည့် မျိုးရိုးစဉ်ဆက်ချမ်းသာ လာခဲ့ကြသော သူဌေးသမီး။

ဦးသက်ကောင်းထက် အသက်လည်းငယ်သည် အလှအ တအားပြင်တာက ခေတ်ရှေ့ပြေးလွန်း၏။ ပြီးတော့ စန္ဒီတို့ဘက်က နိုင်ငံခြားမျိုးဆက်တွေဖြစ်သည်။

မြန်မာနိုင်ငံမှာ လူလားမြောက်ပြီဆိုသည်နှင့် နိုင်ငံခြားရောက် ကုန်ကြတာဖြစ်၏။ ဒါဟာ နိုင်ငံခြားကိုအထင်ကြီး၍မဟုတ်သော်လည်း





ငံခြားသွေးရောခဲ့သောအခေါ်ဖြစ်သူဘက်က အခြေချခဲ့ခြင်းကြောင့် သွားလာကူးသန်းကြရင်း ဟိုမှာနေဖြစ်သွားတာမျိုးရှိခဲ့ခြင်းပင်။

သို့သော် ဦးသက်ကောင်းနှင့် စန္ဒီတို့က လွန်စွာချစ်ခင်ကြ သောလင်မယားဖြစ်၏။ ခုလည်း သူ့ယောက်ျားကားတိုက်မှုဖြစ်လာသ ည် အကြီးအကျယ်ဖြစ်မသွားရအောင် စန္ဒီပျာယာခတ်နေသည်။

ကောင်မလေးကိုကြည့်တော့ သန့်သန့်ပြန့်ပြန့်လေး နုနယ် နှာမွေ့နေပုံလေးက ထိရက်စရာမရှိ ဒီကောင်မလေးဟာ တော်ရုံ နိုရိုးအဆင့်အတန်းထဲကတော့ မဖြစ်နိုင်ပါ။

တော်ကြာ သတင်းစာထဲက လူပျောက်ကြော်ငြာပါလာမလား။ ရဲစခန်းက လူပျောက်လိုက်လေမလား။

လူနာကမသေဘူးဆိုလျှင် လူနာကိုကျေနပ်အောင် တောင်းပန် ၍ ကျေလည်လျှင် ပြဿနာကအေးချမ်းသွားဖို့ရှိသော်လည်း လူနာသာ သေသွားခဲ့သော်. . .

" သူ သူဘယ်တော့ သတိရမလဲ ဒေါက်တာ "

ဒေါက်တာ ဦးစိုးတင့်က စန္ဒီတို့ မိသားစုဆရာဝန်မို့ ရင်းနှီး သော။

ဆေးရုံကြီးကိုအရေးပေါ်တင်လိုက်ရသည့်ကိစ္စမှာ ဦးစိုးတင့် နှင့်နေ၍သာ အစစအဆင်ပြေခဲ့ခြင်းဖြစ်သည်။

" သိပ်လည်းစိတ်ပူ မနေပါနဲ့ ဒေါ်စန္ဒီ အသက်အန္တရာယ်က လွတ်မြောက်သွားပါပြီ "



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီက မချိသွားဖြစ်ရယ်၍ ဦးသက်ကောင်းကိုမျက်စောင်း ထိုးလိုက်သည်။

ဦးသက်ကောင်းက မျက်နှာကြီးတင်းထား၏။

" ကို အလုပ်သွားမှဖြင့်သွား စန္ဒီစောင့်မယ် "

ဟုဆောင့်အောင့်ပြော၏။

" မင်းသွားစရာရှိတယ်ဆို ငါပဲစောင့်မယ် "

" ရှင်ပဲသွားပါ "

" မင်းသွား ငါနားငြီးလို့ "

" အံမယ်ရှင်ကဘာများလုပ်နိုင်မှာမို့လို့လဲ ဒီကောင်မလေး သတိရလာရင် ပြေရာပြေကြောင်းကျေနပ်အောင်ပြောဆိုရမှာ ရှင် တတ်လို့လား "

ဦးသက်ကောင်း ငြိမ်ကျသွား၏။

စန္ဒီက လူနာ၏နှုတ်ခမ်းဆံစလေးများကိုညင်သာစွာ သိမ်းတင်ပေး၍ သေချာကြည့်သည်။

" ချောလိုက်တဲ့ကောင်မလေးနော်ကို နှာတံလေးက အနောက်တိုင်းဆန်ဆန်လေး ပါးကလေးတွေကရဲဥနေတာပဲ စန္ဒီတို့ လိုများ ကပြားဖြစ်နေမလားပဲ. . . ဟင်. . . နော်. . . ကို "

စန္ဒီပြောရင်း နောက်ကိုလှည့်လိုက်တော့ ဦးသက်ကောင်းက မရှိတော့။

သူ့မှာဘေးလူတချို့ကိုရှက်ကိုးရှက်ကန်းတွေ့ကြည့်မိရင်း





" ယောက်ျားအစုတ်ပလုတ်ကြီး ထွက်သွားတာကိုပြော သွားသူး ဟွန်း "

ပက်ပက်စက်စက်ပဲ ကျိန်ဆဲမိတော့၏။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

" ဟာ အဲဒါလုံးဝမဖြစ်နိုင်ဘူး ပုံပမာ့မှာချစ်သူမရှိဘူး[illegible] တာ ကျွန်တော်သိတယ် "

" ရှိလို့ပဲ အခု အပြင်ထွက်ခွင့်ရတာနဲ့ သူ့ကောင်[illegible] ကျော်လွှမ်းကိုတုတ်နဲ့ရိုက်ပြီး ထွက်ပြေးကြပြီလေ ဟိုမှာကံကောင်း[illegible] မသေတာ "

" မယုံဘူး အဲဒါကျွန်တော်လုံးဝမယုံဘူး "

နေတံခါး ဝုန်းခနဲထရပ်ကာ လမ်းလျှောက်လိုက် ဆံပင်[illegible] သပ်လိုက်နှင့် ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသမျှ ဖြေရာရှာမရနိုင်။

ဒေါ်မန်းပြောတော့ ပုံပမာ့ကို ကျော်လွှမ်းနောက်လိုက်[illegible] ကြီးမေတို့ဖွတ်ထည့်လိုက်တာတဲ့။

ဒီအိမ်မှာ ပုံပမာနဲ့ပတ်သက်ပြီး အဖြူထည်အတိုင်းမြင်[illegible] တာ ဒေါ်မန်းတစ်ယောက်ပဲရှိသည်။ ဘာပဲဖြစ်ဖြစ် သူဒေါ်မန်းကို[illegible] ကပ်မေးရသည်။





" ပုံပမာကမလိုက်ချင်ရှာပါဘူး မျိုးထည့်လိုက်လို့ခမျာလိုက် [illegible]ရတာ "

ဟု မျက်နှာမသာမယာနှင့်ပြောသည်၊ ကျော်လွှမ်းမျက်နှာ [illegible] အနှစ်မပါသည့် ရယ်မြူးခြင်းတို့ကိုလူကြီးမို့အကဲမခတ်မိဘဲ [illegible]လား။

ထို့ကြောင့် ပုံပမာ့ကိုသနားတိုင်း ဒေါ်မျိုးမျိုးတို့ကိုကြောက်ရ [illegible]ယ့် နေတံခါးကမေးလျှင် တစ်စွန်းတစ်စတော့ ပြောတတ်သည် [illegible]

" မင်းက ကြီးမေတို့ကို မယုံကြည်ဘူးဆိုတော့ ဒါသက်သက် [illegible]ကားလိုက်သလိုပဲသားရယ် ခြေနှစ်ချောင်းကိုမကယ်နဲ့ဆိုတာ အဲဒါပဲ [illegible]ကြည့် စော်ကားသွားတာလည်းခံရသေးတယ် မိသားစုလည်း စိတ် [illegible]ကွဲရတယ် "

ကြီးမေက တုန်ယင်အက်ကွဲသောအသံနှင့်ပြော၍ ငိုချတော့ [illegible]ဖြစ်လာ၏။

ကြီးလတ်က သူ့ရှေ့ကိုလျှောက်လာကာ

" ဟုတ်တယ် ကောင်လေး သူကိုကဒီကနေသွားဖို့ထွက် [illegible]ရှာနေတာ သူ့ကောင်လေးကိုချိန်းပြီး စောင့်ခိုင်းထားမှာပေါ့ [illegible]ကျော်လွှမ်းကတားတော့ရိုက်နှက်ပြီးထွက်ပြေးကြတာတဲ့ တော်ပါသေး [illegible] မစွေစပ်ရသေးလို့ . . . "

" ကျွတ် "



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်နဲ့ပြောစကားတွေက ဆက်စပ်မှုမရှိ ပုံပမာကို
ကြည်သည် ကြီးမေတို့ကိုမယုံကြည်ဘူးဆိုလျှင် သူရှိုင်းသွားသ

ဒါပေမဲ့ သူဘယ်လိုမှယုံကြည်လို့မရတော့ပါ ရင်ထဲမှာန

မျက်နှာတွေကို ကျောခိုင်းလိုက်ပြီး အံကြိတ်ထားရလွ
သွားဖုံးတွေနာကျင်လာ၏။

" ကျွန်တော်. . . ကျော်လွှမ်းကိုသွားမေးမယ် "

" အို. . . ဟဲ့. . . သား "

" မသွားနဲ့ ဟိုက ဆေးရုံကဆင်းကာစပဲရှိသေးတာ "

ဘယ်သူတားလို့မှမပတော့ဘဲ နေတံခါးတစ်ဖက်ခြံထဲကို
လှမ်းကျဲကြီးများနှင့် ဝင်ချသွား၏။

" ဟင်. . . ခါးလေး "

" အန်တီနွဲ့ ကျွန်တော် ကျော်လွှမ်းနဲ့တွေ့ချင်လို့ "

ခါတိုင်းဆို ကိုကျော်လွှမ်းဟု ခေါ်နေကျ တင်းနေသ
နေတံခါးမျက်နှာကို တအံ့တသြမော့ကြည့်လိုက်ပြီး

" သား. . . သားက ခြံထဲမှာ "

ဟု တုံ့ဆိုင်းဆိုင်းဖြေ၏။ နေတံခါးခြံထဲပြန်ဆင်းခဲ့
ခြေလှမ်းတို့ကို စိတ်မရှည်ဘဲပြေးချခဲ့မိသည်။

ကျော်လွှမ်းက သစ်ခွတိုင်တွေကို ဟိုကိုင်ကြည့်ဒီကိုင်ကြ
နှင့် သူ့ကိုမမြင်။

" ကျော်လွှမ်း "





" ဟင် "

ပထမလှည့်ကြည့်တော့ အံ့သြဟန်ရိပ်ခနဲထင်လျက် ကျော်
မ်းမျက်နှာချက်ချင်းပြန်တင်းသွား၏။

" ဘာကိစ္စလဲခါး ငါ့ကိုအရှက်ခွဲထွက်သွားတဲ့ပုံပမာနဲ့ ပတ်
က်ပြီး မင်းကိုပါ ငါမတွေ့ချင်ဘူး "

" ငါကလည်း တွေ့ချင်လို့လာတာမဟုတ်ဘူး ပုံပမာ
ျာက်သွားတယ်ဆိုတဲ့ကိစ္စကိုသိချင်လို့ "

ကျော်လွှမ်းက သူ့ကိုတည့်တည့်ရင်ဆိုင်၍ ခြေကိုချဲပြီးမှ
စ်ဖက်ထောက်လိုက်ကာ

" ပျောက်သွားတာ ပျောက်လို့ပေါ့ မင်းကိုအန်တီမျိုး တို့က
ပြောဘူးလား "

" ပြောတယ် ဇာတ်လမ်းကကျောရိုးမရှိတော့ နားထောင်
ာင် ပို့ မင်းဘယ်လိုကခဲ့သလဲဆိုတာလာမေးတာ မင်းသားက
လား ဘီလူးက ကခဲ့လား "

" ဟိတ်ကောင်မင်း. . . မင်းငါ့ကိုစော်ကားနေတာလား "

" ဟုတ်တယ် မင်းမှာဘာမှမှ ကြည်ညိုဖွယ်မရှိတာ လေးစား
ိုသလား ပြောစမ်းပါ ပုံပမာ မင်းကြောင့်ထွက်ပြေးသွားတာ
တ်လား "

ကျော်လွှမ်း မျက်နှာတစ်ချက်ပျက်သွားကာ တစ်ဘက်လှိ
ွဲလွှဲလှည့်ပစ်လိုက်လျှင် ညာဘက်နားရွက်အောက် လည်ပင်းနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော လက်သည်းခြစ်ရာစင်းကြောင်းကြီးတစ်ခုကို နီရဲယောင်ကိုင်းလျက်တွေ့လိုက်ရသည်။

" တောက်. . . လူယုတ်မာ "

ခေါင်းထဲမှာ ဝုန်းခနဲဆောင့်ခုန်သွားသည်က အမုန်တရားကိုမြင်လိုက်သည့် ဒေါသမီးတောက်များ။

" ခွပ်. . . ခွပ် "

" အ "

" သား. . . သားမလုပ်နဲ့ "

" အမလေး. . . ငါ့သားလေးသေပါပြီ "

ကျော်လွှမ်းမည်သို့မျှ ခေါင်းမထူနိုင်ဘဲဖြစ်နေဆဲ နှစ်ဘက်လူကြီးတွေပြေးလွှားရောက်လာကြသည်။

" မမျိုးရယ် နှင့်သားလေးကဆေးရုံက ဆင်းလာကစပ်သေးတာ ကြည့်ပါဦး ထိုးကြိတ်ထားလိုက်တာ နှင့်တကယ်စိတ်ဆိုးတယ်သိလား တကယ်ဆို နှင့်ဘို့သားအမိက မဆီမဆိုင်ခံလိုက်ရတာ မနိုးတို့ကိုယ့်ဇာတ်ကိုနိုင်အောင်မကနိုင်ဘူး မဟုတ်လား "

ဒေါ်နွဲ့နွဲ့စိုး သားကိုပွေ့ထူရင်း အသားဆတ်ဆတ်တုန်သည်။

" တောက်. . . တန်ကြေးမရှိတဲ့ မိန်းမတစ်ယောက်အတွက်နဲ့များ ငါ့သားလေးကိုထိုးလားကြိတ်လားနဲ့ ဒီမယ်ခါး ပုံပမာလို ကောင်မျိုးကို မင်းပဲခေါင်းပေါ်တင်ထားစမ်းပါ ငါ့သားလို့လူကတော်





တို့များစိတ်မကူးမတဲ့လား ဝေးသေးတယ် နာမည်ပျက်ခံပြီး ပို့တွဲသွားဖို့ ကူညီခဲ့ရတာ ရင်နာလွန်းလို့ ဟွန်း "

ဒေါ်နွဲ့နွဲ့စိုး ကော့ကော့လန်ရန်တွေ့ကာ သူ့သားကိုဆွဲခေါ်

" တောက်. . . တောကျီးကန်းကိုဆေးဆိုးချင်တဲ့ကောင် မင်းလုပ် "

ကျော်လွှမ်းက အံကြိတ်ပြောသွား၏။

နေတံခါး စိတ်ထဲဒေါသထဲမှာ ဒေါ်နွဲ့နွဲ့စိုး၏စကားများကကူးခတ်လျက်. . .

" နာမည်ပျက်ခံပြီး စေ့စပ်ဖို့ တွဲသွားဖို့ကူညီခဲ့ရတာ "

သူ့မျက်လုံးတွေကြီးမေကြီးဆီရောက်၏။ ပြီးတော့ ကြီးလတ်. . .

အားလုံးမျက်ရည်ဝေတောင့်တင်းရပ်လျက် သူ့ကိုတောင်းသလိုကြည့်နေကြသည်။

" လုပ်ရက်လိုက်တာ ကြီးမေကြီးရာ ကိုယ့်တစ်မျက်နှာတည်းပြီးလိုက်လာတဲ့ မိန်းကလေးတစ်ယောက်ကို ကြီးမေကြီးရက်တယ် "

" သား. . . "

သူမျက်လုံးတွေမှိတ်၍ ဆတ်ခနဲခေါင်းခါပစ်လိုက်သည်။

ရင်ထဲမှာအားလုံးကိုမုန်းတီးသွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းထွက်လာခဲ့သော သူ့မျက်ဝန်းမှာမျက်ရည်ဖျော
သီလာသည် ဘယ်လိုအဖြစ်ဆိုးသွားပြီလား ကလေးရယ်. . .
မင်းကို ငါမြို့ကိုခေါ်လာပြီး ဖာတ်သိမ်းပေးလိုက်သလို
ရပြီ။

မင်းကိုငါရှာမယ် မတွေ့တွေ့အောင်ရှာမယ် မင်းဘယ်
ရောက်ရောက် ငါ့ရင်ခွင်ထဲမှာထာဝရအေးချမ်းစေတော့မယ် က
ရယ်. . .

မင်းကို ငါသိပ်ချစ်တယ်. . .

လှမ်းလိုက်သည့်ဖိနပ်ဦးထိပ်သို့ မျက်ရည်တစ်စက်ခုန်
နှုတ်ဆက်သွားသည်။ အရာရာကို ဂရုမစိုက်ငဲ့ကွက်ခဲ့ခြင်း
သူတွေဝေနေခဲ့သည်။

အခြေအနေ အချိန်အခါကို မေ့ထားခဲ့မိ၏။

လက်ထပ်ခါနီးတစ်နေ့ထိ သူ့မှာကြိုးစားချိန်ရှိသေးသ
တွက်ခဲ့သည်။ ခုတော့ အရာရာဟာ နောက်ကျသွားခဲ့လေပြီ

မင်း ဘယ်မှာလဲ. . . ပုံပမာ. . .

❀ ❀ ❀ ❀ ❀



# အခန်း (၁၅)

"မင်းကို အန်တီယုံကြည်တယ်၊ ဘယ်လိုရေစက်မှန်းမသိဘဲ
တည်းကိုကချစ်သွားတာ ပြီးတော့ ဒီအကြောင်းတွေကို မင်း
ခြင်ကတည်းက အန်တီကအကဲခတ်နေခဲ့တာ ပြောလိုက်တော့
ဘူးဆိုတာကို ယုံသွားတယ် ကို ဘယ်လိုသဘောရလဲဟင်"

စန္ဒီက ကွေးကောက်နေသည့် ဆံပင်ဂုတ်ဝဲလေးခါထွက်သွား
နောက်လှည့်မေး၏။

" ဘာလဲ မင်းက ဘာကိုမေးတာလဲ "

ဦးသက်ကောင်းက ခပ်လှမ်းလှမ်းမှာထိုင်နေရာကနေ ထလာ
သည်။

" သူ့ကိုစန္ဒီတို့မွေးစားမယ်လေ နောက်ပိုင်းပြဿနာရှုပ်မယ့်
ဘာ "

" ဟုတ်မှလည်းလုပ်ပါစန္ဒီရာ မင်းသားတောင်မှ မင်းနာမှာ
ရှာ "



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ကောင်းပြောတော့ စန္ဒီကပြုံး၍ ပုံပမာ့ကိုလှည့်ကြည့်ကာ

" အန်တီတို့မှာ သားတစ်ယောက်ရှိတယ် အရမ်းဆိုး… ပဲကွ အန်တီက ဟိုတုန်းကတည်းက ကလေးသည်းညည်းသိမ်း… တာမဟုတ်ဘူး သားကအရမ်းဆိုးတော့ သားအမိအမြဲပူညံပူညံ… အဲဒါအန်တီ့အမ အမေရိကကနေ လာလည်တော့ သူ့တူကို … သွားလိုက်တာ ခြောက်တန်းကျောင်းသားလေးကတည်းကပဲ "

" ဟုတ်ကဲ့. . . "

" သူလေ သူ့မေ့ သားသိပ်လိုချင်တာ အန်တီက မိန်း… လေးပဲလိုချင်တာ မိန်းကလေးမှအန်တီ့ကိုကူမှာကိုး ခုကြည့်ပါ… ဟိုမှာရော တစ်ချက်မှအငြိမ်မနေဘူးတဲ့ အခု ဂျပန်မှာနိုင်ငံတ… ကားမောင်းပြိုင်ပွဲအတွက် ထွက်သွားသတဲ့ ကျောင်းစာထက်အား… ကိုဝါသနာကြီးတာ "

ပုံပမာ စိတ်မဝင်စားသောအကြောင်းအရာများကို… ထောင်ရင်း ဒီမှာနေဖြစ်ခဲ့လျှင်ဆိုသော စိတ်ကူးကရင်ထဲကိုမွှေနှောက်… နေ၏။

လင်မယားနှစ်ယောက်တည်းနေကြသောအိမ်မှာ လူနည်း… သည်ဆိုပေမယ့် သူမအတွက် အေးချမ်းနိုင်ပါ့မလား။

အရပ်မားမားကြီးနှင့် ခပ်သွယ်သွယ်ဖြူဖြူပုံစံရှိသော ဦးသက်… ကောင်း၏ ဥပမိရုပ်က လေးစားချင်စရာပါ သို့သော် တွေ့ကြုံ…





သည့်ဒုက္ခမျိုးစုံ၏သင်ခန်းစာများအရ ယုံကြည်ဖို့ခက်နေ၏။

စန္ဒီမျိုးဆက်ဆိုသည့် အမျိုးသမီးသည် ပြင်ဆင်လွန်း၍ လှုကနေမျိုးနေပေမယ့် အသက်က ငယ်ငယ်ရွယ်ရွယ်မဟုတ်တော့တဲ့ ခေတ်ရှေ့ပြေးနေသူ. . .

အေးဆေးသည့်ပုံစံရှိသော ဦးသက်ကောင်းနှင့် ဆန့်ကျင်ဘက်ရှိသော်လည်း သူတို့နှစ်ယောက် လွန်စွာချစ်ကြသည်က အံ့သြရာ။

" မေ့ ငိုင်လှချည်လား ပုံပမာ နေမကောင်းဘူးလား" ...

" ကောင်းနေပါပြီ အန်တီ ဒီဘက်ခြံထောက်က လှုပ်တိုင်းနာနေတာတစ်ခုပဲ "

" ဒါဆို ဘာတွေတွေးနေသလဲ "

" ဘာ. . . ဘာမှမဟုတ်ပါဘူး "

" ဒီမှာမနေချင်လို့လား အန်တီတို့ကတော့ မွေးစားဖို့ဆုံးဖြတ်လိုက်တယ် မင်းဘက်က စဉ်းစားဦးမယ်ဆို စဉ်းစားပေါ့ ဒီမှာတော့ မင်းကိုဖြူသည်မည်းသည်ပြောမယ့်သူမရှိဘူး အခု မင်းနေမကောင်းနေလို့ တို့ကိုတွေ့တာ နောက်ဆို ကိုက ကျောင်းသွားမယ် တို့က အိမ်မှာနေခဲ့ရတာပဲ ဒီလိုပဲပျော်သွားနေတာ "

" အိမ်မှာ အလုပ်သမားမရှိဘူးလားဟင် "

" မရှိဘူး တို့ကပွင့်ပွင့်လင်းလင်းနေတတ်ပေမယ့် လူတိုင်းကိုမယုံတတ်ဘူး အထူးသဖြင့် အိမ်ဖော်ဆိုတာတွေပဲ ကျွန်သားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့လူက ကိုယ့်ဆီရောက်လာရင်အကြောင်းမဟုတ်ဘူး လင်ကို သုတ်ပြေးမယ့်အိမ်ဖော်ဆို ဘယ့်နှယ်လုပ်မလဲ "

" စန္ဒီ "

ဦးသက်ကောင်း မျက်နှာကြီးသုန်မှုန်လျက် ခေါင်းထောင်လာ၏။

စန္ဒီက မျက်စောင်းလေးထိုး၍ လှည့်ကြည့်ကာ

" အများကြီးရှိခဲ့ဖူးတာကို ပြောပြတာလေကိုရဲ့ ယောကျ်ားဆိုတာ မိန်းမကောမြူဆွယ်ရင် ခံနိုင်တဲ့သူမရှိသလောက်ဘဲ ကို့ကို စန္ဒီ ယုံပေမယ့် မိန်းမတချို့ကိုမယုံဘူး အထူးသဖြင့် အဲဒီအဆင့်အတန်းတွေက မိုက်ရိုင်းတတ်တယ် "

ဦးသက်ကောင်းက ပုံပမာ့ကိုကြည့်၍ စန္ဒီဘေးမှာ ထိုင်ချလိုက်၏။

" မင်းက မိန်းမ မိန်းမနဲ့ပြောနေ ဟိုမှာတစ်ဘက်သား ဘယ်လိုနေမလဲ "

" ဖြစ်ရလေ ကိုရယ်. . . စန္ဒီပြောတဲ့ အဆင့်အတန်းမျိုးက ပုံပမာနဲ့ဘာဆိုင်လို့လဲ. . . ဒီမှာ ပုံပမာ အန်တီ့ကိုတလွဲမထင်နဲ့နော် မင်းနဲ့အန်တီတို့ကြားမှာ ဘာမှအားနာစရာမရှိဘူး အန်တီကလည်း မင်းအကြိုက်လိုက်ပြောဖို့မလိုဘူး မင်းတင်မကဘူး ဘယ်သူ့ကိုမှ အန်တီက စိတ်မပါဘဲဟန်ဆောင်ဖော်ရွေတာမရှိခဲ့ဘူး မင်းကိုတကယ် ချစ်တာ ယုံကြည်စိတ်ချလို့ မွေးစားချင်တာ အဓိကက အန်တီမှာ





ါမှဲ့နေလို့လေ. . . တစ်ခါတလေ အိမ်မှာ အေးအေးဆေးဆေး ချင်တယ် အဖော်မရှိတော့ အပြင်ကိုထွက်မိပြန်ရော အဲ့ဒါကြောင့်"

" ပုံပမာ သိပါတယ်အန်တီ. . . ဒီကသွားမယ်ဆိုလည်း ာ့မှာသွားစရာမြေမရှိပါဘူး "

" ဒါဆိုပြီးရော. . . စိတ်ချမ်းချမ်းသာသာနေ မင်းခြေထောက် အမြန်ဆုံးပြန်ကောင်းအောင် အကောင်းဆုံးသမားတော်နဲ့ကုပေး င် အိမ်မှာ ကိုယ့်အိမ်ကိုယ့်မိသားစုလိုသာနေ ကဲ. . . မင်း ဆယ်တန်း ားတယ်နော် "

" ဟုတ်ကဲ့ "

" result ထွက်လာရင် ကြည့်တာပေါ့ အောင်မြင်မယ့်လူကို ဒါနပြုဖို့လည်း အန်တီတို့က ဝန်မလေးဘူး "

" ဟုတ်ကဲ့ ပုံပမာဝမ်းသာလိုက်တာ "

လိုက်လိုက်လဲ့လဲ့ပြောတော့ စန္ဒီကျေနပ်သွားသည်။

" ပုံပမာလေ ဆယ်တန်းစာမေးပွဲကိုဘဝအတွက် အနိုင်မခံ ပေးစိတ်နဲ့အများကြီးကြိုးစားပြီး ဖြေခဲ့တာပါ ပညာမဆုံးမှာကို လောက်အောင် ကြောက်ပါတယ် "

" *အင်း. . . မင်းတော်တယ်ဆို ပညာနဲ့ပတ်သက်ရင်ရေဆုံး တို့တာဝန်ယူမယ်* "

ပုံပမာဝမ်းသာလွန်း၍ မျက်ရည်ဝဲသောမျက်ဝန်းများနှင့် စန္ဒီ ကြည့်လိုက်မိ၏။ သူမ အရာအားလုံးကိုမေ့လိုက်ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



လွမ်းတာရှိလျှင် နာတာနှင့်ဖြေမည်။

ပြီးခဲ့သမျှဟာ အိပ်မက်ဆိုးတစ်ခုပဲ ဟုသာ မှတ်ယူဖို့နိုင်ဖော့ ဆုံးဖြတ်မိ၏။

ကိုကြီးကိုချစ်၍ ကိုကြီးနဲ့သာ လက်တွဲချင်လို့မရနိုင်သော သည့်ဘဝမှာ

ရက်စက်လွန်းကြသည့် အသိုင်းအဝိုင်းတွေကို ရင်ထဲ နာကျည်းခါးသီးသွားခဲ့၏။

မမုန်းပေမယ့် ပုံပမာကိုမေ့ခွင့်လေးတော့ပေးပါ ကိုကြီး ရယ်. . .

❀ ❀ ❀ ❀ ❀



# အခန်း (၁၆)

အတိတ်သည် အရိပ်လိုကပ်တွယ်နေခဲ့သည်ဆိုသော်ငြား သည်း စာနဲ့လူသာလုံးထွေးနေခဲ့သေး ပုံပမာ အတိတ်ကိုမေ့ထားနိုင် ခဲ့သည်။

ခုဆို. . . ဆံပင်တွေတင်ပါးလုလုမှာ အုပ်ဖြာဝဲခါနေလျက် လွန်စွာလှပတင့်တယ်သော ဆရာဝန်လောင်းတစ်ဦးဖြစ်နေခဲ့ပြီ။

" သမီးတို့ကျောင်းဆင်းသွားပြီဆိုတော့. . ."

" ဆေးရုံမှာ အလုပ်သင်ပြန်ဆင်းရမယ် အန်တီ. . ."

" ဟုတ်တယ် အန်တီက သမီးကို M.S ဆက်တက် စေချင်လို့ "

" တက်မယ် အန်တီ အဲဒါဖြေဖို့ အစောကြီးကတည်းက စိတ်ကူးထားတာ "

" ကောင်းတယ် ကြိုးစား သမီးကိုကြည့်ရတာ အန်တီ ကျေနပ်တယ် "

www.burmeseclassic.com

www.burmeseclassic.com



စန္ဒီက အရင်လိုတောင် မင်းတွေတို့တွေမဟုတ်တော့ဘဲ သမီးကပါးစပ်ကမချဖြစ်လာသည်။

ထိုပြင် နေတာထိုင်တာကအစ အရင်လိုမဟုတ်တော့ဘဲ တည်တည်ငြိမ်ငြိမ်နှင့် လူကြီးဆန်လာပြီဖြစ်၏။

" စန္ဒီတို့လည်း သမီးရမှပဲ လူကြီးလုပ်ဖို့သတိရတော့တယ်"

ဦးသက်ကောင်းက မကြာခဏ ကျီစယ်တတ်သည်။

" ဘာဖြစ်လဲ သမီးကလိမ္မာပြီး အမေကမိုက်တယ်လို့အပြော မခံချင်လို့. . ." ဟု ဒေါ်စန္ဒီကပွင့်လင်း၏။

တိုက်ကနှစ်ထပ်တိုက် ဝရံတာသုံးခုပါသည်။

အပြာရောင်မှန်ချပ်ကြီးများနှင့် စတီးတန်းတွေချည်းသုံးကာ ခေတ်မီလှပသော တိုက်ကြီးက ခမ်းနားသလောက် လူကသုံးယောက်တည်း

" လွတ်လွတ်လပ်လပ်သာနေပေတော့ ပုံပမာ တိုက်ကကြီးကြီးလူကနှစ်ယောက်ပဲနေတာ အခုမှ သုံးယောက်ဖြစ်မှာ. . ."

ပုံပမာ စရောက်ကာစက ဒေါ်စန္ဒီပြောခဲ့သည်။

ဘာပဲဖြစ်ဖြစ် အစက တစ်နေကုန်ခြောက်သွေ့နေခဲ့သော အိမ်ကြီးက ပုံပမာရောက်လာမှစိုပြေလာခဲ့သည်ဟု ဦးသက်ကောင်းရော ဒေါ်စန္ဒီပါ ဖွင့်ပြောခဲ့ဖူးသည်။

" ဟော. . .သမီး ရေမချိုးသေးဘူးလား သွားချိုးလေ"

ဒေါ်စန္ဒီက ခြေသည်းတွေပုံသွင်းနေရာမှ ပုံပမာ့ကို





မော့ကြည့်၏။

ပုံပမာက ဒေါ်စန္ဒီခြေရင်းမှာ ကျုံ့ကျုံ့လေးထိုင်ချလိုက်ပြီး ခြေသည်းညှပ်လေးကိုယူလိုက်သည်။

" ရေချိုးတာက ဘယ်အချိန်ချိုးချိုးရပါတယ် အန်တီရယ်"

ခြေသည်းတွေကို ပုံပမာက စိတ်ရှည်လက်ရှည် ပုံသွင်းပေးနေသဖြင့် ဆံပင်ရှည်တွေက မျက်နှာလေးပေါ်မှာအုပ်ကျနေရာ ဒေါ်စန္ဒီက ဆံပင်တွေကိုသိမ်း၍ နားရွက်နောက်လေးမှာ ညှပ်ထားပေးလိုက်ပြီး

" အန်တီ့သမီးက သိပ်ကျက်သရေရှိတာပဲ ဆံပင်ရှည်လေးနဲ့လိုက်တယ် အန်တီတောင်မှ သမီးကိုကြည့်ပြီး ဆံပင်တိုတိုလေးနဲ့နေရတာ ကလက်တယ်လို့ထင်လာတယ် "

ပုံပမာက ရယ်လျက် မော့ကြည့်လိုက်ပြီး

" မကလက်ဘူး အန်တီရဲ့ အန်တီ့မျက်နှာလေးက နှုတ်ခမ်းတွဲလေးနဲ့ ဘိုရုပ်လေးပေါက်နေတာ ဒီဆံပင်မျိုးလေးနဲ့ပဲလိုက်တယ် ပြီးတော့ရှိတဲ့အသက်ထက်အများကြီးနုတာ ခြေတွေလက်တွေကို ဒီမှာကြည့်ပါလား အသက်ကြီးတဲ့လူတွေလို အကြောင်းမြောင်းတွေ ဘာတွေ ဘာမှမရှိဘူး အဆစ်လေးတွေမြုပ်ပြီးလှနေတာ "

" ဟား ဟား ဟား "

ရယ်သံကြီးက ကျောနောက်က ထွက်လာတော့နှစ်ယောက်သား လှည့်ကြည့်မိကြ၏။

ဦးသက်ကောင်းက ပြက်လုံးတွေ့သလို တဟယ်ဟဲ့ ဟက်



www.burmeseclassic.com

www.burmeseclassic.com



ဟက်ပက်ပက်ကြီးရယ်လိုက်သည်။

" အဲဒီလို ငါ့သမီးပြောလို့ကတော့ စန္ဒီတို့မှန်ရေ့ကထမှာ မဟုတ်တော့ဘူးဟေ့ ကြည့်ပါလား မျက်နှာကြီးကိုပါးစပ်က နားထင်တက်ချိတ်တော့မယ် "

" ကိုနော်. . . သူများကိုလှတယ်ပြောတာ မနာလိုဖြစ်နေတာကြည့်. . . ဟွန်း သူ့လိုပိန်ပိန်ကပ်ကပ် ရွှတ်တွမနေလို့ "

" အံမယ်ဗျာ ဒီပုံလားရွှတ်တွ. . . "

ဦးသက်ကောင်းက သူ့ကိုယ်သူဘယ်ပြန်ညာပြန်နဲ့ခါငုံ့ကြည့်လိုက်သည်။

" ဟေ့. . . သမီး ပြောလေကွာ ညည်းအန်တီကျတော့ အားရပါးရပြောပြီး အန်ကယ့်ကိုတော့ ပြောမပေးတော့ဘူးလား ဒီရုပ်ကိုဖွဲ့နေတာကြည့်. . . "

ပုံပမာက နိုးမိုးခစ်ခစ်လေးရယ်၍ ဆံပင်တွေကိုနောက်လှန်သိမ်းပစ်လိုက်၏။

" အန်ကယ်က အရပ်ရှည်လို့ပါ အရပ်မြင့်တာကို အိုစာတယ်ပြောလို့ဘယ်ရမလဲ အန်ကယ်လမ်းလျှောက်ရင် သိပ်ကြည့်လို့ကောင်းတာ နေအောင်ကြီးကျနေတာပဲ "

" ကိုင်း. . . ကိုင်း. . . ကြားလား "

" မကြားဘူး နားပိတ်နေတယ် "

" အဲဒီလို စိတ်ကောင်းမရှိလို့ ခင်ဗျားဆံပင်တွေ ဘယ်စက်





သွားဖြောင့်လို့မရတော့တာ "

" ရှင်ကြီးနော်. . . "

" ခစ်. . . ခစ်. . . ခစ် "

လင်မယားနှစ်ယောက်သာ ဟိုတုန်းကလိုပဲ လိုက်ထုကြိုးကြ ဖြစ်တုန်း နောက်ဆုံး ဦးသက်ကောင်းကရပ်၍ အထုခံတော့ ဒေါ်စန္ဒီက ကျောကော့အောင်ထု၍ကျေနပ်လေသည်။

" အဲ့ဒါသာကြည့်တော့ သမီးရေ အရင်က အိမ်မှာ နှစ်သက်တည်းမို့ အပျင်းပြေအောင် သူ့ကိုမခံချင်အောင်စနေမိတာ အကျင့်ပါကုန်တာ အလိုလိုက်မှန်းသိလို့ သင်းဆိုးနေတာသိလား လျှောက် ပညာပေးတော့ဖို့ဆုံးဖြတ်ထားတယ် "

" အံမယ်. . . ရှင်က "

" ဟုတ်တယ်လေ ကျောင်းမှာ ကျူပ်တပည့်တွေ ရည်းစားထားလွန်းလို့ ခင်ဗျားကို မဟုတ်ပါဘူး ကျူပ်တပည့်တွေကိုတာ "

" ဟွန်း "

အိမ်မှာလူစုံပြီဆို ပုံပမာပျင်းရသည်မရှိပါ။

အေးချမ်းသည့်ဘဝလေးကို ဒီအိမ်ကျမှသူမ ရရှိခဲ့သည်။

ဦးသက်ကောင်းကိုကော ဒေါ်စန္ဒီကိုပါ ပုံပမာ မိဘများယ် ကျေးဇူးတင်ချစ်ခင်ရပါသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

" ပုံပမာရယ် ဒီမှာကြည့်ပါဦး "ရင်ထဲကပုံပမာ" ...
စာရေးဆရာကတော့ ပီတယ်..."

" ဟင်...ဘယ်သူရေးတာလဲ "

" ဘယ်သူရှိရမလဲ 'နေတံခါး' လေ စူပါကြီးပေါ့ ဒီ...
လမ်းက ရေးနေကတည်းက ရုပ်ရှင်ကဝယ်သွားတာတဲ့ တက...
နာမည်ကြီးစူပါတွေနဲ့ရိုက်နေတာတဲ့ နင်ဖတ်မလား ဖတ်ချင်ဒီည...
လေ တို့မနက်ဖြန်မှဖတ်မယ် ..."

" ဟင့်အင်း..."

ပုံပမာ မျက်နှာတစ်ဘက်လှည့်ပစ်လိုက်တော့ မျက်ရည်...
စက်လွှင့်ခနဲကျသွား၏။ ငြိမ်သက်နေသည့် ကန်ရေပြင်သို့ခဲလုံး...
လုံးပစ်ချလိုက်သလို ဂယက်ထသွားသည့်နှလုံးသားသည် တ...
ဆတ်လှုပ်ခါသွားလျက် ကန်ရေပြင်ကဲ့သို့ပြန်လည်ငြိမ်သက်မသွား...
မီးပွားငယ်လေးမှ မီးတောက်ကြီးအဖြစ် ဟုန်းခနဲထလောင်၏။

ပုံပမာ့ရင်ထဲကနေ ဘယ်မှထွက်မသွားခဲ့ပါလား ကိုကြီး...





" ဟဲ့ ပုံပမာ နင့်နာမည်မျိုးကာဝင်တွေရှိနိုင်ပါဘူးဟာယ် ပြောစမ်း
...နဲ့ နေတံခါးနဲ့ငြိဖူးသလား "

" မဟုတ်ပါဘူး မစံရယ် တကယ်ပါ..."

မိုးမြင့်စံက ခေးကျောင်းကတည်းက အတူတူဖြစ်ကာ အလုပ်
...င်တာဝန်ကျတော့လည်း အတူတူပဲကျတာမို့ မရင်းနှီး၍ မမေးသော်
...ည်းသိချင်နေကြသည့် ထိုနာမည်ကိစ္စကို သူကတော့ ကောက်ခနဲ
...ေး၏။

ပုံပမာ ထမင်းချိုင့်သိမ်းသလိုလို ရေထသောက်မလိုလိုနှင့်
...ရာမှ ထလာခဲ့တော့မျက်နှာစူပုတ်ပုတ်လေးနှင့် ကျန်ခဲ့သည်။

" ဖြစ်နိုင်တယ်မစံရေ...မျက်နှာမှာတော့ လျှပ်စီးကြောင်း
...ခုဖြတ်သွားတာ သေချာတယ် ပုံပမာဒီလောက်လှတာ မဖြစ်နိုင်
...လား "

" ဖြစ်နိုင်တယ် ဒါကို သင်းကဝန်မခံချင်ဘူး စာရေးဆရာ
...တံခါး' ကလည်း တော်တော်ချောတယ်ဆိုပဲ ဓါတ်ပုံတောင်းတာ
...ယ်သူ့မှမပေးဘူးတဲ့ ဒါပေမဲ့ မြင်ဖူးတဲ့သူတွေရှိတယ် ခုတလော
...တွေ့တွေရုပ်ရှင်အရမ်းရိုက်ရတာ နာမည်ကတစ်ဟုန်ထိုးကိုတက်
...တာ "

" ဟိုးတုန်းကတည်းက နာမည်ကျော်ပါ ဒါပေမဲ့ အဲဒီတုန်း
... လူပျိုစာရေးဆရာဖြစ်တာရယ် ချောတာရယ်ကပေါ်လွင်တာ
...က သူ့စာအုပ်တွေက ကောင်းကိုကောင်းတာ စာအုပ်တိုင်း



www.burmeseclassic.com

ထိတယ် ''

" ဘာထိတာလဲ "

" ဒီနားကို "

နှလုံးသားနေရာကိုထောက်ပြ၍ တိတ်တိတ်ကျိတ်ရယ်ကြ

ပုံပမာ ရေသန့်ဘူးကိုသွန်ချ၍ လက်ဆေးနေရင်း ရေ
သာကုန်သွားသည် ဘူးကိုစောင်းထားလျက်နှင့် သက်မဲ့ကျောက်
ကြီးနယ်။

ရင်ထဲကအရူတွေအသည်းတွေ တလိမ့်လိမ့်ကြွတက်လာ
နှုတ်ဖျားမှတဆင့်ခုန်ထွက်လွင့်ပါသွားတော့မတတ် ရင်တစ်ခုလုံးခြော
ဆန်နေသည်။

ကိုကြီးမျက်နှာကွက်ကွက်လေးကို သူ့အမြဲတမ်းသတိတ
ဖြစ်ခဲ့သော်လည်း မျက်နှာများစွာကို နာကျည်းသောစိတ်နှင့် မရမ
မေ့ဖျောက်ထားခဲ့သည်။

ဒီအတွက် ကိုယ့်ကိုလည်းခံယူခဲ့မိသည် ကိုယ်ဖြစ်ချင်သေ
ရောက်လိုသည့် ပန်းတိုင်ကိုအရောက်လှမ်းနိုင်ခဲ့သည့်အတွက် ကိုယ့်စိ
ကို မာကျောခဲ့ပြီဟုလည်းထင်၏။

ခုတော့ သူ့မနှလုံးသားသည် ကိုကြီးနဲ့ပတ်သက်လာသည်





အညည်လေးကြားရုံနဲ့ပင် ဆေးရုံမှာဂျူတီချိန်မပြီးမချင်း ပင်ပန်းကြီးစွာ
ဒုပ်ရှားနေခဲ့ရ၏။

အိပ်ရာထဲပြေးဝင်ကာ စိတ်ရှိလက်ရှိငိုချင်လှသည်။

ဒါမှမဟုတ် "ရင်ထဲကပုံပမာ" ဆိုသောစာအုပ်လေးကို
ယ်၍ တစိမ့်စိမ့်ခံစားပြီးဖတ်နေချင်သည်။

အလုပ်သင်ဆရာဝန်အချင်းချင်းစချင်နောက်ချင်၍ သူ့မမျက်
ာမကောင်းတာကြောင့် မစမနောက်ဘဲတကြည့်ကြည့်နေကြသည့်
ျက်နှာများကိုလည်း ရင်မဆိုင်ချင်တော့ပါ။

လေးနာရီထိုးတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဖြစ်ဘဲ ပြန်
ပြွင်သည်။

ရည်ရွယ်ထားခဲ့သည့်အတိုင်း စာအုပ်ဆိုင်ရှေ့မှာ ခြေလှမ်း
ယ်သွားမိသေး၏။ သို့သော်

အို...မဖတ်တော့ဘူး ငါနဲ့ကိုကြီးမှာ ဘာဆက်စရာရှိတော့
ို့လဲ

သူတို့...သူတို့အားလုံးကိုငါကျောခိုင်းဖို့ ဆုံးဖြတ်ခဲ့ပြီး
ား...ငါ ဘယ်ဘဝမျိုးထိကြိုးစားထားထား "ညည်းဘယ်ကလာ
ာလဲ နားလည်ထား " လို့လက်ညှိုးထိုးကြဉ်းမှာ...

ပုံပမာ ခြေလှမ်းတွေမှရှေ့ဆက်ရွေ့လျားလာခဲ့၏။

မေ့ပါရစေတော့ ကိုကြီးရယ်...

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

" ဒီမှာ. . . ဒီမှာ "

ခေါ့ထားသည့် ဘာဂျာတံခါးကို ဆွဲခါလိုက်တော့ ဆိုဖာ ပေါ်မှာ ခန့်ခန့်ကြီးလှဲနေသည့် ပုဂ္ဂိုလ်က နဖူးပေါ်တင်ထားသည့်လက်ကိုဖယ်၍ ခေါင်းထောင်ကြည့်၏။

ပြီးတော့ ဘာလဲဟုမေးဆတ်ပြသည်။

တစ်လမ်းလုံး ဆို့ကျပ်နာကျင်လာခဲ့ရသည့် နှလုံးသား တစ်ဆင့် ဒေါသကနှုတ်ခမ်းဖျားသို့တက်လာကာ ခပ်ကြိတ်ကြိတ်တင် ခေါက်လိုက်မိလျက်

" တံခါးလာဖွင့်ပေးစမ်းပါ မင်းကဘယ်သူလဲ အနိတိ မရှိဘဲ ဘာဝင်လုပ်နေတာလဲ "

" အိုး. . . "

ထိုပုဂ္ဂိုလ်မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

ထို့နောက် လှဲနေရာမှ ထထိုင်လိုက်ပြီး တံခါးဆီလျှောက်





[illegible]တော့ ခြေထောက်တစ်ဖက်က ခပ်ဆဆနှင့် မျက်နှာမဲ့ခနဲတစ် ချက်ဖြစ်၏။

အနားရောက်တော့ တံခါးကိုချက်ချင်းမဖွင့်ဘဲလူကို ခြေဆုံး ခေါင်းဆုံးကြည့်သေးသည်။

ကြည့်ပုံက ချပ်ရှိုင်းရှိုင်းမို့ ပုံပမာမျက်ဝန်းလေးတွေ မီးထ [illegible]ကက်တော့မတတ်ရှူးရှူးလက်လက်ဖြစ်ကုန်၏။

ထိုစဉ် "တော်တော်လှတယ် " ဟူသော ဝါကျတစ်ခုကို [illegible]လိပ်လိုပြောလိုက်သလား ပီပီသသကြီးကြားလိုက်ရ၏။

" တောက် "

ပုံပမာ ဒေါသထိန်းမရတော့ဘဲ တက်ခေါက်ပစ်လိုက်၏။

" မင်း ဘယ်သူ့ကိုတွေ့ချင်လို့လဲ "

ဟု တံခါးမဖွင့်ဘဲ မြန်မာစကားမဟုတ်သော ဝါကျတစ် ကြောင်းထွက်လာပြန်၏။

" တို့ဘယ်သူပဲဖြစ်ဖြစ် မင်းမေးဖို့မလိုပါဘူး ဟွန်း ညည်းသည် [illegible] အိမ်ရှင်ကို ပြန်မေးနေသေးတယ် တံခါးဖွင့်မှာဖွင့် "

ထိုပုဂ္ဂိုလ်က ပြုံးစိစိမျက်နှာဖြစ်သွားပြီး တံခါးဖွင့်ပေး သည်။

အိမ်ထဲမှာ ဘယ်သူမှမရှိကြဘူးလား ဆိုသော အတွေးနှင့် [illegible]မာအထဲကိုလှမ်းကြည့်ရင်းဝင်လိုက်စဉ် ဘယ်လိုမှမထင်မှတ်ခဲ့သော အဖြစ်တစ်ခုက ရုတ်ချည်းဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးပြီး ကိုယ်တစ်ခြမ်းစောင်းဖယ်ပေးသည့် ထိုပုဂ္ဂိုလ်သည် ပုံပမာပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲဆွဲယူကာ ဖိကပ်ပစ်လိုက်သည်။

ပုံပမာ အတင်းဆောင့်ရုန်း၍ [illegible]ဖြန်းခနဲရိုက်ချပစ်လိုက်၏။

အဖြစ်အပျက်က မြန်မြန်ဆန်ဆန်ကြီးဖြစ်၏။

တစ်ထပ်တည်းမှာပင် အန်တီအိမ်ထဲက ပြေးထွက်လာ၏။

" အို. . . သား. . . သမီး ဒုက္ခပဲ မှားကုန်ကြပြီ "

ပုံပမာသည် ဒေါသကြောင့် အသားဆတ်ဆတ်တုန်ကာ ရင်ဘတ်လေးအစုံ ပြင်းထန်စွာလှုပ်ခုန်နေသည်အထိ ပေါက်ကွဲခြင်း တားဆီးမရသေး။

တစ်ယောက်က ထိမထိသောမျက်နှာ နှင့်စိုက်ကြည့်လို့. . .

" သား. . . အဲဒါ မာမီပြောတဲ့ မွေးစားသမီးဆိုတာလေ ပုံပမာတဲ့ သမီး သူကအန်တီ့သား ဒီနေ့ပဲ အမေရိကားက ရောက်လာတာ သတ္တိကောင်းကင်လေ "

ဩော်. . . သတ္တိကောင်းကင် ကိုး. . .

သဘောပေါက်သွားပါသည် သို့သော် အန်တီ့ကိုပင်အားနာရမှန်းမသိဘဲ ရန်သူတစ်ဦးလိုစူးစူးဝါးဝါးပဲကြည့်ပစ်လိုက်မိ၏။

" သား. . . မင်း. . . ပုံပမာကိုဘာလုပ်လိုက်သလဲ "





" နမ်းလိုက်တယ် "

" သားရယ်. . . "

ဒေါ်စန္ဒီက ပုံပမာ့ကို အားနာလွန်းသည့်မျက်နှာနှင့်ကြည့်၍ ားစရှာသည်။ ပုံပမာက မျက်နှာကိုအနည်းငယ်လွှဲချလိုက်ပြီး

" ပုံပမာ့ကိုခွင့်လွှတ်ပါ အန်တီ ကျေးဇူးရှင်မို့ ရှိသေတာက သိသ် မိန်းမတစ်ယောက်က ထိန်းသိမ်းသင့်တဲ့ကာယခြေကိုထိန်း ဖို့အတွက် တုံ့ပြန်ဖို့က သပ်သပ်ထားခွင့်ပြုပါ "

ပြောရင်း သတ္တိကောင်းကင်ကို အထင်မြင်သေးစွာတစ်ချက် ကြည့်၍

" သူ့ဒီလိုရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်တာဟာ ဒီအိမ်မှာ ာက နိုကပ်နေတဲ့မိန်းကလေးတစ်ယောက်မို့လို့. . . "

" အို. . . မဟုတ်ဘူးသမီး မဟုတ်ဘူး သားက ခုနှစ်တန်း ည်းက နိုင်ငံခြားမှာကြီးပြင်းခဲ့ရတယ်ဆိုတော့ အနောက်နိုင်ငံက င်ကျေးမှုတွေ အရောင်ဟပ်နေတာပါ အထင်သေးချိုးနှိမ်လိုတဲ့ လုံးဝမရှိပါဘူးကွယ် သားအတွက် အန်တီအနူးအညွတ်တောင်းပန် ယ် စောစောကပြောသလို သမီးဒီမှာ ဘာကျေးဇူးကိုမှထောက် ပြီး မျိုသိပ်သည်းခံနေဖို့မလိုပါဘူး သားကိုလည်း အန်တီဆုံးမ သမီးလည်းတုံ့ပြန်ဖို့လိုလာရင် တုံ့ပြန်ပါ လူစုံမှ စိတ်ဝမ်းကွဲ ဝါးစည်းပြောသလိုမပြောချင်ပါဘူး အန်တီပြောတာကိုနားလည်ပါ "



www.burmeseclassic.com

www.burmeseclassic.com



ပုံပမာ အန်တီ့ကျေးဇူးကို ငဲ့ညှာ၍ ဒေါ်သန့်မာနကိုလုံးဝ မျိုချလိုက်ရ၏။ နွေးကျန်ခဲ့သော နှုတ်ခမ်းကိုဖိကိုက်ထားရင်း လက် ဆုပ်ကမပြေချင် နီကျင်ကျင်ဆံပင်ရှည်ရှည်ဂုတ်ထောက်နှင့် မြန်မာ ပျောက်အောင်ဖြူဖွေးနေသော ထိုမျက်နှာကို မုန်းတီးရွံရှာနေမိ က တော်တော်နှင့်ပျောက်မရ။

ဒီလိုအရိုင်းအစိုင်းနဲ့အတူနေသွားရမည့်အရေးက ရင်လေး ပါလား။

❀ ❀ ❀ ❀ ❀



## အခန်း (၁၉)

" ဟဲ့. . . ဘာလုပ်နေတာလဲ ဒါ "

ဒေါ်စန္ဒီက မှန်ဘီလူးကိုလှမ်းဆွဲတော့ သူကပြန်ပုတ်ချ၍ ကြည့်မြဲကြည့်နေ၏။ လှမ်းကြည့်လိုက်တော့ အောက်ဖက်ခြံထဲမှာ ပမာပန်းတွေခူးနေ၏။

" ဘာလုပ်နေတာလဲ သားရယ် မင်းကြောင့်ခက်ပါတယ် တိုတသိသွားရင် မလွယ်ဘူး "

" ကြည့်တာပဲ ဘာဖြစ်လို့လဲမာမီ မာမီ့သမီးက အကြည့် ဆောင်မခံဘူးလား "

" ခံတယ်လေ ဒါပေမဲ့ သားကသူ့ကိုရန်စခဲ့ဖူးတာ သူက အချနပ်သလား "

သတ္တိကောင်းကောင်းက မှန်ဘီလူးကိုခွာ၍ ဒေါ်စန္ဒီကိုပြန်ကြည့် လိုက်ကာ

" သူကသိပ်လှတာပဲ မာမီ ကြည့်လို့ကိုမဝဘူး ဟိုမှာ ကြည့်ပါဦး ဆံပင်တွေဖြန့်ပြီးလမ်းလျှောက်နေတာ မတ်မတ်နွဲ့နွဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမော့လိုက်တာ လက်ကလေးလွဲလိုက်တာ အားလုံးလှ တယ်"

ပြောပြီး သူ့ဟာသူခုံပင်တွေဖွ၍ရယ်၏။

" သူ့ကိုသား ချစ်တယ် "

" ဘုရားရေ မနေ့ကမှတွေ့တယ် ခုချစ်တယ် "

သတ္တိကောင်းကင်က ရယ်ကျဲကျဲနှင့်ခေါင်းညိတ်၏။

" သူ့ကိုထပ်နမ်းချင်နေတယ် "

" ဟဲ့. . . ဟဲ့ တော်ပါတော့ အမေကိုပြောစရာလား ဒါ"

" ဟုတ်တယ် မာမီ သူ့လောက်လှတာ သူ့လိုမာနကြီးနေတာ သားတစ်ခါမှမတွေ့ဖူးဘူး ပြိုင်ပွဲတွေမှာဆုတွေခဏခဏရတယ် မိန်းကလေးတွေအများကြီးပဲ သားနှုတ်ခမ်းကိုလာနမ်းကြတယ် သားလည်းပြန်နမ်းခဲ့တာရှိတယ် သားဘာမှမဖြစ်တာ သူ့ကိုကျတော့. . ."

" ရိုက်လိုက်လို့ဖြစ်မယ်. . . "

ဆက်ပြောလိုက်သူက ဒက်ဒီ. . .

သတ္တိကောင်းကင်က ခါးညွှတ်၍ တစ်ချက်ရယ်ကာ

" ဟုတ်တယ် မြန်မာမိန်းမတစ်ယောက်ရဲ့တန်ဖိုးကို သိပ်လှတဲ့မိန်းမဆီမှာတွေ့လိုက်ရလို့ အဲဒီမိန်းမကိုချစ်သွားတာ "

" သေချာတာတစ်ခုက ငါ့သားကို ပုံမှာကဘယ်တော့မှ ချစ်မှာမဟုတ်တာဘဲ "

" ဘာဖြစ်လို့လဲ ဒက်ဒီ "





" မင်းကလှရှိုင်းပဲ "

" ခုမရှိုင်းတော့ဘူး. . ."

ဟွန်း. . . ဦးသက်ကောင်းက လွယ်လိုက်တာဆိုသော နှုတ်
ကြီးကိုတွန့်မဲ့ပစ်၏။

ဒေါ်စန္ဒီက အဖေလုပ်သူကိုကြည့်၍ ပြုံးသည်။

သတ္တိကောင်းကင်က မှန်ဘီလူးကို အနီးဆုံးသို့ဆွဲကြည့်နေ
သည်။

" အနောက်နိုင်ငံတွေမှာလို မိန်းကလေးတစ်ယောက်ရဲ့
ကလေး ပါးကလေးတွေကို ခြင်ယင်နားသလို နားလိုက် ပျံလိုက်
လွယ်တကူမရဘူးကွ ဒါ မြန်မာနိုင်ငံ. . ."

" သား သိပါတယ် ဒက်ဒီရာ. . ."

" ပြီးတော့ မင်းက ပြိုင်ပွဲမှာဒဏ်ရာရလို့ ဟိုကလူတွေ
လန့်ပြီး ခဏပြန်နားတဲ့ပွဲတိုင်းကျော် "

" လက်ထပ်ပြီး တစ်ခါတည်းခေါ်သွားမယ် "

" အံမယ် အံမယ် သေချာနေလိုက်တာ "

" ဒက်ဒီနော် ဒက်ဒီသမီးကို သိပ်တွန့်တိုမနေနဲ့ သတ္တိ
င်းကင်ဆိုတဲ့နာမည်က အလကားမဟုတ်ဘူး "

" ပြောရင်းဆိုရင်း ရှိုင်းချင်နေပြီ. . ."

" မပေးရင် ရအောင်ယူမှာပဲ "

" ကဲ တော်ပါတော့. . . တော်ကြပါတော့ သားအဖေကို



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာ ညီအစ်ကိုကြနေတာပဲ ဒီမှာ မိန်းမတစ်ယောက်ယူတာ လွယ်တာမှတ်လို့လား "

သတ္တိကောင်းကင်က မှန်ဘီလူးကိုတံခါးဘောင်ပေါ်မှာချထား လိုက်ပြီး စန္ဒရားခုံရှိရာလျှောက်သွားလျက် ဖွင့်ထားပြီးသည့်ခလုတ် တွေကို ခပ်ကြမ်းကြမ်းဆွဲချပစ်လိုက်၏။

" ထုံးစံကထုံးစံ ချစ်တာကချစ်တာပဲ မာမီ သားမြန်မာနိုင်ငံ မှာကြီးပြင်းတာပါ မြန်မာကိုမစော်ကားဘူး အန်တီဂရင်းတို့မာမီတို့ပြော သလို တစ်နေ့မြန်မာမိန်းကလေးကိုပဲ လက်ထပ်မယ်လို့ဆုံးဖြတ်ထား တာ "

" တော်ပါကွာ မင်းဒီကိစ္စကိုခေါင်းထဲမထည့်ခဲ့ဘဲ ခုမှ လာ ပြောမနေပါနဲ့ "

" ဟိုမှာက လွတ်လပ်တယ် "

" အဲဒါကိုက မင်းသွေးတွေညစ်နွမ်းနေပြီ. . ."

" သားပြောတဲ့ထဲမှာ အချစ်မပါသေးဘူးလေ သားဘယ် လောက်ပဲ လွတ်လွတ်လပ်လပ်နေနေ မိန်းမတစ်ယောက်ကိုချစ်ဖို့ လက်ထပ်ဖို့ထိ တစ်ခါမှစိတ်မကူးခဲ့ဘူး "

" ဒါတော့ ဟုတ်မှာပေါ့ကွ မျက်ခမ်းစပ်စပ် မျက်လုံးလုံး ပြာပြာတွေကြားထဲမှာ မင်းဘာစိတ်ကူးမှာလဲ "

" ကိုယ်. . . ကလေးကို. . ."





ဒေါ်စန္ဒီကတားမှမယ့် သတ္တိကောင်းကင်က တဟားဟား ရယ်လျက်

" ဟုတ်တယ် ဘာပဲဖြစ်ဖြစ် ချစ်စရာမှမတွေ့တာ "

" အေး. . . ဒက်ဒီတစ်ခုတော့ပြောထားမယ်နော် လော သာဆယ်မင်းကညွှန်သည့် ငါ့သမီးကအိမ်ရှင် အိမ်ရှင်ကိုမစော်ကား ဘူး ငါ့သမီးစိတ်ညစ်လို့ထွက်သွားရင် မင်းကိုခွင့်မလွှတ်ဘူး "

သတ္တိကောင်းကင်က စန္ဒရားခလုတ်တွေကို လက်ဝါးနဲ့ ဖုန်းခနဲရိုက်ချပစ်လိုက်သည်။

" ထွက်သွားလို့ရမလား အဲဒီတစ်ယောက်ကို လိပ်ပြာ သန့်ကောင်တောင်မနားစေရဘူး ဒီမှာကြည့် ဒက်ဒီသား . . ."

အသက်ကြီးမှ ရှက်ပြုံးကြီးပြုံးနေသည့် ဦးသက်ကောင်း ကိုကြည့်၍ ဒေါ်စန္ဒီကရယ်သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

" ဒုံး...ဒုံး "

ပုံပမာ စိတ်ပေါက်ပေါက်နှင့် တံခါးကိုတအားထုပစ်လိုက်မိသည်။

" ဒီမှာ အထဲမှာရှေဘယ်လောက်ထိစိမ်နေမှာလဲ အလုပ်သွားဖို့က ဒီမှာနောက်ကျနေပြီ...တောက်..."

" ခဏလေး...ခဏလေး ကောင်းဒီလိုပဲချိုးတတ်တာမှာကိုမေ့သွားလို့ "

မာတဲ့ သူ့ကိုဘယ်သူခေါ်နိုင်းလို့လဲ...

ကိုယ့်နာမည်ကိုပါးစပ်ထဲထည့်ထားတာတောင် ပုံပမာ မသထာချင်ပါ။

စရောက်သည့်နေ့မှစ၍ အင်္ဂလိပ်လိုမပြောတော့ဘဲနေတာသတိထားမိ၏။

ကိုယ်ဘာလုပ်လုပ် တစေ့တစောင်းလိုက်ကြည့်နေတတ်ကာအတင်းဝင်ရောတာမျိုးလည်းမဟုတ်ဘဲ ခုလိုမျိုးရှောင်မလွှဲသာသော





ထိုက်ဆိုင်မှုတွေ မကြာခဏဖြစ်သည်။

ပုံပမာရေချိုးခန်းထဲဝင်တော့ နာရီက နီးနေပြီမို့ ရေကိုအေးအေးဆေးဆေးမချိုးရတော့ပေ။

စကားဝါရောင် ပါတိတ်ဝမ်းဆက်ကိုဝတ်၍ ဆံပင်ကိုထုံးဖွဲ့မနေအားတော့ဘဲ နောက်မှာဒီအတိုင်းပဲ အဖြူရောင်ခေါင်းချည်ကြိုးလေးနှင့်ချည်ထားလိုက်၏။

ဂျူတီကုတ်ကိုလက်မောင်းပေါ်တင်ကာ ပလပ်စတစ်ခြင်းအပြာလေးကိုဆွဲ၍ ထွက်လာခဲ့၏။

အပြင်ရောက်တော့ ပေါ်တီကိုအောက်တွင် သတ္တိကောင်းတင်ရောက်မှချက်ချင်းဝယ်ပစ်လိုက်သည့် အမိုးပွင့်ဂျစ်ကားခဲရောင်လေး။

သူမကိုလိုက်ပို့မည့် သွားနေကျကားကနောက်မှာ

ဒရိုင်ဘာကိုမတွေ့သေးသော်လည်း ရောက်လာမှာပဲမို့ကားဆီအလျှင်စလိုသွားလိုက်မိ၏။

ထိုစဉ်ကားတံခါးကိုလက်ကိုင်မိရုံရှိသေးသည် ကိုယ်ပေါ်သို့ရေတွေဝေါခနဲသွန်ကျလာသည်။

" အမလေး..."

ခေါင်းမှစ၍ တစ်ကိုယ်လုံးရွှဲရွှဲစိုကုန်သဖြင့် လန့်ဖြန့်အော်ကာမော့ကြည့်လိုက်တော့ အပေါ်ဝရန်တာပေါ်မှာ ငုံ့ကြည့်လိုက်သည့်သတ္တိကောင်းကင်၏ မျက်နှာဖွေးဖွေးကိုမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟာ. . . ဆောရီး ဆောရီး. . . ဘဲရီးဆောရီးမာ. . . လုံးဝမသိတာ တကယ် '

" မင်း. . . မင်းက အဲဒီမှာဘာလုပ်နေတာလဲ "

" ပန်းပင်ရေလောင်းနေတာ "

" တောက် "

ပုံပမာ ဘာပြောရမှန်းမသိလောက်အောင် ဒေါသဖြစ်ရင်း ထဘီလေးမ၍ တိုက်ပေါ်ပြန်တက်လာခဲ့ရသည်။

" ဟင်. . . သမီး ဘာဖြစ်လို့လဲ. . . "

" အန်တီ့သားလေ အပေါ်ကနေ ရေတွေလောင်းချတာ"

" ကြည့်စမ်း "

" နီး. . . နီး မှားတယ် "

သတ္တိကောင်းကင် ကမန်းကတန်းပြေးဆင်းလာပုံက လှေကား ကဆင်းသည်နှင့်မတူဘဲ လေထီးနဲ့ဆင်းလာသလို လက်ယမ်းကို လျှော့တိုက်၍ဖြစ်၏။

ဘယ်တုန်းကများ ဘယ်လောက်ထိ သောင်းကျန်းထားသည် မသိ။

လှေခါးလက်ယမ်းကိုလက်နှစ်ဖက်နှင့်ထောက်၍ ခြေထောက် လွှဲဆင်းလာပုံက ဗရမ်းဗတာသေလုမျောပါးမဟုတ်ဘဲ သေသေသပ် သပ်။

လှေခါးအဆုံး ဘုကြီးနားကျတော့ ကိုယ်ကိုလွှဲကာ ပုံပမာတို့





ာ ရှုရှုလေးကျလာ၏။

" တမင်လောင်းချတာမဟုတ်ဘူး မာမီ သားရေလောင်း တာ "

" ဘာကိုလဲ "

" ပန်းပင်ကို "

ပုံပမာ နေရာမှချာခနဲလှည့်ထွက်သွားလျှင် သတ္တိကောင်း က ပခုံးနှစ်ဘက်တွန့်၍ ရယ်ကျဲကျဲနှင့် ဒေါ်စန္ဒီနားနားကပ်ကာ

" တွေ့လား မာမို့ချွေးမ ဒေါသဖြစ်နေတာတောင် အလှ က်ဘူး "

" တယ် ဒီကောင်လေး "

သတ္တိကောင်းကင်က ဟက်ခနဲရယ်၍ အိမ်ပေါ်ကပြေးဆင်း ၏။

ဒါကဘာယ်လဲ "

ရွှေတိဂုံဘုရားသွားမယ်လေ မာမီတို့ပဲ မြန်မာလိုယဉ်ကျေး င် ရွှေတိဂုံဘုရားကိုတစ်နေ့တစ်ခေါက်သွားရမယ်ဆို "

" အေး ကောင်းတယ် သွား "

သတ္တိကောင်းကင်က ကားပေါ်တက်ပြီးမှ မမောင်းသေးဘဲ ်ဆက်ထဲကိုအခွေရွေးထည့်နေသည်။

ထိုစဉ် ပုံပမာပြန်ထွက်လာ၏။

ရေဆိုထားသည့် ဆံပင်တွေကို ဖားလျားပြန့်ချထားကာ အနက်



www.burmeseclassic.com

ရောင်ဒွးနားပါသည့် ပါတိတ်ရုံဖြစ်သည်။

ကိုယ်လုံးလှသူမို့ ပါတိတ်ကိုခါးတိုလည်ဟိုက်လေးနှင့် ဝတ်
လာတော့ ဖွေးနေသောရင်ဘတ်ပြည့်ပြည့်လေးနှင့် ကိုယ်လုံးအလှ
ထင်းနေသည်။

သတ္တိကောင်းကင် ေေးခနဲကြည့်ပြီးမှ မသိသလိုပြန်ငုံ့ဖတ်
ပုံပမာ ကားထဲဝင်ခါနီးမှ ဒရိုင်ဘာတန်းလျားလေးသို့ လှမ်း
ကြည့်ကာ

" ကိုလှတိုး. . . ကိုလှတိုး "

" ဟေ "

ခေါ်လိုက်တော့ ကိုလှတိုး ဗိုက်နှိပ်၍ရှုံ့မဲ့ထွက်လာသည်။

" ပုံပမာ ငါ ဒီနေ့ဗိုက်တအားအောင့်နေလို့ မပို့နိုင်တော့
ဘူးဟာ ညကပိန်းနဲ့သီးကင်းတွေတအားတို့မိပြီး ချုပ်သွားတာထင်တယ်
အား ကျွတ် ကျွတ် "

ဟင်. . .

နာရီကိုကြည့်တော့ အချိန်ကျနေပြီ။

" ဘာဖြစ်လို့လဲ သမီး ဟဲ့ လှတိုး ဘာဖြစ်တာလဲနင်က "

" ဗိုက်နာလို့ အန်တီရဲ့ ဒီတစ်မနက်လေးတော့ နားခွင့်
ရစေနော် "

" အို. . . နင်နားတော့ ငါ့သမီးဘယ်လိုလုပ်သွားမလဲ. . . "

" နေပစေတော့အန်တီ သူနေမကောင်းဖြစ်နေတာဘဲ ရတယ်





သမီး ကားငှားသွားလိုက်တော့မယ်. . . "

ထိုအချိန်တွင် သတ္တိကောင်းကင်က ကားစက်နှိုးနေပြီဖြစ်၏။

ဒေါ်စန္ဒီက ကားဆီနောက်လှည့်ကြည့်၍

" သား. . . သားနေဦး သမီးကို ဆေးရုံလိုက်ပို့ပေးလိုက်
ပါဦး သွားသမီး သွား အလုပ်ချိန်ကကပ်နေပြီ ကားငှားတာက
ကြာမြင့်ချင်မှရမှာ "

ဒေါ်စန္ဒီက သူ့မလက်ကိုပါဆွဲ၍ပြောသောအခါ ပုံပမာ ငြင်း
မနိုင်တော့ဘဲ သတ္တိကောင်းကင်၏ဘေးမှာဝင်ထိုင်လိုက်ရတော့သည်။

ကားလေးက ချက်ချင်းရှောခနဲထွက်သွားလေသည်။

ခြံရှေ့မှာလမ်းကျဉ်းကလေးရှိသေး၏။ ခြံလေးခြံကျော်မှ
လမ်းမပေါ်ရောက်မည်။

ကားက ခြံထဲကအထွက်ကိုဘေးအုတ်တိုင်နှင့်ကပ်၍ ဝေါခနဲ
ကွေ့ပစ်လိုက်၏။ ဖြတ်လာသည့်ကားနှင့် တိုက်လိုက်မိလျှင် ဘယ်လို
လုပ်မလဲ။

ရင်ထဲမှာလှပ်ခနဲအေးသွားသော်လည်း စကားမပြောချင်သ
ဖြင့် ပုံပမာ ပါးစပ်ပိတ်ထားလိုက်၏။

လမ်းမပေါ်တက်တော့ တစ်ခါကားကိုဇောင်းလေးပဲ မျှောမောင်း
၍ မလွတ်မလပ်ကားကြားထဲမှ အတင်းဝိုက်ချ၍လမ်းကြောင်းယူသည်။

ပုံပမာ ရင်ဘတ်ကိုဖိကာ မျက်လုံးတွေပါမှိတ်ချပစ်လိုက်၏။

" သတ္တိကောင်းကင် မင်းဘယ်လိုလုပ်နေတာလဲဟင် "



www.burmeseclassic.com

www.burmeseclassic.com



" ဟင်. . . ဘာဖြစ်လို့လဲ "

သူက ဘာမှမသိသလိုမျိုး. . .

" ဘာလို့ ဒီလောက်အထိ ကားကို အရမ်းမောင်းနေတာလဲ "

" ဘာဖြစ်လို့လဲ မာ. . . မာ ဘာဖြစ်သွားလို့လဲ ဒီကားရှပ်တာလောက်ကို ကောင်းဂရုစိုက်နေရင် ပြိုင်ပွဲမှာဖလားဆုတော့ယူမလာဘူး "

" အေး. . . မင်းဘဝင်မြင့်နေရင် မင်းတစ်ယောက်တည်းမှ ကြိုက်သလိုမောင်း. . . "

" မာပဲအရေးကြီးတယ်ဆို. . . "

ပြောနေရင်းပဲ ကောင်းက ကားကိုဟနေသည့်ကားကြိုကားကြားတွေထဲ ကွေ့ဝိုက်ဖြတ်တက်ပစ်၏။

ပုံပမာ ရင်တလှပ်လှပ်တုန်ကာ နှလုံးရောဂါရှိလျှင် သေသွားနိုင်သည်။

သတ္တိကောင်းကင်က မျက်နှာကိုအထူးတည်တင်းလျက် ဘာကိုမှဂရုမစိုက်သည့် ဂျစ်ကန်ကန်ရုပ်ပေါက်နေ၏။

ကားတွေရှင်းသွားသည့်နေရာကျတော့ အရှိန်ကိုပိုမြှင့်လိုက်ပြီး

" မာ. . . "

သူကလှည့်ကြည့်ခေါ်လိုက်ပြီး

" မာ ဘာဖြစ်လို့ကောင်းကို မင်းနဲ့ငါနဲ့ပြောတာလဲ ကောင်း





မာ့ထက်နှစ်နှစ်တောင် အသက်ကြီးတာ "

ပုံပမာ လျှာဖျားမှာယားနေသည့်စကားတွေကို ကျကျနနပစ်လွှတ်ဖို့ပခုံးကိုပဲတွန့်ကျုံ့ပစ်လိုက်၏။

" လေးစားလောက်စရာမရှိလို့လေ မင်းကို ကိုတွေရှင်တွေပြောလောက်အောင် မင်းရုပ်ကမထွက်သေးဘူး "

" ဟုတ်လား "

စိတ်ဆိုးရုက်ရှဲ့သွားပုံမပြဘဲ သူကမျက်ခုံးပင့်၍ ကြောင်တောင်ပြန်မေးသေးသည်။

" ကောင်းကလည်း လေးစားတာမခံချင်ပါဘူး "

သူက ပုံပမာ့ကိုခပ်စူးစူးတစ်ချက်ကြည့်၍

" မာ့ကိုကောင်းချစ်တယ် "

" ဘာ "

သတ္တိကောင်းကင်က ကားကိုထရပ်ကားကြီးတစ်စီးရှေ့ကတက်ပစ်လိုက်ပြီး

" သိအောင်ပြောထားတာ ကားပေါ်ကလွှင့်ကျသွားဦးမယ်ထားဦး "

အကျင့်ပါနေသည့်သူကတော့ ကားပေါ်တက်ကတည်းကပတ်ပြီးသား ပုံပမာက ခါးပတ်ပတ်ထားတာမဟုတ်။

" ကျသေလည်း အေးတာပဲ မင်းလိုလူနဲ့ကားစီးတာ ဒါက်ဆုံးပဲသိလား လူကော နားကော မအေးချမ်းဘူး "



www.burmeseclassic.com

www.burmeseclassic.com



သူက လှည့်မကြည့်ဘဲ ပြုံးလိုက်ပြီး

" မာမသိလို့ပါ ကောင်း မာ့ကိုချစ်လို့ အရမ်းလိမ္မာထားတာ "

ပုံပမာ နားခါးလွန်းသည်မို့ မျက်နှာကိုတစ်ဘက်လှည့်ပစ်လိုက်၏။

အချစ်အတွက်ပေးဆပ်ခဲ့ရသော နှလုံးသားက အချစ်ရဲ့အသံပင်မကြားချင်. . .

တစ်ဘဝမှာ တစ်ယောက်ပဲချစ်၍ ထိုအချစ်က ပျောက်ကွယ်ပျက်စီးခဲ့ပြီ။

❀ ❀ ❀ ❀ ❀



# အခန်း (၂၁)

ဟင်. . .

အပြင်ဆောင်ကိုလှမ်းထွက်လိုက်သည်နှင့် ခုံတန်းလေးမှာ ပေါ်တံတောင်နှစ်ဘက်ထောက်၍ ထိုင်စောင့်နေသည့် သူ့ကိုတွေ့မြင်လိုက်ရသဖြင့် ပုံပမာခြေလှမ်းတွေတုံ့သွား၏။

အနားက မစံနဲ့ ဖြူဖြူပါ ရောယောင်ရပ်မိကာ ပုံပမာ့ကိုတစ်လှည့် သတ္တိကောင်းကင်ကိုတစ်လှည့် နားမလည်စွာကြည့်ကြ၏။

သတ္တိကောင်းကင်က ပုံပမာ့ကိုမြင်သည်နှင့် နေရာမှထရပ်လိုက်၏။

လာကြိုသည့်သူမှန်းသိလိုက်တော့ ပုံပမာ့ကိုမြင်သည်နှင့် နေရာမှထရပ်လိုက်၏။

" မင်း ဘာလာလုပ်တာလဲ သတ္တိကောင်းကင်"

" မာ့ကိုလာကြိုတာ ကိုတိုးနေမကောင်းသေးလို့ "

" ရတယ် တို့ဖာသာပြန်လို့ရတယ် မင်းပြန်တော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ သတ္တိကောင်းကင် မျက်နှာပျက်သွားလေသည်။

သို့သော် ပုံပမာ့ဆွဲခြင်းလေးကို လှမ်းဆုပ်ကိုင်လိုက်ပြီး

" မာ ကောင်းကိုအရှက်မခွဲနဲ့နော် ကောင်းက ရက်ရှက်နဲ့လှည့်ပြန်သွားမှာ မဟုတ်ဘူး "

ပြော၍ ဆွဲခြင်းကိုပါအောင်ဆွဲယူကာ ကားရှိရာထွက်သွား၏။

လူတချို့ကြည့်နေကြသည်လည်းရှိကာ သတ္တိကောင်းကင်၏ စိတ်ဓာတ်ကိုလည်း သိထားသည်မို့ ပုံပမာကားပေါ်တက်လိုက်ရတော့သည်။

ဒီတော့မှ သူက ခပ်ပြုံးပြုံးငဲ့ကြည့်ကာ

" ဖြည်းဖြည်းပဲမောင်းမယ် ရည်းစားစကားလည်းမပြောဘူး ဟိုဘက်ကိုသိပ်လှည့်မနေနဲ့ ရှေ့ကိုတည့်တည့်ပဲကြည့် အပေးအယူမပေ့ါ "

ဟွန်း

ပုံပမာ [illegible]လေးပါစောင့်ပစ်၍ တမင်တကာပိုလှည့်ပစ်လိုက်၏။

" ဝေါ်..."

" ကျွီ..."

" အမလေး "





ပုံပမာတစ်ကိုယ်လုံး ယိမ်းခါသွားကာမျက်လုံးတွေပြာဝေသွား၏။

" ဆောရီး...ခွေးကိုရှောင်လိုက်တာ "

သတ္တိကောင်းကင်က အရယ်တစ်ဝက်နှင့်ပြော၍

" ဒီလိုပဲ ပြောစကားနားမထောင်ရင် စိတ်ကသိပ်မရှည်တတ်လို့..."

ဘယ်လိုလူလဲ...ဒေါသဖြစ်ပြီလည်းမရ ရွံရှာသလိုနေလည်း ရှုမစိုက်။

ထိုစဉ် သူက ကက်ဆက်ခလုတ်ကိုဖွင့်လိုက်၏။

...ခြေလှမ်းကလေးလှမ်းတာလေးကို ရင်ထဲတကယ်စွဲ

...လက်ကလေးလွှဲတာလေးကို ရင်ထဲကိုယ်စွဲ...

...ကိုယ်လေ မနေနိုင်လောက်အောင်စွဲ...

လှည့်မကြည့်သော်လည်း ပြုံးယောင်သမ်းနေသည့် သူ့နှုတ်ခမ်းတွေကို မျက်လုံးများထက်ပို၍မုန်းတီးမိကာ ဤယောက်ျားမျိုးနှင့်ဝေးဝေးမှာ နေရပါစေဟုသာဆုတောင်းမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

" မာ. . .ဘာလုပ်နေတာလဲ "

ပုံပမာထိုင်နေသည့် ဒန်းပေါ်ကိုဖျတ်ခနဲထိုင်ချလိုက်တော့ ချက်ချင်းထထွက်သွားရလောက်အောင် ကလေးမဆန်ချင်သဖြင့် အစွန်းဘက်တိုးထိုင်ရင်း ကိုယ့်အလုပ်ကိုဆက်လုပ်နေလိုက်သည်။

သတ္တိကောင်းကင်က ပုံပမာလက်ထဲကပုတီးကုံးလေးတွေကို လိုက်ငုံ့ကြည့်၍

" မာ အိမ်မှာနားနေရင် ဒါလေးကိုပဲ ဂရုစိုက်သီနေတာပဲ အဖိုးတန်တာမဟုတ်ဘဲနဲ့ အသစ်ဝယ်လိုက်ပါကွာ. . . "

ပုံပမာ ဆတ်ခနဲခေါင်းထောင်သွားသည်။

နဂိုကတည်းကကြည့်မရခဲ့သော မျက်နှာကိုရှုံ့မဲ့မဲ့ ကြည့်ပစ်လိုက်၍

" တို့ဖာသာ ကျောက်ခဲကိုပဲ ပန်းလုပ်ပန်ပန် မင်းအလုပ်မပါပါဘူး ယောကျ်ားဖြစ်ပြီး သူများကိစ္စကို မစပ်စုပါနဲ့. . . "

" မစပ်စုပါဘူး စပ်စုဖို့ဝါသနာကိုမပါဘူး မာ ပင်ပန်းလို့





ပြောတာ "

" မလိုဘူး "

" မလိုရင် ကောင်းပြန်ဆက်ပေးမယ်. . . ပေး "

သူက တစ်ခါတည်းယူလာပုံရသည့် ချိတ်တောင့်လေးနှင့် လိုက်စလေးကို မီးခြစ်နဲ့အတူ ပေါင်ပေါ်တင်ထားလိုက်ပြီး ပုံပမာ လက်ထဲက ပုတီးကုံးတွေကို ဆွဲယူလိုက်သည်။

" ဒီကြိုးမျိုးက ပြတ်သွားရင် ချည်လို့မရဘူး မာရဲ့ ပြီး တော့ ကြိုးကတိုသွားပြီ မာ ထည့်ထားတဲ့ပုတီးစေ့တွေက ၂ များနေ တာ "

ပါးစပ်ပြောရင်း သူက ကြိုးနှစ်ဘက်စကို ချိတ်နဲ့အသာတို့၍ ချိတ်မခဲမီသံလိုက်နဲ့သံကိုတစ်ဘက်စီမှာ ထည့်လိုက်ပြီး ကပျာကယာ ဆက်လိုက်၏။

ပြီးသွားတော့လည်း ချက်ချင်း။

နှစ်ပေါင်းများစွာ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည့် ပုတီးကုံးလေးသည် ပုံမပျက်လှလှပပလေးဖြစ်သွား၏။

ပုံပမာ ပုတီးကုံးလေးကိုဆွေးမြေ့မြတ်နိုးစွာ ငေးကြည့်၍ မျက်နှာလေးပြုံးကြည်လာသည်။

ဒါကို သတ္တိကောင်းကင်က ဒန်း၏ကျောမှီမှာခပ်လျှော့လျှော့ မှီ၍ စူးစိုက်ကြည့်နေ၏။

ဒီတော့မှ သူ့ကိုပုံပမာသတိရသွားကာ မျက်နှာကိုချက်ချင်း



www.burmeseclassic.com

တည်ပစ်လိုက်ရ၏။

" ကျေးဇူးပဲ "

ဟု တိုတိုပြတ်ပြတ်ပြောကာ ထရပ်လိုက်၏။

သူက ဆံပင်တွေကိုသပ် မျက်နှာမော့၍ ဟားခနဲရယ်သည်။

" ကျေးဇူးတင်ပုံက မှတ်သားလောက်ပါတယ်ကွာ ဟား . . . ဟား "

မပြီးနိုင်မဆုံးနိုင်ရယ်နေပုံက လှောင်ပြောင်နေသလိုကြီး ဒါရယ်စရာပါလို့လား . . .

❀ ❀ ❀ ❀ ❀



# အခန်း (၂၃)

" ဖြစ်ရလေ ပုံပမာရယ် ဒီလောက်ရှင်သန့်ပြီး ဘိုဆန်တဲ့ ရုပ်ကိုများ မုန်းရတယ်လို့ အချောဆုံးဆိုတဲ့ အမေရိကန်မင်းသား တောင် သူ့ကိုမှီမှာမဟုတ်ဘူး အရပ်ကြီးကမြင့် အဆီအပိုမရှိတဲ့ ကိုယ်လုံးက မိုက်ရှုပ်ရှုပ်နဲ့ တကယ်ကြည့်ကောင်းတာ. . . "

" လမ်းလျှောက်သွားတာကြည့် ဘောင်းဘီထဲလက်နှိုက် လျှောက်တာ တကယ်မိတယ် မျက်နှာလေးက ပန်းရောင်နုနုလေးနဲ့ ဆံပင်နီနီလေးတွေက အရမ်းလိုက်တာပဲ "

" အဲဒီလောက်ဖြစ်နေရင် ပိုင်းတစ်ပြီးယူလိုက်ကြပါလား"

ပုံပမာ ဒေါသဖြစ်လာတော့ မစံက ဖြူဖြူကို မေးဆတ်ကြည့် ရှုံ့မဲ့၏။

" အံမယ် တို့တွေက အမူလွန်သွားမှာစိုးလို့ပြောတာပါ နော် ကိုယ့်ကိုမှမကြိုက်ဘဲ သွားကြိုက်လို့ရမလား ဥစ္စာပေါ် ရုပ်ချော ကိုယ်ကိုလည်းတုန်နေအောင်ချစ်တာများ တို့ဆို ပြန်ကြိုက်လိုက်မှာပဲ"

ပုံပမာက နားခန်းထဲဝင်၍ ဆွဲခြင်းကိုချရင်း နှုတ်ခမ်းလေးတွန့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ

" ဘာချစ်တာလဲ အလကားလူပွေ. . . မိန်းကလေးလှ
မြင်တိုင်း မျက်လုံးအရောင်ထွက်နေတာ ဒီလိုလူမျိုးက အချစ်ကို
လည်သတဲ့လား ဟွန်း. . . "

" ပုံပမာရယ် နင်ကိုက မုန်းနေတာပါ ဟိုကဖြင့်လာတိုင်း
တစ်လောကလုံးကို ရှိတယ်မှတ်ပုံမရပါဘူး သူကမျက်နှာကိုပဲတကြည့်
ကြည့်နဲ့ "

နေ့ရှိညရှိ သူပဲလိုက်ပို့ လာကြိုလုပ်လာတော့ ခင်တဲ့လူ
ကနေ့တိုင်းပဲစကြနောက်ကြဖြစ်လာသည်။

ကားဝင်လာပြီဆိုကတည်းက လက်တို့ခြေတို့ဖြစ်ကုန်ကြ
မာလာဆိုလည်း နှစ်ယောက်အတူကားပေါ်ကဆင်းလာလျှင်
ဝိုင်းကြည့်ကြတာ

" နင်တို့က လိုက်လို့ပါပုံပမာရယ် " တဲ့

သူ ပုံပမာ့ကိုချဉ်းကပ်ဖို့ နည်းမျိုးစုံနှင့်ညာထားမှုတာ
က အောင်မြင်သည်။

ဘယ်လိုမှငြင်းမရ ခေါင်းမခါနိုင်အောင် အခြေအနေ
အကွက်ကျကျဖန်တီးယူတတ်၏။

သူလုပ်နေတာတွေကို ရိပ်မိသော်လည်း တစ်ဘက်က
ဖူးရှင်တွေမျက်နှာက ရှိသေးတာမို့စိတ်ရှိသလောက်လည်း မပြော
ခဲ့ပါ. . .





တစ်နေ့တစ်နေ့ သတ္တိကောင်းကင်ဘယ်လိုချောကြောင်း နင့်
ကိုချစ်တာ ဘယ်လိုပေါ်လွင်တာ စသဖြင့် တိုက်တိုက်တွန်းတွန်းတွေ
ပြောလာကြတာက နားငြီးလာခဲ့၏။

" နင်တို့နှစ်ယောက်ကို စန္ဒာကြီးက စေ့စပ်ထားကြတာ
သားတဲ့ "

" ဟင်. . . ဟုတ်လား ဒုက္ခပါပဲ "

" ငါက ဟုတ်တယ်လို့ပြောလိုက်တယ် ပုံပမာက ခေါင်း
ညိတ်သေးလို့ ဟိုကလက်ထပ်ချင်နေတာကြာပြီလို့ "

" ကြည့်စမ်းဟယ် "

မစံက နားကျပ်ကိုသိမ်း၍ရယ်သည်။

" ဘာဖြစ်လဲ ငါတို့အားလုံးကသဘောတူတယ် ဒါမှ နိမိတ်
တ်ပေးထားသလိုဖြစ်မှာ မြန်မြန်ညားပါစေရှင့်. . . "

" မိစံစုတ် "

သူတို့နှစ်ယောက် ထုကြနက်ကြဖြစ်ကုန်တော့ အားလုံးက
ယ်ကြသည်။

ပုံပမာသူတို့လိုမရယ်နိုင်ပါ။

သူတို့စကြတိုင်း ထိုတစ်ယောက်ကိုမုန်း၍ တစ်စုံတစ်ယောက်
ကိုလွမ်းမိသည်။

သူ့ဟာသူဘယ်လောက်ပဲချစ်ပြပြ ပုံပမာလိုချင်တာ သူ့ဆီက
အချစ်ကိုမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တိုင်းမရကြသည့်အထဲမှာ အချစ်ကိုမရခဲ့ခြင်းသည်
ပုံပမာ ဘယ်ဘဝကဝဋ်ကြွေးတွေပါလာခဲ့ပါသနည်း

အိမ်အပြန်ကားပေါ်ကဆင်းတော့ ခြေလှမ်းတို့က ကား
ဒေါင်ဘေးက ကိုလှတိုးနေသည့်အိမ်ကလေးဆီရောက်ခဲ့၏။

" ကိုလှတိုး "

" ဟော့...ဩော် ပုံပမာ ဘာခိုင်းစရာရှိလို့လဲ "

ပုံပမာက ကိုလှတိုးကို သေချာစိုက်ကြည့်ကာ

" ကိုလှတိုး ခုတလော ခဏခဏပဲနေမကောင်းဖြစ်နေ
ပုံပမာကြည့်ပေးမလို့လာတာ "

ဟင်...

ကိုလှတိုး မျက်နှာကွက်ခနဲပျက်သွားလျက် ပြီးမှ တဟဲ
ရယ်လိုက်ပြီး

" စမ်းသပ်ဖို့မလိုပါဘူး ပုံပမာရယ် ငါက ညညကျတော့
ပျားရည်နဲ့အရက်ကိုသောက်သောက်နေရတယ်လေ...လူက
သမားဆိုတော့ မိုးလင်းရင်လေပူတွေထပြီး ဗိုက်တွေအောင့်ခေါင်းတွေ
မူးဖြစ်လာတယ် ဒီရောဂါပျောက်ပေမယ့် ဟိုရောဂါကိုခံစားရတာပေါ့
ညနေကျတော့ အနိကယ်ကနောက်ကျတာများတော့ အန်တီမျိုး
ငါ့ကိုသွားကြိုနိုင်းရော အနိကယ်ကားမောင်းတာစိတ်မချလို့တဲ့...
ကဲ..."

ပြောတော့လည်း ဟုတ်နေတာပင်။





ကိုလှတိုးက လိပ်ခေါင်းရောဂါရှိသည် ထား။ ပျားရည်နဲ့
အရက်ကို ညတိုင်းသောက်နေရသည် ဟု အန်တီပြောဖူးသည်။

အနိကယ် မျက်လုံးမကောင်းတာကို စိတ်မချဘူးဆိုတာ
ည်းအန်တီ ခဏခဏ ပြောနေတာပါပဲ အဲဒီလိုထွက်ပေါက်မရှိ
အောင် ပိတ်ဆို့ထားတတ်တာလည်း သူ့လက်ချက်ပဲဆိုတာ သံသယ
နေလျက် မျက်နှာလေးမသာမယာနှင့် ပုံပမာကိုလှတိုးရှေ့က လှည့်
ထွက်လာခဲ့သော်လည်း ကားသော့ကိုင်လျက်နှင့် ကားကိုနှိုး၍အိမ်ပေါ်မှဆင်း
လာသော ရပ်စောင့်နေသည့် သတ္တိကောင်းကင်နှင့် ရင်ဆိုင်လိုက်မိ၏။

သူက ကိုယ့်ကိုမြင်လိုက်မှ လက်ပိုက်၍ပြုံးလိုက်တော့ စိတ်
ထင်းခနဲဖြစ်သွားကာ သုံးထစ်သောလှေကားကိုလှမ်းအတက်မှာ
ခြေချော်သွား၏။

" အမေ့ "

ပုပမာ ဘေးကိုယိုင်ကျလျှင် သူက ဖမ်းဆွဲထားလိုက်၏။

" ရတယ်...ဖယ် "

သူ့လက်ကိုဖယ်ချ၍ ပုံပမာမျက်နှာကို တစ်ချက်မှုန်းညှဲ့မှုမပြ
ဘဲ တင်းသထက်ပိုတင်းပစ်၏။

" ကျေးဇူးပဲ "

ဘာမှန်းမသိဘဲ သတ္တိကောင်းကင်က ကောက်ခနဲထပြော
ခြင်း ပုံပမာလှည့်ကြည့်လိုက်မိသည်။

" ဟိုမှာ ဟိုမှာ ဒါကြီးကိုပြောတာ "



www.burmeseclassic.com

www.burmeseclassic.com



မေးဆတ်ပြလိုက်သည်က ပုံပမာခြေချော်သွားသည့် လေ့လာ
ထဝ်ကို။

ကြည့်စမ်း

ပါးစပ်ပြင်၍ မော့ကြည့်လိုက်တော့ သူကမရှိတော့. . .

❀ ❀ ❀ ❀ ❀



## အခန်း (၂၄)

" ဘုတ် "

အလုပ်နားရက်မို့ ခြံထဲမှာအေးအေးဆေးဆေးထိုင်နေတုန်း
အသံမှာ ဘုတ်ခနဲကျလာသည့်စာအုပ်ကြောင့် စာအုပ်ကိုရော လူကို
ပါ မော့ကြည့်လိုက်မိ၏။

သတ္တိကောင်းကင်က ခြေခပ်ရဲရဲ ခါးနှံ့ရပ်ကာ လက်တစ်ဖက်
ကို ဘော် ဘီထဲထည့်ထားသည်။

" ရင်ထဲကပုံပမာ" တဲ့ 'နေတံခါး' တဲ့နာမည်တွေကတော့
ပုံနေတာပဲ "

ပြောပုံကော လေသံထဲမှာပါ မခံချင်မှုနှင့် ခနဲ့ခနဲ့ပုံတွေ
ပါနေသည်။

" မာမီပြောဖူးတဲ့ ရာဇဝင်ထဲကမင်းသားထင်တယ် "

ပုံပမာက စာအုပ်ကိုတယုတယကောက်ယူလိုက်၍ မှိုးမခန့်
ဆိုသည်။

" ရာဇဝင်မဖြစ်သေးပါဘူး ရင်ထဲမှာမနေ့တစ်ရက်ကလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



တမင်ရွဲ့ပြောလိုက်တာပေမယ့် ရင်ထဲမှာ တကယ်ခွေးသွား
ခဲ့တာဖြစ်၏။

လှိုက်လှိုက်လှဲလှဲအသံထွက်သွားသည်။

" ဖတ်ပြီးသွားပြီပေါ့ "

" မလိုပါဘူး သိပြီးသားတွေပဲဟာ. . . "

သတ္တိကောင်းကင်က ဟန်လုပ်ရယ်ပုံမျိုးနှင့် ခြောက်က
ကပ်ရယ်၏။

ပုံပမာ့အကြောင်းကို မာမီကအားလုံးပြောပြသည်၊ပုံပ
အတိတ်ကို လုံးဝနားကျည်းထားခဲ့ပြီဆိုတာလည်း သူသိပြီးသား

သို့သော် သူ့ဘဝကိုသာပြောပြခဲ့ပြီး ထိုသူဟာ စာရေးဆ
နေတံခါးပါပဲလို့ ပုံပမာက မပြောခဲ့သည်မို့ ဒီဝတ္ထုထွက်လာ
မာမီတောင်အံ့ဩနေခဲ့သည်။

" အို. . . ဒါဆို သူပြောတဲ့ ဟိုတစ်ယောက်က နေတံ
ပေါ့ နေတံခါးက တကယ့်နာမည်ကြီးပဲ "

မာမီအံ့ဩသလို သူလည်းအံ့ဩမိသော်လည်း ပုံပမာ
နေတံခါးကို တစ်ခါတည်းဆက်စပ်တွေးမိခဲ့တာက ပုံပမာဆိုတာ နာ
တူ သိပ်ရှိနိုင်မှာမဟုတ်လို့ပါ. . .

စာကိုဖတ်ဖို့ သူစိတ်မဝင်စားခဲ့ခြင်းသည် ပုံပမာက ဟ
သည်ဟုဝန်ခံလိုက်တော့ ပို၍ခိုင်မာသွား၏။

ပုံပမာက စာအုပ်လေးကိုတယုတယပွေ့ဖက်လိုက်ပြီး





" မင်း ငှားလာတာလား ဝယ်လာတာလား "

" ဘာလုပ်မလို့လဲ "

" တို့လိုချင်လို့ "

" ယူလိုက်. . . "

ဟန်ဆောင်နေသည်လား တကယ်ဂရုမစိုက်တာလားမသိ
သတ္တိကောင်းကင်က မျက်နှာတစ်ချက်မှမပျက်ဘဲ ခေါင်း
လိုက်သည်။

" ကောင်းကတော့ပြတ်တယ် မမြင်ရ မတွေ့ရတဲ့ဒြပ်မဲ့
ကို မှန်းဆပြီး ပန်းခြောက်လေးတွေစုပြီးလွမ်း လက်ကိုင်ပုဝါ
သိမ်းထားလွမ်း အဲဒါမျိုးလုံးဝ ဝါသနာမပါဘူး ယောကျ်ားပဲ
ရအောင်ယူမှပေါ့ သူများနဲ့ပါသွားပြီဆိုမှ စာတွေပေတွေရေးပြီး
ဘူး ကြောင်တောင်တောင်နဲ့ ဟား ဟား ဟား "

" ကောင်း "

ဒေါသဖြစ်လွန်းသဖြင့် ပုံပမာ ဆတ်ခနဲထရပ်လိုက်မိသည်။

" ချစ်တတ်တဲ့သူက အရှုံးမဟုတ်ဘူး မချစ်ဘဲ အပျော်
င်တဲ့လူတွေကသာ အရှုံး "

" မဟုတ်ဘူး ချစ်ရဲ့သားနဲ့ သတ္တိမရှိဘဲ ရာဇဝင်ထဲမှာ
ကြိုစောင့်ကျန်ခဲ့တဲ့သူတွေရှုံးတာ လှည်းကြိုစီးပြီးစာရေးလွမ်း
ချစ်တာလား "

" ဟင်. . . မင်း. . . မင်း ကဲ စော်ကားချင်ဦး ရှိရင်း



www.burmeseclassic.com

www.burmeseclassic.com



ဦး"

ပုံပမာစာအုပ်နှင့်သူ့ရင်ဘတ်ကို တအားလွဲရိုက်ပစ်ရေး သတ္တိကောင်းကင်က ရှောင်လိုက်၏။

" မာနော်...ကောင်းက စတာမဟုတ်ဘူး "

ဟုပြော၍ လက်ကိုဖမ်းချုပ်ကာ တစ်ကိုယ်လုံးကိုဆွဲဖက်ထားလိုက်၏။

" အို...ဘာ ဘာလုပ်တာလဲ လွှတ်နော် "

" ဟင့်အင်း...မလွှတ်ဘူး "

" ကောင်း...မင်း...မင်း အို..."

နှစ်ယောက်သားရှုန်းရင်းဆန့်ခတ်တွေဖြစ်ကာ ကောင်းအတင်းလိုက်နမ်းသဖြင့် ပုံပမာအမောတကောရှောင်ရှားလျက် သူ့ကိုအနမ်းပေးရတော့မတတ်ဖြစ်လာသည်။

" ကောင်းရေ...ကောင်း "

ကိုလှတိုးအသံက နီးနီးလေးမှကပ်ပေါ်လာသဖြင့် ကောင်း၏ချုပ်နှောင်မှုက အနည်းငယ်ပြေလျော့သွား၏။

ပုံပမာသူ့ကိုဆောင့်တွန်းကာ ပြေးထွက်လာခဲ့မိသည်။

ရိုက်နှက်တုံ့ပြန်လိုစိတ်လည်းမရှိတော့ပါ...ကောင်း၏ ပြင်းထန်သောတုံ့ပြန်တတ်ခြင်းကို သူမကြောက်ရွံ့သွားခဲ့မိပြီ...

❀ ❀ ❀ ❀ ❀



# အခန်း (၂၅)

" အား..."

" ဟင်...ဘာဖြစ်တာလဲ သား "

" ဓား...ဓားပြတ်သွားတာ..."

" ဟင် လာစမ်း လာစမ်း ဘယ်လိုဓားကပြတ်ရတာလဲ "

" သား မောင်းချဓားလေးသွေးနေတာ မာမီ ဘယ်လိုဖြစ်သို့ ထိသွားမှန်းမသိဘူး "

သူ့လက်ကိုသူဆုပ်ကိုင်ရောက်လာတော့ လက်ညှိုးထိပ်မှ သွေးစက လက်ခုံပေါ်ထိစီးကျနေသဖြင့် အမှတ်တမဲ့လှမ်းကြည့်နေရာမှ ဒေါ်စန္ဒီအလန့်တကြားထရပ်လိုက်မိ၏။

" မနည်းပါလား သားရယ် "

" ထိမှာပေါ့ကွ မျက်လုံးက ဘယ်ကြည့်နေမှန်းမှမသိတာ" ဦးသက်ကောင်းက သတင်းစာပြန်ကိုင်၍ ငေါ့ပြောသည်။

" သမီးရေ...သမီး သွားသား ပုံပမာ့ကိုသွားခြစ်မီးဆော်တော်များသွားရင် ချုပ်များချုပ်ရမလားလို့..."



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာဆေးတွေပစ္စည်းတွေရှိသော်လည်း ကြီးကျယ်လာ လျှင် ဒေါ်စန္ဒီဘာမှမကိုင်တတ်ပေ။

ရေချိုးပြီးစ အင်္ကျီလဲနေသော ပုံပမာလည်း အပြင်က အသံတွေကိုကြားနေသဖြင့် ကိုယ့်ဆီရောက်လာတော့မည်မှန်းသိကာ အပြင်ကိုကပျာကယာထွက်လိုက်ရ၏။

ကောင်းက သူ့အခန်းရှေ့ရောက်နေပြီ။

“ မာ ဒီမှာကြည့်ပါဦး နာတော့နာတယ်. . . ”

ဒီလောက်ထိ စူးစူးနစ်နစ်ကြီးဖြစ်အောင် လုပ်ခဲ့တာတဲ့. . .

ပုံပမာက ချုပ်ရိုးကိုဂရုတစိုက်လုပ်နေတာမြင်တော့ သူက

“ မာ. . . မာ့ကိုကောင်းချစ်တယ် ”

ပုံပမာက မကြားသလိုနေ၍ ကိုယ့်အလုပ်ကိုဆက်လုပ်နေ တော့ သူက ကလေးမုန့်ပူဆာသည့်နှယ်

“ မာ ကောင်းကိုနည်းနည်းလေးမှ မေတ္တာမရှိဘူးနော် ဒါပေမဲ့ ကောင်းကချစ်တယ် ”

သူဘာပြောပြော ပုံပမာ ဂရုမစိုက်စွာနေလို့ရခဲ့သော်လည်း ညဘက် အနာရှိန်နှင့် အဖျားတွေတက်သောအခါ အလုပ်ပျက်ရ တော့သည်။

ကိုယ်ပူရှိန်က တစ်ရာ့နှစ်အထိရှိနေသဖြင့် ဦးသက်ကောင်း ရော ဒေါ်စန္ဒီပါ မျက်စိမျက်နှာပျက်နေကြသည်။

“ သား သားလေးကိုက်ခဲနေလားဟင် ”





“ ရတယ် မာမီ ကောင်းဘာမှမဖြစ်ဘူး ”

“ သားရယ် ကိုယ်တွေဒီလောက်ပူနေတာကို. . . ”

မျက်နှာတစ်ပြင်လုံးနီရဲနေသည့် သားဖြစ်သူကိုနဖူးစမ်းလိုက် ...က်ဖဝါးဆုပ်လိုက်နှင့် ပျာယာခတ်နေလေသည်။

“ သိပ်မစိုးရိမ်ပါနဲ့ အန်တီ အနာရှိန်တက်တာပါ ဆေးတစ် ...းထိုးလိုက်ရင် ကိုယ်ပူကျသွားမှာပါ. . . ”

“ ဟာ. . . ဆေးမထိုးဘူးနော် ဆေးထိုးဖို့တော့လုံးဝပဲ ...သက်လုံး ဘာဖြစ်ဖြစ်ဆေးထိုးခဲ့တာ မဟုတ်ဘူး ”

သူ့ခါးခါးသီးသီးပြောတော့ ဆေးထိုးဖို့ပြင်နေရင်း တအံ့တသြ ...ည့်ကြည့်မိ၏။

“ ကျန်းမာနေရင်တော့ နေလို့ရတာပေါ့သားရယ် နာမကျန်း ...လာရင် ”

“ မရဘူး မာမီ ဆေးပဲသောက်မှာ လုံးဝမထိုးဘူး ”

ဒီကောင်လေးဟာ အဲဒီငယ်ငယ်ကတည်းက ခေါင်းမာခဲ့တဲ့ ...တစ်ခုပါ။

သေးသေးကလေးဘဝတုန်းက လူတွေနှစ်ယောက်သုံး ...ာက် ချုပ်၍ ဆေးထိုးခဲ့ရသည်။ အရွယ်ရောက်လာကတည်းက ...ထိ ဆိုးဆိုးဝါးဝါးနာမကျန်းဖြစ်တာမျိုးလည်း မရှိခဲ့ဘဲ ဆေးထိုး ...ဖြင့်လည်း လုံးဝဆေးမထိုးခဲ့

ပြိုင်ပွဲမှာ ခြေကျိုးလက်ကျိုးဖြစ်တဲ့အထိတောင် ဆေးထိုးမခံ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလုပ်နေ၍ ဂရင်းတို့အတော်အလုပ်ရှုပ်သွားခဲ့သည်ဟု အတိုင်ခံလိုက်ရသေးသည်။

ဒါကိုပုံပမာကမသိ ကိုယ့်လက်ကိုခါးနဲ့တောင်ခွဲရဲပြီး ဆေးထိုးခံရမှာကြောက်သည့်လူကို အထင်မြင်သေးစွာကြည့်၍ ဆေးအပ်ထဲကို ဆေးသွင်းရင်းပြုံးလိုက်မိ၏။

" သမီးရေ. . . သူ့ကိုဆေးတိုက်ပြီး အနိတီ ရေခဲပတ်လေး အုပ်ပေးကြည့်မယ် ရမလားဟင် "

" ရှင်. . . "

ပုံပမာ ဒေါ်စန္ဒီကို မျက်လုံးလေးပြူးကြည့်မိသည်။

" ကိုယ်တွေဒီလောက်ပူနေတာ အနာရှိန်လည်းရှိတယ် ဆေးထိုးမှဖြစ်မှာပေါ့· အနိတီရယ် သူက ဒီလောက်ပဲကြောက်နေရသလား"

" ကြောက်တာတော့မဟုတ်ဘူး သမီးရဲ့ အဲဒါသူ့ရဲ့အစွဲတစ်ခုပဲ ငယ်ငယ်ကတည်းက ဆေးမထိုးတာ ရေခဲပတ်လေးပဲ အုပ်ကြည့်ရအောင်နော် "

" မင်းကလည်း မင့်သား ကလေးမှ မဟုတ်တာ ဒါလုပ်ဆိုလုပ်သင့်ရင်လုပ်ရမှာပေါ့ "

" ကိုရယ် လူတိုင်းမှာစိတ္တဇတစ်ခုစီရှိကြတာပဲ. . . "

ဒေါ်စန္ဒီက မျက်လုံးတွေမှိတ်ထား၍ ခန့်ခန့်ကြီးလုပ်နေသည့် ကောင်းကို ရေခဲအုပ်ပေးဖို့ အမြန်လှုပ်ရှားနေသည်။

ဆေးတစ်ခွက်တိုက်ပြီး ရေခဲအုပ်ခြင်းကို ပုံပမာပါ အမြင်





တော်တော့ဝင်ကူရသည်။

ဦးသက်ကောင်းကတော့ သားဖြစ်သူကို မကျေမနပ်ဗျစ်တောက်ဗျစ်တောက်ပြောရင်း ထထွက်သွား၏။

ပုံပမာနဲ့ ဒေါ်စန္ဒီတစ်လဲစီရေခဲအုပ်ပေးနေရင်း ကိုယ်ပူကျသွားတော့ ဆယ့်တစ်နာရီထိုးသွားပြီဖြစ်သည်။

" ရပါပြီ. . . ဆေးတစ်ခွက်သောက်ပြီး အိပ်ပစေတော့ အခြေအနေကြည့်ပြီး လိုအပ်ရင် တစ်နာရီခွဲလောက်ကျတော့ ဆေးတစ်ခွက်ထပ်သောက်လိုက်ပေါ့ . . . "

ပုံပမာက ဆေးနှစ်ခွက်စာပြင်ပြီး တစ်ခွက်ကိုချက်ချင်းသောက်ခိုင်း၏။

ကောင်းက ဆေးကိုတော့သောက်သည် မျက်နှာရှုံ့တွတွနှင့်

" ဆေးမထိုးတာနဲ့ဆေးတွေချည်း စွတ်သောက်နေရတာပဲဗျာ . . . "

ညည်းညည်းညူညူပြောသေးသည်

မသောက်ချင်အသေခံလိုက်ပေါ့ဟု ပြောချင်သည့်မျက်နှာနှင့် ပုံပမာ ခပ်စူးစူးကြည့်တော့ သူကပြုံးစိစိနှင့် မျက်နှာလွှဲပစ်၏။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

" ချွမ်း. . ."

ပုံပမာ တစ်ရေးနိုးလာသဖြင့် နာရီထကြည့်လိုက်တော့ လေးနာရီထိုးတော့မည်. . .

ပြန်အိပ်လို့လည်းမရတော့သည်မို့ ရေချိုးသနပ်ခါးလိမ်းကာ မီးဖိုခန်းဆီလာ ကောင်းအခန်းထဲကအသံတစ်ခုကို စိတ်ဝင်စားသွား၏။

ထိုအခါကျမှ ညက တစ်နာရီခွဲဆေးထသောက်ဖို့ ပြောခဲ့တာကို သောက်ရဲ့လားဟုတွေးဖြစ်လျက် အခန်းဆီလျှောက်သွားခဲ့မိသည်။

တံခါးကခပ်ဟဟမို့ အထဲမှာ မတ်တပ်ရပ်နေသည့် ကောင်း၏ကျောပြင်ကိုလှမ်းမြင်လိုက်ရသည်။

တံခါးကိုသာတွန်းကြည့်နေမိစဉ် အရက်ပုံတွေကို ကြွေခွက်ထဲလောင်းထည့်ကာ ကြမ်းပေါ်မှာ တစ်စုံတစ်ရာကိုငုံ့ရှာနေပြန်သည်။

စောစောက ချွမ်းခနဲကျသွားတာကိုရှာခြင်းဖြစ်မည်။





သူကောက်လိုက်တာကို သေချာမြင်လိုက်တော့ ဓားပါးလေးတစ်ချောင်း။

တစ်ခုခုလုပ်ဖို့ကတော့ သေချာပြီမို့ ပုံပမာတံခါးကိုတွန်းဖွင့်ကာအထဲဝင်လိုက်၏။

" ဟင်. . . ဒါဘာလုပ်မလို့လဲ "

ချုပ်ရိုးရှိသည့်လက်က ဒဏ်ရာကိုဓားနဲ့ထိုးခွဲဖို့ပြင်နေသည့် ကောင်း၏ ဓားကိုင်လက်ကို ပုံပမာပုတ်ချပစ်လိုက်သည်။

ဓားက ဒုတိယမ္ဘိပြန်ကျသွားရရှာ၏။

" မင်း ဘာအရူးထတာလဲကောင်း စိတ်မှကောင်းသေးရဲ့လား ဟင်. . ."

ကောင်းက သူ့ကိုလှည့်၍ စူးစူးစိုက်စိုက်ကြည့်သည်။

ပြီးမှ မျက်နှာပြန်လွှဲ၍ ဓားကိုကောက်ဖို့ပြင်၏။

" ဓားက ဘာလုပ်မလို့လဲ ငါမေးတာကိုဖြေစမ်းပါ "

ပုံပမာသူ့ကိုတွန်းပစ်လိုက်တော့ ယိုင်ခနဲဖြစ်သွားကာ သူက စားပွဲစွန်းကို ကိုင်ထားလိုက်၏။

" လက်ကနာနေတယ်ကွ တဆစ်ဆစ်ရူးအောင့်နေတာကို ငြိမ်ခံပြီးအရှုံးပေးနေရတာ စိတ်မရှည်ဘူး ချုပ်ရိုးကိုဖွင့်ပစ်လိုက်ချင်တယ်. . ."

" ချုပ်ရိုးနဲ့မဆိုင်ပါဘူး မင်းဆေးထိုးမှမခံတာ အနာကျက်ဆေးထိုးမှ အနာကသက်သာမှာပေါ့ အမိပွါယ်မှမရှိတာကို ခေါင်းမာ



www.burmeseclassic.com

www.burmeseclassic.com



နေတယ် သွားလုပ်ဆေးထိုးမယ် "

" မာ ကောင်းကိုစိုးရိမ်လို့လားဟင် "

" ဘာမှထူးခြားပြီးစိုးရိမ်နေစရာမလိုဘူး အန်တီတို့မင်း အတွက် ပူနေတာကိုစိတ်ချမ်းသာစေချင်တာ ပြီးတော့ ငါကဆရာဝန် ရောဂါရှိတဲ့လူကို ကုသပေးရမှာငါ့တာဝန် "

" ကောင်း ဆေးထိုးမခံချင်ဘူး "

ပြော၍သူက ရွှန်းရွှန်းစားစားကြည့်ကာ

" သနပ်ခါးနံ့လေးကမွှေးနေတာပဲကွာ နာနေတာတွေ တောင် ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး မာ သိပ်လှတာပဲ "

စကားစလာမှ ကိုယ်သူ့အခန်းထဲမှာပါလားဆိုတာကို သတိ ထားမိသည်။

ပုံပမာ ဘာမှဆက်မပြောနေတော့ဘဲ နောက်ကိုချက်ချင်း ပြန်လှည့်၏။

" မာ..."

" အို..."

ကောင်းက ပုံပမာ့တစ်ကိုယ်လုံးကိုဆတ်ခနဲပွေ့ဖက်ထား လိုက်၏။

" ချစ်တယ် မာရယ် ကောင်း ကောင်းကိုခွင့်လွှတ်ပါ "

" ဟင့်အင်း...ဟင့်အင်း...ဟင်းနော် လွှတ်... ဘာလဲ "





မီးရောင်ချောက်ခနဲမှိတ်ကျသွားကာ ပုံပမာသူနဲ့လုံးထွေးကာ မွေ့ရာပေါ်ပစ်ကျသွား၏။

" ကောင်း ဟင့်အင်း...ငါ ...ငါတောင်းပန် တယ် ...လွှတ်ပါ လွှတ်ပါကောင်းရယ် "

" မလွှတ်ဘူးကွာ မရဘူး "

ညအမှောင်က အရာဝတ္ထုအားလုံးကို ကြာမြင့် စွာခါးမြို့လျက် အရှတ်တက်ကို ထုခြေကြီးစွာစောင့်နေခဲ့သည်။

ထိုအမှောင်ထဲမှာ ပုံပမာ နစ်မြုပ်ပျောက်ကွယ်သွားခဲ့ရသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

" မာ . . . မာနေပါဦး မသွားပါနဲ့မာရယ် ကောင်းတော
ပန်တယ်ကွာ ကောင်းကိုမာကြိုက်သလိုအပြစ်ပေးပါ မာဖြစ်စေချင်သ
ကောင်းလိုက်နာမယ် ထွက်မသွားပါနဲ့ "

" ဟင့်အင်း ဖယ် မင်းကိုငါမုန်းတယ် ရွံတယ် မင်း
ကြောက်စရာကောင်းအောင် တုံ့ပြန်တတ်တဲ့လူကို ငါဘာမှအပြစ်ပေး
ဖို့ စိတ်မကူးဘူး မင်းလိုလူယုတ်မာနဲ့ဝေးဝေးနေဖို့ပဲ ဆုံးဖြတ်ထာ
တယ် ဖယ် ဖယ်စမ်း . . . "

" မဖယ်နိုင်ဘူး မာ မင်းမသွားရဘူး မင်းကိုကော
ခဏလေးသာယာချင်လို့ မှားခဲ့တာမဟုတ်ဘူး မြတ်နိုးတဲ့စိတ်နဲ့ မှာ
ယွင်းခဲ့တာ မင်းကိုကောင်းဆုံးရှုံးမခံနိုင်ဘူး "

" ကောင်း . . . မင်း ဖယ်နော် "

" မဖယ်ဘူးကွာ ရိုက်ချပစ်လိုက် "

လက်ဆွဲအိတ်ကိုအတင်းဆွဲလုလိုက်တော့ ပုံပမာ ရိုက်
ပစ်လိုက်၏။





မျက်နှာပေါ်မှာ ဖွာခနဲအုပ်ကျသွားသည့်ဆံပင်တစ်ခြမ်းကို
ာင်းက ဆတ်ခနဲခါထုတ်ပစ်လိုက်ပြီး ပုံပမာလက်ကလေးတစ်ဖက်
ပါ ဆုပ်ကိုင်လိုက်၏။

" ကောင်းတို့လက်ထပ်ရအောင်နော် "

" မင်းကို ငါဒီလောက်မုန်းနေတာ ဘယ်လိုစိတ်နဲ့လက်ထပ်
ာလဲဟင် ငါ့မှာချစ်သူရှိတယ် ငါ့ဘဝအစက အလယ်အဆုံး
ူကိုပဲချစ်ခဲ့ချစ်ဆဲ အမြဲချစ်သွားမှာ အဲဒါမင်းအမြဲမှတ်ထား ကြားလူ
ာ့ဘာဖြစ်ဖြစ် သူနဲ့ငါ့ရဲ့ချစ်ခြင်းမှာ စွန်းထင်းခဲ့တာဘာမှမရှိဘူး အခု
င်းဆန္ဒပြည့်ဝသွားပြီ မဟုတ်လား ငါ့ကိုမနှောင့်ယှက်ပါနဲ့ "

" မာ ဘာတွေပြောနေတာလဲ မပြောနဲ့ကွာ မင်းဖာသာ
ည်းစားတွေဘယ်လောက်ရှိရှိ ဘယ်ရည်းစားကိုပဲချစ်ချစ် မင်းကို
ာင်းပိုင်ဆိုင်ချင်တယ် ပိုင်ရမှဖြစ်မယ် အဲဒါကြောင့် လူကြမ်းဝင်
ုပ်ပြီး းကိုရအောင်ယူလိုက်တာပဲ "

" သား မင်း . . . မင်း ရိုင်းလှချေလားဟင် "

နောက်မှာအစောကြီးကတည်းကရပ်နေခဲ့သော ဒေါ်စန္ဒီအံ
ြတ်သံနှင့် ပြောရင်း ကောင်းရှေ့ရောက်လာသည်။

အကျႌရင်ဘတ်စကိုဆောင့်ဆွဲတွန်းထိုး၍ ရင်ဘတ်ကိုတအား
ိုက်ပုတ်နေရင်း မျက်ရည်များပါကျလာသည်။

" မိဘကိုသိက္ခာကျအရှက်ရအောင် ခွေးဖာတ်ခင်းတဲ့လူပိုက်
င်းကိုသားတော်ရတာ ငါသိပ်ရှက်တယ်သိလား "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီ အသားတွေတုန်ကာ ကောင်းကိုထုနှက်ရင်း ငေး
လဲကျသွားလေသည်။

" မာမီ. . . "

" ဟော့. . . ဟော့ စန္ဒီ ဘာဖြစ်တာလဲကွ "

ဦးသက်ကောင်းက ပြေးထွက်လာသည်အထိ ပုံပေ
ကျောက်ရုပ်လေးလိုရပ်နေမိသည်။ သူ့ရှေ့ဆက်လှမ်းဖို့ရာ ခြေလှမ်း
ထစ်တွေ ကျိုးကုန်ပြီလား တံတားပျက်ပြီလား. . .

ဒေါ်စန္ဒီ သတိရလာအောင် ပြုစုပေးလိုက်ပြီးသော်

" သမီးရယ် ကျေးဇူးဆိုတာ ဖယ်ထားလိုက်ပါ အန်တီ
သားမိုက်တစ်ဦးရဲ့မိဘအဖြစ် သမီးကိုခြေသလုံးဖက် တောင်း ပန်ပါရ
သမီးဒီကနေထွက်မသွားပါနဲ့ သားနဲ့သမီးကို အန်တီ ခမ်းခမ်းနား
လက်ထပ်ပေးပါရစေကွယ် "

ပုံပမာခေါင်းမညိတ်ပါ။

ကိုယ့်ဘဝနစ်မွန်းခဲ့ရတာကို ဝမ်းနည်းကြေကွဲမိခြင်းထက်
ကောင်းကိုမုန်းတီးခြင်းကသာ ကြီးစိုးနေသည်။

" အန်ကယ်ကလည်း တောင်းပန်ပါတယ် သမီးရယ် ကျေး
ဇူးနဲ့မဟုတ်ဘဲ သံယောဇဉ်နဲ့ သမီးဆုံးဖြတ်ပေးပါ သမီးဆရာဝန်မဖြစ်
ခင် အထကကျောင်းသူလေးဘဝကတည်းက မြင်မြင်ခြင်းချစ်
နှောင်ဖွဲ့ခဲ့ကြတဲ့ သံယောဇဉ်တွေကိုပဲ ငဲ့ပါ သားကို သမီး မေတ္တာ
ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မိဘစကားကိုနားထောင်လိုက်သည်





မျိုးအားလုံးအတွက် ကောင်းမွန်အောင် အန်ကယ်တို့စီစဉ်ပေးတာကို
ခံလိုက်ပါကွယ် "

ဒေါ်စန္ဒီ အိပ်ရာထက်မှလူးလဲထ၍ ပုံပမာလက်ဖဝါးလေးကို
ဆုပ်ကိုင်လိုက်ကာ

" သမီး ထွက်သွားမယ်ဆိုရင် ကိုယ့်အရိပ်ကိုခိုနေရတဲ့
မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်စော်ကားလိုက်တဲ့ ယုတ်မာတဲ့
မိသားစုအဖြစ် တစ်သက်လုံးလိပ်ပြာငယ်ပြီး အန်တီ တမြေ့မြေ့ကျွမ်း
သေရမှာပါ ဒီတော့ သမီးသွားမှာပဲဆိုရင် အန်တီ့ကိုတစ်ခါတည်း
သတ်သွားပါ. . . "

ပုံပမာ ဒေါ်စန္ဒီလက်ဖဝါးလေးကို ပြန်လည်ဆုပ်ကိုင်ကာ
မျက်ရည်တွေဝေ့လည်လာ၏။ ဒီမှာနေခဲ့ရသည့် ကာလများမှာ သူမ
ဘဝဟာ ပြည့်စုံသာယာခဲ့သည်။

မြင့်မားအေးချမ်းခဲ့သည်။

ရိုးသားပွင့်လင်းစွာနေတတ်ကြသော ဖနီးမောင်နှံ၏မေတ္တာ
ဒွေဖြင့် သူမဘဝမွေးထွေးခဲ့ပါသည်။ ဒေါ်စန္ဒီမျက်ရည်တွေကို ခပ်
စိမ်းစိမ်းကြည့်နေရလောက်အောင် သူမ အသည်းမမာနိုင်ပါ။

ရင်ဖွင့်ခဲ့ဖူးသော ကျေးဇူးနှင့်သံယောဇဉ်များကြောင့် ရင်ထဲ
မှာအရာရာသည် အလဲလဲအပြိုပြိုလွင့်စင်ကွဲကြေကုန်ခဲ့ရ၏။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

မင်္ဂလာပွဲကိုအကျယ်မချဲ့ဖို့ သတင်းစာထဲမထည့်ဖို့ အား
ပုံပမာစိတ်တိုင်းကျဖြစ်ခဲ့သည်။

သို့သော် ဘယ်လောက်ပဲအကျဉ်းချုံးပစေ ဦးသက်ကောင်း
နှင့် ဒေါ်စန္ဒီတို့လင်မယား တို့နှစ်ဘက်မိတ်နှင့် ပုံပမာဘက်က ဆ
သမားမိတ်ဆွေသူငယ်ချင်းများနှင့် မင်္ဂလာပွဲက ထင်တာထက်များ
ပို၍စည်းကားခဲ့သည်။

ကိုယ့်ဘက်က မိဘမရှိတော့ ဧွးညီုတို့ကိုသတိရမိသည်

မိဘကိုကန်တော့သည့်အခါ ဦးသက်ကောင်းနဲ့ဒေါ်စန္ဒီတို့
ရတနာဘူးလေးတစ်ဘူးချပေးပြန်ဝသည်။

" ဒါအမွေခွဲပေးတာ မဟုတ်ဘူး မာမီ့မှာ သားတစ်ယော
ပဲရှိတာ ရှိသမျှ ပစ္စည်းသားလေးအတွက်ပဲ သမီးကိုယ်ပေါ်က
ပတ္တမြားတစ်ဆင်စာစီရယ် ဒါက နဝရတ်လည်ဆွဲရယ်ကို မင်္ဂလာ
အတွက် သပ်သပ်လက်ဖွဲ့တာ နဝရတ်လည်ဆွဲက သားရဲ့ဒက်
မာမီ့ကို သူ့လုပ်အားခနဲ့ သပ်သပ်စုဆောင်းပြီး လုပ်ပေးထားတာ





သိပ်တန်ဖိုးထားတာ "

ဦးသက်ကောင်း မျက်နှာကြီးပြုံးနေသလို ဒေါ်စန္ဒီက ခင်ပွန်း
သူကို ကြည်ညိုလေးစားသောမျက်ဝန်းများနှင့် မော့ကြည့်လိုက်

" အခု သမီးကိုမာမီပေးတာ သမီးလေးကိုတန်ဖိုးထားလွန်း
သက်သေပြလိုက်တာပါ နဝရတ်လည်ဆွဲဆိုတာ သိပ်ကျက်သရေ
အန္တရာယ်ကင်းစေတဲ့ ရတနာကိုးပါးနဲ့ စီခြယ်ထားတာမို့လို့
ကို မြေးသားအဆက်ဆက်အမြတ်တနိုးတန်ဖိုးထားရမယ် "

ပုံပမာ ရတနာတွေကို ဒေါ်စန္ဒီဖွင့်ပြပေမယ့် တစ်ချက်သာ
ည်၍မျက်နှာလွှဲပစ်လိုက်မိသည်။ ရတနာတွေကိုကော လူတွေကို
အားလုံးကိုဘာမှစိတ်မဝင်စားဘဲ ကိုယ့်ကိုယ်ကိုကမ္ဘာသစ်တစ်
သို့ရောက်သွားရသကဲ့သို့ ဝမ်းနည်းကြေကွဲခြင်း ယူကျုံးမရခြင်း
ကိုကြိတ်မှိတ်မေ့ဖို့ကြိုးစားရင်းမှ သတိရတမ်းတခြင်းတို့စုပြု
နေရသည့်အဖြစ်ကို နှလုံးသားသေးသေးလေးထဲမှာ မချိမဆန့်
သွားထိုးသိပ်နေခဲ့ရသည်။

မျက်ရည်က မျက်ဝန်းမှာ ပျောက်ပျက်သွားသည်မရှိဘဲ
ည်နေကာ လူတွေသတိမထားမိသော်လည်း ဝေ့ဝါးနေသဖြင့်
ကြောင့် ကိုယ့်ကိုယ်ကိုသိနေသည်။

လွန်စွာခမ်းနားလှပသည့် မင်္ဂလာအိပ်ခန်းကြီးထဲရောက်သော့
ချင်ပြီး မွှေ့ရာပေါ်ပစ်လှဲကာ အားပါးတရငိုချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



" မာ မငိုနဲ့ကွာ ကောင်းတောင်းပန်ပါတယ် မင်္ဂလာဦးည မှာ ကောင်းရဲ့အပျော်တွေ အဓိပ္ပါယ်မဲ့ကုန်အောင် မလုပ်ပါနဲ့. . . "

" ဖယ်. . . သွား မင်းပျော်နေပေမယ့် ငါ့ဘဝပျက်ရတာ လေ အနာဂတ်အတွက် ငါထားခဲ့သမျှ ငါ့ဘဝအတွက် ရည်မှန်း ချက်တွေ အားလုံးလေထဲမှာပျောက်ကုန်ပြီ "

" မပျောက်ပါဘူးမာရယ် မာဖြစ်ချင်သမျှ ကောင်းအားလုံး လုပ်ပေးမှာပါ မာကိုကောင်း ချစ်လွန်းလို့ မရည်ရွယ်ခဲ့တာတွေ ဖြစ်လာခဲ့တယ် ရည်ရွယ်ခဲ့ပြီးသားတွေကို စွန့်လွှတ်ပစ်ခဲ့တယ် ကောင်း ဘက်က ပြောင်းလဲပစ်ခဲ့တာတွေလည်း အများကြီးပဲ ကောင်းအချစ်ကို ယုံပါမာရယ်. . . ""

" အို. . . မသိဘူးသွား လာမထိနဲ့နော် "

မွေ့ရာပေါ်ကနေ ပုံပမာဆင်းသွားမည်လုပ်တော့ ကောင်းယင့် သက်ရှိုက်၍ သူ့နေရာမှာ ငြိမ်ငြိမ်လေးဖြစ်သွားသည်။

တစ်ညလုံး ငိုလို့အားမရနိုင်ခဲ့သည်မှာ ညဥ့်နှစ်နာရီခွဲသည် အထိ။

ကောင်းလည်း တစ်ညလုံး မအိပ်နိုင်။

ရေထသောက်လိုက် ကော်ဖီဖျော်သောက်လိုက်။

ပုံပမာကို အမျိုးမျိုးချော့သော်လည်း နောက်ဆုံးစကားပင် ပြန်မပြောတော့သဖြင့် မိုးသာလင်းသွားခဲ့သည် တစ်ယောက်မှ မအိပ်ခဲ့ ရ။





တစ်ညလုံး သားဖြစ်သူ အခန်းထဲက ထွက်သွားလိုက်ပြန် င်လိုက် ညည့်ခန်းမှာ ထွက်ထိုင်နေလိုက်နှင့် တချောက်ချောက် ှုံရှားနေတာကို ဒေါ်စန္ဒီသိသည်။

သားဖြစ်သူ ဘယ်လိုရင်ဆိုင်နေရသည်ကိုလည်း တွေးမိ၏။

မနက်မိုးထိန်ထိန်လင်းလို့ ထွက်မလာတော့ ခပ်ဟဟပွင့်နေ ည့် အခန်းတံခါးကို အသာလေး သွားတွန်းလိုက်မိသည်။

အထဲမှာ ပုံပမာသည် မွေ့ရာ၏ တစ်ဘက်စွန်းတွင် ခွေခွေ ားအိပ်ပျော်နေကာ. . .

ကောင်းက ဖွဖွသာလေးဖက်ထားပုံမျိုးနှင့် နှစ်ယောက်သား ိပ်မောကျနေကြ၏။ မိုးလင်းမှ အိပ်ပျော်ကြရှာသည်ထင်၏။

" သားနဲ့သမီး အဆင်မပြေဘူးထင်တယ်. . . ညက ကိုသား ာဖြစ်နေလဲကိုသိလား "

" သိသားပဲ မင်းကော ဘာဖြစ်နေလဲ. . . "

လက်ဖက်ရည်ပွဲရှေ့မှာ ထားကာ ဒေါ်စန္ဒီမျက်နှာမကောင်း ာငေးငိုင်နေရှာသည်။

" သားကို သနားလို့ပါကို. . . "

" ဘာမှ မသနားနဲ့ သူ့ဒုက္ခနဲ့သူ ဒီလိုဖြစ်မယ်မှန်းသိသားနဲ့ ျုးတ်လုပ်တာ. . . "

" ပုံပမာက မာနကြီးတယ်ကို သားကိုအလွယ်တကူကြည်ဖြူ ှာ မဟုတ်ဘူး. . . သားကလည်း ရှုတ်ဆတ်ဆတ် ထင်ရာလုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်ရှိတယ် သူတို့ အိမ်ထောင်ရေး အဆင်ပြေပါ့မလားဟင်. . ."

ဦးသက်ကောင်း ပေါင်မုန့်တစ်ချပ်ကို နို့စိမ်းဆမ်း၍ ခေါက်လိုက်ပြီးမှ ပါးစပ်ထဲထည့်ကိုက်လိုက်သည်။

ထို့နောက် ဒေါ်စန္ဒီအတွက်ပါ ပေါင်မုန့်ကို နို့စိမ်းဆမ်း၍ သကြားလေးကိုပါ သေချာဖြူးထည့်ကာ လှမ်းပေးသည်။

ဒီတော့မှ ဒေါ်စန္ဒီမဖြစ်မနေစားရတော့မှာမို့ ပါးစပ်ထဲကို စိတ်မပါစွာ ထည့်ဝါးလိုက်မိပြီး. . .

" ဒါ ဘယ်သူ့မှာအပြစ်ရှိလဲဟင်. . ."

ဟု ကလေးငယ်လေး မေးသလို ထပ်မေးသည်။

" ဟ. . .မင်း သားကလူဆိုးပဲ သူ့မှာအပြစ်ရှိတာပေါ့ ပုံပမာ မိန်းကလေးပေမယ့် စိတ်ဓါတ်ခိုင်မာတယ်။ ပြီးတော့ သူ့မှာ သူချစ်သူရှိတယ်၊ ဒါတွေကို သူအလွယ်တကူ စွန့်ပစ်လိုက်မှာ မဟုတ်ဘူး. . ."

" စန္ဒီအဲဒါကိုပြောတာ သူချစ်သူဆိုတဲ့ နေတံခါးကလည်း နာမည်ကျော်သလောက် ကလောင်တစ်ချောင်းနဲ့ လှမ်းပြနေဦးမှာ သူတို့ချင်းမချစ်လို့ ကွဲကြတာမှ မဟုတ်ဘဲ အဲဒါကို ညှာသည်းခံနိုင်မှာ မဟုတ်ဘူး. . ."

" ဆွေးမှုမနေစမ်းပါနဲ့ကွာ. . ကိုယ်ဖြစ်ကိုယ်ခံပဲ အိမ်ထောင်ရေးဆိုတာ ယောက်ျားလေးရော မိန်းကလေးရော စဉ်းစားချင့်ချိန်ကြရတာမျိုး တည်ပြီးတဲ့ဘုရား လင်းတပဲနားနားဆိုတဲ့ စိတ်မျိုးမွေးလို့





ို့မရဘူး. . .အဆင်မပြေဖြစ်ကြရင် နှစ်ဘက်လုံးနာမှာပဲ အထူးသဖြင့် မိန်းကလေးဘက်က ပိုနာမြော်မယ် "

ပြောပြီး ဦးသက်ကောင်းက လက်ဖက်ရည်တစ်ငုံသောက်လိုက်သည် ပြီးမှ. . .

" သူတို့ ပြဿနာသူတို့ရှင်းသွားကြလိမ့်မယ် မိဘက ိဘလိုနေ မောင်နှမလိုသွားမနေနဲ့ မင့်သား ကလေးမဟုတ်ဘူး "

ဒေါ်စန္ဒီက လက်ဖက်ရည်သောက်လိုက်ရင်း ခေါင်းညိတ်၍

" ဟုတ်ပါတယ် မမတို့ကလည်း ဟိုမှာ မင်္ဂလာဆောင်မယ်၊ ိတ်ပေးမယ်နဲ့ စီစဉ်နေကြတာ ဟိုကိုချက်ချင်းလွှတ်လိုက်ပါဆိုတာ ွှတ်ရင် ဘယ်လိုထင်မလဲ မသိဘူး "

" ဘာဖြစ်လို့လဲ "

" ဒီပုံစံနဲ့ လွှတ်ပေးလိုက်လို့ ဘယ်ဖြစ်မလဲ ကိုရယ် ဟိုက ူတွေက ပုံပမာ့ကို စန္ဒီတို့နားလည်သလို ဘယ်နားလည်ကြမှာလဲ ားကိုပဲ ဖူးဖူးမှုတ်ချစ်နေကြတာ သားစိတ်ဆင်းရဲနေတာမြင်ရင် ည်ဖြူကြမှာ မဟုတ်ဘူး "

" ဒီတော့လည်း ပုံပမာက ခုမှ လုပ်ငန်းခွင်စဝင်မှာ စ်ခုခုအကြောင်းပြန်လိုက်ပေါ့ကွ. . .အဲဒီကို ဘယ်သားသမီးမှ ွားလေ ကောင်းလေပဲ မင်းသားက ပုံပမာနဲ့ ဆွေးသွားလို့မဟုတ် င် ခုလောက်ဆို ပြန်လစ်ပြီ စည်းလွတ်ကမ်းလွတ် သိပ်နေချင်တဲ့ ောင် "



www.burmeseclassic.com

www.burmeseclassic.com



" ကိုနော်စကားပြောပုံက "

" ဘာလဲ ငါ့သားပြောတာ မင်းအဖေတွေကို စည်းလွတ်ကမ်းလွတ် ဗရမ်းဗတာလို့ တစ်ခွန်းမှ မပြောသေးဘူး "

" ကြည့်ပါလား "

" ဝေးသားပဲ သူကြည့်မရသလို ငါကလည်း ကြည့်မရ ရေးချမရထဲကပဲ။ "

" ကိုနော်. . . စန္ဒီစိတ်မထိန်းနိုင်တော့ဘူးသိလား "

" မရတော့ဘူး ကျောင်းချိန်က နီးနေပြီ ဒီနေ့စာမေးပွဲရှိတယ် "

" ဟယ်. . . ကြည့်စမ်း ကဲ. . . ကဲ. . . ပြောဦး "

ဒေါ်စန္ဒီသူထသလို လိုက်ထပြီး လက်မောင်းကို ပြေးထုတော့ ဦးသက်ကောင်းက ရယ်၍ ဒေါ်စန္ဒီလက်တွေကို ဖမ်းဆွဲထားလိုက်၏။

" တွေ့လား ငါ့မိန်းမရယ်သွားပြီ စိတ်ညစ်မနေနဲ့တော့ သွားရတဲ့ လူမဖြောင့်အောင် "

ဦးသက်ကောင်းက ဒေါ်စန္ဒီကို ထိုကဲ့သို့လည်း ဂရုတစိုက်တဲ့ယောကျ်ား။ သားနဲ့သမီး အဲဒီလိုများဖြစ်နေကြရင် ဘက်လောက်ကောင်းမလဲ။

❀ ❀ ❀ ❀ ❀



## အခန်း (၂၉)

" တွေ့လား တို့တွေပြောတုန်းကတော့ ဘာလေးညာလေးနဲ့ ...လေမင်္ဂလာပွဲမှာ ပြောချင်လိုက်တာ လျှာကိုယားနေတာပဲ "

" အေးလေ အဖြူလေးတွေ ဝတ်ထားတာ အရမ်းလိုက်တာ ...မင်္ဂလာပွဲကလည်း အကျဉ်းချုပ်ဆိုပြီး စည်လိုက်တာ လက်ဖွဲ့ပစ္စည်း ...တွေဆိုတာ ဟဲဗီးတွေချည်းပဲ "

မင်္ဂလာပွဲပြီး၍ နှစ်ရက်သုံးရက်ထိ ထိုအကြောင်းကိုပဲ ပြောလို့ ...သို့မပြီးကြ၊ ကောင်းလာကြိုတိုင်းလိုက်ကြည့်ကြရတာလည်း မမော ...ပြီ၊

ပုံပမာကတော့ သူ့ကိုတစ်ချက်ကလေးမှ ကြည့်မရဘဲ လက် ...ကလေးလာကိုင်တာတောင်မှ ဖယ်ချပစ်ခဲ့၏။

ကောင်း သူ၏ ဖွတ်တရွတ် ပိုင်စိုးပိုင်နင်းပုံစံတွေပျောက်ကာ ...အပေါ်အုံ့ညြလောက်အောင် စိတ်ရှုပ်သည်းခံနေသည်။

သနပ်ခါးလိမ်းတာ ခေါင်းဖြီးတာကအစ လိုက်ကြည့်နေတတ် ... အရိပ်တကြည့်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



" မာ. . . ကောင်းခေါင်းဖြီးပေးမယ် "

" အို. . . မဖြီးပါနဲ့ "

" ဖြီးမယ်ကွာ မာ့ဆံပင်တွေ အရမ်းလှတာပဲ ကောင်း ဖြီးပေးချင်လို့ "

မိသားစုအတူရှိနေချိန်ဆို ပုံပမာ့ဘေးမှာ ပူးကပ်ထိုင်၍ လက်ကို အတင်းဆုပ်ကိုင်ထားကာ သူပဲရယ် သူပဲစကားတွေလိုက်ပြော

ပုံပမာ လူကြီးတွေကို မျက်နှာပူမိရသည်အထိ သူကဲသည်။

" သမီးရေ. . . ညနေကျရင် ရှောက်သီးသုတ်စားရအောင် ကြာရိုးဟင်းခါးလေးချက်မယ် ပုစွန်တွေလည်းရှိတယ် "

" ဟုတ်ကဲ့ "

" ဟာ. . . ပုစွန်တွေ မာ မကိုင်ပါနဲ့ လက်ရှကုန်မှာပေါ့"

" အံမာ မင်းက အမေကိုတော့ ရှပစေပေါ့. . ."

ဦးသက်ကောင်း မခံမရပ်နိုင်ထမေးတော့ ကောင်းက စပ်ဖြဲဖြဲ ရုပ်နှင့်

" မဟုတ်ဘူး မာမီက လူကြီးဆိုတော့ "

" မာမီလည်း မင်းမိန်းမလို နုနုဖပ်ဖပ်လေးပဲကွ ငါ့မိန်းမ မင့်အမေပင်ပန်းမှာစိုးလို့ နှစ်ယောက်တည်းတုန်းက အိမ်မှာတောင် မချက်စားဘူး သဘောပေါက်လား "

ဦးသက်ကောင်းမျက်နှာကြီးကို ကြည့်၍ ပုံပမာ ပြုံးလိုက်မိသည်။





ကောင်းက ပုံပမာ လက်ဖဝါးလေးကို သူ့လက်နှစ်ဖက်ထဲမှာ ပူးဆုပ်ထားကာ

" မဟုတ်ပါဘူး အဲဒီမှာ သားက မာမီကိုလည်း မနိုင်းပါဘူး မာ ထိသွားမှာစိုးလို့ ပြောလိုက်တာ "

" ကဲပါ. . . တော်ကြပါတော့ ပုစွန်က မနက်ကတည်းက ကိုင်ထားပြီးသား ကိုကလည်း သူ့မိန်းမသူချစ်လို့ပြောတာကို ပြောပါ စေ "

" ရမလားကွ ငါလည်းငါ့မိန်းမကို ငါချစ်တာပဲ "

" ကိုနော် ကလေးတွေရှေ့မှာ "

ပုံပမာရယ်တော့ ကောင်းက လှည့်ကြည့်၍ လက်ဖဝါးလေးကို နှစ်ညှစ်ပစ်လိုက်သည်။

ထိုအပြုံးလေးကို သူထာဝရဆုပ်ကိုင်ပိုင်ဆိုင်ထားချင်ပါ၏။

ညနေပိုင်း ပုံပမာ မီးဖိုချောင်ထဲမှာ အလုပ်လုပ်နေတော့ ကောင်း ရောက်လာ၏။ ကြက်သွန်ဖြူသုံးခုကို အခွံချွတ်နေတာမြင်လျှင် ကောင်းကင် ပြုံးတူးပြတဲ ဆွဲယူလိုက်၍

" ဟာကွာ အဲဒါကြီးတွေ မကိုင်ပါနဲ့ အရမ်းနံတာ မာမီ ရေ. . . မာမီ. . ."

အသံပြဲကြီးနှင့် လှမ်းအော်တာ ဒေါ်စန္ဒီကသုတ်ကယက် ရောက်လာ၏။

" ဘာလဲသား ဘာဖြစ်ကြတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှမဟုတ်ဘူး မာမီ ဒါကြီးတွေ ကိုင်ပေးစမ်းပါ... မှာကို ကိုင်မနိုင်းပါနဲ့ သားအနံ့မခံနိုင်လို့..."

ပြောပြီးသည်နှင့် ပုံပမှာလက်ကို အတင်းဆွဲ၍ သူအတင်း ခေါ်ထုတ်လာခဲ့သည်။

" ကောင်း မင်းဘာဖြစ်တာလဲ ဒါ တို့လုပ်ရမယ့်အလုပ်တွေ အန်တီ့ကို ခိုင်းခဲ့ရတာကောင်းလေး "

ကောင်းတယ် မာမီက ဘာမှမပြောဘူး အဲဒီအနံ့ ကောင်း လုံးဝမခံနိုင်ဘူး... လာ ဒီမှာထိုင် ခြံထဲက ခုံတန်းလေးရောက် သူက ပုံပမှာကို သူအနားမှာထိုင်သည်။

" မှာကို ကောင်း ပြောစရာရှိလို့ "

" ဘာလဲ "

" ကောင်းတို့ ဟန်းနီးမွန်းထွက်ရအောင် အမေရိကန်မှာ အန်တီဂရင်းတို့ကလည်း လာစေချင်နေကြတာ ခဏတော့ သွား အောင်ပေါ့ကွာ... ပြီးတော့ ဟိုမှာ မပြီးပြတ်ခဲ့တဲ့ ပြိုင်ပွဲအသင်း ကိစ္စတွေက ရှိသေးတယ် "

" မသွားချင်ပါဘူး ဒီမှာ တို့အလုပ်က ခုမှစတာ မင်းသွား ချင်သွားပေါ့..."

" ကျွတ် "

ကောင်း ကျွတ်ခနဲ စုတ်သပ်လိုက်ကာ ပုံပမှာ ကိုယ်လုံးလေး ကို သိမ်းဖက်ထားလိုက်၏။





" မှာကိုကောင်း ခေါ်သွားချင်လို့ပေါ့ အန်တီဂရင်းတို့က မှာကိုမြင်ချင်နေကြမှာ ခုမှ လက်ထပ်ထားတာ ကောင်းက ဘယ်လိုလုပ်ထားခဲ့နိုင်မှာလဲ လိုက်ခဲ့ပါကွာ "

" မလိုက်ဘူး "

" ကောင်းအဲဒါ တစ်ခုပဲ တောင်းဆိုမယ် သွားမယ်နော်"

" မသွားဘူး "

ပုံပမာ တစ်ဘက်လှည့်ပစ်တော့ သူက မျက်နှာကို အတင်း လိုက်ငုံ့ကြည့်ကာ...

" ချွေပြမိုးပြဆိုတာ သွားရတယ်ကွ ပြီးတော့ ကောင်းက ဟိုမှာပဲ ကြီးပြင်းခဲ့တာ အန်တီဂရင်းတို့က ဒီမှာ မိန်းမယူလိုက်ပြီဆို ကတည်းက မျှော်နေတာ "

" အဲဒါ မင်းဖာသာသွားလို့ ပြောနေသားပဲ လွှတ်စမ်းပါ ကွာ "

ပုံပမာ သူ့လက်တွေကို ဖယ်ချလို့လည်းမရ။

အတင်းအကျပ်ဖက်ထားကာ မျက်နှာချင်းအတင်း တိုက်တိုက် နမ်းရှိုက်နေလျက်...

" မရဘူးကွာ လိုက်ခဲ့ရမှာပဲ နောက်ဆို သားတွေသမီးတွေ ရလာရင် ဟာ ပိုပြီး ခေါ်င်းခါဦးမှာ သွားမယ်နော်..."

" ဘယ်လိုဖြစ်နေတာလဲ ကောင်း မသွားချင်လို့ပြောနေတာ ကြားဖူးလား "



www.burmeseclassic.com

www.burmeseclassic.com



" မကြားဘူး ကောင်းကို စိတ်ညစ်အောင် မလုပ်နဲ့နော် ဒီလောက်ထိချော့နေတဲ့ဟာ မရရင် မာ စိတ်ညစ်သွားအောင် ကောင်း နမ်းပစ်မှာနော် "

ပုံပမာ မျက်နှာလေးရှုပုတ်နေမိကာ သူ့ကိုလည်း မကြည့်ဘဲ. . .

" ဒါဆို တို့သွားချင်တဲ့ဆီ အရင်သွားမယ် နောက်နှစ်ကျ"

" ဟာ ဘယ်ရမလဲကွ နောက်နှစ်ကျမှဆို ကိုယ်ဝန်ဆော ဘာတွေရှိနေပြီပေါ့. . ."

ပုံပမာ မျက်နှာလေး ရဲခနဲဖြစ်သွားကာ သူ့လက်မောင်း ဝိတ်ထုပစ်လိုက်မိ၏။

" အဲဒီ စကားထပ်ပြောကြည့်စမ်း "

" ဟား. . . ဟား. . . ဟား "

ကောင်း တဟားဟားရယ်၍ ပုံပမာ့ ပခုံးစွန်းလေးကို ငုံ့နမ်း လိုက်၏။

" စကားအဖြစ်ပြောတာပါ၊ဘာဖြစ်လဲ မာ သွားချင်တဲ့ဆီ ကောင်းလိုက်ပို့မယ်၊အမေရိကန်လည်း သွားမယ်၊ နောက်နှစ်မ မဟုတ်ဘူး. . . ဘယ်ကိုသွားချင်တာလဲပြော "

" တန့်ကြည့်တောင် "

" တန့်ကြည့်တောင်. . ."

ကောင်းမျက်နှာတွေခနဲဖြစ်သွားသည်။





" မာမီပြောတဲ့ မာတို့ ရွာဆိုတာလား "

" အင်း "

ကောင်းအကြာကြီး စဉ်းစားနေသည် ပြီးမှ. . .

" အဲဒီကိုသွားပြီး ရှေးဟောင်းနှောင်းဖြစ်ထဲမှာ မျောပါမသွား ဘူးလို့ ကတိပေးရင် ကောင်း လိုက်ပို့မယ် "

သူ ဘာကိုဆိုလိုမှန်း ပုံပမာသိသည်။

ရည်းစားဦးကို ရှုလို့တောင်မမေ့ဘူးဆိုတာ စကားရှိတာ ောင်း မသိဘူးလား. . . ပြီးတော့ ကိုကြီးဟာ ပုံပမာရဲ့ အဖြူစင် းနုယ်ပယ်ထဲမှာ ပထမဆုံး စွန်းထင်ခဲ့သည့် အချစ်ဆိုတဲ့ အမှတ် ကတလေးတစ်ခု. . .

မိဘ၏ အရိပ်သဖွယ် အားကိုးခဲ့ရသည့် အစ်ကိုကြီး စ်ယောက်လို လေးစားယုံကြည်ခဲ့ရသူ. . .

ပြီးတော့ ပြီးတော့ များစွာထဲမှာ အသည်းနှင့်အောင် ချစ်ခဲ့ တဲ့သူ. . . ယောကျ်ားတစ်ယောက်၏ ရုပ်ရည်ရူပကာကို ပထမဆုံး ုံးသား ပုံရိပ်မှာ စွဲထင်ခဲ့သော ဘယ်တော့မှ မေ့လို့ရတော့မှာ ုတ်သည့် မျက်နှာ. . . ကိုကြီးကို ပုံပမာ အသည်းအသက် ဘဝကိုပါ ၍ ချစ်ခဲ့သည်. . . ကိုကြီးသည် ကောင်းကဲ့သို့ ဉာဏ်များသော ဲတရွတ်ဆန်၍ အနိုင်ကျင့်တတ် အခွင့်အရေးယူတတ်သော စရိုက် လည်း မရှိတဲ့သူ. . .

သူမ ဘဝ သူမ ကမ္ဘာထဲမှာ ကိုကြီးကဲ့သို့ မြတ်နိုးလေးစား



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည့် ယောကျ်ားမျိုး နောက်ထပ်ဘယ်တော့မှ ရှိတော့မှာ မဟုတ်ပေ။

ထိုခရီးကို သွားချင်သည်ကလည်း ရင်ထဲက အလွမ်းတို့ကို ဆန်းသစ်ဖို့ မဟုတ်ပေမဲ့ မေ့မရခြင်းများနှင့် အလွမ်းတို့ကို ခံချင်သည်။

ဘုရားမှာ တိုင်တည်၍ ကိုကြီးနဲ့ စတင်တွေ့ဆုံခဲ့ခြင်းကို အဆုံးသတ်ခွင့် တောင်းချင်သည်၊ ကိုကြီးနဲ့ သူမ ဘယ်တော့မှ ဆုံဆည်းခွင့်ရှိတော့မှာမဟုတ် အဆီးအတားတို့က ရှိခဲ့ပြီမို့ အချစ်ကို ဘဝအတွက် သူ မေ့ပစ်ရတော့မည်...

ဘာပဲဖြစ်ဖြစ် သူဟာ ကောင်းအတွက်သာ ဖြစ်ရတော့မည်...ကောင်းအပေါ်မှာ သစ္စာထားရမည်။

" မာ "

" ဟင် "

" ကျွတ် "

ကောင်းစိတ်ပျက်လက်ပျက်ဖြစ်သွားပြန်ကာ ပုံပမာ့ကို လွှတ်၍ သူ့ဆံပင်တွေသူ ပြန်ဖွပစ်၏။

" ကောင်းကလိုက်ပို့ရပြီး ဟိုမှာ မာအဲဒီလိုဖြစ်နေရင် သေပြီကွာ...မာတကယ်ရက်စက်တယ် "

" ရက်စက်တယ်ထင်ရင် မပို့နဲ့လေ ဘာမှဖြစ်မသွားနိုင်ပါဘူး "ပြော၍ ပုံပမာ ထရပ်လိုက်သည်



" နေဦး မာ..."

ကောင်းက ကမန်းကတန်းထရပ်လိုက်ပြီး

" ကောင်းလိုက်ပို့မယ် မာ ဘယ်နေ့သွားချင်လဲ "

ကောင်းက ပုံပမာ ကျော့ကွင်းအဖြူလေးနှင့်စည်းထားသည့် ကျောနောက်က ဆံပင်တွေကို ဖြေချပစ်လိုက်ပြီး ဆွဲဖြန့်ပစ်လိုက်၏။

ပြီးတော့ ဆံပင်တွေကို နမ်း၏။

" ကောင်းကို စိတ်မဆိုးနဲ့နော် သဝန်မတိုမိအောင်နေဖို့ ကြိုးစားထားပေမယ့် တစ်ခါတစ်ခါ လွတ်သွားတတ်တယ် အဟွန်း"

ဒီလိုကျတော့လည်း ကောင်းမျက်နှာက အပြုံးသည့် ကလေးလိုပဲ စင်ကင်းစင်စွာ...

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ထိုနေ့က ကက်ဆက်အခွေရွေးနေရင်း လက်က အငြိမ်မနေနိုင်ဘဲ CITY FM ဖမ်းယူလိုက်မိတာ ကောင်းအများကြီးမှားသွားခဲ့၏။

“ ဟုတ်ကဲ့ရှင့် နိုင်ငံကျော် စာရေးဆရာ ကိုနေတံခါးက ခုလို ကျွန်မတို့ FM အစီအစဉ်ကို လာရောက်တွေ့ဆုံဆွေးနွေးပေးတဲ့အတွက် FM အဖွဲ့သားတွေက ကိုနေတံခါးကိုအများကြီး ကျေးဇူးတင်ပါတယ်ရှင်. . . ”

“ ဟုတ်ကဲ့ ”

“ ကိုနေတံခါးကို အခု ရုံတင်နေတဲ့ ‘ရင်ထဲကပုံပမာ’ ဇာတ်ကားကြီးနဲ့ ပတ်သက်ပြီး နည်းနည်းလောက်မေးမြန်းပါရစေ”

“ ဟုတ်ကဲ့ မေးပါ ”

ညှော်ခန်းမှာ လှုစုံနေကြကာ သိုးမွှေးထိုးနေသည့် ပုံပမာလက်ကလေးတွေ တုတ်ဆွဲလိုက်လို တုံ့ခနဲရပ်သွားချေ၏။





မာမိနဲ့ ဒယ်ဒီ ချက်ချင်းမော့လာကြသည်။

ညှော်ခန်းထဲမှာ ပို၍ တိတ်ကျသွားခြင်း၏ နောက်တွင် ဆွဲဆောင်မှုရှိသော နေတံခါး၏ အသံနှင့် မေးမြန်းသူတို့၏ အသံများသည် ပေါ်ထွက်နေဆဲ။

“ ရင်ထဲက ပုံပမာ ဟာ နေတံခါးရဲ့ တကယ့်ရင်ထဲကလို့ ပြောနေကြတယ် အဲဒါလေး ဖြေပေးပါဦး ”

“ ဟုတ်ပါတယ် စာရေးတဲ့ သူဟာ ဘယ်ဇာတ်ကိုမဆို ရင်နဲ့ခံစားပြီးမှ ရေးကြတာပါပဲ ”

“ အဟွန်း ဟုတ်ကဲ့ပါ ဒါပေမဲ့ အဲဒီထဲက မင်းသားစာရေးဆရာကတော့ ကိုနေတံခါးပဲလို့ ပြောနေကြတယ် ”

“ အဟင့်. . . ’

နေတံခါးက ရယ်သံသဲ့သဲ့နှင့်မဖြေဘဲနေ၏။

အားလုံး ပုံပမာ့ကို စူးစိုက်ကြည့်နေမိသည်။ ပုံပမာ သိုးမွှေးဆက်ထိုးနေသော်လည်း လက်ကလေးတွေ တုန်နေရှာပြီ။

“ ကိုနေတံခါး ခုထိ အဖော်မရှာတာက ရုပ်ရှင်ထဲက မင်းသားလို ပုံပမာ့ကို ရှာနေတာလား ပုံပမာဆိုတာ အပြင်မှာလည်း ပုံပမာပဲလား ပရိသတ်က အရမ်းကို သိချင်နေကြတာ ”

“ အဲဒါက ပရိသတ်ကြိုက်သလို ယူဆလိုက်တာကောင်းပါတယ် ”

“ ဩော်. . . ဩော် ကိုနေတံခါးရဲ့ စာအုပ်တွေ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ပါတယ် ဒီနှစ်ပိုင်းတွေမှာ ရုပ်ရှင်တွေလည်း အရမ်းရိုက်နေ တယ်၊ ဒါပေမယ့် ရင်ထဲက ပုံပမာ ကတော့ အကယ်ဒမီဒွေ အများကြီးချိတ်နိုင်မယ့် ဇာတ်ကားလို့ ပရိသတ်ထဲက ကိုးဆယ့်ကိုး ရာနိုင်နှုန်းလောက်က ထင်ကြေးပေးနေကြတယ်၊ ဇာတ်သိမ်းခန်းမှာ ပျောက်နေတဲ့ ပုံပမာဆိုတဲ့ မိန်းကလေးပြန်ပေါ်မလာသေးဘဲ သိမ်းထား လို့ ဒုတိယပိုင်းဆက်ထုတ်ဖို့လည်း ပရိသတ်ကတောင်းဆို ထားတယ်ဆို ဟုတ်လားဟင် "

" ဟုတ်ပါတယ် "

" အဲဒီတော့ ကိုနေတံခါးရေးဖြစ်လား. . ."

" မရေးဖြစ်သေးပါဘူး "

" ရေးဖို့ကော အစီအစဉ်ရှိလား "

" အင်း အစီအစဉ်တော့ရှိပါတယ် ဒါပေမဲ့ ဘယ်တော့ဆိုတာ ပြောလို့မရသေးဘူး "

" ဟုတ်လား ဒါပေမဲ့ ပရိသတ်ကတော့ သိနေပြီ ထင်တယ် နော်. . . ပုပမာကိုရှာလို့ တွေ့တဲ့ တစ်နေ့နေ့မှာလားပေါ့. . ."

" အဟွန်း "

" တကယ်လို့ရေးဖြစ်ရင် ဘယ်လိုခေါင်းစဉ်မျိုးပေးဖို့စိတ်ကူး ထားလဲဟင် ပြောပေးပါဦး "

" မပျောက်သေးသော ရင်ခွင်သို့ "

" ဟာ သိပ်လှတဲ့ နာမည်လေးပဲ "





ပုံပမာ ဖျတ်ခနဲထရပ်လိုက်သောအခါ ပါးပြင်ထက်မှာ မျက်ရည်စက်လေးတစ်ပွင့် စွန်းထင်သွားခဲ့လေပြီ။

" မာ "

ကောင်းက ပုံပမာ နားရိပ်ခနဲ ရောက်လာကာ လက်ကို ခပ်တင်းတင်းဆွဲထား၍

" ပြန်ထိုင်နေပါမာ ဒါကို မတုန်မလှုပ် နားထောင်နေစမ်း ပါ. . . ကောင်း တောင်မှ သတ္တိရှိသေးတာ မာ သတ္တိမရှိဘူးလား"

" မင်း. . ."

သူ့ကို မော့ကြည့်လိုက်တော့ မခံချင်စိတ်တို့က မျက်ရည်စက် တို့ကို မိုးစက်များနှယ် ပါးပြင်ထက်သို့ တသွင်သွင်ဆင်းကျလာကြ ၏။

" တောက် "

မျက်ရည်ကို မြင်လျှင် ကောင်း တောက်ခေါက်ကာ စားပွဲခုံကို ဒုန်းခနဲ ဆောင့်ကန်ပစ်လိုက်၏။

" သားမလုပ်နဲ့လေ "

ဒေါ်စန္ဒီ သားဖြစ်သူ ခြေထောက်ကို ထိသွားမှာစိုး၍ ပျာပျာသလဲ ဝင်တား၏။

ဦးသက်ကောင်းက ရေဒီယိုကို ထပိတ်ကာ နေရာမှ ထွက် သွားလေသည်။

" တောက်. . . ရက်စက်တယ်ကွာ မင်း အဲဒီလို သုံးပွင့်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်ရည်ကျရက်တာ ကောင်း တကယ်အံ့သြတယ် ဒီမှာ ဒီရင်ထဲကို ဝင်ကြည့်စမ်းပါ ''

ကောင်းက ပုံပမာ့လက်မောင်းနုစ်ဖက်ကို သူ့ဘက်ဆွဲလှည့်ကာ ရင်ဘတ်နဲ့ ကပ်ပစ်သည်။

ပုံပမာ သူ့ကို ပြန်တွန်းပစ်လိုက်၍

'' မင်းရှေ့မှာ မျက်ရည်မကျချင်လို့ ငါထတာပဲ မင်းပဲမြင်ချင်လို့ ရန်ရှာဖို့ဆွဲထားတာလေ လွှတ်စမ်း ငါ့ကို. . .''

'' မလွှတ်နိုင်ဘူး မင်းကို ကောင်းချစ်လွန်းလို့ ငါရအောင်ယူထားတာပဲဆိုပြီး အစစအရာရာသည်းခံခဲ့တာ ဒီမှာ သတ္တိကောင်းကင်ဆိုတဲ့ကောင်က ဘယ်ပြိုင်ပွဲမှာမှ အရှုံးမရှိသေးဘူး ဘယ်ပြိုင်ပွဲကိုမှလည်း မကြောက်ဘူး မင်းနဲ့ကျမှ ပထမဆုံးရှုံးခဲ့ရတာ ''

'' ရှုံးတာက ငါပါကွ မင်းနိုင်တာပါ ဒီထက်ပိုပြီး နိုင်ချင်သေးတာလဲ ဘာကို လိုချင်သေးလဲ ငါပေးနိုင်သမျှပေးပြီးပြီ ဒီထက်ဘာမှ ထပ်မပေးနိုင်တော့ဘူး. . .''

'' မရဘူး ကောင်းကို မင်းခဏခဏနိုင်လို့မရဘူး ''

'' သွား မလုပ်နဲ့ ''

ပုံပမာ့ကို ရိုက်ပုတ်တော့မည့်ကဲ့သို့ တအားလှုပ်ခါပစ်လိုက်သဖြင့် ဒေါ်စန္ဒီပါရတော့သည်။

ပုံပမာ ငိုကြွေးကာ ပြေးထွက်သွား၏။

'' တောက် ငါ. . .ကွာ ''





ကောင်း ဒေါ်စန္ဒီလက်ကို ဖယ်ချပစ်ကာ ကက်ဆက်ကြီးကို ခွမ်းခနဲ ပတ်ကန်ပစ်လိုက်၏။

ပြင်းထန်သည့် ခြေကန်အားကြောင့် ကက်ဆက်ကြီးခမျာ နံရံဆီလွင့်တက်သွားကာ ပွင့်ထွက်ကျိုးပဲ့ကုန်လေသည်။

ရင်ထဲမှာ တဆတ်ဆတ်ခါနေသည့် နှလုံးသားသည်လည်း ဘာသာမဲ့သော ပေါက်ကွဲခြင်းများနှင့်သည်းထန်စွာ ငိုကြွေးနေခဲ့ပြီ။

'' မင်းရက်စက်တယ် မာ. . .''

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

တစ်နေ့ကုန် ပုံပမာနဲ့ စကားမပြောဖြစ်ကြဘဲ ညဘက်ကျတော့ ဗရင်းဘတ်ဒ်ပေါ်မှာ ပုံပမာ အိပ်ခဲ့သည်။

ကောင်းအိပ်ရာထဲဝင်တော့ မျက်နှာကြီးတင်းမာနီမြန်းလျက် မွေ့ရာပေါ်တွင် ဆန့်ဆန့်ကားကားကြီး အိပ်နေ၏။

မနက်စောစောထ၍ ချက်ပြုတ်ကာ ထမင်းချိုင့်ထည့်နေတုန်း ကောင်းမျက်နှာသုတ်ရင်း မီးဖိုထဲဝင်လာသည်။

" မာ. . ."

နောက်မှာ ရပ်ခေါ်တော့ မထူးဘဲ နေလိုက်၏။

" ဟာ. . . ခေါ်နေတယ်ကွာ. . ."

ပုံပမာ ထမင်းချိုင့်ကို အပြီးထပ်ဆင့်ပြီးနေရာမှ လှည့်ထွက်လိုက်တော့ ကောင်းက ဖျတ်ခနဲ ဖမ်းဆွဲသည်။

" မာ "

" မင်းဘယ်လိုဖြစ်နေသလဲ ကောင်း. . . ဖယ် "

" ကောင်းကို စိတ်ဆိုးတုန်းပဲလား "

"ကောင်း. . . ဖယ်"





ကောင်းအတင်းဆွဲဖက်၍ လိုက်ချော့နေသည် ပုံပမာ ဘွန်းဖယ်ရုန်းပစ်ကာ "

" ကောင်း လုတိုင်းမင်းလို အရှုံးမပေးဘူးနော် ငါ့ကိုလွှတ်"

" ကောင်း ရှုံးတယ် ဟုတ်လား၊ ထားလိုက်ပါ. . . ကောင်း ရှုံးနေပါတယ်. . . မာကိုကောင်းအတင်းယူပြီး သဝန်တိုနေခဲ့တာ အရှုံးလိုပါပဲ. . . ဒါပေမဲ့ ကောင်းကိုရှုံးခွင့်ပေးပါ မာရယ် အဲဒါ မာ့ကို ချစ်လွန်းလို့ ရှုံးတာပါ ကောင်းမှားသွားရင်တောင်းပန်ပါတယ် "

" ခဏ ခဏ မတောင်းပန်နဲ့ ခဏ ခဏမှားတာ ကောင်း ဘာ မဟုတ်ဘူးသိလား၊ ငါက အထင်ကြီးလို့မရတဲ့ ယောကျ်ားကို ဘယ်တော့မှ မကြိုက်ဘူး "

ရုန်းဖယ်နေတာတွေပြေကျသွားတော့ သနပ်ခါးနံ့လေးသင်း နေသည့် ပုံပမာမျက်နှာလေးကို ကောင်းမြတ်မြတ်နိုးနိုးနမ်းသည်၊

" နောက်ကိုကောင်းဆင်ခြင်မယ် စိတ်မဆိုးနဲ့တော့နော် မျက်နှာမဲ့ကွာ "

" ကောင်း. . . ဖယ်ကွာ. . . မင်း ဘာစားမလို့လဲ "

" ဟာ ဟဲ့နေ့က အုန်းနို့ခေါက်ဆွဲစားချင်လို့ဆို ကောင်း သွားဝယ်လိုက်မယ် "

" အင်း ဒါဆို. . . အန်တီဗို့ပါဝယ်ခဲ့ အန်ကယ့်အတွက် မုန့်ဟင်းခါးနဲ့မှုသီးကြော် ဘဲဥမထည့်နဲ့နော် အန်ကယ်ဘဲဥမကြိုက်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



" အင်း. . ."

လူကြီးတွေ လက်ဖက်ဝိုင်းမှာထိုင်ကြတော့ ပြင်ဆင်ထား သည့် မုန့်ပွဲများနှင့် ကောင်းနဲ့ပုံပမာအဆင်ပြေသွားကြသည်ကို ကြည့်ကာ မျက်နှာတွေကြည်လင်သွားကြသည်။

" အင်း. . . အုန်းနို့ခေါက်ဆွဲက ချဉ်နေသလိုပဲသမီး "

ဒေါ်စန္ဒီကတစ်ဇွန်းစားပြီး လှမ်းပြော၏။

" ဟုတ်တယ်အန်တီ ပုံပမာ အချဉ်ပိုညှစ်ထားတာ အုန်းနို့တွေတအားများနေလို့ အန်တီမှုမှာစိုးလို့ အရသာပျက်သွားရင် ဘဲဥလေးထည့်စားလိုက်နော် "

" နေသမီးနေ. . . စားသောက်နေတုန်း ထမလုပ်ပါနဲ့ မာမီစားလို့ရတယ် "

" ရပါတယ် အန်တီရယ်. . . ဘဲဥပြုတ်ထားတာ အဆင်သင့် ရှိတာပဲ "

ပုံပမာက ဘဲဥကိုစားပါးလေးနဲ့ဆတ်၍ အခွံနဲ့အတိုင်းဖိခွဲချလိုက်ပြီး အခြမ်းလိုက်ကလေးတွေပါအောင် ဇွန်းနဲ့ကော်ထုတ်လိုက်၏။

ပြီးမှ လက်ဝါးပေါ်တင်ကာ ဓားလေးဖြင့် အစိပ်လေးတွေဖြစ်အောင်ဖိချ၍ ပန်းကန်ထဲကိုထည့်ပေးလိုက်၏။

ကောင်းက ပုံပမာ ဘဲဥကိုမခွာဘဲလှီးချသွားသည့် လှုပ်ရှားသွားသည့် လှုပ်ရှားမှုလေးတွေကို အံ့ဖွယ်ထူးဆန်းဖြစ်ရပ်တစ်ခုလို စားသောက်ခြင်းကိုရပ်၍ သေချာလိုက်ကြည့်နေသည်။





" ဟာ. . . ကောင်းကိုလည်း ထည့်ပေး. . ."

" ဟော့ကောင် တစ်ယောက်ကစားသောက်နေတုန်း "

ဦးသက်ကောင်းက လှမ်းဆူသည်။

" ရပါတယ် အန်ကယ် ပုံပမာ စားတတ်ပါတယ် "

ကောင်းက သူမလာမှာမို့ ပုံပမာက ခုံမှာပြန်ထိုင်ပြီးမှ စောစောကအတိုင်းလုပ်၍ ကောင်းပန်းကန်ထဲကိုထည့်ပေးလိုက်၏။

ထို့ပြင် ဘဲဥထည့်ပြီး ဂရုတစိုက်လေးမွှေပေးလိုက်တော့ ကောင်းမျက်နှာပြုံးသွားပြန်သည်။

ပုံပမာ့ကိုသူထိုအကြောင်းအရာလေးများကြောင့် အချစ်ပိုခဲ့ရတာပါ။

ခပ်တည်တည်တင်းတင်းနေသော်လည်း ဘာလုပ်ပေးပေး ဘာနိုင်းနိုင်း စေတနာလေးနဲ့ ဂရုတစိုက်လုပ်ကိုင်ပေးတတ်သလို မလေးစားပြန်လှန်ခံအော်တာမျိုးမရှိ. . .

သူမဒေါသထွက်တာက ဖက်လိုက်နမ်းလိုက်သည့်အခါမျိုးသာ တွန့်တိုနေ၍ထင်သည်။ ပုံပမာ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မိတာနှင့်ပင် ကောင်းရင်ခုန်သံမြန်လာတတ်တာ ချစ်လွန်း၍ပဲဖြစ်လိမ့်မည်။

မပေးချင်တာကို လိုချင်ကြတော့ သဘာဝဆိုသည့်အထဲမှာ ကောင်းကတော့လိုချင်ပြီဆို ဖွတ်တရွတ်မို့ ပုံပမာနဲ့ တစ်ရေးဆယ့်ခြောက်ခါလောက် ရန်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" တစ်ခါနမ်းခံရင် ထောင့်ငါးရာပေးမယ်ကွာ နေ့နဲ့ညနဲ့ တစ်နေ့ကိုသုံးသိန်းဖိုးလောက် ကောင်းနမ်းမယ် မာ အလုပ်မဆင်း နဲ့တော့ "

ဟု ပြောခဲ့တုန်းက ပုံပမာမျက်နှာလွှဲ၍ ရယ်ခဲ့ဖူးသည်။

သူကလည်း သူပါပဲ ပုံပမာ့ကိုမြင်လျှင် အရုပ်ကလေးတစ်ရုပ်လိုကို အိတ်ထဲကောက်ထည့်ထားချင်မိအောင်ချစ်တာ

" မာ. . . "

ဆေးရုံကိုလိုက်ပို့ကြတော့ ကားမောင်းရင်း သူလှည့်ခေါ်သည်။

" ကောင်းတို့ ခရီးထွက်ဖို့ ဒိတ်လုပ်လေကွာ မာ့ကိုအရင် ကောင်းလိုက်ပို့မယ် ပြီးရင်. . . "

" တို့ နိုင်ငံခြားခရီးသွားတာ ဝါသနာမပါဘူး "

" မပါပေမယ့် ကောင်းကမသွားလို့မှမဖြစ်တာ ဟိုမှာ အားကစားကိစ္စတွေမပြတ်ခဲ့လို့ပါဆို မာ တကယ်ခေါ်င်းမာတယ်ကွာ မာဆိုတဲ့အတိုင်းပဲ "

" မသွားလို့မဖြစ်ရင် မင်းသွားလို့ပြောထားသားပဲ "

" တစ်ယောက်တည်းဘာဖြစ်လို့သွားရမှာလဲ မရဘူး မာ ဆက်ငြင်းနေရင် သွားဖို့ကိုကောင်းဘာသာ ဒိတ်လုပ်ပြီး မာ့ကိုကြိုး တုတ်ခေါ်သွားမယ် "

" ဘယ်လောက်ကြာမှာလဲ "

" တစ်လ "





" ဒါဆို ခွင့်တင်လိုက်မယ် ရှေ့အပတ်ထဲမှာ တန်ကြည့်ပေ ကိုသွားတာပေါ့ "

" အိုခေ "

ကောင်းမျက်နှာပြုံးကြည်သွားသည်။

ထို့နောက် နားနားကပ်လိုက်ပြီး

" ဟိုရောက်ရင် အန်တီဂျရင်းတို့ ရှေ့မှာ မင်းနဲ့ငါနဲ့ ပြော နဲ့နော် ကောင်းလို့ပဲခေါ်ပါ နာမည်လေးပဲထည့်ပြောပေါ့ နော်. . . နော်ချစ် "

" ကောင်း မင်း ကားကောင်းကောင်းမောင်းလေ "

ပခုံးချင်းတိုက်လိုက် ခေါင်းချင်းတိုက်လိုက်လုပ်နေသဖြင့် အသည်းယားနေပြီ ရှေ့မှာကားတွေကအများကြီး စည်းမဲ့ကမ်းမဲ့မောင်း သာသည့် ကားတွေကတစ်မျိုး။

" ပြောတာမကြားဘူးလား ဟိုဘက်တိုးကွာ "

" ခု ဘာဖြစ်နေလို့လဲ မာရယ် စကားပြောရတာ မျက်နှာ ကြည့်ပြော်မှကောင်းတဲ့ဟာကို "

" ဒါဆို ဘေးမှာကားချရပ်လိုက် အားလုံးသေကုန်လိမ့် မယ် "

" လုံးဝ ဘာမှမဖြစ်ဘူး ကောင်းမောင်းတဲ့ကားကိုစိတ်ချ သက်ချစီး ပြိုင်ပွဲမှာကောင်းဆုရလာတာ သိလား ကားက ဒုံးပျံတ် သောက်လိမ့်သွားတယ် အဲဒါကို လမ်းကြောင်းပေါ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

အောင်တင်ပြီး ရှေ့ဆုံးကရအောင် ဝင်ပစ်လိုက်တာ "

" တော်သေးတာပေါ့ တစ်ကိုယ်လုံးကျိုးမသွားတာ "

ကောင်းက ကားကိုလှွတ်မောင်းထားပြီးမှ ရှေ့ကားနှစ်စီး ကြားထဲက ကပ်ထွက်လိုက်၏။

" ဘယ်ကလာကျိုးရမှာလဲ ခြေထောက်နည်းနည်းလေးပဲ ထိသွားတာ အန်တီဂရင်းဆို ပြိုင်ပွဲမှာကောင်းဘာဖြစ်တယ် ညာဖြစ်တယ်ကြားပြီး သတိလစ်သွားလို့ ကောင်းဘာမှမဖြစ်ဘဲ အန်တီဂရင်း ကံကောင်းလို့မသေတယ် "

ပုံပမာ ပြုံးလိုက်သည်။ ကောင်းက ပုံပမာ ပါးလေးကို လက်ခုံနှင့်လှမ်းတို့၍ ရယ်သည်

" မာ မင်း အဲဒီလိုပြုံးနေရင် ကောင်းအရမ်းပျော်တယ် သိလား "

ကောင်းကရယ်၍ ကားကို ကမန်းကတန်းမဟုတ်ဘဲ အေးဆေးစွာပဲဆွဲလှည့်ပစ်လိုက်၏။ ကားက ဟူးခနဲခေါင်းလှည့်သွားကာ တစ်ဘက်လမ်းကြောထဲသို့လျှောခနဲရောက်သွား၏။ ပြီးတော့ လမ်းအတိုင်းပြန်ကွေ့ပြန်ဝင်။

တတ်နိုင်ပါပေ့ ကောင်းရယ်. . .

❀ ❀ ❀ ❀ ❀



## အခန်း (၃၂)

" မင်းနာမည်က ပုံပုံတဲ့လား "

" ဆွမ်းတော်ပွဲတွေပြင်နေပြီး မင်းလက်ကညစ်ပတ်နေတာပဲ အဲဒါငရဲကြီးတတ်တယ် "

" မင်း ကျောင်းမနေဖူးဘူးပေါ့

" ကျောင်းသိပ်နေချင်တာပဲလား

" ခုမလာပါနဲ့ကွာ မင်းလက်တွေကညစ်ပတ်နေတာပဲ မစားချင်ပါဘူး "

ကိုကြီးရဲ့စကားသံတွေက ကြင်နာခြင်း လှွမ်းမိုးနိုင်ခြင်း ရိုးသားသိမ်မွေ့ခြင်းဂုဏ်များနှင့် ရစ်ပတ်ညို့ငင်ကာ ဂါဝန်စုတ်စုတ်လေးနဲ့ ညစ်တူးတူးပေကျံကျံကောင်မလေး၏ ဘဝကိုသာမက နှလုံးသားနုနုလေးထဲကိုပါ ထိုးဖောက်ဝင်ရောက်သွားခဲ့တာ ဒီနေရာလေးမှာကတည်းက ထင်သည်။

ဆွမ်းတော်စွန့်သည့် အုတ်ချပ်ပျဉ်နားမှာတောင့်တောင့်လေး ချပ်ရင်း ပုံပမာမျက်ရည်တွေ မျက်ဝန်းမှာကျပ်သိပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်စေတီကြီး၏ အစွန်းသံဆကာတန်းထောင့်မှာ ရပ်၍အောက်ဘက်ကို ငုံ့ကြည့်လိုက်တော့ ကိုကြီးနဲ့ပုံပုံအတူဆင်းခဲ့ကြသည့် လှေခါးတောင်တန်းရှည်ကြီးက ခန့်ညားစွာတည်ငြိမ်စပ်စင်းလျက် မြင်မြင်သမျှအရာအားလုံးဟာ ဘာမှမပြောင်းလဲသေး။

" ဟော့...ထလေ ဘာလဲမောနေပြီလား "

" မင်းနဲ့ပတ်သက်တာ နည်းနည်းပါးပါးတော့ပြောရမယ် ကိုယ့်ရင်သွေးကို ဒီလိုပစ်ထားပြီးနှိပ်စက်တာ ဘယ်ကောင်းမလဲ..." တဲ့။

ပုံပုံ့ ဘဝကို ကိုကြီးကယ်တင်ခဲ့သည်။

လူတွေနှိပ်စက်လို့ ပုံပမာဆိုသည့်မိန်းကလေး ခြေဦးတည်ရာထွက်ပြေးရစဉ်က ကိုကြီးရှိနေခဲ့လျှင် ဒီလိုတွေဖြစ်လာပါ့မလား...

" ဘာမဆို အကောင်းဘက်က မြင်တတ်အောင်ကြိုးစားအဲဒါမမှားဘူး "

ကိုကြီး ဒီစောင်းတန်းလေးမှာ ဆင်းရင်းနဲ့ပဲပြောခဲ့တာ

ပုံပမာ အားလုံးကိုနားကျည်းခဲ့တယ်ဆိုရင် ကိုကြီးအပြစ်တင်မှာလားဟင်...

ပါးပြင်ထက်သို့ မျက်ရည်တစ်စက်လိမ့်ခနဲကြွေသက်သွားသည်။

" မင်းကိုငါဆုံးရှုံးမခံနိုင်ဘူး ပုံပမာ ငါ့တစ်သက်မိန်းတစ်ယောက်ကို မြတ်မြတ်နိုးနိုးယုယုယယချစ်ခဲ့ဖူးတာ မင်းတစ်ယောက်





ဲရှိတယ် "

" မင်းကို ငါသိပ်ချစ်တယ် " တဲ့...

ယုံပါတယ် ကိုကြီးရယ် ကိုကြီးကိုပုံပမာ အမြဲတမ်းယုံကြည်ခဲ့တာ ခုချိန်ထိပါပဲ။

ဒါပေမဲ့ ကိုကြီးနဲ့ပုံပမာ့ကို သူတို့သဘောမတူကြဘူး ကိုကြီးရယ်...

ကိုကြီးကိုလေ ခုလောက်ဆို ပုံပမာ့ကိုသတိရတာရှိချင်ရှိယ် မလွမ်းတော့ဘူး ပုံပမာထင်ခဲ့တာ။

" ရင်ထဲက ပုံပမာဟာ ကိုနေတံခါးရဲ့ တကယ့်ရင်ထဲကပုံပမာလို့ပြောနေကြတယ် အဲဒါလေးဖြေပါဦး "

" ဟုတ်ပါတယ် စာရေးတဲ့သူဟာ ဘယ်ဇာတ်ကိုမဆို ရင်နဲ့ခံစားပြီးမှရေးကြတာပါပဲ "

ပုံပမာ့ကိုရှာနေတာများလား ပုံပမာဆိုတာ အပြင်မှာလည်းပုံပမာပဲလား "

" အဲဒါက ပရိတ်သတ်ကြိုက်သလို ယူဆလိုက်တာကောင်းပါတယ် "

" တကယ်လို့ရေးဖြစ်ရင် ဘယ်လိုခေါင်းစဉ်မျိုးပေးဖို့စိတ်ကူးထားလဲ ဖြေပေးပါဦး "

" မဟောင်းသေးသော ရင်ခွင်သို့ "

တောင်ပေါ်သို့ပင့်တက်ရိုက်ခတ်လာသည့် လေပြင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပုံပမာ ထမီအင်္ကျီအနားစတွေ တဖျတ်ဖျတ်ခါနေကြသည်။

ဆံပင်တွေကို စည်းနှောင်ထားသော်လည်း မျက်နှာထက်သို့ ဆံစတစ်ချို့က ရိုက်ပုတ်ကျီစယ်ကြ၏။

မျက်ရည်စက်တို့ အဆက်မပြတ်ကျနေကြသည့်တိုင် နှုတ်ခြင်းမရှိသည့် လေပြင်းက စိတ်မရှည်တော့သည့် အစ်ကိုကြီး တစ်ယောက်၏ ကရုဏာဒေါသများလို ပါးပြင်မှပြေပျောက်သွားသည် ရှိသော်လည်း တင်းကပ်သွေ့ခြောက်သွားစေခဲ့၏။

မဟောင်းသေးပါဘူး ကိုကြီးရယ်. . .

ကိုကြီးရဲ့ရင်ခွင်ဟာ ပုံပမာ့ဘဝရဲ့ပထမဆုံး အလုံခြုံဆုံး ခိုဝင်ခဲ့ဖူးတဲ့ရင်ခွင်. . .

ပုံပမာ မကြာခဏခိုနှိမ်းခဲ့ရတဲ့ ကိုကြီးရင်ခွင်ကကိုယ်သင်း နံ့ဟာ ပုံပမာ့အာရုံတွေထဲမှာ ဘယ်တော့မှ ပျောက်သွားမှာမဟုတ် ဘူး။

မဟောင်းသေးတဲ့ရင်ခွင်ပါ ကိုကြီးရယ်။

ခပ်လှမ်းလှမ်းမှာ ဆွမ်းတော်ကပ်ရောက်လာကြသည့် ဘုရား ဖူးတချို့ရှိနေကြသဖြင့် အံကြိတ်ထားရသော်လည်း ပါးပြင်ထက်သို့ မျက်ရည်တို့က တလိမ့်လိမ့်ဆင်းကျနေမြဲ။

" မာ. . . "

ပုံပမာ့ကျောနောက်ကနေ သံတန်းတွေကို လှမ်းကိုင်၍ ဆင်း လာသည့် ကောင်းအသံကြောင့် အတိတ်နှင့် ပစ္စုပ္ပန်လုံးထွေးနေသော





ပုံပမာ အသိတွေ ပစ္စုပ္ပန်တည့်တည့်သို့ပြန်ရောက်လာသည်။

ကောင်းက ပခုံးသားပြည့်ပြည့်လေးကို ဖွဖွလေးဖက်လိုက်ပြီး

" ဒီလောက်ဆို တော်ပြီပေါ့မာရယ် မင်းမျက်ရည်တွေ ဒီလောက်ကျနေတာကို ကောင်းကဘယ်လိုစိတ်တွေမွေးမြူပြီး ဘယ် လောက်ထိဆက်သည်းခံပေးရမှာလဲ နားလည်ပေးပါဆိုတဲ့စကားလေး တစ်ခွန်းနဲ့ပဲ မင်းလဲကျူမွေ့သွားတဲ့အထိ ကောင်းကကြည့်နေပေး ဦးမှာလား "

" တို့မှားသွားရင် တောင်းပန်ပါတယ် ဒါပေမဲ့. . . "

" မရဘူးကွာ. . . လာပြန်မယ် "

ကောင်းက ပခုံးလေးကိုဖက်၍ ဆွဲခေါ်လာ၏။

ပုံပမာ မျက်နှာလေးငုံ့ကာ မျက်ရည်ကိုမသိမသာသုတ်ရ သည်။

" ဟော. . . ပုံပမာ ဆရာလေးတို့တောင် ဟိုမှာစောင့်နေ ကြတယ် မနက်ဖြန်ပြန်မယ်ဆိုလို့ လက်ဆောင်တွေပေးလိုက်မလို့ တဲ့. . . "

" ဟုတ်ကဲ့ ဆရာလေး "

ဒွေးညီတို့တွေမရှိကြတော့ပါ၊ ဒွေးညီကတော့ဆုံးသွားတာ ငါးနှစ်ခန့်ရှိပြီဖြစ်ကာ ပုံပမာနဲ့ရင်းနှီးခဲ့ကြသည့် ဆရာလေးတွေလည်း ပုဂံရောက် ပုပ္ပါးရောက်။

ယခုလာပြောသည့် ဆရာလေး မာခေဝီတစ်ပါးသာရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည် ဒီပြင် ဆရာလေးတွေက ကောင်းနဲ့ပုံပမာ တောင်ပေါ်ဖေဖေ နကမ္ဘအတွက် ငွေသုံးသိန်းအလှူငွေထည့်ဝင်လှူဒါန်းသဖြင့် သုံးရှင်မှုအတွင်းမှာ ရင်းနှီးခင်မင်သွားကြခြင်းဖြစ်သည်။

မနက်ဖြန်ပြန်ဖို့ဆုံးဖြတ်ခဲ့တာလည်း ပုံပမာပါပဲ. . .

တစ်နေ့ကုန်မကြည်လင်ခဲ့သည့် စိတ်က ညအိပ်ရာဝင်တော့ ခေါင်းတွေကိုက်ခဲနေသဖြင့် ဆေးသောက်လိုက်ရသည့်အထိ. . .

" မာ သက်သာရဲ့လား. . . "

" အင်း. . . "

ပျာယာခတ်နေရှာသည့် ကောင်းကိုကြည့်၍ ပုံပမာ စိတ်မကောင်းလည်းဖြစ်သွားမိသည်။ ကောင်း သူမအပေါ် မြတ်မြတ်နိုးနိုး ချစ်သည်ဆိုတာကို ယုံကြည်မိခဲ့သော်လည်း

ကိုယ့်ဘက်က ချစ်ခြင်းကိုပြန်လည်ပေးစပ်ဖို့ကျတော့ တာဝန်မကျေနိုင်. . .

လွန်စွာဘဝင်မြင့်တတ်သည့် ကောင်းက ဟိုတယ်မှာ နှိုးထားသည့်မွှေ့ရာခင်းတွေကိုဖယ်ပစ်ကာ ယူလာသည့်ကိုယ့်အခင်းကို ခင်းရတာမို့ သူပဲ ညတိုင်းအခင်းလဲခြင်းကို မညည်းမညူလုပ်သည်။

ဒီရောက်ကတည်းက မျက်နှာမကြည်မသာနှင့် ခေါင်းကိုက်မူးဝေဖြစ်နေခဲ့သော ပုံပမာ့ကို ကော်ဖီဖျော်တိုက်ရ ဆေးတိုက်ရ ရယ်စရာပြောပြ အစစအရာရာ တာဝန်ကျေခဲ့ရှာသည်။

နံဘေးမှာ အသာလှဲ၍ ပုံပမာ့ကိုယ်လေးကို ထွေးပွေ့ကာ





မြတ်နိုးမဝခြင်းများစွာနှင့် အနမ်းတို့ရှည်ကြာစွာဖြစ်တည်ခဲ့လျက်

" ဒီမှာလာပြီး စိတ်ညစ်စရာတွေဝယ်နေရသလိုပဲ မာရယ် ကောင်းပြန်ချင်ပြီ "

ဟု ညည်းညည်းညူညူပြောလာခဲ့သည်။

" မနက်ဖြန်ပြန်မှာပဲ ကောင်းရယ်. . . "

" ကျောင်းထိုင်ဆရာတော်က ဓာတ်တော်စစ်ပေးမလို့ တစ်ရက်လောက်ထပ်နေပါဦးဆိုတော့ မာ ဘာဖြစ်လို့ငြိမ်နေတာလဲ "

" အဲဒါ. . . အဲဒါ နေရကောင်းမလားလို့ "

" မနေနဲ့ကွာ မနက်ဖြန်ပြန်ရအောင် နော် "

" အင်း. . . "

" ဘယ်သူတားတား မနေရဘူးနော် "

" အင်း "

" လိမ္မာတယ် ကလေးက . . . "

" သွားကွာ ဘာမှန်းလဲမသိဘူး "

အသက်ရှူကြပ်အောင်နမ်းနေသည့်သူ့ကို ပုံပမာတွန်းပစ်ကာ တစ်ဘက်လှည့်စောင်းလိုက်တော့ ကောင်းကအတင်းပြန်ဆွဲဖက်ထား၍

" မိန်းမတစ်မျက်နှာကိုပဲပုံပြီး တစ်နယ်တစ်ကျေးကနေ ဘဝ ကိုပုံလိုက်လာတာ အနိုင်မကျင့်နဲ့နော် "

" သွားပါ "



www.burmeseclassic.com

www.burmeseclassic.com



ပုံပမာ့ နှုတ်ခမ်းလေးပြုံးယောင်သမ်းသွားတာကို မြင်တော့ သူ့မျက်နှာမှာ ကျေနပ်ခြင်းများစွာနှင့်. . . .

" ဒေါက်. . . ဒေါက် "

" ဟော "

အပြင်က တံခါးခေါက်သံကြောင့် ပုံပမာခေါင်းထောင်ကြည့်လိုက်တော့

" အပေါ်ထပ်မှာ ဧည့်သည်တစ်ယောက် အဖျားတွေတက်နေလို့ ခဏလောက်လိုက်ကြည့်ပေးပါလား ပုံပမာ. . . "

" အယ်. . . ပုံပမာ့မှာ ဆေးပစ္စည်းအပြည့်အစုံမပါဘူး "

ပုံပမာ လှမ်းပြော၍ အိပ်ရာပေါ်ကထလိုက်ပြီး

" ကြည့်တော့ ကြည့်ပေးမယ်နော် ရှိတဲ့ဆေးလောက်နဲ့ အဆင်ပြေရင်ကုပေးပါ့မယ် "

" ဟ. . . မင်းလည်းနေမကောင်းဘဲနဲ့ကွာ ကိုးနာရီခွဲနေပြီ "

ပြောကျနေသည့် ဆံပင်တွေကိုပြန်စည်းနေသော ပုံပမာ့မျက်နှာနွမ်းနွမ်းလေးကို ကြည့်စဉ် ကောင်းက မကြည်လင်. . .

" ရတယ်ကောင်း အပေါ်ထပ်တင်ပဲဟာ. . . "

ဆေးအိတ်ကိုင်တော့ ကောင်းကလက်ပြောင်းယူကာ

" ကောင်းကိုပေး "

ပုံပမာလက်ကိုင်ပဝါလေးယူ၍ တံခါးဝဆီပြန်လှည့်လိုက်လျှင်

ဟင်. . .





တစ်ကိုယ်လုံးကျင်ခဲတက်သွားသကဲ့သို့ရှိကာ နှလုံးသားကို တစ်စုံတစ်ခုနှင့် ဖိညှစ်ခံလိုက်ရသည့်နှယ်. . .

" ကြီးငယ် "

ကြီးငယ်က မျက်ခုံးကြီးတွန့်၍ စူးစူးစိုက်စိုက်ကြည့်နေရာမှ မျက်နှာသည် တဖြည်းဖြည်းပြေလျော့သွားကာ မျက်ဝန်းတို့မှာ မျက်ရည်ရောင်လဲ့လာ၏။

" ပုံပမာဆိုလို့ နာကြားများများသလားလို့ ရှေ့တိုး ထွက်ကြည့်လိုက်တာ တကယ် မင်းဖြစ်နေတာကိုး "

ပြော၍ သန့်ပြန့်ချောမွေ့သော ရုပ်သွင်နှင့်ကောင်းကို စူးခနဲ တစ်ချက်ကြည့်၍

" သူက မင်းအမျိုးသားလား "

" ဟုတ်တယ် "

ပုံပမာ့ နှုတ်ခမ်းလေးတွေ ခပ်တင်းတင်းပြန်စေ့သွား၏။

အားလုံးသရုပ်ဆောင်ကြသည့်အထဲမှာ ကြီးငယ်မပါခဲ့ပေမယ့် ရင်ထဲမှာနာကျင်နေခဲ့တာက ကြီးမေသုံးယောက်လုံးကို

" ခေါက်တာ ပုံပမာဖြစ်နေပြီပေါ့နော် "

ပုံပမာ ခေါင်းကိုတစ်ခြမ်းလှည့်စောင်းပစ်လိုက်ပြီး

" ဟုတ်တယ် ဒါပေမဲ့ ပုံပမာဘွဲ့ရအဖြူးလာတာပါ ဆေးကုဒ်မဟုတ်ဘူး. . . "

ပြောကာ ပုံပမာကျောခိုင်းပစ်လိုက်တော့ ကြီးငယ်ကရှေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းတိုးလာ၍

" ဆရာဝန်တစ်ယောက်ရဲ့ ကရုဏာ မင်းထားသင့်ပါတယ် ပုံပမာ၊ ပြီးတော့ လူနာဟာ မင်းကိုလူတစ်လုံးသူတစ်လုံးဖြစ်အောင် ခချိန်ထိ မင်းအတွက်ပူပန်စိတ်နဲ့ ကိုယ့်ကိုကို မျက်မမြင်ဖြစ်ရတဲ့အထိ နောင်တမရနိုင်အောင် စေတနာထားခဲ့တဲ့ မင်းအစ်ကိုပါ "

" ဟင် "

ပုံပမာ ခေါင်းလေးဆတ်ခနဲမတ်သွား၏။

ကြီးငယ်ဘက်သို့မျက်နှာ ချက်ချင်းလှည့်လာသည်။

ကိုကြီးက မျက်မမြင်ဆိုပါလား ဟုတ်ရဲ့လား မဟုတ်ဘူး ငါနားကြားမှားတာ နှုတ်ခမ်းလေး မဟုတဟုပွင့်လျက် ပုံပမာကြီးငယ်ကို စူးစိုက်ကြည့်မိပေမယ့် မမေးရဲခဲ့

ဟုတ်တယ်လို့ ဖြေလိုက်မှာကိုမကြားရဲ. . .

" မင်း အစ်ကိုကို ခဏလေးလိုက်ကြည့်ပေးပါ ပုံပမာ "

❀ ❀ ❀ ❀ ❀



# အခန်း (၃၃)

ကိုကြီးရယ်. . .

ပုံပမာ ကိုကြီးဘေးမှာလာရပ်ကာ ဘာမှမမြင်တော့ခြင်းသည့် မျက်ဝန်းမှာ မျက်ရည်တွေပြည့်တက်လာ၍ဖြစ်၏။

မွေ့ရာထက်မှာ ကိုကြီးက တိုစိပ်စိပ်ထူနက်နေသော မျက်တောင်များစင်းကျလျက် အဖျားတက်နေသည့် နှုတ်ခမ်းစုံက နီရဲနေသည်။

ပါးရိုးအနည်းငယ်ထောင်လာသလို နှာတံကပို၍ကော့စင်းနေသလိုလို တကယ်တော့ ကိုကြီးမျက်နှာရင့်ရော်သွားခြင်းသာပါ။

အဝါနုရောင် ခေါင်းစွပ်ဆွယ်တာလက်ရှည်နှင့် နာရီပတ်ထားသည့်လက်က နဖူးပေါ်မှာတင်လျက်။

လက်ခုံစောင်းနှင့် လက်ချောင်းသွယ်သွယ်များမှာနေရာယူထားကြသည့် စိမ်းညို့ရှည်လျားသော မွေးညှင်းလေးများသည်လည်း ဟိုးတုန်းကအတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ပုံပမာ ငယ်ငယ်ကတည်းက ငေးကြည့်ခဲ့ရဖူးသော လက်စွပ်ကလေးကလည်း ခုချိန်ထိ ကိုကြီးလက်ချောင်းသွယ်သွယ်မှာ ဒီအတိုင်းပါပဲ။

ကြီးငယ်သည် နောက်ကြောမှာတံခါးဘောင်ကိုမှီရပ်နေသည့်ကောင်းကိုတစ်ချက်မှငဲ့မကြည့်ဘဲ ပုံပမာ့မျက်နှာလေးကိုသာ ခပ်စောင်းစောင်းငေးစိုက်ကြည့်နေကာ

" မင်း သူတော်ကောင်းတွေနဲ့တွေ့ပြီး ဒီဘဝမျိုးရောက်သွားခဲ့မယ်လို့ သူလုံးဝထင်မထားခဲ့ဘူး ဒါပေမဲ့ မင်းမသေမပျောက်ရှိနေသေးတယ်ဆိုတာတော့ သူသိတယ် တစ်နေ့သူနဲ့မင်းတွေ့မှာပဲလို့လည်းယုံကြည်နေတယ် "

တစ်လုံးချင်းပြောလျက် ရှေ့ကိုတိုးတက်လာသည်။

" ကို. . .ကိုကြီး ဘာဖြစ်လို့ မျက်လုံးကွယ်သွားတာလဲဟင်"

" ကားမှောက်တာ မင်းကိုမတရားပြုသလိုလုပ်ခဲ့ကြတဲ့ကြီးမေတို့ ကြီးလတ်တို့လည်း မရှိတော့ပါဘူး မင်းပျောက်သွားတယ်ဆို ကျော်လွှမ်းနဲ့ကောင်လေးနဲ့ပြဿနာတက်ကြတယ် အိမ်မှာလည်းပေါက်ကွဲကြတာပေါ့ အဆိုးဆုံးဖြစ်သွားခဲ့တာက မင်းရဲ့အိပ်ခန်းထဲကဆွဲကြိုးလေးတွေ့သွားတဲ့နေ့ပဲ ဒေါ်မန်းကလည်းပြောပြလိုက်တော့ပျောက်တယ်လို့မင်းပြောခဲ့တဲ့ ဆွဲကြိုးတွေရဲ့နောက်ကြောင်းကိုသူသိသွားတယ် "

စကားပြောနေစဉ် ကိုကြီး အနည်းငယ်လှုးလွန့်သွားသဖြင့်





ကြီးငယ် စကားရပ်သွား၏။

ပုံပမာ သက်မဲ့ရုပ်လေးတစ်ရုပ်လိုရှေ့ကိုဆက်တိုးသွားလိုက်မိသည်။

နာကျင်နေသည့် နှလုံးသားမှရိုက်ခတ်မှုသည် ခေါင်းတွေကိုမိုက်ခနဲပြာခနဲဖြစ်လာစေသည်အထိ။

" အဲဒီနေ့က မင်းထွက်သွားပြီးသုံးနှစ်ပြည့်တဲ့နေ့ မင်းထွက်သွားကတည်းက အိမ်ကိုမကပ်တော့ဘဲသည်းကြီးမည်းကြီး လိုက်ရှာခဲ့တဲ့သူဟာ အဲဒီနေ့က ဆွဲကြိုးကိုရှေ့ချပြီး တစ်နေကုန်အရက်သောက်နေခဲ့တယ် မင်းဘဝနစ်မွန်းသွားပြီဆိုတဲ့ စကားတွေတတွတ်တွတ်ပြောပြီး တစ်နေကုန်သောက်လိုက်တာ ညရှစ်နာရီလောက်မှာကားမောင်းထွက်သွားခဲ့တယ် "

ပုံပမာ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်လိမ့်ကျလာကြ၏။

ဖြစ်ရလေ ကိုကြီးရယ်. . .

" အဲဒီမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး မျက်လုံးကွယ်သွားတာပဲ သူ့ကားမှောက်တယ်အသံကြားကတည်းက သူ့စိတ်နဲ့သုံးနှစ်လောက်တရှောင်ရှောင်ဖြစ်နေခဲ့တဲ့ မမကြီးလည်း ရှော့ခ်ဖြစ်ပြီး ဆုံးသွားတယ် စိုးလည်းအိပ်ရာထဲလဲခဲ့တယ် စိုးဆုံးသွားတော့ မမကြီးနဲ့နှစ်နှစ်ပဲကွာတယ် မကောင်းမှုလုပ်ရင် မကောင်းတဲ့တရားကစီရင်သွားတာပါပဲ ဒါပေမဲ့ သူတို့ဟာ သူတို့သားသမီးအတွက် မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြီးမားခဲ့ကြတာမို့ သေဆုံးသွားကြတဲ့လူတွေကို မင်း ခွင့်လွှတ်ပေးဖို့ ကြီးငယ်ကတောင်းပန်ပါတယ် ''

နောက်မှာ ကောင်းရှိနေတာ ပုံပမာသိသည်။

ကောင်းကိုလည်း သနားပါသည် သို့သော် ကောင်းထက်ပို၍ သနားစရာဖြစ်နေသည့် ကိုကြီးအတွက် သူ့ငိုကြွေးခြင်းကို တားဆီး၍မရနိုင်ခဲ့ပေ။

နွတ်ခမ်းလေးကို လက်ဖဝါးနုနုနှင့် ဖိဆုပ်လိုက်သော်လည်း အင့်ခနဲရှိုက်သံထွက်၏။ ခုတင်နံဘေးမှာ ခုံပုလေးထက်သို့တအိအိ ပြိုလဲထိုင်မိကာ ကိုကြီးမျက်နှာကို စူးငေးစွာကြည့်မိ၏။

'' မျက်လုံးကွယ်သွားမှ အိမ်မှာမြဲပြီး သူစာရေးဖြစ်ခဲ့တာပဲ ဂျာနယ်လစ်တွေ အသံလွှင့်ဌာနတွေကလာသမျှ သူမတွေ့ဘူး မေးခွန်းကိုလက်ခံတယ် အဖြေကိုအသံသွင်းပြီးပြန်ပို့ပေးတယ် ဒါကြောင့်သူ မျက်လုံးကွယ်တာကို ဘယ်သူမှမသိဘူး. . . ဒီကိုတစ်နှစ်တစ်ခေါက်ရောက်တယ် စာရေးဆရာနေတဲ့ခါးဆိုတာ ဘယ်သူမှအသိမခံခဲ့ဘူး ကြီးငယ်ကတော့ သူသွားလေရာလိုက်ရတာပေါ့လေ ''

ပုံပမာ ကိုကြီးကိုစမ်းသပ်ဖို့ နားကျပ်ထောက်လိုက်စဉ် ကိုကြီးလည်ပင်းမှာ ဆွဲကြိုးလေးတစ်လုံးကိုတွေ့လိုက်သဖြင့် အသာကောက်ယူလိုက်သည်။

ပထမဆုံး ကိုကြီးဝယ်ပေးခဲ့သည့် ဆွဲကြိုးလေး။

အတွင်းရုပ်အင်္ကျီအိတ်ထဲကနေ လည်ပင်းဆီလျှောနေတာ





ဖြစ်မည်။

'' မင်းကိုငါ မယုံတော့ဘူး ပုံပမာ ငါပေးသမျှ ဆွဲကြိုးတွေကို ထိုင်စောင့်ဖျောက်ပစ်ဖို့များ မင်းစိတ်ကူးထားသလားဟင် ''

'' ဝယ်ပေးပြီးနောက်နေ့ပျောက်တာပဲ ကျွန်တော်မယုံတော့ဘူး ~ . ''

'' ဘာ. . . ငါ. . . တယ် ''

ဆွဲကြိုးလေးကိုပြန်ချ၍ ပုံပမာကိုကြီးကို ဆေးထိုးသည်။

'' အား. . . ကျွတ်. . . ကျွတ် ''

ကိုကြီး မျက်လုံးတွေပွင့်လာ၏။ ကိုယ့်ကိုမမြင်မှန်းသိလာသော်လည်း ပုံပမာတုန်ခနဲဖြစ်ကာ လက်ဖျားတွေပါအေးစက်သွား၏။

'' ကြီးငယ် ''

'' ဟင်. . . ကြီးငယ်ရှိတယ်သား ''

ကြီးငယ် အနားရောက်လာတော့ ကိုကြီးက ခေါင်းအုံးထက်တိုးတက်၍ ခပ်ထောင်ထောင်မှီလိုက်ပြီး

'' အနားမှာ ဘယ်သူရှိသလဲဟင်. . . ''

'' ဟို. . . သား. . . သား အဖျားတွေတက်ပြီး ကယောင်ကတမ်းဖြစ်နေလို့ ကြီးငယ်ဆရာဝန်. . . ''

'' ဟာ. . . ကျွတ် ''

ကိုကြီး မျက်နှာရှုံမဲ့သွား၍ စောင်ကိုဆွဲခြုံပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်ဘာမှမဖြစ်နိုင်ဘူး ဘာဖြစ်လို့ဆရာဝန်ခေါ်လိုက်တာလဲ တောင်ပေါ်မှာဘယ်ကဆရာဝန်ရှိနေလို့လဲ ပြန်လွှတ်လိုက်ပါ. . . "

ကြီးငယ်နဲ့ပုံပမာ မျက်လုံးချင်းဆုံသွားကာ

" သားရယ်. . . ဝေဒနာခံစားနေရတာ ဆေးထိုးမှပျောက်မှာပေါ့ "

" ကျွန်တော် ကန်းနေတာကိုတောင်မကုဘဲနေခဲ့တာ ကိုယ်ပူတာ ခေါင်းကိုက်တာ ဘာမှဖြစ်မသွားနိုင်ဘူး ဆရာဝန်ကိုပြန်လွှတ်လိုက်ပါ. . . "

လေသံက အမိန့်သံဆန်လာသည်။

ထို့နောက် အိတ်ထဲကိုစမ်း ဟိုဒီလက်က ရောက်လေရာ ပုံပမာဆွဲကြိုးလေးကို ကိုကြီးလက်ရောက်မယ့်ရှေ့တိုးပေးလိုက်မိ၏။

ဆွဲကြိုးကိုစမ်းမိမှ ကိုကြီးက ဆုပ်ကိုင်ထား၍ တစ်ဘက်လှည့်စောင်းလိုက်၏။ ကြီးငယ်ဘာမှဆက်မပြောရဲတော့။

ဆေးအိတ်ကိုကောက်ကိုင်လိုက်တော့ ပြန်ပါတော့ဆိုသည့်သဘော. . .

ပုံပမာ ဆေးကုပါရစေ ကိုကြီးကို ပြုစုပါရစေကိုကြီးရယ်. . .

ရင်ထဲမှာ ငိုရှိုက်အော်ဟစ်နေမိသည်။ နှုတ်ခမ်းသားကိုတဆတ်ဆတ်ခုန်လျက် မျက်ရည်စက်တို့ တိတ်ဆိတ်စွာကျရင်း ထရပ်လိုက်မိသည်။





နောက်မှာ ကောင်းမရှိတော့ပါ. . .

ဘာမှလည်းမပြောဖြစ် ရှိုက်သံမထွက်ရဲခဲ့ဘဲ ပုံပမာ အခန်းထဲပြန်ရောက်လာ၏။

ကောင်းက အခန်းထဲက မွေ့ရာထက်မှာ ကန့်လန့်ဖြတ်လှဲနေရင်း စီးကရက်သောက်နေ၏။

ပုံပမာ ကောင်းကိုတောင်းပန်ဖို့ စိတ်မကူးတော့ပါ. . .

ကိုကြီးမရှိတော့သည့်နောက်မှာ ကိုကြီးကိုလွမ်းသမျှ သတိရတိုင်းဝေ့တတ်လာတတ်သည့် မျက်ရည်တို့က ငါမငိုတော့ဘူး ဟု ဆုံးဖြတ်၍ ပြန်လည်သိမ်းဆည်းတော့လည်း နာခံကြသည်။

လှကွယ်ရာမှာ အားပါးတရငိုချလိုက်တော့လည်း မိုးသည်းရွာသလိုအားသွန်ကျ၏။ မျက်ရည်သည် ပုံပမာ၏ သစ္စာကြီးလှသည့် အဖော်[illegible]င်း။

ဘဝကိုအံခဲကြိုးစားရင်း မျိုသိပ်ခဲ့ရသမျှ တနင်္ဂနွေ ကြည့်တောင်ပေါ်မှာ သူမနှလုံးသားကို မျက်ရည်နဲ့ပဲဆေးကြောပါတော့မည်. . .

ဒရင်းဘတ်ဒ်ပေါ်မှာ ခွေခွေလေးလှဲချလိုက်တော့ ကောင်းထိုင်သည်။

ပြီးတော့ စီးကရက်ကို ခွက်ထဲမှာထိုးချ၍ ပုံပမာ့ဘေးကိုရွှေ့လာ၏။

" အိပ်ရာပေါ်မှာ သက်သက်သာသာလှဲနေလေ မှာ "



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးတည်ငြိမ်နေသည့် ကောင်းမျက်နှာကို ပုံပမာ ရှု
စမ်းစမ်းလေးကြည့်မိသည်။ ကောင်းက ပုံပမာ့ကို အသာလေး ကော
ပွေ့၍ မွေ့ယာပေါ်မှာချပေးသည်။

" ကောင်းကိုအားမနာပါနဲ့မှာ... မင်း ကြိုက်သလော
ငိုနိုင်ပါတယ် မင်းရဲ့အချစ် မျှော်လင့်ချက် ဘဝအားလုံးကို ကောင်း
တစ်ကိုယ်ကောင်းဆန်ဆန်သိမ်းပိုက်ခဲ့တာပါ အစွမ်းကုန်ထိအော
နားလည်ပေးမှာပါ မင်းလွတ်လွတ်လပ်လပ်ငိုပါမှာ..."

" ကောင်း "

မှာ အိပ်ရာထက်မှ ထထိုင်လိုက်လျှင် ကောင်းက ဒေ
ဘတ်ဒ်ဆီလျှောက်သွားရာမှ ချာခနဲလှည့်ကြည့်ကာ ဆံပင်တစ်ခ
သပ်၏။

" မှာ့ကိုကောင်းချစ်တယ် ကြိုက်သလောက် ငိုပြီးသွား
အခါ မှာ့ဘဝ မှာ့ရဲ့ပျော်ရွှင်ခြင်းအားလုံးကို ကောင်းလိုချင်တ
အဲဒီအတွက် ကောင်းခံနိုင်ရည်ရှိအောင် ကြိုးစားထားတယ်
ကြိုက်သလောက်ငိုပါ..."

ကောင်းရယ်...

❀ ❀ ❀ ❀ ❀



## အခန်း (၃၄)

" ကိုကြီး...ကိုကြီးကိုပဲ ပုံပမာချစ်တယ်..."

" ကိုကြီးကိုပဲ ပုံပမာချစ်တယ်..."

ချစ်တယ်ဆိုပြီး မင်းအပုန်းကောင်းလှချေလား ကလေး
ရယ်...

ဒါမှမဟုတ် ဘယ်ဘဝရောက်သွားခဲ့လို့လဲ...

ငါရေးနေတဲ့ဝတ္ထုတွေ ငါ့ရင်ထဲက ပုံပမာဆိုတဲ့အချစ်တွေ
မင်းဒါ ှကို မတွေ့ခဲ့ဘူးလား မဖတ်မိဘူးလား...

မကြည့်ချင် မဖတ်ချင်တော့လောက်အောင် မင်း ငါ့ကိုပါ
စိတ်နာသွားခဲ့လို့လား။

တကယ်ပါ ငါတကယ်မှားခဲ့ပါတယ် ပုံပမာ...

မင်း အားလုံးကို ဒီလောက်ထိ ရင်ဆိုင်နေရမှန်း မသိခဲ့တာ
ငါမှားခဲ့တာပါ...

ဆုပ်ကိုင်ထားသည့် ဆွဲကြိုးလေးသာ ကွဲကြေနိုင်သည့်အရာ
ဝတ္ထုပစ္စည်းတစ်ခုခုဖြစ်ခဲ့လျှင် ကြေမွှနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးလေးကို သူဆုပ်ကိုင်ရင်း ဒီနေရာကို နှစ်တိုင်းလာ
ခဲ့သည်။

ပုံပမာ ဒီနေရာကိုတော့ တစ်နေ့နေ့ရောက်လာမှာပဲဟု
တွက်ခဲ့၍ဖြစ်၏။

မင်းဘယ်ဘဝမျိုးပဲရောက်ရောက် ငါ့ရင်ခွင်မှာမင်းဘဝ
အေးချမ်းစေဖို့ ရင်ခွင်တံခါးဖွင့်ထားခဲ့တယ်။

မင်းမရှိတဲ့လောကကိုမကြည့်ချင်လို့ ကုလို့ရတဲ့ငါ့မျက်လုံး
ကို ဒီအတိုင်းပဲထားခဲ့တယ် မင်းဟာငါ့ဘဝရဲ့အလင်းရောင်ပါ. . .

မင်းရောက်လာတဲ့ တစ်နေ့ငါ့ရဲ့မျက်လုံးတွေကို ပြန်မြင်စေ
မယ်. . .

ငါပထမဆုံးမြင်ရတဲ့မျက်နှာဟာ မင်းမျက်နှာလှလှလေး
ဖြစ်ပါစေ. . .

ရင်ထဲမှာ မညီညာသည့်စာသားတွေထပ်နေသည်။

တိုးဝှေ့နေသည့် ခပ်ကြမ်းကြမ်းလေကလည်း သူ့ရင်ကို
မအေးမြနိုင်ခဲ့။

ထိုစဉ် နှာခေါင်းထဲမှာ မွှေးရနံ့တစ်ခုက တိုးဝှေ့လာသည်
ထိုရနံ့ ညကလည်း သူရခဲ့သည်။

စိတ်စွဲနေခဲ့သည့် ဤကိုယ်သင်းနံ့သည် အဘယ်ကြောင့်
ကိုယ့်အနားမှာပဲ ရှိနေခဲ့ရပါသလဲ။

သိပ်ချစ်တယ် ကလေးရယ်။





သူပင့်သက်အရှိက် အနားမှာ လှုပ်ရှားသံသဲ့သဲ့လေး ကပ်
ပါလာ၏။

" ဘယ်သူလဲ "

တစ်ယောက်တည်းနေရခြင်းကိုနှစ်သက်သည့်စိတ်က အဖေါ်
. မုန်းချင်နေခဲ့၏။

ထိုစဉ်မှာပင် နူးညံ့နွေးထွေးသော လက်ဖဝါးလေးတစ်ဖက်က
. လက်တစ်ဖက်ကိုဆွဲယူဖြန့်လိုက်ပြီး တစ်စုံတစ်ခုကိုထည့်ပေးလာ
သည်။

ဘာလဲ. . . သူ လက်ထဲရောက်လာသည့်အရာလေးကို
ကြည့်လိုက်သည်။

ဆွဲကြိုးလေးလား. . .

ပုတီးလုံးလေးတွေအများကြီးနှင့် အကုံးတွေပူးယှက်လို့ပါ
လား

သူသေချာထပ်စမ်းသည်. . .

ကိုယ်သင်းနံ့လေးကပို၍ စူးရှစွာတိုးဝင်လာလျက် ရှိုက်သံ
သဲ့လေးတစ်ချက်သည် သူ့ခေါင်းတစ်ခုလုံးကို ဒိုင်းခနဲပေါက်ကွဲ
စေသည်။

" ပုံပမာ. . . ပုံပမာလားဟင်. . . မင်း. . . မင်း. . . "

" အဟင့်. . . ကိုကြီးရယ်. . . "

" ပုံ. . . ပ. . . မာ "



www.burmeseclassic.com

www.burmeseclassic.com



နေတံခါးသိလိုက်ပြီ. . . ပုံပမာသူ့နားရောက်လာခဲ့လေပြီ။

သို့သော် တစ်စုံတစ်ခု ဆီးတားထားသကဲ့သို့ တစ်ပြိုင်တည်းခံစားလိုက်ရသည်။

" ပုံပမာ. . . မင်း. . . မင်းဘာဖြစ်လာခဲ့သလဲ. . . ဘယ်ကရောက်လာတာလဲ. . . ဒီဆွဲကြိုးဘာဖြစ်လို့ပြန်ပေးတာလဲ "

လှိုင်းထနေသော လေသံတို့ကစိုးရိမ်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းများကြောင့် တုန်ခါနေ၏။

" ပုံပမာ ရောက်နေတာ သုံးရက်ရှိပြီ ဒီနေ့ပြန်တော့မှာ ည. . . ညတုန်းက ကိုကြီးကိုဆေးကုပေးဖို့လာတာ ပုံပမာပါ "

" ဩော် "

ကိုကြီးမျက်နှာပျုံးသွားသော်လည်း ကြေကွဲရိပ်ကထင်းနေ၏

" ကိုကြီးကို ကိုကြီးကိုလေ. . . ပုံပမာ. . . ချစ်. . . ချစ်ခဲ့. . . ချစ်ဆဲ. . . ချစ်မြဲ. . . ဒါပေမဲ့. . . ဒါပေမဲ့. . . ပုံပမာ. . . မှာ. . . "

" ငါနားလည်ပြီ ပုံပမာ. . . "

ကိုကြီးက တည်ငြိမ်အောင်ကြိုးစားနေရှာ၏။ ဟန်ဆောင်မှုတွေ မပါရအောင် အပြုံးကိုသန့်စင်အောင် အတန်ကြာဖန်တီးပြီးမှ မျက်နှာမော့လာသည်။ မျက်မှန်နက်တပ်ထားသည့် ကိုကြီးရင်ဝန်းတွေကို ပုံပမာမြင်ခွင့်မရပါ။

" ငါ. . . စိုးရိမ်ခဲ့သလို မင်းမဖြစ်ခဲ့ဘူး. . . ဆရာဝန် ဘ





ယောက်ဖြစ်အောင် ကြိုးစားနိုင်ခဲ့တာ ငါဝမ်းသာတယ်. . . မင်းအတွက် ပူပန်ဖနခဲ့ရသမျှ ဒီနေ့ စိတ်ချမ်းသာသွားပါပြီ "

ဟုတ်ရဲ့လား ကိုကြီးရယ်. . . စိတ်ချမ်းသာတဲ့ကိုကြီး မျက်ဝန်းမှာ မျက်ရည်တွေရှိနေမယ်ဆိုတာ ပုံပမာသိတယ်။

ကိုကြီးအသံကို ပုံပမာသိနေပါတယ် ကိုကြီးရယ်. . .

" ပုံပမာ. . . ရော့. . . မင်းပြန်ပေးတာကို ငါပြန်ယူထားပါ့မယ် ဒါလေးကိုတော့ မင်းယူသွားပါ မင်းအတွက် ငါ့ရဲ့လက်ဖွဲ့ ချီးမြှင့်ခြင်းလို့ သဘောထားပြီးယူပါ"

ကိုကြီးက ပုတီးကုံးလေးကို ဘယ်လက်မှာ ဆုပ်ကိုင်ထားပြီး ညာဘက်လက်ထဲက ဆွဲကြိုးလေးကို ကမ်းပေးသည်။

ဆွဲကြိုးကိုယူ၍ ကိုကြီးလက်ကိုဆုပ်ကိုင်ထားမိကာ ပုံပမာတအား ရှိုက်ငိုလိုက်မိသည်။

" မငိုပါနဲ့ ပုံပမာ. . . မင်းကိုငါပြုစုပျိုးထောင်ပေးခဲ့တာ ဒီလိုဘဝမျိုးရောက်ဖို့ပါ မင်းသွားလို့ရပါပြီ. . . "

ကိုကြီး ဘာဖြစ်လို့နှင်တာလဲဆိုတာ ပုံပမာသိတယ်. . .

ခွင့်လွှတ်ပါတော့ကိုကြီးရယ် ဒီနေရာမှာ ကိုကြီးနဲ့ ပုံပမာတို့ရဲ့နှလုံးသားတွေကို အပြီးသတ်ဆေးကြောကြရတော့မှာပါ. . .

" ကိုကြီး ရင်. . . ရင်ထဲက ပုံပမာကို ကိုကြီးဓာတ်သိမ်း ဒုတိယပိုင်းထပ်မရေးပါနဲ့နော်. . . မရေးပါနဲ့ကိုကြီးရယ် "

သူ ခပ်ယဲ့ယဲ့ပြုံး၍ မျက်နှာလွှဲသွားသည်။



www.burmeseclassic.com

" ငါက ဥယျာဉ်မှူးပုံပမာ. . . ကိုယ့်ပန်းကလေးကို တစ်ပါး သူခူးသွားပေမယ့် သူများတန်ဖိုးထားတာကိုမြင်ရင် "ကျေနပ်ရမှာပါ နစ်ပါးသွားပဲ ကချင်ပါတယ်ဆိုရင် ဖာတ်ဆရာကရိုက်မှာပေါ့. . ."

" ကိုကြီးရယ်. . ."

ပုံပမာ ကိုကြီးရဲ့ ခြေရင်းမှာဒူးတုပ်ထိုင်ချလိုက်၍ လက်အုပ် ချီသည်။

" ကိုကြီးကို ပုံပမာ ကန်တော့ပါရစေ. . ."

ချုပ်တီးတားဆီးသော်လည်း နလုံးသားကမနိုင်. . . ပုံပမာ လက်အုပ်လေးချီထားရာမှဖြေ၍ ကိုကြီးခြေသလုံးကိုတအားဖက်ထောက် လိုက်မိသည်။

" ပုံပမာ့ကိုခွင့်လွှတ်ပါ ပုံပမာ ကိုကြီးကိုလေ. . ."

" ထ. . . ထတော့ပုံပမာ. . . မင်း ငါ့သိက္ခာတွေကို ဒီနေရာ မှာရစရာမရှိ ကျိုးကျကုန်အောင်ဖျက်ဆီးမသွားပါနဲ့ ငါ့ရဲ့ ထိန်းချုပ် တားဆီးနေရခြင်းကို ကျိုးပေါက်အောင်မလုပ်ပါနဲ့ ငါတောင်းပန်ပါ တယ် မင်းသွားပါတော့. . ."

ပုံပမာ ကိုကြီးခြေထောက်ကိုမလွှတ်ဘဲဖက်၍ ရှိုက်ငိုမိသည်။ ကိုကြီးသည် ပုံပမာ့ကိုတွန်းတိုက်ဖယ်ရှားမချခဲ့ရက်ဘဲ ဆုပ်ထားသည့် လက်သီးကိုသံတန်းပေါ်မှာ ဖိတင်ထားသည့်တိုင် တဆတ်ဆတ်တုန် ယင်နေ၏။

တဖွဲဖွဲကြွေလွင့်နေသော လေတို့က မိုးပွင့်မိုးပွားတွေ





ဆုပ်ပက်နေသည့်နှယ် ကိုယ်၏အတွင်းအပြင်အစိတ်အပိုင်းအား လုံးကို လောင်မြိုက်ပြာကျစေတော့မလား. . .

ရင်ထဲတွင် လျှပ်စီးများမိုးကြိုးများအဆက်မပြတ်လက်နေသလို ဉာဏ်မျက်မှာမြေတွင် သူ့ဘာအလိုရှိသည်ကို သူကိုယ်တိုင်ရှာဖွေတွေဝေ နေဆဲ. . .

❀ ❀ ❀ ❀ ❀

ပရိသတ်အတွက်

အမြဲတမ်း

ဖူး